
အကြည်တော်

BURMESE CLASSIC .com

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ထော်ဝင်မြို့
စာအုပ်တိုက်
၇၇(ခ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း - ၃၇၉၅၇၃

# ယောဒယားနဲ့ တစ်ထောင့်တစ်ည

အကြည်တော်

ပုံနှိပ်မှတ်တမ်း

## အကြည်တော်၏ စာအုပ်အမှတ်စဉ် (၉)


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၉၃/ ၂၀၀၄(၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၉၃/ ၂၀၀၄(၅) |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး(မြဲ - ၀၃၉၀၀)<br>အမှတ် (၇၇/ခ)၊ ၃၈လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း(ဖိုးဝပုံနှိပ်တိုက်)<br>အမှတ်(၁၄၀)၊ ၄၅-လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ |
| အတွင်းဖလင် | - | ကိုဦးနှင့်ညီများ |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |
| ပုံနှိပ်ခြင်း | - | ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊<br>ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| တန်ဖိုး | - | ၁၀၀၀ - ကျပ် |

*မြို့ လယ်ခေါင်တွင်တည်ရှိသော နာရီစင်မှ ဒင်ခနဲဒင်ခနဲ. . . သုံးချက်မြည်သံကြားရ၏။ ထိုနာရီသည် ဆယ့်ငါးမိနစ်နောက်ကျနေမှန်း အားလုံး သိကြ၏။ နာရီတိုက်စရာ(အချိန်တိုက်စရာ) ရှိသူများက သူတို့၏နာရီကို ဆယ့်ငါးမိနစ်တိုး၍ နာရီလက်တံကိုလှည့်နေကြ၏။*

'ကဒ်'

◆ ◆ ◆

သူ့ကိုစိုက်ကြည့်နေသော မျက်လုံးတစ်စုံကိုမြင်တော့ ကျွိခနဲ အော်မြည်သံနှင့်အတူ ကိုက်ချီလာသောစက္ကူစကိုလွှတ်ချ၍ လျင်မြန်သောခြေလှမ်းမျိုးနှင့် နောက်ပြန်လှည့်ပြေးသည်။ နောက်. . . အပေါက်ဝရှိ ကောက်ရိုးအဆွေးပုံများနားရောက်တော့ခေါင်းပြူ၍ သူအတွင်းသို့ ပြန်ငေ့ကြည့်သည်။ မျက်လုံးတစ်စုံ. . .။ သူ့ကို စိုက်ကြည့်နေသော

မျက်လုံးတစ်စုံ. . .။ မသက်ာသလိုဖြင့် နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး သူ့အိမ်အတွင်း လျင်မြန်စွာ ဝေ့ကြည့်လိုက်သည်။

မျက်လုံးတစ်စုံ. . .

စိမ်းဖန့်ဖန့်စိုက်ကြည့်နေတဲ့ မျက်လုံးတစ်စုံ. . .

အဲဒီမျက်လုံးရဲ့အပေါ်ဘက် ခပ်စွေစွေမှာ နှုတ်ခမ်းနီပါးပါးလေးဆိုးထားတဲ့နှုတ်ခမ်း. . .။ အဲဒီနှုတ်ခမ်းရဲ့ အောက်ဘယ်ဘက်ဘေးမှာဆွေးမြေ့နွမ်းကြေနေတဲ့ ကောက်ရိုးဖရိုဖရဲများ. . .။ လှုပ်ရှားမှုက အငြိမ်။ ဘာမှမထူးခြား. . .။

စိတ်ချရလောက်သောအနေအထားရောက်မှ သူတွင်းထဲပြေးဝင်လိုက်သည်။ ပြီးနောက် စာရွက်စုတ်များစုထည့်ထားသော ကျွပ်ကျွပ်အိတ်ပေါ်သူခုန်တက်လိုက်သည်။ ကျွပ်ကျွပ်အိတ်ပေါ် တစ်ပတ်နှစ်ပတ်လှည့်ပတ်ပြေးပြီးခုန်ချကာ ခုနက သူကိုက်ချီလာသော စက္ကူစကိုပြန်ပြေးချီသည်။ နောက်. . . သူ့ခေါင်းကလေး ကျွပ်ကျွပ်အိတ်ထဲတိုးဝင်ကာစာရွက်ကို အသေအချာထည့်၏။ နောက်ကျွပ်ကျွပ်အိတ်ပေါ်မှ ပြန်ခုန်ဆင်းကာ စာရွက်ကိုလှည့်ပတ်ကြည့်သည်။ စိတ်ချရသောအနေအထားရှိမှ ကျွပ်ကျွပ်အိတ်ပေါ်ပြန်ခုန်တက်ပြီး သူ့လက်သေးသေးလေးနှင့် တဖုန်းဖုန်းရိုက်နေသည်။ ပိပြားလောက်ပြီ။ ထိုအခါမှ နှုတ်ခမ်းမွေးလှုပ်စိလှုပ်စိနှင့် စာရွက်ကို မိန့်မိန့်ကြီးလှည့်ပတ်ကြည့်၏။

လျှမ်းလျှမ်းမြူတေ၊ ယဉ်မိုးနေနှင့်
ရွှေရင်အပ်ရှက်၊ ဖူးရေးခက်၍
စိတ်စက်မရှင်၊ ရှိသည်တွင်ကို
ရွက်ကျင်တပေါင်း၊ မိုးနှောင်းကျန်ကြွင်း
ဆောင်းတွင်းကျွတ်လု၊ ဥတုပြောင်းကြွ
သည်ကာလသည်
လွမ်းစဖေါ်လှာ နိုးတော့သည်။

စာကတော့ ရှေးစာဆိုကြီးစိန္တကျော်သူရဲ့ အချစ်ရတုသံ. . .။

သူကတော့သိမှာမဟုတ်ပေ။ ကျွပ်ကျွပ်အိတ်ထဲမှစာရွက်တွေ

တော်ဝင်မြို့မစာအုပ်တိုက်

ပိပိပြားပြားမဖြစ်သေးလို့စာရွက်ပုံပေါ်တက်ပြီး သူ့ကိုယ်သေးသေးလေးနဲ့ ခုန်နေသေး၏။

သူ့ခန္ဓာကိုယ်အမွေးတွေမှာစို့နေတဲ့ ချွေးတွေကိုသူ့လက်ကလေးနဲ့ ပြန်သပ်၏။ ပြီး. . . စာရွက်ပေါ်ကိုခြေစုံခုန်ပြန်၏။ ခြေစုံခုန်တာတောင် ခေါင်းပိုင်းကသိပ်မကြွ။ သူ၏ဖင်ပိုင်းသာ လေထဲမြောက်ခနဲမြောက်ခနဲ ဖြစ်နေ၏။ သူ၏အမြီးသာလေထဲ ထောင်ခနဲ၊ ဝဲခနဲ. . .။ တစ်ခါတော့ အခုန်လွန်ပြီး သူ၏အမြီးမှာ သူ့အိမ်နံရံမှာချိတ်ထားသောမျက်လုံးပုံကို သွားရိုက်မိပြီး ထိုမျက်လုံးကြီးက သူ့ခေါင်းပေါ် တိန်ခနဲကျလာ၏။

ကျွိခနဲအော်သံနှင့်အတူ သူလန့်ပြီးအပေါက်ဝဘက်လှည့်ပြေးသည်။ အတန်ကြာမှ အပေါက်ဝနားရှိ ကောက်ရိုးဆွေးများကြား ခေါင်းကလေးထုတ်ပြီး အထဲကိုပြန်ကြည့်သည်။ နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး အနံ့ခံ၏။ အပြစ်မတွေ့၊ ဘာအပြစ်မှမတွေ့။ နံရံဖက်ကို ဝေ့ကြည့်လိုက်၏။ နံရံပေါ်တွင် မျက်လုံးပုံမရှိကြောင်းတွေ့ရတော့ သူ့ခမျာလန့်သွားပုံရ၏။ ကမန်းကတန်းအတွင်းသို့ပြန်ပြေးဝင်လာပြီး ခုနပြုတ်ကျလာသောစာရွက်ကိုလှန်ကြည့်သည်။ မျက်လုံးကိုအနီးကပ် အကြီးကြီးမြင်ရတော့ ကျွိခနဲ အော်မြည်ရင်း ကြောက်လန့်တကြားနှင့် မျက်စေ့ကိုမှိတ် ခေါင်းကိုပုထားလိုက်မိသည်။ နောက်. . . သူပိုင်မျက်လုံးပုံကြီးမှန်း သတိရသွားတော့မှ 'ဇတ်'ဆိုမျက်လုံးကိုဖွင့်ကြည့်ပြီး ပုံကြီးကိုမက်မောစွာ လက်နှင့်သပ်လိုက်သည်။ နောက်. . . ပုံကိုသွားနှင့်ကိုက်ချီပြီး ခုနနံရံပေါ် ပြန်တင်လိုက်သည်။ နံရံပေါ်ရောက်မှ ထိုပုံကို သူ့လက်သေးသေးကလေးနှင့် တဖြန်းဖြန်းရိုက်သည်။ မျက်လုံးကြီးနံရံမှာ ငြိမ်သွားတော့မှ နံရံမှဆင်းကာအနောက်သို့ဆုတ်ပြီး ပြန်ကြည့်သည်။ ထိုပုံများမှာ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး ဒရူးဘယ်ရီမိုး၏ မျက်လုံးနှင့် ကင်မရွန်ဒိုင်ယက်(ဇ်) ၏နှုတ်ခမ်းပုံဖြစ်ကြောင်း သူ. . . သိမည်မဟုတ်။ သို့သော် ဘာကိုအရသာခံသည်တော့ မပြောတတ်။ ပုံများကိုနှုတ်ခမ်းမွေး တထောင်ထောင်နှင့် အသေအချာကြည့်သည်။ ကျေနပ်လောက်သော အနေအထားဖြစ်မှ စာရွက်ပုံ

ပေါ် ပြန်ခုန်တက်ပြီး တဖုန်းဖုန်းနှင့်ပြန်ခုန်၏။ ခုန်နေပုံကလည်း ခုနက အတိုင်း အမြီးပိုင်းသာ လေထဲဝဲခနဲဝဲခနဲ။ ကျေနပ်လောက်သော အနေအထားရောက်မှ စာရွက်ပုံကြီးကို သူပြန်ငုံ့ကြည့်သည်။ အနံ့ခံကြည့် သည်။

အမှန်ပြောရလျှင် သူ၏တွင်းကလေးမှာ စာကြည့်တိုက် တစ်ခု စာလောက်စာရွက်များစုံလင်၏။ ယခုသူတက်ခုန်နေသော ကျွပ်ကျွပ် အိတ်ကလေးထဲမှာပင် မြန်မာဂန္ထဝင်စာအုပ်များမှ စာရွက်အပိုင်း အစများအပြင် ကမ္ဘာကျော်အင်္ဂလိပ်ဝတ¬Kစာအုပ်များမှ စာရွက်အပိုင်း အစများပါဝင်၏။ သူသာလူတစ်ယောက်ဖြစ်ပါက သူ့စာကြည့်တိုက်ကို မြင်ရုံနှင့် တော်ရုံတန်ရုံလူ လန့်ဖျားဖျားသွားလောက်၏။ သူကတော့ ထိုစာရွက်ကလေးများ၏ တန်ဖိုးကိုသိမည်မဟုတ်။ ထားတော့ ။ ယခု သူ. . . စာရွက်ပုံထဲ ခေါင်းဝင်ပြီးကြည့်နေသည်။ ပြီးနောက် သူ့အိမ် ကလေး ပတ်ပတ်လည်ကို လျောက်ပတ်ပြေးနေပြန်၏။ တယ်လည်းဂနာ မငြိမ်တဲ့ကောင်။ အတန်ကြာမှ အိမ်အပြင်ဘက်လှစ်ခနဲ ပြေးထွက်သွား ပြန်သည်။

သိပ်မကြာလိုက်ပါ။ ရှည်လျားသော ခေါက်ဆွဲဖတ်တစ်ခုကို တန်းလန်းတန်းလန်းကိုက်ချီရင်း တွင်းထဲစွပ်ခနဲ ပြန်ပြေးဝင်လာသည်။ တွင်းနှုတ်ခမ်းဝရောက်သောအခါ သူ့ကိုစိုက်ကြည့်နေသော မျက်လုံးစိမ်း ကြီး တစ်ခုကိုမြင်၍ ကျွီခနဲတစ်ချက်အော်ပြီး ကိုက်လာသော ခေါက်ဆွဲ ဖတ်ကိုပစ်ချကာ ကြောက်လန့်တကြား နောက်ကြောင်းပြန်လှည့်ပြေး၏။ နောက်မှ တွင်းပေါက်ဝရှိ ကောက်ရိုးအဟောင်းများကြား ခေါင်းကလေး ပုပြီး အတွင်းသို့ခိုးကြောင်ခိုးဝှက်နှင့်ပြန်ချောင်း၏။ အိုးဟိုး. . . ဒီမျက်လုံး ဟာ ကိုယ်တိုင်အိမ်နံရံတွင်ကပ်ထားသော ဒရူးဘယ်ရီမိုး၏ ကမ္ဘာကျော် မျက်လုံးပါလား။မေ့တတ်လွန်းသောသူ့ခေါင်းကို လက်ကလေးနှင့် နှစ်ချက် သုံးချက်ဆင့်တွယ်ရင်း သူ. . . ဝမ်းသာအားရ တွင်းနှုတ်ခမ်းသို့ပြန်ပြေး လာ၏။ ပြီးနောက် ခေါက်ဆွဲစနားရပ်ကာ ဝန်းကျင်အနေအထားကို အကဲ ခတ်နေသေးသည်။ သေချာလား၊ မသေချာလား ဆိုသည့်သဘော. . . ။

အားလုံးသံသယရှင်းတော့မှ မြေပြင်ပေါ်မှ ခေါက်ဆွဲစကို ဖျတ်ခနဲကိုက်ပြီး အိမ်ထဲပြေးဝင်၏။ သို့သော် ခေါက်ဆွဲစမှာ ခုနသူဆွဲယူခဲ့တုန်းကလို ငြိမ်မနေဘဲ လှုပ်လှုပ်ရွရွဖြစ်နေသဖြင့် လန့်ပြီး ပါးစပ်မှလွှတ်ချကာ . . .

'ကျွိ. . . ကျွိ. . . '

အော်သံနှင့်အတူခြေထောက်တွင် ဘီးတပ်ထားသလားအောက်မေ့ရအောင် အပြင်ဘက် ကြောက်လန့်တကြား ပြေးထွက်သွား၏။ အပေါက်ဝ ကောက်ရိုးအဟောင်းပုံနားရောက်တော့မှ ခုန သူဆွဲယူလာသော လှုပ်လှုပ်ရွရွအရာကို ပြန်ကြည့်သည်။

'ထွိ. . . တီကောင်. . . '

ဟုတ်ပါသည်။ တီကောင်. . .။ သူ့အမြင်လုံးဝမမှား. .။

သူ့သွားနှင့်ကိုက်ခဲ့သောဒဏ်ရာကြောင့် ထွန့်ထွန့်လူးနေသော တီကောင်. .။ သူရွံရှာလွန်း၍ထင့်၊ ပါးစပ်မှတကျွိကျွိအော်ပြီး တွင်းဝတွင် ချာလပတ်ရမ်းကာ သူ့ပါးစပ်ကို သူ့လက်ကလေးနှင့် အတင်းပြန်ပွတ်သတ်နေ၏။ တီကောင်လေးကတော့ အရှေ့သွားမလို အနောက်သွားမလိုနှင့် တွန့်ကာတွန့်ကာ သူ့တွင်းကလေးထဲသူပြန်ဝင်သွား၏။ ထိုတော့မှ ကြွက်ကလေးလည်း ခုနတီကောင်တွင်းကို သူ့လက်နှင့်ယက်၍ ဖို့ပစ်လိုက်သည်။ မသေချာမှာစိုး၍ မြေပြင်ပေါ်တရွရွနှင့်တက်ခုန်နေသေး၏။ သူကတီကောင်ကို အလွန်ရွံ့မုန်းသူမဟုတ်ပါလား. . .။

ထိုအချိန်မှာပင် ခုနသူတက်ခုန်နေသော ကျွပ်ကျွပ်အိတ်မှ မြည်သံကြား၍ငုံ့ကြည့်လိုက်တော့ သူ့ကျွပ်ကျွပ်အိတ်ထဲမှ စာရွက်တွေကိုခဲရန်ရောက်နေသော ပိုးဟတ်တစ်ကောင်။ ပိုးဟတ်ကိုမြင်တော့ သူစိတ်ဆိုးပြီးကုတ်မွေးများထောင်၍တရစပ်ပြေးသွား၏။ ပိုးဟတ်ကလည်း လျင်သည်။ ပတ်ခနဲ အနောက်ပြန်လှည့်၍ ခပ်မြင့်မြင့်ပျံပြီး တွင်း၏အပေါ်နံရံမှ ကင်မရွန်ဒိုက်(၆)၏နှုတ်ခမ်းပေါ် ဇောက်ထိုးနားလိုက်သည်။ နောက် 'မင်းငယ်ပါသေးတယ်'ဆိုသည့်ပုံစံမျိုးနှင့် ကြွက်ကို ဇောက်ထိုးကြည့်နေ၏။ သူ့ဘေးတွင်တော့ သူ့ကိုငြိမ်သက်စွာ ငေးကြည့်နေသော အိမ်မြှောင်တစ်ကောင်. . .။ အိမ်မြှောင်၏ပါးစပ်ထဲတွင် ရှိသမျှ ခြေလက်အားလုံး

ယက်ကန်ယက်ကန် ဖြစ်နေသောခြင်. . .။ ပိုးဟတ်က နှုတ်ခမ်းမွေးများ ဖြည်းညင်းစွာလှုပ်ယမ်းရင်း အိမ်မြှောင်ကို ပေစောင်းစောင်းနှင့် ပြန်ကြည့်သည်။

ပိုးဟတ်နှင့်အိမ်မြှောင် နှစ်ကောင်လုံးကိုတစ်ပြိုင်တည်းမြင်လိုက်ရသည်မို့ ကိုရွှေကြွက် အလွန်စိတ်ဆိုးသွားပြီး တကျွိကျွိနှင့်အော်မြည်ကာ စာရွက်ပုံပေါ်မှထခုန်ရင်း ပါးစပ်နှင့်လှမ်းကိုက်ရန်ကြိုးစား၏။

ဟိုနှစ်ကောင်လုံးကတော့ ကြွက်ကိုဂရုမစိုက်သလိုဟန်မျိုးနှင့် တုတ်တုတ်ပင်မလှုပ်ဘဲ တစ်ကောင်ကိုတစ်ကောင်သာ ပေစောင်းစောင်းနှင့်ကြည့်နေ၏။ အိမ်မြှောင်က သူ့ပါးစပ်ထဲမှခြင်ကို ဟပ်ခနဲဟပ်ခနဲ မျိုချလိုက်ရင်း သူ့အမြီးကိုဘယ်ညာလှုပ်ယမ်း၍ ပိုးဟတ်ဘက်လှည့်ရှိုး၏။

အိုး. . . ဒီအကြည့်မျိုးတွေ ကိုရွှေပိုးဟပ်တို့ ရိုး. . ဟိုးဟိုးနေပြီ။ အိမ်မြှောင် ဘာလုပ်တော့မည်ကိုသိသော ပိုးဟတ်က ဘေးတိုက်အနေအထားတရွတ်ဆွဲပြီး တစ်ဘက်သို့ စောင်းငန်းစောင်းငန်းနှင့် ရွေ့သွား၏။

အိမ်ရှင်ကြွက်က သူဒီလိုခုန်နေရုံနဲ့ ထိုနှစ်ကောင်ကို မမီမှန်းသိ၍လားမသိ. . .။ အပြင်သို့ဖျတ်ခနဲပြေးထွက်သွားပြီး သစ်ကိုင်းခြောက်ကလေးတစ်ခုကိုထောင်ကိုက်ပြီး တွင်းထဲသို့ စိတ်လိုက်မာန်ပါ ခုန်ဆင်း၏။ မှားပြီ။ ဒေါသနှင့်ခုန်ဆင်းလိုက်ပြီးမှ သတိရသည်။ ဤတွင်း၏အမြင့် သည် သူ့တင်ပါးဆုံရိုးကိုသော်၎င်း သူ့အသက်ကိုသော်၎င်း ပျက်စီးစေနိုင် အောင်လုံလောက်အောင်မြင့်သည်။ သို့သော် . . . သူကံကောင်းသွား ၏။ သစ်ကိုင်းခြောက်မှာ သူ့တွင်းနှင့်မဆံ့ဘဲ တွင်းနှုတ်ခမ်းနှစ်ဖက်တွင် ကန့်လန့်ခံနေသဖြင့် သွားနှစ်ချောင်းအနည်းငယ်နဲ့သွားရုံကလွဲ၍ ဘာမှကြီးကြီးမားမားမဖြစ်လိုက်။ ကြွက်မှာသစ်ကိုင်းခြောက်အား ကိုက်လျှက် တွင်းထဲ တွဲလောင်းဖြစ်နေသည်။သူ့အပေါ်လည်းတက်မရ အောက်လည်းဆင်းမရနှင့် ယက်ကန်ယက်ကန်ဖြစ်နေသည်။ သူအောက်ကို စောင်းကြည့်သည်။ ဘာမှမမြင်။ သူ့အမြီးနှင့် တွင်းအောက်ခြေကို စမ်းကြည့်သည်။ မထိ. . .။ ဒါဆိုခုန်ချ၍မဖြစ်. . .။ အပေါ်ကိုရအောင် တက်မှဖြစ်မည်။ သူအပေါ်ကိုတက်ဖို့ လက်နှစ်ဖက်နှင့် သစ်ကိုင်းခြောက်ကိုကိုင်သည်။

သစ်ကိုင်းခြောက်က သူ့ဘော်ဒီဝိတ်ကိုမခံနိုင်။ တဖြည်းဖြည်း အိကျလာ၏။ သူအကျခံလို့မဖြစ်၊ ဒီလောက်အမြင့်ကပြုတ်ကျလျှင် အနည်းဆုံးမြီးညောင့်ရိုးလောက်တော့ အစလံဝေသွားနိုင်သည်။ သူ့လက်နှစ်ဖက်မြဲအောင်ကိုင်လိုက်သည်။ လက်နှစ်ဖက်မြဲမှ ခြေတစ်ဖက်ကို သစ်ကိုင်းခြောက်ပေါ်သို့ လှမ်းတင်သည်။ ကိုင်းဖျားကိုသာနင်းမိသဖြင့် ကိုင်းဖျားကျိုးကာ အိကနဲ တွင်းနှစ်ခမ်းအတွင်းဘက်ကို တည်းတည်းကလေး သွားထောက်နေသည်။ သစ်ကိုင်းခြောက်လည်း ကျိုးကျမလို အသံ မြည်နေပြီ။ သူ့. . . ကြောက်အားလန့်အားနှင့် မျက်လုံးများ ပြူးထွက်လာသည်။ ဇောချွေးများလည်း စိမ့်ထွက်လာသည်။ သူ့တစ်ကိုယ်လုံး သစ်ကိုင်းခြောက်ပေါ် ရောက်အောင် အမြန်ခုန်တက်လိုက်၏။ သို့သော်. . . သူနောက်ကျသွားပြီ။ သစ်ကိုင်းခြောက်က ဝုန်းဆိုကျိုးကျသွားပြီဖြစ်သည်။ သူ ကမူးရှူးထိုးနှင့် တွင်းနှုတ်ခမ်းများကို မှီလိုမှီငြား လျှောက်ကုတ်ရင်း လျှောကျလာသည်။ ဘာကိုမှ မမိ၊'ဘောင်း'ကနဲကျ၏။ သူမူးပြီး ယိုင်ထိုးယိုင်ထိုးနှင့် လန့်ပြေးရင်း ခုနကသူနှင့်အတူ ပြုတ်ကျလာသော တွင်းထဲတွင် ထောင်နေသည့် သစ်ကိုင်းခြောက်နှင့် ခေါင်းတိုက်မိပြီး ဖင်ထိုင်လဲကျသွား၏။ ပြီး. . . တဖြေးဖြေးပက်လက်။ သူ့ခြေထောက်နှင့်လက်များက တဆတ်ဆတ်တုန်လို့။ ထိုတော့မှပိုးဟတ်နှင့် အိမ်မြှောင်လည်း စိတ်ကြီးသော ကြွက်ကိုကြည့်ကာ လန့်ပြီးအိမ်ထဲမှ ထွက်ပြေးသွားကြ၏။ ဟုတ်သလေ။ ဒီကြွက်လုပ်ပုံက သူများမလုပ်ရရင် ကိုယ့်ကိုကိုယ် ပြန်လုပ်မယ်ဆိုတဲ့ပုံမျိုး။ ကြွက်ကလေး၏ ခြေနှင့်လက်တို့ကတော့ အကြောဆွဲနေသလို ဒန့်ခနဲ ဒန့်ခနဲ. . . ။

'ကဒ်'

◆ ◆ ◆

နေရောင်ဖျဖျကလေးကျနေသည်။ ကမ္ဘာမြေ၏အောက်ဆုံးအလွှာဖြစ်သော မြေပြင်သည်ဆေးရောင်စုံခြယ်သထားသော အပျိုဖြန်းမလေးသဖွယ်။ အလင်းဝတ်ရုံကို ကပိုကရိုဝတ်ဆင်ရင်း လမ်းသလားနေ၏။

တိုးညင်းစွာရွတ်ဆိုနေသော လေပြည်၏ဂီတသံတို့သည်လည်း

ချစ်သူနှင့်ချိန်းဆိုထားသော လူပျိုသားပေါက်ကလေးသဖွယ် ကတုန်ကယင်နှင့် ရင်ခုန်ဖွယ် သီးထနေ၏။

ထိုအချိန်ကျမှ ခုနကကိုယ့်တုတ်နှင့်ကိုယ်ပြန်ရိုက်မိပြီး မေ့လဲနေသောကြွက်သည် သတိပြန်ရလာပြီး ဆတ်ခနဲထကာ ဘေးဘီဝေ့ကြည့်သည်။ အိမ်ထဲမှသူ့ကိုစိမ်းစိမ်းကြီး စိုက်ကြည့်နေသော မျက်လုံးကိုမြင်တော့ လန့်ပြီးကျွိခနဲအော်ကာ အပြင်ဘက်သို့ပြန်ပြေးထွက်သွား၏။ ပြီးတော့ မသင်္ကာသလိုနှင့် တွင်းပေါက်ဝရှိ ကောက်ရိုးအဟောင်းများကြား ခေါင်းထုတ်၍ အတွင်းသို့ပြန်ချောင်းသည်။ အတန်ကြာတော့မှ သူကိုယ်တိုင်တွင်းနံရံတွင်တကပ်ကပ်ထားသော ဒရှးဘယ်ရီမိုး၏မျက်လုံး ဖြစ်ကြောင်း သိရှိသွားပြီး တွင်းထဲသို့ ဘောက်ဆတ်ဘောက်ဆတ်နှင့် ပြန်ပြေးဝင်လာသည်။ တွင်းပေါက်ဝတွင် ကန့်လန့်ကြီးထောင်နေသော သစ်ကိုင်းခြောက်ကိုမြင်တော့ သူ့ခြေထောက်များ ဘရိတ်အုပ်လိုက်သလို 'ကျွိ'ခနဲရပ်သွား၏။ ပြီးနောက် ထိုသစ်ကိုင်းခြောက်ကို အံ့သြတကြီးပြန်မော့ကြည့်၏။ သူ့နှုတ်ခမ်းနှင့် သစ်ကိုင်းခြောက်ကို ဆတ်ခနဲတွန်းတို့ပြီး အပြင်သို့ပြန်ပြေးထွက်သည်။ ပြီးနောက်တွင်းပေါက်ဝရှိ ကောက်ရိုးအဟောင်းများကြားခေါင်းထုတ်၍ သစ်ကိုင်းခြောက်ကို ပြန်ကြည့်သည်။ သစ်ကိုင်းခြောက်ကို ထောင်လျက်သားပင်မြင်ရတော့ သူပြန်ပြေးဝင်လာသည်။ သစ်ကိုင်းခြောက်ကိုမရဲတရဲ သူ့နှုတ်ခမ်းနှင့်တို့ကြည့်သည်။ နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံကြည့်၏။ သစ်ကိုင်းခြောက်က လုံးဝမလှုပ်။ ထိုတော့မှ ဖျတ်ခနဲသစ်ကိုင်းခြောက်ပေါ် ပြေးတက်သည်။ သူ့အပေါ်နားရောက်မှ သစ်ကိုင်းခြောက်က သူ့. . . ဘော်ဒီဝိတ်ကိုမခံနိုင်ဘဲ ဆတ်ခနဲနဲ့သွားလေရာ သူလည်းကြောက်လန့်တကြား တကျွိကျွိအော်မြည်ရင်း သစ်ကိုင်းခြောက်ကိုဖက်ပြီး ယက်ကန်ယက်ကန်နှင့် နောက်ပြန်လဲကျလာလေသည်။

ဖုန်းခနဲမြေပြင်နှင့် သူ့ကျောထိသည်နှင့် လန့်ပြီးတကျွိကျွိအော်ရင်း ဆတ်ခနဲထသည်။ ပြီး အပြင်သို့အားကုန်ပြေးထွက်သွားလေ၏။ သို့သော် ပြုတ်ကျသောအရှိန်ကြောင့် သူ့ခြေထောက်တစ်ဖက် မျက်သွားပုံရ၏။ သူ့ပြေးပုံက ဖင်တွန်းဖင်တွန်းနှင့် ကပိုကရိုကြီး. . .။

အတန်ကြာမှ တွင်းပေါက်ဝသို့ပြန်ပြေးဝင်လာပြီး တွင်းပေါက်ဝရှိ ကောက်ရိုးများကြားခေါင်းထုတ်၍ သစ်ကိုင်းခြောက်ကိုပြန်ကြည့်၏။ သစ်ကိုင်းခြောက်ကြီးကလုံးဝမလှုပ်။ သူပြန်ပြေးလာပြီး နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံကြည့်သည်။ သူနှုတ်သီးနှင့် သစ်ကိုင်းခြောက်ကိုတွန်းကြည့်သည်။ သစ်ကိုင်းခြောက်ကြီး လှုပ်သွားသည်နှင့် သူ. . . ကျွိခနဲအော်ကာ ကောက်ရိုးများကြား ပြန်ပြေးဝင်၍ ကုတ်ပုပြီးပြန်ချောင်း၏။ အတန်ကြာမှ စိတ်ချလက်ချ သစ်ကိုင်းခြောက်ကိုဆွဲကာ အပြင်သို့ဆွဲထုတ်သည်။ သစ်ကိုင်းခြောက်၏ကိုင်းများက တွင်းနံရံနှင့်ထိုးခံနေသဖြင့် သူခက်ခက်ခဲခဲ ဆွဲထုတ်နေရသည်။ အပြင်ရောက်မှ သစ်ကိုင်းခြောက်ကို ပစ်ချပြီး ခပ်စိမ်းစိမ်းကြည့်၍ သူသွက်သွက်ထွက်သွားလေသည်။

သိပ်မကြာလိုက်ပါ ကြွက်သည် ကြက်ဥတစ်လုံးလှိမ့်ပြီး တွင်းထဲ ပြန်ဝင်လာသည်။ ကြက်ဥကို ဂရုတစိုက်လှိမ့်လာရပုံရ၏။ သူ၏ အမွေး တွေချွေးစတို့ သီးထနေ၏။ သူ့နောက်တွင်လည်း ကြွက်ကြီးတစ်ကောင်နှင့် ကြွက်ငယ်လေးတစ်ကောင် ကပ်လျှက်ပါလာသည်။ ကြွက်ငယ်လေးက ကုပ်ကုပ်နှင့်ပါလာသော်လည်း ကြွက်ကြီးကအော်သံမျိုးစုံနှင့် လိုက်ပါလာ သည်။ သူကတော့ ဒါတွေဂရုမစိုက်နိုင်သေး။ ကြက်ဥကို သူ့လက်ကလေး နှစ်ဖက်နှင့် ပိုက်ပြီးပြေး၏။ ပြီး. . . တွင်းပေါက်ဝနားရောက်မှ ကြက်ဥကို ချကာ မတ်တတ်အနေအထားအတိုင်း ကြက်ဥကို တဖြည်းဖြည်းတွန်းရွှေ့ လာ၏။ ကြွက်ကြီးကကြက်ဥကို လိမ့်ကျသွားစေရန် သူ့နှုတ်သီးနှင့်ပြေး တိုက်သည်။ ကြွက်ကလေးက ကြက်ဥကို လက်နှစ်ဖက်နှင့်ပြန်ပိုက်၍ ခြေကန်ဆွဲထားသည်။ ပြီးနောက် ခေါင်းတလှုပ်လှုပ်၊ နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံရင်း ဘေးဘီဝေ့ကြည့်၏။ ‘ကြွက်ကြီးကသွားကိုဖြဲ၍ အိမ်ရှင် ကြွက်ကိုရန်စောင်၏။ အိမ်ရှင်ကြွက်ကကြွက်ကြီးကိုရှောင်ရင်း ကြက်ဥကို မလွတ်အောင်ခက်ခက်ခဲခဲဖက်တွယ်ထားရသည်။ ကြွက်ကြီးကကြက်ဥကို အတင်းဝင်ဝင်လုသည်။ တစ်ချီတွင် သူအရှိန်နှင့် ဝင်လုလိုက်သောကြောင့် ကြွက်ကလေးမှာကြက်ဥ၏ လှိမ့်အားကိုမခံနိုင်ဘဲ ကျွမ်းထိုးပြုတ်ကျသွား ၏။ ကြက်ဥမှာတဖြည်းဖြည်းနှင့်လိမ့်သွားပြီး တွင်းနံရံနှင့်ထိကာ ခွပ်ခနဲ

ကွဲသွားလေသည်။

ထိုတော့မှ ကြွက်ကြီးကကြက်ဥအကွဲထံ အားရဝမ်းသာပြေးသွားပြီး ကြက်ဥအနှစ်များကိုအားရပါးရ ဝါးမျိုနေလေသည်။ အိမ်ရှင်ကြွက်ကလေးဝင်သွားတော့ ကြွက်ကြီးက ရန်ပြုကိုက်လွှတ်၏။ အိမ်ရှင် ကြွက်ကလေးမှာခန္ဓာကိုယ်ချင်းမယှဉ်သာဘဲ သူ၏တွင်းဝအပြင်ဘက်သို့ သေလုမျောပါးပြေးရင်း ကောက်ရိုးများကြားခေါင်းထုတ်၍ တွင်းထဲသို့ပြန်လည်ငေးကြည့်နေသည်။ တွင်းထဲမှာတော့ ကြက်ဥနှစ်များ ခေါက်ဆွဲဖတ်များ သူ. . . 'အနှစ်နှစ်' 'အလလ'ကစုဆောင်းခဲ့သော စာရွက်များ ဆန်စေ့ နှင့်အခြားစားစရာများကို စိမ်ပြေနပြေဝါးနေသည့် ကြွက်ကြီးတစ်ကောင်နှင့် အသည်းအူတုံဖွယ်ကြွက်ကလေး. . .

အတော်လေးကြာသည်အထိ သူ့မျက်လုံးနှစ်ဖက်ကို အုပ်ကိုင်ကာငြိမ်သက်နေ၏။

သူမရဲတရဲနှင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ သူမြတ်နိုးလှစွာသောနံရံပေါ်မှ မျက်လုံးကြီးကို စတင်သုံးဆောင်နေသောကြွက်ကြီး. . .

သူ့မျက်လုံးနှင့်လက်ကြား မျက်ရည်တွေလား၊ ဇောချွေးတွေလားတော့မသိ၊ စိမ့်ထွက်. . .။

ကြွက်ကြီး၏ပါးစပ်အတွင်းမှမျက်လုံးတစ်စုံကတိုးလျှိုးတောင်းပန်သောအကြည့်နှင့်သူ့ကို စိုက်ကြည့်ရင်း တငွေ့ငွေ့. . .။

'ကဒ်'

◆ ◆ ◆

**ယော**က္ခမဟူသောဝေါဟာရမှာ ဘယ်ကဘယ်လိုဆင်းသက်လာသည်ကို ကျွန်တော်မသိပါ။ သိရင်လည်းမကြိုးစားခဲ့ပါ။ သို့သော်. . . ထိုဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ဤသို့ဖွင့်ဆိုချင်ပါသည်။

ယောက် = ယောက်ချို့ဇွန်းနှင့်

ခ = ခပ်၍

မ = အချွန်နှင့်မတက်သော. . . ဟူ၍. . .

ကျွန်တော့်တွင် ယောက္ခမမရှိပါ။ သို့သော်. . . ဤစာအုပ်သည် ယောက္ခမရှိသူများထံတွင် ကွင်းဆင်းလေ့လာပြီး အသေအချာအတိအကျ ကွက်ကွက်ကွင်းကွင်းမြင်ရစေရန် ရေးသားထားခြင်းဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ရေးသားထားခြင်း မဟုတ်ဘဲ ရှိရှိသမျှယောက္ခမပေါင်းစုံတို့၏ လုပ်ပေါက်ကိုင်ပေါက်များကို တစ်ယောက်တည်းတွင် စုပြုံထည့်ထားခြင်းဖြစ်၏။ ထို့ကြောင့် ယောက္ခမတိုင်းသည်

ဤကဲ့သို့ပုံစံမျိုးချည်းပဲဟုမဆိုနိုင်ပါ. . .။ သို့သော် ကျွန်တော်က ယောက္ခမအားလုံး၏ ပြုမူဆောင်ရွက်တတ်ပုံကို အနီးစပ်ဆုံးဖြစ်နိုင်စေရန် တင်ပြထားခြင်းဖြစ်ပါသည်။

ထို့ကြောင့်. . .

ဤစာအုပ်သည် နောင်တစ်ချိန်ယောက္ခမရှိလာလတ္တံ့သော၊ ယခုယောက္ခမရှိနေသေးသောသူများအားလုံး မရှိမဖြစ်ဆောင်ထားရမည့် ယောက္ခမပေါင်းချုပ်အရှုပ်အထုပ်ကြီးဖြစ်ရန်ရည်ရွယ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။ တိုက်ဆိုင်မှုရှိပါက ကိုယ့်အတ္ထုပ္ပတ္တိရေးပေးတယ်အမှတ်ဖြင့် ကျေးဇူးတင်ကြပါ။

ကဲ. . . ကြွက်ကလေးပုံပြင်က ပြန်စကြရအောင်. . .

ဆက်လက်ရှုစားတော်မူပါ။ စာဖတ်သူတို့. . .

◆ ◆ ◆

***မြို့လယ်ခေါင်တွင်တည်ရှိသော နာရီစင်မှ ဒင်ခနဲဒင်ခနဲ. . . သုံးချက်မြည်သံကြားရ၏။ ထိုနာရီသည် ဆယ့်ငါးမိနစ်နောက်ကျနေမှန်း အားလုံး သိကြ၏။ နာရီတိုက်စရာ(အချိန်တိုက်စရာ) ရှိသူများက သူတို့၏နာရီကို ဆယ့်ငါးမိနစ်တိုး၍ နာရီလက်တံကိုလှည့်နေကြ၏။***

'အဖေကတော့သဘောတူမှာ မဟုတ်ဘူးမောင်. . .'

လေပူတချို့ဝေ့ခနဲတိုက်ခတ်လာ၏။ အရှေ့တွင်ချထားသော သံဘူးအမည်ခံ အအေးဖန်ခွက်ပင် နေရှိန်ကြောင့် ချွေးသီးများထနေ၏။

'နောက်. . . မေမေနဲ့ချိုနဲ့ကလည်း. . .'

အားလုံးတိတ်ဆိတ်သွားသယောင်ထင်ရသော်လည်း အိုက်စပ်စပ်အအေးဆိုင်ကလေးအတွင်း ခေတ်ဆွေးပန်ကာလည်သံက တဂီးဂီးနှင့် အော်မြည်နေ၏။ ချစ်သူချသောသက်ပြင်းကို ပန်ကာလေကယူ၍ ကိုယ့်မျက်နှာပေါ် လာဆောင့်ချသည်။

'မေမေနဲ့ကလည်း မခွဲနိုင်ဘူး. . .'

ကျွန်တော်သူ့ကိုငေးကြည့်လိုက်သည်။ အို. . . သူ့မျက်ဝန်းမှာ မျက်ရည်တို့ဝေ့. . . ဝဲ. . .။ နှုတ်ခမ်းလှလှကလေးကို ပုလဲသွယ်လှလှကလေးနှင့် ပြန်လည်ဖိကြိတ်ထား၏။

ရှည်လျားပါးလျှသော သူ့လက်ချောင်းကလေးများကအကြောင်းမရှိအကြောင်းရှာ၍ စားပွဲပေါ် မှတစ်ရှူးစများကို ဖြည်းညင်းစွာပွတ်ချေနေသည်။ သူ့ရဲ့မျက်နှာတစ်ခြမ်းကိုတော့ ညီညာပျော့စင်းသော သူ့ဆံနွယ်စများနှင့်မသိမသာဖုံးအုပ်ထား၏။ ထိုဆံနွယ်စများကိုပင် ကျွန်တော်က မည်းနက်နေတဲ့စမ်းချောင်းဟုအမည်ပေးရင်း မကြာခဏချီးနမ်းခဲ့ဖူးသည်။

သူခေါင်းကိုဖြည်းညင်းစွာခါရင်း ကျွန်တော့်ကိုမကြည့်ဘဲမျက်နှာကြက်ပေါ်ကပန်ကာကို မော့ကြည့်သည်။ နောက်ကျလုလုမျက်ရည်များကို ရှည်လျားသောမျက်တောင်များနှင့် ပုတ်ခတ်သိမ်းဆည်းလိုက်ရင်း. . .

'အဓိကကတော့ အမေပဲမောင်ရာ. . . အမေပဲ. . . အမေနဲ့ချို က ဟိုးငယ်ငယ်လေးထဲက အခုချိန်ထိ တစ်ရက်တောင်ခွဲနေဖူးတာမဟုတ်ဘူး. . . မောင်လည်းသိသား. . .'

သူ့စကားသံက နည်းနည်းရယ်ပါ. . . ဒါပေမဲ့ သူ့အမေ ကိုယ့်ယောက္ခမလောင်းကြီး၏မျက်နှာပြပြကြီးက တန်းပြီးပေါ်လာ၏။ မုန့်စိမ်းပေါင်းပုံကြီးလို ငယ်ထိပ်(ဦးနှောက်)နေရာခပ်သေးသေးနှင့် ပါးစုံကြီးနှစ်ဖက်က တုံအိအိနှင့်တွဲကျနေပြီး ပါးစပ်ကတစ်ခုခုကို ပလုပ်ပလောင်းစားလိုစား သူများအတင်းပြောလိုပြောနှင့် အမြဲလှုပ်ရှ ရွစိထနေတတ်ပုံကို မြင်ယောင်လာသည်။ မျက်နှာပြကြီးနှင့်မလိုက်အောင် သေးငယ်ကျဉ်းမြောင်းသော နှမ်းစေ့အရွယ်ခန့်ရှိ တြိဂံပုံမျက်ပေါက်ကျဉ်းကျဉ်းနှစ်ခုက ပေကလပ် ပေကလပ်. . .။ ပြီး တဂွီးဂွီးနှင့်ချွဲကျပ်နေတာပါသေးသည်။

'ကိုင်းအောက်ပိုင်းကိုဆက်ကြည့်. . .'

မွေးရာပါပူလား၊ နဂိုပူလား ကြီးမှပူတာလားမှန်းမသိရသော သူ့ဗိုက်ပူပူပေါ် ပါတိတ်ထမီကို ရင်ခေါင်းတက်စည်းထားပုံမှာ အယူတိမ်း၍နတ်စိမ်းဖြစ်နေပုံမျိုး။ သည့်အပြင် မျက်လုံးအောက်တွဲကျနေသော ပါးစုံ

နှစ်ဖက်က တွမ်အင်ဂျယ်ရီကာတွန်းဇာတ်ကားထဲမှ ဇာတ်ပို့ဇာတ်ရံခွေးဘီလူးကြီး မိုက်(စ်)နှင့်ပင် ခပ်ဆင်ဆင်တူသေး၏။ ပါးဖောင်းသောသူသည် မိုက်လုံးကြီး၏ဟူသော စကားပုံမှန်လျှင် ထိုအဘွားကြီးလောက် မိုက်လုံးကြီးသောသူ ကမ္ဘာပေါ်တွင်ရှိတော့မည်မဟုတ်. . . ။ ကိုင်း. . ရှေ့ပိုင်းတော့မဟန်ဘူး၊ နောက်ပိုင်းဆက်ကြည့်ရအောင်။ နောက်ပိုင်းကကော ဘာထူးသနည်း။ နောက်ကျောနှင့်တင်ပါးဆုံကလည်း ပေတံနှင့်တိုင်း၍ ဓားစက်နှင့်ဘလိ ဖြတ်ထားသလို တညီတညာနိုင်လွန်းလှသည်။ ဆောင့်ကြောင့်များထိုင်နေလို့ကတော့ သူ့ပါးဖေါင်းပုံ၊ သူ့ကုတ်တိုပုံ၊ သူ့လက်ရှည်ပုံတို့မှာတိရစ္ဆာန်ရုံတွင်ငှက်ပျောသီးနင်နေသောမျောက်ဝံသဖွယ်တင့်တယ်နေတော့၏။ အို. . . ဆက်တွေးနေလျှင် ကျွန်တော့်ရှေ့က ချစ်သူကိုပါ ချစ်ချင်စိတ်များ ပျောက်ဆုံးရုံမျှမက အာသဝေါပင် ကုန်ခမ်းသွားနိုင် သည်။ အဲဒီလောက်ဆို။ ကိုင်း. . . ယောက္ခမလောင်းကြီး၏ပုံကို မှတ်မိအောင်ဥပမာပေးပါမည်။ မျောက်၊ဝက်၊ခွေးဘီလူး သုံးဦးဖလှယ်ထားသောရုပ်ဟုမှတ်. . . ။ ထိုမျောက်၊ ဝက်၊ ခွေးဘီလူးကြီးကို ခေါင်းထဲက မောင်းထုတ်ပြီး ခပ်တည်တည်နှင့် သက်ပြင်းချကာ. . . ။

'ဒီလိုမလုပ်ရင်လည်း တို့တွေပေါင်းရဖို့က မလွယ်လှဘူး ချို. . . ချိုရော မောင့်ကိုခွဲနိုင်လို့လား. . . '

ကျွန်တော့်စကားသံအဆုံးမှာပင် ချစ်သူ၏လက်တစ်ဖက်က ကျွန်တော့်လက်ပေါ် အုပ်မိုးကျလာ၏။ ပြီးတော့ ခေါင်းလေးငုံ့ပြီး တုန်ရင်သောအသံကလေးက. . .

'မောင့်ကိုလည်း. . . '

အသံကအလိုလိုနေရင်း တိုးတိမ်သွားသည်။ သူမအသက်ကိုခပ်ပြင်းပြင်းရှူသွင်းရင်း. . .

'မောင့်ကိုလည်း မခွဲနိုင်ဘူး. . . နောက်ပြီးအမေ့ကိုလည်း. . . '

ကျွန်တော့်လက်ကလေး ချစ်သူ၏နှုတ်ခမ်းပေါ် ကျရောက်သွား၏။

'ဘာမှပြောမနေနဲ့တော့ချို . . . တို့တွေ တစ်ယောက်ကို

တစ်ယောက်ချစ်ရင်တော့ စွန်စားကြရမှာပဲ. . . မောင့်ဘက်ကလည်း စဉ်းစားကြည့်ပါဦးချို. . . မောင် ချို့ကိုချစ်လို့ ဘယ်လောက်ထိစွန့်လွှတ်ခဲ့ရတယ်ဆိုတာ. . .'

ချစ်သူ တွေဝေသွား၏။ ပြီးတော့ ကျွန်တော့်လက်ကို ခပ်တင်းတင်းဆုပ်ရင်း. . .

'ချို. . . ချိုသိပါတယ်မောင်ရယ်'

ချစ်သူ၏ခပ်တိုးတိုးအသံ. . .။ ဟုတ်ပါသည်။ ကျွန်တော်ချို့ကိုချစ်၍ မိဘများရှိရာ ဩစတေးလျနိုင်ငံသို့ပင်လိုက်မသွားဘဲ မြန်မာပြည်မှာပင် ခိုကပ်နေခဲ့သည်မဟုတ်ပါလား။ ဒါကိုတော့ ချစ်သူချိုအသိအမှတ်မပြု၍မဖြစ်. . .။

'မိဘဆိုတာ သားသမီးကိုစိတ်ဆိုးရင်လည်း ခဏပေါ့. . . ဟိုလေ. . . တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိတယ်တဲ့. . . တို့က သားစုတ်၊သမီးစုတ်မှမဟုတ်ဘဲ. . . သူတို့ ရေရှည်ပစ်မထားရက်လောက်ပါဘူး. . .'

ချစ်သူထံမှ သက်ပြင်းချသံခပ်ဖွဖွ. . .။ ပြီးနောက်တစ်ဘက်သို့လှည့်၍. . .

'မောင်ကောင်းသလိုသာစီစဉ်ပါတော့ကွယ်. . . ချိုတော့ဘာမှကို မစဉ်းစားတတ်တော့ပါဘူး. . . အမေကလည်း. . .'

'ဘာမှပြောမနေနဲ့တော့ချို. . . ချိုလည်း ချို့အမေကိုမခွဲနိုင်သလို မောင်လည်းချိုနဲ့မခွဲနိုင်ဘူး. . .'

ချစ်သူမျက်ရည်လည်နေသောမျက်ဝန်းနှင့် ကျွန်တော့်ကိုရှုန်းရှုန်းစားစားကြည့်၏။ ကျွန်တော်ချစ်သူကိုပြန်ကြည့်ပြီး ရဲရဲတင်းတင်းပြောချလိုက်သည်။

'ချို. . . တနင်္လာနေ့. . . ည. . . ဆယ့်နှစ်နာရီမှာ. . . အသေအချာပြန်မှတ်နော်ချို. . . တနင်္လာနေ့ညဆယ့်နှစ်နာရီမှာ ချို့ကိုမောင်လာခိုးမယ်. . . ချိုအသင့်ပြင်ထားပါ. . .'

ချစ်သူခေါင်းငုံ့သွားပြန်သည်။ နောက်. . . ကျွန်တော့်လက်ကို

ခပ်ဖွဖွဆုပ်ကိုင်ရင်း. . .

‘မောင်ကောင်းသလိုသာစီစဉ်ပါ. . ဟင်း. . အမေနဲ့ကလည်း’

နောက်. . . စကားသံများတိုးတိတ်သွား၏။အမေနဲ့ကလည်း ဟူသော ချစ်သူ၏စကားက နားထဲကနှံ့လန့်ကြီး စိမ့်ဝင်နေ၏။ နောက်. . မျောက်ဝက်ခွေးဘီလူး သုံးဦးဖလှယ်ထားသော ချစ်သူ၏မိခင်မျက်နှာပြားကြီးက အကွင်းလိုက်အကွင်းလိုက် အတွေးထဲရစ်ဝဲနေလေ၏။ ထိုယောက္ခမကြီးမျက်နှာကို အကွင်းလိုက်ကြီး ပြန်လည်မောင်းထုတ်လိုက်ပြီး. . .

‘တနင်္လာနေ့ည ဆယ့်နှစ်နာရီမှာ မောင်ခွေးလိုအူပြီး အချက်ပေးလိုက်မယ်. . . အဲဒီအသံကြားရင် ချိုလေးဆင်းလာခဲ့တော့နော်. . .’

ဘယ်လိုကြီးလဲဟူသောအကြည့်မျိုးနဲ့ ကျွန်တော့်ကိုချစ်သူပြန်ကြည့်သည်။ ကျွန်တော့်ရုပ်က တကယ်လုပ်မယ့်ပုံမို့ ခပ်တည်တည်. . .။

တော်သလင်းနေက ကျဲကျဲတောက်ပူနေတုန်း. . .။

◆ ◆ ◆

‘**ဦး**ပြေးတာတော့ဟုတ်ပါပြီ ဇေယျာနောင်. . . မင်း သက်ထက်ချို ကိုခိုးပြေးပြီးရင် ဘယ်မှာထားမှာလဲ. . .’

မျိုးမင်းသန့်၏အမေးကို ကျွန်တော်က လက်ကျန်ရေနွေးကို ဂလုခနဲမျိုချလိုက်ပြီး. . .

‘ဟ. . . ငါ့အိမ်မှာထားမှာပေါ့. . . ငါ့အိမ်မှာဘယ်သူရှိတာမှတ်လို့. . .’

ဟုတ်ပါသည်။ အဖေနဲ့အမေသြစတေးလျထွက်သွားပြီးသည့်နောက် အိမ်မှာက ကျွန်တော်တစ်ယောက်တည်း။ နောက် ကျွန်တော်က တစ်ဦးတည်းသောသား၊ မိဘလုပ်စာကို ကုမ္ပဏီအကြောင်းပြလိုက်၊ စတိုးဆိုင်အကြောင်းပြလိုက်နှင့် ထိုင်ဖြုန်းနေသူ. . .။ ပူပင်စရာဘာဆိုဘာမှမရှိ. . .။ သုံးစွဲရန်ငွေကြေးလိုပါက အဖေနှင့်အမေ အလျှံပယ်ထည့်ထားပေးသောဘဏ်များတွင် သွားထုတ်လိုက်ရုံ. . .။

'မဟုတ်သေးဘူးကွ. . . ငါပြောတာကမင်း သက်ထက်ချိုကို ခိုးပြေးပြီဆိုတာနဲ့ သူ့မိဘတွေက မတော်တဆသိသွားရင် မင်းအိမ် လိုက်လာကြမှာပဲ. . . အဲဒါဆို မင်းတို့ကိုပြန်မိမသွားနိုင်ဘူးလား. . .'

မျိုးမင်းသန့်စကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။ နောက် အကြောင်းမရှိအကြောင်းရှာ ရေနွေးခရားကိုမ ယူလိုက်ပြီး. . .

'လိုက်လာဖို့က မဖြစ်နိုင်ဘူးလေ. . .'

'ဘာဖြစ်လို့လဲကွ. . .'

ကျွန်တော်ထပ်ပြုံးလိုက်မိသည်။

'ငါ့အိမ်ကိုသူတို့မှမသိဘဲ. . .'

'ဟေ. . . မဖြစ်နိုင်တာကွာ. . . မင်းယောက္ခမကြီးက ဒီလောက် စပ်စုတာ မသိရှိပါ့မလား. . .'

ဟုတ်ပါသည်။ ကျွန်တော့်ယောက္ခမသည် သူမတူအောင်စပ်စု ၏။ သူမတူအောင်အတင်းတုတ်၏။ သူမတူအောင်အကြွားထူ၏။

သူ့တွင်ကောင်းကွက်ဆိုလို့ သူမတူအောင်လှပ၍သူမတူအောင် အားနာတတ်၍ သူမတူအောင်အလိုက်သိ၍ သူမတူအောင်ယဉ်ကျေး သိမ်မွေ့သော ကျွန်တော့်ချစ်သူကိုအရှင်လတ်လတ်ကြီးမွေးချထားခြင်းပင်။ ဤသည်ကလည်း သိပ်မသေချာ. . . ဆေးရုံတွင်ကလေးမှားပြီးပါလာတာ လည်းဖြစ်နိုင်သည်။ ဤမျှလောက်ချောမောလှပသောကလေးငယ်တစ်ဦး ကို ညစ်ပတ်မှုအပေါင်းသရဖူဆောင်းထားသော ထိုယောက္ခမကြီးမွေးချခဲ့ သည်ဆိုတာ မယုံကြည်နိုင်စရာ. . .

'ဟေ. . . ပြောစမ်းပါဦးကွ. . .'

မျိုးမင်းသန့်အမေးကြောင့် ကျွန်တော်ခေါင်းထဲရောက်နေသော ယောက္ခမကြီး၏မျက်နှာပြကြီးအားမောင်းထုတ်လိုက်ပြီး. . .

'ငါနဲ့သက်ထက်ချို ရည်းစားဖြစ်နေကြောင်း သူ့အမေတို့မှမသိ တာ'

'ဟေ. . .'

မျိုးမင်းသန့်ကျွန်တော့်ကို ဂြိုဟ်သားတစ်ယောက်မြင်ရသလို

တအံ့တသြကြည့်၏။သူ့ထံမှအတန်ကြာသည်အထိ စကားသံထွက်မလာ။ ကျွန်တော်၏စကားထဲတွင် သူ့အတွက်စဉ်းစားစရာအမြောက်အမြားပါရှိနေပုံရ၏။ အတန်ကြာမှ. . .

'မဖြစ်နိုင်တာကွာ. . . မင်းယောကျ်ာမက ရပ်ကွက်လည်ပြီးအတင်းတုတ်နေတာ. . ဘယ်အိမ်ကထီပေါက်တာအစ၊ ဘယ်အိမ်ကထမီပျောက်တာအဆုံး အားလုံးသိတဲ့ဟာ. . . အခု သူ့သမီးရည်းစားထားတာမသိဘူးဆိုတော့ မဖြစ်နိုင်ပါဘူးကွာ. . .'

'အဲဒါပဲလေ. . . လူဆိုတာသူများမျက်ချေးပဲမြင်ပြီး ကိုယ့်မျက်ချေးကိုယ်မမြင်ရဘူးဆိုတာ. . . အခုလည်းအဲဒီလိုပဲလေ. . . ယောကျ်ာမလောင်းကြီးကသူများအတင်းတုတ်ချင်လို့ သူများအကြောင်းစုံစမ်းတာပေါ့ သူ့သမီးအတင်းကျတော့ သူမပြောချင်ဘူး. . . ဒီတော့မစုံစမ်းဘူး. . . မစုံစမ်းတော့မသိဘူး. . . ဒါပဲပေါ့. . . ဒါကြောင့်သူ့သမီးငါနဲ့ရည်းစားဖြစ်နေတယ်ဆိုတာမသိဘူး. . . နောက်ပြီး ငါနဲ့ချိုလေးကလည်း ချိန်းတွေ့ရင်ဒီမှာမတွေ့ဘဲ Mr.guitarတို့၊ Excellent တို့လိုလူရှင်းတဲ့ဆိုင်တွေမှာသွားသွားချိန်းတွေ့တော့ ယောကျ်ာမကြီးခြေရာပျောက်နေတာပေါ့. . . ငါနဲ့ချိုလေးရည်းစားဖြစ်နေတယ်ဆိုတာ တို့နှစ်ယောက်နဲ့ မင်းပဲသိတယ်ဘုရားတောင်ဇဝေဇဝါပဲ. . .'

ကျွန်တော့်စကားကို မျိုးမင်းသန့်ခေါင်းယမ်းလိုက်ပြီး. . .

'ငါတော့မထင်ဘူးနော်. . .'

ကျွန်တော်သူ့ကိုပြုံးပြီးကြည့်လိုက်သည်။

'မယုံရင်စောင့်ကြည့်. . . မပိုင်ရင် ငါကကိုင်တဲ့ကောင်မဟုတ်ဘူး. . .'

ကျွန်တော့်ရဲ့ပြတ်သားသောသံနိဋ္ဌာန်. . . ဟိုကောင်ကတော့ဘာစဉ်းစားမိသည်မသိ ခေါင်းရမ်းနေဆဲ. . .

◆ ◆ ◆

**ည . . .**

မှောင်မိုက်နေဆဲ. . .

သန်းကောင်ယံမကျတကျလက တိမ်သလ္လာပေါ်ပျော်မွေ့. . . တိတ်ဆိတ်နေသောည၏အနားသတ်မျဉ်းပေါ်ပုစဉ်းရင်ကွဲတို့ ကြို့ထိုးသံများဆူညံနေ၏။

ချစ်သူ၏အိမ်နောက်ဖေး ကုက္ကိုပင်ကြီးအောက် ကုပ်ကွေးနေသောကျွန်တော် ရင်ခုန်သံတထိတ်ထိတ်နှင့်အတူ ခွေးလိုအူအချက်ပေးရန် နှုတ်ခမ်းကိုချွန်လိုက်သည်။ ပြီးနောက်. . .

'အူ. . .'

'အူ. . .'

'အူ. . . ဝူး. . . ဝူး. .'

'ဝုတ်ဝုတ်'

ကျွန်တော်၏ အူသံပင်မဆုံးလိုက်. . .။ ချိုလေးတို့အိမ်ထဲမှ ရန်လိုသော ခွေးဟောင်သံတချို့က တဝုတ်ဝုတ်တဂီးဂီးနှင့် ပြေးထွက်လာသည်။ ရပ်ကွက်တွင်းမှလည်း အသံကြားလျှင်အူမည်ဟုဆုံးဖြတ်ထားသောခွေးများ တသီတစ်တန်းတပျော်တစ်ပါးကြီးလိုက်၍အူကုန်၏။

ဟိုက်. . . အဲဒါမှပြဿနာပဲ. . .

ဒီလောက်တောင်ခွေးတွေတသီတန်းကြီး လိုက်အူနေလျှင် ဘယ်သူကလူ ၊ဘယ်အကောင်ကခွေး၊ ခွဲခြားရခက်ပြီး ချစ်သူလင်နောက်လိုက်လွဲဦးမည်။ ထို့ကြောင့် ကျွန်တော်လည်းကမန်းကတန်းစဉ်းစားပြီး လူမှန်းသိအောင် ပြောင်းအူလိုက်သည်။

'လူ. . . အူ. . . လူ. . . '

ကျွန်တော့်ရဲ့အူသံမဆုံးမီမှာပင် ခွေးများကထုံးစံအတိုင်း တပျော်တစ်ပါးလိုက်အူကြပြန်သည်။ သူတို့ကတော့ ဘယ်လိုအသံထွက်ပြီးအူကြသည်တော့မသိ. . .။

သို့သော် ကံကောင်းပါသေး၏။ ချစ်သူ၏ အိမ်နောက်ဖေးတံခါးချောက်ခနဲပွင့်လာ၏။ နောက် အိမ်ပေါ်မှဆင်းလာသောအရိပ်တစ်ခု. .။ ကျွန်တော်ဝမ်းသာစိတ်နဲ့ လှိုက်ခနဲဖြစ်သွားပြီး သစ်ပင်ကို အကာအကွယ်ယူ၍ ပြန်ထိုင်နေလိုက်၏။ သိပ်မကြာလိုက်ပါ. . . တဖွဖွခြေသံနှင့်အတူ ပြေးလာသောအရိပ်တစ်ခု. . . အနားရောက်တော့ ကျွန်တော်ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

'အမေ့. . . '

အာမေဋိတ်သံနုနု. . .။ အရိပ်ကလေး ကျွန်တော့်ဘက်ယိုင်ကျလာ၏။

'မောင်. . . '

ချစ်သူ၏ခေါ်သံဖွဖွ. . .။ ကျွန်တော်ကြည်နူးစိတ်နှင့်ချစ်သူကိုကြည့်လိုက်တော့. . .

'ဟင်. . . '

ပခုံးနှစ်ဖက်တွင် ဘယ်ညာသိုင်းလွယ်လာသော အဝတ်အစား

ထည့်ပှန်းဘတ်အိတ်နှစ်လုံး. . .။ နောက် လက်နှစ်ဖက်လုံးမအားလပ် အောင်ဆွဲလာသော နောက်ထပ်ဟန်းဘတ်အိတ်နှစ်လုံးနှင့် ကြိမ်ခြင်းကြီး တစ်ခု. . .။ထိုခြင်းထဲမှာမှ ခာတ်ဘူး၊ ဖန်ခွက်၊လက်ဖက်ဘူးများ. . .။ ချစ်သူ၏ခန္ဓာကိုယ်ကလေးပေါ် အိတွဲကျနေ၏။ နဖူးတွင်လည်း ချွေးစတွေ စို့. . . လို့. . သူ့ကိုကြည့်၍ ကျွန်တော်လည်း မျက်လုံးကြီးပြူးသွားရ ကာ. . .

'ဟင်. . . ဒါ. . . ဒါတွေက. . . '

ချစ်သူက ကပျာကယာအနောက်ပြန်လှည့်ကြည့်ပြီး. . .

'တိုးတိုးပြောပါမောင်ရယ်. . . တော်ကြာအဖေနိုးလာလို့ ဒုက္ခ များကုန်ပါဦးမယ်. . . '

ထိုတော့မှ ကျွန်တော်လည်း သဘောပေါက်သွားပြီး. . .

'အော်. . . အင်း ဟုတ်သား. . ကိုယ်က ချိုပစ္စည်းတွေများလွန်း လို့အံ့အားသင့်သွားတာ. . . အေးလေ. . . တစ်သက်လုံးကိုယ်နဲ့နေရမှာ ဆိုတော့ဒီလောက်တော့လိုတာပေါ့. . . အဟိ. . . ကဲ. . . လာ. . . သွားရအောင် အဟိ. . . '

ဆို၍ ဝမ်းသာအားရချစ်သူလက်ကိုအဆွဲ. . .

'နေဦးမောင်ရဲ့. . . ကျန်သေးတယ်. . . '

'ဟင် ကျန်သေးတယ်. . . ဟုတ်လား. . . '

ချစ်သူစကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရ၏။ကြည့်လေ ခရီးဆောင်အိတ်လေးလုံးနဲ့ ခြင်းတစ်လုံးအပြည့်ပါတာတောင် ကျန်သေး တယ်ဆိုတော့ စဉ်းစားသာကြည့်တော့. . .။

'ဘာ. . . ဘာကျန်သေးတာလဲ ဟင်. . . '

ကျွန်တော့်ရဲ့အမေးကို ချစ်သူက ဘာမှအဖြေပြန်မပေးဘဲ လက် ကာပြ၍. . .

'ရောက်လာမှကြည့်ပေါ့'

ဟုဆို၍ အနောက်ဘက်သို့လှည့်၍ရှိခနဲလက်ခေါက်မှုတ်လိုက် သည်။ သူမလက်ခေါက်မှုတ်သံမဆုံးခင်မှာဘဲ အမှောင်ထဲ ရိပ်ခနဲပြေးလာ

သောအရိပ်တစ်ခု။ အမှောင်ထဲမှာဆိုတော့ ဘာမှသိပ်မသဲကွဲ. . .။ အရိပ်မှာ ဟိုဘက်သစ်ပင်ဝင်ကပ်လိုက် ဒီဘက်သစ်ပင်ဝင်ကပ်လိုက်နှင့် ခြေဖျားကိုထောက်၍တစ်မျိုး ကုန်းကုန်းကုန်းကုန်းနှင့်တစ်နည်း လုံးလုံး လုံးလုံးနှင့်ပြေးချလာသည်။ သူ့လက်ထဲတွင်လည်း အထုပ်တစ်ထုပ်ကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ ထိုအရိပ်၏ပုံများကို အနီးစပ်ဆုံး ဥပမာပေးရပါက ကြွက်ဝမ်းပူကြက်ဥခိုး၍ ပိုက်ပြေးလာပုံမျိုး. . .

အနားရောက်မှ ကြည့်လိုက်တော့. . .

'ဟင်. . . ဟင် အဘွားကြီး အဘွားကြီး. . .'

ကျွန်တော့်မျက်ဝန်းအစုံ ပြူးကျယ်သွားရ၏။

'ဟင်. . . ဒါ. . . ဒါကြီးက. . . ဒါကြီးက. . .'

ကျွန်တော့်အော်သံကြောင့် အဘွားကြီးပျာပျာသလဲနှင့် အနောက်ဘက်ပြန်ဝေ့ကြည့်ရင်း. . .

'ဟဲ့ ဖြည်းဖြည်းအော်ပါဟ. . . တော်ကြာ. . . အဘိုးကြီးကြားသွားလို့ သူပါလိုက်ချလာဦးမယ်. . .'

အဘွားကြီးစကားကြောင့် ကျွန်တော်လည်း. . .

'အော်. . . အင်း'

ဟုဆို၍ အဘွားကြီးသူ့သမီးအတွက် အထုပ်လိုက်ပို့သည်မှတ်ပြီး သူ့ရင်ခွင်ထဲမှအထုပ်ကိုလှမ်းဆွဲလိုက်သည်။

'ဟဲ့. . . ဒါဘာလုပ်တာလဲ. . . ဒါ ငါ့အထုပ်. . .'

အဘွားကြီးသူ့အထုပ်ကို ပြန်ဆွဲယူရင်းပြောသည်။ ကျွန်တော်လည်းမျက်လုံးပြူးသွားပြီး

'ဟင်. . . သက်ထက်ချိုအတွက်မဟုတ်လား. . . ကျွန်တော်ယူသွားမယ်လေ. . .'

ကျွန်တော့်စကားကို အဘွားကြီးကမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'အောင်မာ. . . ဒါငါ့အတွက်ဟဲ့. . . ငါ့အတွက်. . .'

အဘွားကြီးစကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားကာ. . .

'ဟင်. . . ဒါ ဒါဆို. . .'

'ငါလည်းလိုက်မှာလေ. . .'

'ဗျာ. . .'

အဘွားကြီးစကားကြောင့် ကျွန်တော်လည်းဘာဆက်ပြောရမှန်းမသိတော့ဘဲ ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးသွားမိ၏။ ပြီးနောက်တစ်ကိုယ်လုံးငြိမ်နေပြီး လက်ညှိုးသက်သက်လေထဲကွင်းနေမိ၏။ ကြည့်ဦးသမီးခိုးတာ အမေပါလိုက်မတဲ့. . .။ အတန်ကြာမှ ကျွန်တော်လည်းသတိပြန်ဝင်သွားပြီး. . .

'ဟ ဖြစ်မလားဗျ. . .။ သမီးခိုးပါတယ်ဆိုမှ အမေပါလိုက်မယ်ဆိုတော့. . .'

ကျွန်တော့်ရဲ့စကားကို အဘွားကြီးကခါးပေါ်အထုပ်တင်၊ နှုတ်ခမ်းတတောင်လောက်ထော်ပြီး. . .

'အောင်မာ. . . ငါကငါ့သမီးကိုမခွဲနိုင်လို့ အရှက်ကွဲခံပြီးလိုက်လာတာ. . . ငါမပါရင်ငါ့သမီးကို မထည့်နိုင်ဘူး. . .'

'ဟမ်. . .'

ကျွန်တော်ဘာပြန်ပြောရမှန်းမသိတော့။ သမီးကိုလက်ညှိုးထိုးလိုက်၊ အမေကိုလက်ညှိုးထိုးလိုက်နှင့် ယောင်နနဖြစ်နေ၏။ ဒါကိုချစ်သူကပါ သူ့အမေဘက်ပါပြီး. . .

'ဟုတ်သားပဲမောင်ရယ်. . . ချိုကအမေနဲ့တစ်ခါမှခွဲဖူးတာမဟုတ်ဘူး။ အမေမပါရင် ချိုလည်းမောင့်နောက်မလိုက်နိုင်ဘူးနော် ဒါပဲ. . . အဟင့်. . .'

'အလို. . .'

ကျွန်တော့်ပါးစပ်ကြီး တစ်တောင်လောက်ဟနေမှာ သေချာ၏။ လက်နှစ်ဖက်ကလည်း လေထဲမှာကုပ်ကုပ်ကွေးကွေးကြီးငြိမ်နေ၏။ ဒါကိုအဘွားကြီးက စိတ်မရှည်နိုင်စွာဖြင့်. . .

'ကဲ နှစ်ယောက်လုံးကိုခေါ်မလား၊ မခေါ်ဘူးလား တစ်ခါထဲပြောတစ်ယောက်တည်းခေါ်ရင်တော့ နင့်ရုပ်နင့်ရည်နဲ့ဆို ငါ့သမီးမပြောနဲ့

ငါ့ကိုယ်ငါတောင် မထည့်နိုင်ဘူး'

'ရာ. . . '

ဗျာလို့ပြောလိုက်တာပါပဲ. . . ဒါပေမဲ့ ယောင်ပြီးပါးစပ်ဟနေတော့ အာမထိလျှာမထိနှင့်'ရာ'ဆိုပြီးဖြစ်သွားရသည်။ ချစ်သူကိုကြည့်တော့လည်း မျက်ရည်အဝဲသားနှင့်စူပွစူပွ. . .။ ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့။ သူ့ကိုမခေါ်လျှင်သူ့သမီးကိုပင် မထည့်နိုင်ဘူးတဲ့. . .။ သူ့သမီးမထည့်တော့ ချစ်ရသူနှင့်အလိုလိုနေရင်းဝေးနေဦးမည်။ ခေါ်ပြန်ရင်လည်း နှစ်ယောက်တောင်. . .။ ဖြစ်နေပုံက လုံးဝအကျဉ်းအကြပ်ထဲ. . .။ အတန်ကြာမှ ကျွန်တော်သက်ပြင်းကို ခပ်မျှင်းမျှင်းချလိုက်မိသည်။ နောက်မှဆုံးဖြတ်ချက်ကို အပိုင်အနိုင်ချပြီး. . .

'ကဲ. . . ဒီအမေဒီသမီးမခွဲနိုင်ဘူးဆိုရင်လည်း အိုအောင်မင်းအောင်ပေါင်းရအောင် နှစ်ယောက်လုံးသာလိုက်ခဲ့ကြတော့ဗျာ။ဟုတ်ပြီလား. . . ဒါနဲ့ ခုနကမောင်ခွေးလိုအူပြီးအချက်ပေးတော့ ချီတို့ အိမ်ထဲကခွေးတစ်ကောင်ပြန်ဟောင်သံကြားရတယ် . . . အိမ်မှာခွေးမွေးထားတာလားဟင်. . . အသံကတော့ခွေးဘီလူးသံပဲ'

'ဟဲ့. . . ငါဟောင်တာဟဲ့. . . ငါဟောင်တာ'

'ဟင်. . . အဒေါ်ကြီးကဘာလို့ပြန်ဟောင်ရတာလဲ. . . '

'ငါတို့အမျိုးက တစ်ခွန်းတင်ခံတာမဟုတ်ဘူးဟဲ့. . . '

'အာ. . . ပေါက်ကရ. . . ကဲ ကဲ. . . သွားရအောင်. . . '

ဟုပြောလိုက်မိသည်။ ဒါကိုတောင် ယောက္ခမကြီးက ကျွန်တော့်ကို သူ့လုပ်စာထိုင်စားနေသော ငချွတ်တားကြည့်ကြည့်ပြီး. . .

'ဟဲ့. . . ဒီအတိုင်းသွားလို့ဖြစ်မလား. . ငါ့သမီးအထုပ်တွေသယ်ရလို့လေးနေပြီ. . . နင်ကူသယ်လေ. . . '

'ဗျာ. . . အော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . '

ချစ်သူကိုကြည့်တော့ ချစ်သူအထုပ်တွေသယ်ရတာ လေး၍ထင့် နဖူးမှာချွေးတွေတောင်စို့နေပြီး ကျွန်တော်လည်းသနားစိတ်ယိုဖိတ်ပြီး ချစ်သူထံမှအထုပ်များကို ယူလွယ်ပြီး. . .

'ချို. . . ကိုယ်သယ်ပေးမယ်နော်. . .'

ဟုဆို၍ ချစ်သူထံမှအထုပ်များကို ပခုံးပြောင်းသိုင်းလွယ်လိုက်၏။ အထုပ်ထဲတွင်လည်း ဘာတွေဘာတွေထည့်လာသည်မသိ. . . လေးနေတာမှနင့်နေအောင်လေး၏။

ကျွန်တော်လည်းချစ်သူနှင့်ပေါင်းရမည်မို့ လေးတာတွေဂရုမစိုက်တော့ဘဲ အထုပ်များကိုဘယ်ညာသိုင်းလွယ်ရင်း. . .

'ကိုင်း. . . လာ သွားရအောင်. . .'

ဟုဆို၍ ခြေလှမ်းအပြင် ထွက်ပေါ်လာသော ယောက္ခမ၏သွားချင်းခုတ်သံက. . .

'အောင်မာ. . . ဒီအတိုင်းသွားလို့ဖြစ်မလား. . . ငါကလမ်းလျှောက်နိုင်တာမဟုတ်ဘူး. . . ငါ့ကိုပါတွဲခေါ်သွား. .'

'ဗျာ. . .'

'ဗျာတွေဘာတွေလုပ်မနေနဲ့ ငါ့ကိုတွဲစမ်း. . .'

ဟုဆို၍ သူ့လက်မောင်းသားထွားထွားကြီး ဖျတ်ခနဲထိုးပေး၍ ကျွန်တော်လည်းတွန့်သွားပြီး . . .

'ဟာဗျာ. . . အဲဒီလိုကြီးတော့မတွဲနိုင်ပါဘူး. . . တွဲခြင်းတွဲကိုယ့်ချစ်သူပဲတွဲမှာပေ့ါ. . .'

ကျွန်တော့်စကားကိုအဘွားကြီးက. . .

'ဟဲ့. . . ငါ့သမီးကမျက်လုံးကောင်းတယ်ဟဲ့. . . ငါကဘာမှမြင်ရတာမဟုတ်ဘူး. . . မတွဲချင်နေ ငါတို့မလိုက်နိုင်ဘူး. . . ဒါပဲ. . .'

'ဟုတ်သား မောင်ရယ်. . . မေမေကမမြင်မစမ်းနဲ့မို့ပါ. . .'

ချစ်သူကပါ သူ့အမေဘက်ဝင်ပြောနေတော့ ကျွန်တော်လည်းဘာမှမပြောသာတော့. . . သက်ပြင်းကိုသာ ခပ်မှျင်းမှျင်းချပြီး အဘွားကြီးလက်ကိုလှမ်းပိုက်လိုက်သည်။ ထိုတော့မှ အဘွားကြီးကျေနပ်သွားသလိုမိန့်မိန့်ကြီးပြုံးပြီး သူပိုက်လာသော ထမီထုတ်လား ဘာလားမသိရသည့်အထုပ်ကိုကျွန်တော့ခေါင်းပေါ် ဖုတ်ခနဲ ပစ်တင်ရင်း. . .

'ကိုင်း. . . လစ်. . .'

အသံကစစ်ချီတက်ရန်အမိန့်ပေးသော စစ်သူကြီးတို့၏ အသံမျိုး. . .။ မြိန်သည်။ ကြည်သည်။ အမိန့်သံပီသသည်။

ကိုင်း. . . စဉ်းစားသာကြည့်ဗျာ. . မိန်းမခိုးပြေးတဲ့ညမှာတင် အထုပ်လေးထုပ်ကိုလွယ်၊ ယောက္ခမကိုတွဲပြီးသွားရတာ. . .။ ခေါင်းပေါ်မှာလည်းထမီထုပ်နဲ့. . .။ ဒါတောင် အဘွားကြီးက သူပြုတ်ကျမှာစိုးလို့ဆိုပြီး ကျုပ်လည်ပင်းလှမ်းလှမ်းညှစ်သေး။ နောက်ပြီး ငြိမ်ငြိမ်လိုက်လာတယ်များအောက်မေ့လို့လား . . . ကျုပ်ဖိနပ်ကို တက်တက်နင်းနေလို့ မှောက်လျက်လဲမလိုဖြစ်ရတာအကြိမ်ကြိမ်. . . ကိုင်း. . . စဉ်းစားသာကြည့်တော့ဗျာ။

'ဟောဟဲ. . . ဟောဟဲ. . . ဟောဟဲ . . . ကဲ. . . ဟော. . . ရောက်. . . ပြီ. . . ဟော . . . ဟဲ. . .'

အိမ်ရောက် တော့ ကျွန်တော့်ခမျာ လျှာတစ်ထွာခန့် ထွက်နေပြီ။



မောတာက လည်းခေါင်းပါမူးတယ်။ အထုပ်တွေကို ညင်ညင်သာသာချပြီး ကိုယ့်ဒူးကိုယ်ကိုင်အမောဖြေနေရသေး. . .။ ဒါတောင် ယောက္ခမကြီးကကျုပ်လက်ကို မဖြုတ်သေးဘူးဗျ. . .။ ကျုပ်နံကြားကိုသူ့လက်မောင်းပျော့တွဲတွဲကြီးနဲ့ အသေချာညှစ်ပြီး ကျွန်တော့်အိမ်ကို ငေးကြည့်နေသေးတာ. . .။ ကျွန်

တော် လည်းစိတ်မရှည်နိုင်တော့ဘဲ. . .

'ဟိုအဒေါ်ကြီး လွှတ်တော့လေဗျာ. . . ရောက်နေပြီပဲ. . . '

ဆိုတာကို အဘွားကြီးက ကျွန်တော့်လက်ကိုအားကုန်ဆွဲချလိုက်ပြီး. . .

'အောင်မာ. . . ဘာလို့လွှတ်ရမှာလဲ . . . . ငါ့သမီးနဲ့တောင် မညားသေးဘူး နင်ကငါ့ကိုယောက္ခမဆိုပြီး ဟောက်နေချင်သေးတာပေါ့လေ. . . ဒါမျိုးကတော့လာမလုပ်နဲ့ မလွှတ်နိုင်ဘူး. . . ဒါပဲ. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်အတော်စိတ်ဆိုးသွား၏။ ထို့ကြောင့် ဒီလောက်ဖြစ်တဲ့အဘွားကြီး ပက်လက်လှန်ပစ်ချ လိုက်မည်ကြံတုန်းမှာပင် ချစ်သူရဲ့အသံနုနုက. . .

'ဟုတ်သားမောင်ရယ်. . . မေမေကအသက်ကြီးပြီ. . . လမ်းသိပ်လျှောက်နိုင်တာမဟုတ်ဘူး. . . သည်းခံလိုက်ပါမောင်ရယ်. . . '

ချစ်သူ၏သနားစဖွယ်အသံနှင့် ငယ်နေသောမျက်နှာကလေးမြင်တော့ ကျွန်တော့်အသည်းကမမာနိုင်၊ မောကလည်းမောနေပြီဆိုတော့ ထိုအတိုင်းကုန်းကုန်းကွကွနှင့်ပင် အိမ်ထဲလှမ်းဝင်လိုက်၏။ အဘွားကြီးကတော့ ကျွန်တော့်နံကြားကိုသိုင်းဖက်၍ စစ်ထွက်စစ်သူကြီးသဖွယ် ခပ်မော့မော့လိုက်ပါလာတုန်း. . .။ အော်. . . ဝဋ်မှားပြောပါတယ်။

◆ ◆ ◆

## တကျော်ပြောက် ၃၃

**အိမ်** ပေါက်ဝရောက်တော့ အိမ်တံခါးဖွင့်လည်း ကျွန်တော်ပဲ၊ အိမ်သော့က ကျွန်တော့်မှာပဲရှိတာကိုး. .။ ဖြစ်ချင်တော့အိမ်သော့က ဘောင်းဘီအနောက်အိတ်ထဲထည့်လာမိ၍ဘယ်လိုမှ အလွယ်တကူ ထုတ်၍မရ. . .။ စဉ်းစားကြည့်လေ. . .။ အထုပ်က လေးထုပ်၊ လက်မှာက နှစ်ခြင်း၊ ခေါင်းပေါ်မှာက ထမီထုပ်တစ်ထုပ်နှင့် ဒီကြားထဲအ ဘွားကြီးက လက်တစ်ဖက်ကို ဆွဲညှစ်ထားသေးတာဆိုတော့ အနောက် ဘောင်းဘီအိတ်ကို ဘယ်လိုမှစမ်း၍မရ. . .။ ဒီကြားထဲ အဘွားကြီးက တံခါး ပိတ်ထားတာသိလျှက်နှင့်အိမ်တံခါးကို လက်နဲ့တဒေါက်ဒေါက် ခေါက်နေသေး။ ကျွန်တော်လည်းစိတ်မရှည်နိုင်တော့ဘဲ. . .

'ဟာ. . . ခင်ဗျားကြီး. . . . ဘာတွေလျှောက်ခေါက်နေတာ တုန်းဗျ. . . ငြိမ်ငြိမ်နေလေဗျာ ဒီမှာမောနေရတဲ့အထဲ. . .'

ဆိုတာကို အဘွားကြီးက ကျွန်တော့်လက်ကို ဆွဲထားနေရာက

နေ နံကြားကိုတံတောင်နဲ့တွက်ပြီး. . .

'အောင်မာ. . . နင်ကဘာနားလည်လို့လဲ. . . ငါကပတ်ဝန်းကျင်မှာလူရှိမရှိ. . . ကြည့်နေတာဟဲ့. . . ကြည့်နေတာ. . .'

'အွတ်'

နံကြားကိုတစ်ချက်ဆောင့်မိတိုင်း ကျွန်တော့်မှာ အွတ်ခနဲ အွတ်ခနဲ ကြို့ထိုးသလိုခံစားရသည်မို့ ပို၍စိတ်တိုလာပြီး. . .

'အာ. . . ဒီအဘွားကြီးကတော့. . .'

ဟုဆို၍ ခြေနှစ်ဖက်ကိုလှမ်းကိုင်၍လွှင့်ပစ်ဖို့အပြင်. . .

'ဟုတ်သားပဲမောင်ရယ်. . . အမေကလူကြီးဆိုတော့ စိုးရိမ်လို့ဖြစ်မှာပေါ့. . . စိတ်လျှော့လိုက်ပါမောင်ရယ်. . .'

ချစ်သူရဲ့အသံငယ်ငယ်လေးကြားတော့ ကျွန်တော်စိတ်ကပျော့ရပြန်ပြီ။ ထို့ကြောင့် အနောက်ဘောင်းဘီအိတ်ထဲရှိသော သော့ကိုသာ နောက်ပြန်လှမ်းစမ်းလိုက်သည်။

'ဟဲ့. . . သောက်ပလုတ်တုတ်. . .'

အော်သံနှင့်အတူ အဘွားကြီးလှစ်ခနဲထခုန်ပြီး ကျွန်တော့်နောက်ကိုခုန်ဆုတ်သည်။ ပြီးနောက် ကျွန်တော့်ခေါင်းကို ဒေါက်ခနဲခေါက်ပြီး. . .

'ဟဲ့ သေနာကျလေး. . . ဘာလုပ်တာလဲဟင်. . . သေချင်လို့လား. . . ငါလေ. . . တယ်. . .'

'ဒေါက်'

ပြောနေတာကနောက်ကျ၍ သူ့လက်ခေါက်ကကျွန်တော့်ခေါင်းပေါ် ဒေါက်ခနဲထပ်ကျလာသည်။ ကျွန်တော်လည်းစိတ်ဆိုးသွားပြီး. . .

'ဟ. . . ကျုပ်ကဘာလုပ်လို့လဲဗျ. . .'

'ဘာလုပ်လို့လဲ. . . ဟုတ်လား. . . နင်ဘာလို့ငါ့ဖင်လာစမ်းတာလဲ'

ခက်ပြီ. . .။ ကျုပ်ကလည်း သော့နှိုက်ဖို့ ကျုပ်ဘောင်းဘီအိတ်ကျုပ်စမ်းတာ။ အဘွားကြီးက ကျုပ်နံကြားအတင်းညှစ်ပြီးကပ်ထားတော့

ချော်ပြီး သူ့တင်ပါးပျော့ပျော့ကြီးသွားစမ်းမိတာပေါ့. . .။ ကျွန်တော်လည်း အထင်လွဲမခံနိုင်စွာဖြင့်. . .

'ဟာဗျာ. . . ခင်ဗျားကြီးကလည်း ကျုပ်ကကျုပ်ဘောင်းဘီအိတ်ထဲကသော့ နှိုက်တာဗျ. . . ခင်ဗျားကြီးဖင်တော့စမ်းချင်ပေါင်ဗျာ. . . '

'ဟင်. . . မစမ်းချင်လို့သာ နင့်လက်ကြီးကဘယ်ရောက်လာတာလဲ. . . ဟင် နင်ဘတ်(စ်)ကားပေါ် မှာလုပ်တဲ့အကျင့်တွေ ဒီမှာလာမလုပ် နဲ့. . . '

'ဟာဗျာ. . . ခင်ဗျားကြီး. . . ခင်ဗျားဖင်ကြီးစမ်းမယ့်အစား အများသုံးအိမ်သာထဲဘဲလက်နှိုက်လိုက်တော့မယ်'

'ဘာပြောတယ်'

'ဟင့်အင်း. . . ဘာမှပြောဘူး'

ကျွန်တော်သူ့ကိုဘာမှဆက်မပြောတော့ဘဲ အိမ်သော့ကိုသာဖွင့်ဝင်လိုက်သည်။

အိမ်ထဲရောက်လို့ ကျွန်တော်ထိုင်ချလိုက်တာတောင် ကျွန်တော့်ယောက္ခမကကျွန်တော့်ကို မလွှတ်သေးဘဲ ခြေပစ်လက်ပစ်ချထားသော ကျွန်တော့်ပေါင်နှစ်ချောင်းပေါ် သူ့ခြေသလုံးတုတ်တုတ်ကြီး နောက်ကျောကခွတင်ထားသေးသည်။ နောက်. . လက်မောင်းကိုဆက်ညှစ်ကာအိမ်ကိုကျီးကြည့်ကြောင်ကြည့်နှင့် လိုက်ကြည့်နေသေး၏။ ကျွန်တော့်မှာမောလည်းမော၊ ဒေါသလည်းထွက်မို့ စိတ်မရှည်နိုင်တောဘဲ. . .

'ဟေ့. . . ဟိုအဒေါ်ကြီး ခင်ဗျားခြေထောက်ကြီးဖယ်တော့လေဗျာ. . . ခင်ဗျားအဲဒီအတိုင်းဆက်နေရင် ကျုပ်မှာသေရချည်ရဲ့ တကတည်းသိကိုမသိတတ်ဘူး. . . '

ဟုဆိုလိုက်သည်နှင့် အဘွားကြီးခြေနှစ်ဖက် ကျွန်တော့်နောက်ကျောဖက်မြောက်တက်ပြီး. . .

'အောင်မာ နင်ကပဲနာရတယ်ရှိသေး. . . နင့်လိုကောင်ကများ ငါ့ကို ကိုင်းဟာ. . . '

ဟုအော်ပြီး ကျွန်တော်၏တင်ပါးဆုံကို သူ၏ခြေဖနောင့်အစုံနှင့် ဖုန်းဆို ကန်ထည့်လိုက်သည်။ သူကန်ထည့်လိုက်သော အရှိန်ကြောင့်

ကျွန်တော်လည်း ‘ရှိ’ဆို ကြမ်းပြင်ကိုဒရွတ်တိုက်၍ နှစ်ပေခန့်လွင့်ထွက်သွားပြီးအရှိန်သေသွားတော့ သူ့အလိုလိုသူတို့ဘက် ပြန်လှည့်သွား၏။

အဘွားကြီးကတော့ မသိလိုက်မသိဘာသာပင် ကျွန်တော်ခုန လွယ်လာသောအဝတ်ထုပ်မှ အနွေးထည်တစ်ထည်ထုတ်၊ ကျွန်တော်ဆွဲလာသောဆွဲခြင်းမှ ဓာတ်ဘူးကိုယူကာ ရေနွေးကိုတဖူးဖူးနှင့် စိမ်ပြေနပြေ မှုတ်သောက်နေလိုက်သေး၏။ ကျွန်တော့်မှာသာ ထိုအဘွားကြီးကိုကြည့်၍ ဒေါသတို့အလိပ်လိပ်. . .။ ချစ်သူကတော့ ဘေးနားမှာအရှက်သည်းသောမျက်နှာကလေးနှင့် မခို့တရို့. . .။ အဘွားကြီးကတော့ ဘုရားဖူးထွက်ရာမှ သူ့အိမ်ပြန်ရောက်သလိုအထာမျိုးနှင့် အထုပ်ထဲမှပစ္စည်းများကို တစ်ခုပြီးတစ်ခုထုတ်နေ၏။ သူထုတ်နေသော ပစ္စည်းများကိုလည်း ကြည့်ဦး. . .။ လက်ဖက်ဘူးပါသည်။ သွေးဆေးထုတ်တွေပါသည်။ ရင်ကျပ်လျှင်ရှူသော ဂက်(စ်)ဘူးပါသည်။ မီးခြစ်ပါသည်။ အိုးတိုက် ဖွဲပြာပါသည်။ အိမ်တိုက်သည့်အုန်းခွံပါသည်။ လက်သည်းညှပ်ပါသည်။ ပလစ်စတစ်ပန်းကန်ခွက်ယောက်တွေပါသည်။ သံပတ်ပေးရသည့် မော်တော်ကားပါသည်။ ခလုတ်နှိပ်လိုက်လျှင် ကျွမ်းထိုးတတ်သော မျောက်ရုပ်ပါသည်။ အိုး. . . ရုပ်နေသမှ စုံစီနဖာကိုမွဲထလို့. . .။ကျွန်တော်လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ဒူးနှစ်ချောင်းကို ကြမ်းပြင်ပေါ် ချ၊ လက်နှစ်ဖက်ကို ထိုဒူးနှစ်ချောင်းနားထောက်၍ တိရစ္ဆာန်ရုံမှ ငှက်ပျောသီးကျွေးလျှင် ကျွမ်းထိုးရန်ကျွန်တော်အဆင်သင့်ပါဟု သရုပ်ပြနေသော မျောက်စင်တော် (အစားငတ်)သဖွယ် မျက်နှာကလေးငယ်နေမိ၏။ အတန်ကြာမှ အဘွားကြီးက သူ့အနွေးထည်ရင်စေ့ကို ဆွဲစေ့လိုက်ပြီး. . .

‘ရာသီဥတုကလည်း အေးလိုက်တာတော်. . .’

သူ့စကားကြောင့် ကျွန်တော်ရဲ့မျက်လုံးများငှက်ပျောသီးရ မျောက်သဖွယ် ပြာကလယ်ပြာကလယ်ဖြစ်သွားရပြီး. . .

‘နိပ်ပဟ. . . ရာသီဥတုကအေးလိုက်တာ. . . တဲ့. . .’

မိတ်ဆွေစဉ်းစားကြည့်ပါ။ ကိုယ်ချင်းစာကြည့်ပါ။ ကိုယ်ချစ်သူကိုခိုးပြေးသည့်ညတွင် ရာသီဥတုက အေးနေသည်ဆိုတော့ အသို့ရှိမည်

နည်း။ အသို့စဉ်းစားမိမည်နည်း. . .။

'စပါယ်ရှယ်ပေါ့. . .'

ပြုံးပြုံးကြီးနှုတ်မှထွက်သွားသော ကျွန်ုပ်၏စပါယ်ရှယ်ကြောင့် အဘွားကြီးကျွန်ုပ်အား ဂျပန်လူမိုက်ကြည့်ဖျတ်ခနဲ ဝေ့ကြည့်၏။ ပြီးနောက် အသံမာမာဖြင့်. . .

'ဘာဇဘယ်ဆယ်လဲ. . .'

လေကျကြီးနှင့်မေးသောသူ့အမေးကြောင့် ကျွန်တော်လည်း ဘာပြန်ပြောရမှန်းမသိဘဲကြောင်တောင်တောင်နှင့် အဘွားကြီးကိုလက်ညှိုးထိုးလိုက်၊ သူ့သမီးကျွန်တော့်ဇနီးလောင်း(ကျွန်တော့်ချစ်သူ)ကို လက်ညှိုးထိုးလိုက်နှင့် ယောင်နနကြီးဖြစ်နေ၏။ နောက် လက်ညှိုးတစ်ချောင်းတည်း နေရာတစ်ခုထဲမှနေ၍ ဆတ်ခနဲအပေါ်ထောင်တက်သွားလိုက် ငေါက်ခနဲ အောက်စိုက်သွားလိုက်ဖြစ်ကာ. . .

'ဟိုလေ. . . ဟို. . .'

စကားကဘာဆက်ပြောလို့ပြောရမှန်းမသိ ဖြစ်နေသေး၏။ နောက်မှ အပေါ်တက်အောက်ဆင်းဖြစ်နေသော လက်ညှိုးကိုတစ်နေရာထဲမှနေ၍ တညီတညာတည်းသုံးပတ်ဝိုင်းကာ ရုတ်တရက်ရပ်လိုက်ပြီး ချစ်သူ၏ ရင်ညွန့်နေရာကိုချိန်ကာ လက်ညှိုးငေါက်ငေါက် နှစ်ချက်ဆင့်ထိုး၍. . .

'စပါယ်ရှယ်. . . အဟဲ. . . ဒါလေ. . ဒါ. . စပါယ်ရှယ်. . .'

အဘွားကြီး ကျွန်တော်လက်ညှိုးတွန့်တွန့်ညွှန်ပြရာကိုမျက်မှောင်ကြုတ်၍ပြန်ကြည့်ပြီး မည်သို့သဘောပေါက်သည်မသိ၊သူ့ဝမ်းဗိုက်ပူပူပေါ် လက်နှစ်ဖက်ခေါက်တင်ကာ တင်ပါးဆုံကိုကွ၍. . .

'ဟဲ့ အပုပ်ကောင်. . . နင်ကဘာစကားပြောတာလဲ. . . ငါ့သမီးကို ဇဘယ်ဆယ်လေးဘာလေးနဲ့. . . ဘာမိုက်ရိုင်းတာလဲ. . . ငါ့သမီးက ဇဘယ်ဆယ်ဆိုတော့ရော နင်ကဘာလုပ်ချင်လို့လဲ. . . ငါအခုပါးထချလိုက်ရ၊ ဘယ်ပါးနဲ့ညာပါးကပ်ပြီး နံ့ပြားဖြစ်သွားမယ်. . .'

ဟုဆို၍ပြောလည်းပြော ကျွန်တော့်ထံကိုလည်း ကုန်းထလာဖို့

ပြင်နေသောကြောင့် ချိုလေးက ကမန်းကတန်းထဆွဲကာ. . .

'အို. . . အမေကလည်း. . . မလုပ်ပါနဲ့. . . အခုရောက် အခုရန်ဖြစ်ဆိုတာက မကောင်းပါဘူး. . . နောက်ပြီးညကြီးမင်းကြီး လူကြားသူကြားလို့မသင့်တော်. . . '

အဘွားကြီးတစ်ချက်ကြောင်သွား၏။ပြီး နှာခေါင်းကြီးပွလာကာ မျက်ရည်များ နှပ်များအချောင်းလိုက်အချောင်းလိုက်ရုတ်တရက်ကျလာပြီး

'အောင်မလေးလေလေး. . . အောင်မလေးလေလေး ကြားကြရဲ့လားအရပ်ကတို့ရဲ့ အမေကတော့သူ့ချစ်လို့ လိုက်လာပါတယ်. . . အမေ့ကိုတစ်ခါမှပြန်မပြောတဲ့သမီး. . . ခုတော့ အပေအတေကောင် အလေအလွင့်ကောင် လူ့ပေါက်ပန်းနဲ့ပေါင်းမှ မိဘကျေးဇူးကိုဒီပုံနဲ့ဆပ်ရလားသမီးရဲ့. . . အော် ကိုယ်ကတော့သမီးလေး ဒုက္ခရောက်မှာစိုးလို့ သူများနှိပ်စက်မှာစိုးလို့ လိုက်စောင့်ရှောက်ပါတယ် သူက. . . သူက အူးဝါး . . . ဝါး'

'သမီးပြောတာကဒီလိုမဟုတ်ပါဘူးအမေရယ်. . . မငိုနဲ့နော် တိတ်တိတ်. . . ညကြီးမင်းကြီးလူတွေကြားမှာစိုးလို့ပြောတာပါ'

'ဟုတ်ပါတယ် အဒေါ်ကြီးရယ် ညကြီးမင်းကြီး'

'ငါလူကြီးဟဲ့. . . ငါသိတယ်. . . ငါ့ကိုဆရာမလုပ်နဲ့ . . . ကိုယ့်သမီး ကိုယ်တိုင်ကမိဘကို. . . အူးဝါး. . . ဒီလိုစော်ကားနေတော့ . . . အူးဝါး. . . တစ်မိမ်းက. . . အူးဝါး. . . အားရတာပေါ့. . . အူးဝါး'

'အာ. . . တော်ပါတော့ကလေးအိုရယ်. . . '

တောက် တော်တော်အငိုထူတဲ့ အဘွားကြီး. . . တကယ်. . . မျက်ရည်များဆိုတာ ရှုပေါက်ချသလားမှတ်ရတယ်. . . ဒလဟောဘဲ။

'တိတ်တိတ်မေမေ နောက်သမီးမပြောတော့ဘူးနော်. . တိတ် တိတ်'

'အေး နောက်ဆိုမြဲမြဲမှတ်ထား'

'မှတ်ထားပါ့မယ်အမေရယ်'

သူ့သမီးစကားကြောင့် အဘွားကြီးကိုယ်ရှိန်ပြန်သတ်လိုက်

သည်။ ပြီးနောက်ကျွန်တော့်ကို အစိမ်းလိုက်ဝါးစားချင်သောအကြည့်မျိုးနဲ့ကြည့်ပြီး လက်ညှိုးကိုဘယ်ညာစုံထိုးကာ. . .

'နင်ကြပ်ကြပ်သတိထား. . . ရောက်စညမို့ခွင့်လွှတ်လိုက်မယ် နောက်တစ်ခါဆို မလွယ်ဘူးမှတ်. . . ဟင်း . . .'

ဟုကြိမ်းကာ သူ့သမီးဘက်လှည့်၍. . .

'လာ သမီး. . . ဒီကောင်နဲ့စကားဆက်ပြောနေရင် အမေလူသတ်မှုဖြစ်လိမ့်မယ်. . . ဝါးလားလားလား. . . အိပ်ရာပြင်. . . အမေအိပ်တော့မယ်'

ဟုဆိုလိုက်ရာ ကျွန်တော်လည်းဝမ်းသာလုံးဆို့သွားပြီး. . .

'ကျွန်တော်ပြင်ပေးပါ့မယ်. . အန်တီကဒီဖက်အခန်းအိပ်ပေါ့ ကျွန်တော်နဲ့ချိုလေးက. . .'

ကျွန်တော်စကားထပ်မဆက်ဘဲ ချိုလေးကိုကြမ်းပိုးရှိုးလှမ်းရှိုးလိုက်သည်။ ချိုလေးကရှက်ပြုံးလေးနှင့် ခေါင်းငုံ့. . .။ ကျွန်တော်လည်းခွေးအိုကြီးအရိုးနင်သလိုကပိုကရိုအသံချိုချိုကြီးဖြင့် လက်ညှိုးကိုသုံးပတ်ဝိုင်းကာအခန်းတစ်ခုအတွင်း ဒန့်ခနဲဒန့်ခနဲလက်ညှိုးနှစ်ဆင့် ထိုးပြီး. . .

'အဟီး. . . ဟိုဘက်အခန်းမှာ အိပ်မှာ. . . ဟိ. . .'

'ဘာ. . .'

စကားပင်မဆုံးလိုက် အဘွားကြီး၏အော်သံကြောင့် ကျွန်တော့်အပြုံးက လိပ်ခေါင်းများဆေးထိသလို တွန့်ဝင်သွားသည်။ အဘွားကြီးက ကျွန်တော့်ကို သူ့သုံးထပ်အောက်မေးနှင့် မထိုးတထိုးအနီးကပ်ပြူးကြည့်၍ အံကြိတ်သံဖြင့်. . .

'နင်ဘာပြောတယ် . . . ပြန်ပြောစမ်း. . . ပြန်ပြောလိုက်စမ်းဘာ'

ဟုဆို၍ ကျွန်တော်လည်း ကပျာကယာနှင့်ကိုယ်လေးရို့ လက်ကလေးဆုပ်၍. . .

'ဟိုလေ. . . ချိုလေးနဲ့ကျွန်တော်က ဟိုဖက်အခန်း. . .

'ဘာလုပ်ဖို့လဲ. . .'

အဘွားကြီးကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်၍ လေကျကြီးနှင့်မေးသည်။ ကျွန်တော်လည်း လက်နှစ်ဖက်ကိုကွေးဆုပ်၍ နားထင်နားတင်ကာ ခေါင်းကိုစောင်းလျက်. . .

'အိပ်ဖို့လေ. . . အိပ်ဖို့. . . အဟဲ အိပ်ဖို့. . . အဟီး. . .'

မရှင်းမှာစိုး၍သုံးခါတိတိလုပ်ပြလိုက်သည်။ ကျွန်တော့်စကားဆုံးသည်နှင့် အဘွားကြီး၏မျက်နှာ လေထိုးလိုက်သောပူဖောင်းလိုတင်းတက်သွားပြီး. . .

'အောင်မာ. . . ဘာလို့အိပ်ရမှာလဲ. . . . . . ငါကငါ့သမီးနဲ့မခွဲနိုင်လို့လိုက်လာတာ. . . ငါ့သမီးကိုငါနဲ့လွဲပြီး ဘယ်သူနဲ့မှပေးမအိပ်နိုင်ဘူး. . .'

'ဗျာ. . .'

အဘွားကြီးစကားကြောင့် ကျွန်တော်လည်းဘာဆက်ပြောလို့ပြောရမှန်းမသိအောင် ကြောင်သွားမိ၏။ ကြည့်ဦး သူ့သမီးနဲ့ခွဲမအိပ်နိုင်လို့လိုက်လာတာတဲ့. . .။

'ဟ ဒါဆိုကျွန်တော်ကဘယ်လိုလုပ်မှာတုန်း. . .'

'အောင်မာ. . . နင်ကဘာလုပ်ချင်သေးလို့လဲ. . .'

'ဟ. . . အိပ်မယ်လေဗျာ. . . အိပ်မယ်. . . လင်နဲ့မယားလျှာနဲ့သွား အတူတူမထိခလုတ်ထိခလုတ် အိုးချင်းထားအိုးချင်းထိကြမယ်လေ. .'

'အောင်မာ. . . ငါ့သမီးအပျိုနုနုထွင့်ထွင့်ကလေးနဲ့အတူ အိပ်ပြီးအိုးချင်းထိရအောင် နင်ကဘာကောင်လဲ. . . ဟင်. . . ကိုယ့်ရုပ်ခုနှစ်အိုရှစ်အိုကြီးမှ အားမနာ. . . သားသမီးချင်းကိုယ်ချင်းမစာ နင်မို့ပြောရက်တယ်. . .'

'ဗျာ. . .'

ကျွန်တော်ဘာပြောလို့ပြောရမှန်းမသိတော့။ ကျွန်တော်ရုပ်ခုနှစ်အိုရှစ်အိုတဲ့ သူ့သမီးကျတော့ နုနုထွင့်ထွင့်ကလေးတဲ့. . .။ ကိုင်း. . . ကျွန်တော်ကဘယ့်နှယ့်လုပ်ရမှာတုန်း. . .။ကျွန်တော်လည်း အလျော့

တော်ဝင်မြို့မစာအုပ်တိုက်

မပေးချင်စိတ်ဖြင့်(အလျော့ပေးလို့မှမဖြစ်တာ) ခေါင်းကုတ်အကြံထုတ်ပြီး

'မဟုတ်ဘူးလေ အန်တီရာ. . . ကျွန်တော်ကချိုလေးကိုခိုးလာတာလေ. . . ချိုလေးကလည်း ကျွန်တော့်နောက်ခိုးရာလိုက်လာတာ. . . အဲဒီတော့. . . '

ကျွန်တော်လက်ချောင်းနှစ်ချောင်းပူးပြလိုက်သည်။ ချိုလေးက အရှက်သည်းစွာ ခေါင်းငုံ့သွား၏။

'အဲဒါ. . . အဟိ. . . ဒီလို. . . '

လက်ညှိုးနှစ်ချောင်းကို ဆတ်ခနဲဆတ်ခနဲအရှေ့တိုးပြလိုက်သည်။ ဒါကို အဘွားကြီးက ခါးကိုထောက် ခေါင်းထောင်၍သူ့ရင်ဘတ်ကို တဘုန်းဘုန်းပုတ်ပြီး. . .

'အောင်မာ ဒါဆိုငါကရော. . . ငါ့ကိုဘယ်သူခိုးလာတာလဲ. . . ငါကရောဘယ်သူ့နောက်ခိုးရာလိုက်လာတာလဲ. . . '

'ဗျာ. . . '

'ခိုးရာလိုက်လာတာချင်းအတူတူ နင်ကငါနဲ့ရောအိပ်မှာလား. . ပြောစမ်းဘာ. . . ပြောလိုက်စမ်းဘာ. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်လည်း လန့်သွားပြီး. . .

'ဟ. . . ဘာလို့အိပ်ရမှာလဲဗျ. . . '

'အေး. . . ဒါဆိုငါ့သမီးနဲ့လည်း မအိပ်နဲ့. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်လည်း ဘာပြောလို့ပြောရမှန်းမသိတော့. . ကိုင်းဘယ်နှယ့်လုပ်ရမတုန်း ကျွန်တော်လည်းဘာမှ ဆက်မပြောနိုင်တော့ဘဲ ခေါင်းကိုကုတ် ဆံပင်နှုတ်၍အကြံထုတ်နေမိ၏။ အတန်ကြာမှ လေပျော့ကလေးဖြင့်. . .

'ဟုတ်ဘူးလေအန်တီရာ. . ချိုလေးနဲ့ကျွန်တော်က တစ်ယောက်ကိုတစ်ယောက်ချစ်လို့ ခိုးရာလိုက်လာကြတာ. . . '

'အေးလေ. . . ငါလည်းငါ့သမီးကိုချစ်လို့ ခိုးရာလိုက်လာတာ ဘာဖြစ်လဲပြော. . . '

'အန်တီနဲ့ကမတူဘူးလေ. . . ကျွန်တော်တို့က သစ်ရွက်လှုပ်တာ

တောင်ရယ်ချင်နဲ့အရွယ်. . . '

'အေး. . . ငါကလည်း သစ်ရွက်လှုပ်တာတောင် ကော်ဆဲချင်တဲ့ အရွယ်. . . ကိုင်း ဘာဖြစ်သလဲ. . . '

'မဟုတ်ဘူးလေ. . . ကျွန်တော်နဲ့ချိုလေးဟာ လင်မယား. . . '

'အေး ငါနဲ့ငါ့ယောက်ျားလည်း လင်မယားပဲ. . . '

'အေးလေဗျာ. . . လင်မယား၊ လင်မယားချင်းအတူတူအိပ်မှ ပေါ့. . . '

ကျွန်တော့်စကားကြောင့် အဘွားကြီးခါးမတ်သွားပြန်ပြီး. . .

'ဘာလဲ နင်ကငါ့ယောက်ျားနဲ့ပါ အတူတူအိပ်ချင်တာလား. . . '

'ဟ. . . ခင်ဗျားယောက်ျားကြီးနဲ့ကျုပ်က ဘာဆိုင်လို့အိပ်ရမှာ လဲ. . '

'အေး ဒါဆို. . . ငါ့သမီးနဲ့လည်းတူတူပေးမအိပ်နိုင်ဘူး. . . '

'အန်'

ကျွန်တော်ဘယ်လိုရှင်းပြလို့ရှင်းပြရမှန်းမသိတော့။ ထို့ကြောင့် စိတ်ရှုပ်စွာ ခေါင်းကိုသာတွင်တွင်ကုတ်၍. . .

'မဟုတ်ဘူးလေဗျာ. . . ကျွန်တော်နဲ့ချိုလေးဟာ လင်မယား လေ'

'အေးလေ. . . ငါနဲ့ငါ့ယောက်ျားလည်း လင်မယားပဲ. . . '

လာပြန်ပြီ ဒီလင်မယား. . .။

'လင်မယားခြင်းအတူတူ လင်မယားလင်မယားလိုအိပ်မှာပေါ့ဗျ'

'အော်. . . နင်ကငါ့ယောက်ျားနဲ့လင်မယားလို အိပ်ချင်တယ်လို့ ပြောတာပေါ့လေ. . . ဟုတ်လား. . . နင်မကြုံဘူးသေးလို့နော် ငါလို ကောင်မမျိုးတောင်ထွက်ပြေးလာတာကြည့်. . . နင့်ပုံမျိုးဆို ဝရချီးပါ လည်သွားမယ်'

'ဟာဗျာ. . . ခင်ဗျားကြီးကလည်းဗျာ. . . ဘယ်လိုကြီးလဲဗျာ စိတ်ညစ်တယ်ဗျာ. . ရစ်ကိုရစ်တယ်ဗျာ. . . ရစ်ကိုရစ်တယ် အင်. . . အင်. . . '

ဟုဆို၍ ကျွန်တော်လည်းကုလားမနိုင် ရခိုင်မဲပြီး ကြမ်းပြင်ပေါ်

ခြေနှစ်ဖက်ဆင်းကာ ကလေးများစိတ်ကောက်သလို ကြမ်းပြင်ကို ခြေဖနောင့်နှင့် ထိုင်ပွတ်နေမိသည်။ ဘယ်လိုပြောလို့ပြောရမှန်းမသိတော့။ ဘယ်လိုရှင်းပြလို့ရှင်းပြရမှန်းမသိတော့. . . ။ ပြောရင်းပြောရင်း သူ့ယောက်ျားနှင့် အိပ်ရမည့်ဘဝရောက်နေပြီ။ ဆက်ပြောနေလျှင် ရပ်ကွက်လူကြီးနှင့်ပါ သွားအိပ်ရနိုင်ဖွယ်ရှိသည်။

'အင်းဟာ. . အင်းဟာ. . . ဒီလောက်တဏှာတစ်ကျော့ထချင်ဦး. . . အင်းဟာ. . . '

ကျွန်တော်လည်း ပြောစရာမရှိတော့ပြီမို့ အကြောင်းမဲ့ခြေထောက်သာ ကြမ်းပြင်နှင့် ထိုင်ပွတ်နေမိသည်။ ကျွန်တော့်ကိုကြည့်ပြီး ချစ်သူကသနားသွားပုံရ၏။ ထို့ကြောင့်. . .

'ဟုတ်သားမောင်ရယ်. . . မောင်နဲ့ချိုကခိုးရာလိုက်လာတယ်ဆိုပေမယ့် တရားဝင်မှလင်မယားမဖြစ်သေးတာ. . . အတူအိပ်ဖို့မသင့်တော်သေးပါဘူးမောင်ရယ်. . . အမေပြောတာကိုလည်းစိတ်မဆိုးပါနဲ့ မောင်ရယ်မင်္ဂလာတွေဘာတွေဆောင်ပြီး. . . '

ချစ်သူကပါ ရှက်ကိုးရှက်ကန်းနဲ့ သူ့အမေဖက်ပါနေတော့ ကျွန်တော်လည်းဘာမှမပြောသာတော့။ (ဘာပြောလို့ရောရမည်နည်း) ချစ်သူပြောတာက သဘာဝလည်းကျနေသလို မင်္ဂလာတွေဘာတွေဆောင်၊ ဘာညာပြီးမှ ဘာညာဘာညာပေါ့. . . ။ အေးလေ. . . ဇေယျာနောင်. . . တစ်သက်လုံးစောင့်လာပြီးမှတော့ လေးငါးဆယ်ရက်စောင့်သင့်တာပေါ့. . . ။

ကျွန်တော်ကြမ်းပြင်နှင့် ဖနောင့်အပွတ်ရပ်လိုက်၏။ ပြီးနောက် ဖနောင့်ကိုအားပြု၍ ခန္ဓာကိုယ်ကိုတစ်ပတ်လှည့်ကာ. . .

'အိပ်ချင်သလိုသာ အိပ်တော့ဗျာ. . '

ဟုဆို၍ နှုတ်ခမ်းကိုစူ၊ ဒူးကိုလက်နှစ်ဖက်နှင့်ဖက်ကာ တစ်ဘက်လှည့်ထိုင်နေလိုက်သည်။ စိတ်ကောက်နေပြီဟူသည့်သဘော. . . ။ ဒါကိုတောင် အဘွားကြီးကဂုဏ်ယူသံကြီးဖြင့်. . .

'အဲဒီလိုအမြင်မှန်ရစမ်းပါ. . . လာ. . သမီးအိပ်ကြရအောင်'

ဟုဆို၍အခန်းထဲသားအမိနှစ်ယောက်သားဝင်သွားကြလေသည်။

ကျုပ်မှာတော့ ငူငူငိုင်ငိုင်၊တမှိုင်မှိုင်တထွေထွေနဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ကြမ်းပြင်ကိုသာ ဖနောင့်နှင့်ကြိတ်၍ကြိတ်၍ ပေါက်နေမိတော့သည်။

သိပ်မကြာလိုက်ပါ၊အခန်းထဲမှ 'ခရှီး. . . ဖောက်ဖောက် ဖောက်ဖောက်. . . ခရှီး. . . ဖောက်ဖောက် ဖောက် ဖောက်'ဟူသော အဘွားကြီး၏ နရီမှန်ဟောက်သံများကြားရတော့ ကျွန်တော့်မျက်လုံးအစုံပြန်လည် ဝင်းလက်၊ မျှော်လင့်ချက်များပြန်လည်နိုးထ. . .

'ဟိုက်. . . နိပ်ပဟ. . . ဇေယျာနောင်တို့ကံကောင်းပဟ. . လူပျိုရည်များကတော့ ပျက်ရချေသေး. . . အဟေးဟေး. . . '

ဟုအသံတိတ်ရေရွတ်ရင်း ခြေဖျားကိုထောက်၊ ငတက်ပြားခြေလှမ်းမျိုးလှမ်းပြီး ချစ်သူရှိရာအခန်းထဲဝေ့ကြည့်လိုက်တော့. . .

'ဟိုက်. . . သေဟ. . . '

အခန်းထဲမြင်လိုက်ရသည့်မြင်ကွင်းက တယ်မလှ. . . ။ စောင်သုံးလေးထည်နှင့် ကလေးအနှီးထုပ်သလို အတောင့်လိုက်ထုပ်ထားခြင်းခံရသောချစ်သူ. . . ။ သူ့ကိုယ်ပေါ်မှာလည်း အဘွားကြီးလက်တစ်ဖက်နှင့်ခြေတစ်ချောင်းခွတင်၍အုပ်ဖက်ခြင်း ခံထားရသည်။ ကျွန်တော့်ကိုမြင်တော့ ချစ်သူလည်းမျက်လုံးကလယ်ကလယ်နှင့် ခေါင်းခါပြသည်။ မဖြစ်နိုင်ဘူးဆိုသည့် သဘော. . . ။

သွားရောဗျာ. . ။ ခိုးပြေးတဲ့ညမှာတင် တစ်ညလုံးငေါက်တောက်ကို(အဲလေ) ငုတ်တုတ်ကိုမေ့ရော. . . ။ ဝင်္ကမျှားပြောပါတယ်။ အိပ်ကောင်း ခြင်းနဲ့မအိပ်ရ. . . အဲဒီလို. . . နာမည်သာလူအိုဖြစ်သွားတယ်။ လူကိုတော့ ချိုမှန်းခါးမှန်းမသိသေး. . . ။ စောင့်ဦးပေါ့. . . ချစ်သူကတော့ဆောင်းတွင်းချမ်းစီးစီးကြီးမှာဆိုပေမယ့် ဂွမ်းစောင်သုံးလေးထပ်နဲ့ ပတ်ထုပ်တာခံရတာဆိုတော့ ချွေးတွေကိုထွက်လို့ . . . ။

ကိုယ်လည်းဘာထူးလဲကြံရဖန်ရတာ ချွေးတွေကိုထွက်လို့ . . . ။

◆ ◆ ◆

တော်ဝင်မြို့မစာအုပ်တိုက်

**အောင်** မလေးလေ. . . အောင်မလေးလေ. . . ငါတို့ အရောက် မြန်ပေလို့. . . ကြည့်စမ်းပါဦး ဟယ်. . . အရပ်ကတို့ရဲ့. . .'

နံနက်အာရုဏ်သောက်စ. . . တစ်ညလုံးချစ်သူကိုယောက္ခမ အလစ်ချောင်းနေရာမှ နောက်ဆုံး ခြေကုန်လက်ပန်းကျ အိပ်ပျော်စမှာပင် အထက်ပါဆိုးဝါးလှသောအသံကြားရ၍ ကျွန်တော်လည်းအိပ်ရာမှ လန့်နိုးပြီး ဝုန်းခနဲထ၍ အခန်းပြင်ကတိုက်ကရိုက် ပြေးထွက်သွားမိ၏။ အပြင် မှာကတစ်ယောက်တည်းခါးထောက်၍ အခန်းထဲ လှည့်ပတ်၍ ပတ်တရောင် ကြည့်ကြည့်နေသောအဘွားကြီး. . . ထမီရင်ရှားကြီးနှင့် . . .

'ညစ်ပတ်လိုက်တာ. . . ညစ်ပတ်လိုက်တာ. . . မြောက်ဒဂုံအမှိုက်ပုံကမှနေချင်စရာကောင်းဦးမယ်. . . နေပုံထိုင်ပုံကလည်းစုတ်တီးစုတ်ချာ. . . ရုပ်ကလည်းယုတ်တီးယုတ်မာနဲ့ ဟင်. . . ဒီအိမ်မျိုးတော့မြေ~ကွက်တောင် ရှိလို့နေမှာမဟုတ်ဘူး. . . ငါတို့မှမရောက်ရင်ဒီအိမ် လောက်တက်တော့

မှာ. . . ’

ဟုဆို၍ အိမ်ထဲ ခါးထောက်လမ်းလျှောက်နေရာမှ ကျွန်တော့်ကိုတွေ့တော့. . .

‘ဟဲ့. . . ဘာကြောင့်ကြည့်နေတာလဲ. . . အိမ်ထဲကပစ္စည်းတွေသိမ်းလေဟာ. . . ဒီမှာကြည့်စမ်း. . . အဝတ်ဟောင်းတွေက ဟိုတစ်ပုံဒီတစ်ပုံ. . ’

‘အဲဒါ အဒေါ်တို့ညကယူလာတဲ့ ပစ္စည်းတွေလေ. . . ’

‘အင်. . . ဟုတ်လား. . . ’

‘ဟုတ်တာပေါ့ဗျ. . . ဟိုမှာခင်ဗျားကြီးထုတ်ထားတဲ့ ဘူးတွေ၊ ပုလင်းတွေ. . . ’

‘ဟဲ့. . . နင်ကငါ့ကိုခံပက်တယ်ပေါ့လေ. . . ငါ့ပစ္စည်းဆိုလည်း ငါကလူကြီးပဲ. . . ခွင့်လွှတ်ပြီးကောက်သိမ်းရမှာပေါ့. . . ခုတော့ ဟုတ်ပေါင်. . . ယောက်ျားဖြစ်ပြီး ကက်ကက်လန်ရန်ခံတွေ့နေတာများ ကြားလို့မှကောင်းကြသေးရဲ့လား အရပ်ကတို့ရဲ့. . . ဟော တွေ့ပြီတွေ့ပြီ. ဒီမှာဒီပုဆိုးတွေကဘယ်သူ့ပုဆိုးတွေလဲ. . . ဘယ်သူ့ပုဆိုးတွေလဲ. . . ’

ဟုဝမ်းသာအားရဆိုပြီး သူ့ခြေမနှင့် ကျွန်တော့်လုံခြည်ဟောင်းများကိုညှပ်၍ညှပ်၍ ကျွန်တော့်ထံပစ်ပစ်ပေးနေ၏။ ကျွန်တော်လည်း အိပ်ရာထစဆိုတော့ ရှူးကြောင်မူးကြောင်နှင့် ယောင်ပြီး သူကလော်ပေးသမျှကို ကမ္ဘာကျော်ဂိုးသမားအိုလီဗာခန်းလို မှီရာလိုက်ဖမ်းနေရ၏။ အိပ်ချင်မူးတူးကလည်းဖြစ်နေသည်ဆိုတော့ လုံချည်တွေက မျက်နှာပေါ် အုပ်လိုက်၊ ကျော်သွားလိုက်ဖြစ်နေ၏။

‘အဝတ်အားလုံးကျွန်တော့်ဆီရောက်လာမှ အဘွားကြီးက. . .

‘ဟဲ့ ဘာကြောင့်ကြည့်နေတာလဲ သွားလျှော်လေ. . . ’

ဟုငေါက်လိုက်ရာ ကျွန်တော်လည်းကြောင်ပြီး. . .

‘အော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ’

ဆို၍ ကြောင်တောင်တောင်နှင့် ရေချိုးခန်းဘက်လှည့်ဝင်လိုက်မိသည်။ စိတ်ထဲတွင်လည်းကိုယ့်ကိုကိုယ် ဘာလုပ်မိလို့လုပ်မိမှန်းမသိ။

အဘွားကြီးစေခိုင်းရာကိုသာ ဆေးမိသူတစ်ယောက်လို ယောင်နနနှင့် လျှောက်လုပ်နေမိ၏။ ရေချိုးခန်းအဝရောက်သည်နှင့် ဖျတ်ခနဲပွင့်လာသော ရေချိုးခန်းတံခါး. . .။

အို. . . လှလိုက်တဲ့ချစ်သူ. . .။ နံနက်ခင်းလင်းစစရွှေရောင်လွှမ်း နတ်သမီးလို မြကမ္ဘလာသဘက်ခြုံလို့ ရေချိုးပြီးစ ရင်ရှားထမီနဲ့ မွေးပွပွတဘက်တစ်ထည် ပခုံးပေါ်လွှမ်းခြုံ သွားပွတ်တံလေး တစ်ခုကိုင်ထားသော ချစ်သူ၏ကပိုကရိုအလှ၊ မြင်မြင်သမျှစိတ်ပျက်လောက်အောင် လှပါသည်ဆိုသည့် ရေသည်မအလှ၊ နုထွ္ဋ်ဥပွတ်နေပါသည်ဆိုသည့် ကျွန်တော့်ဘာသာစကားအလှ. . .။ ချစ်သူကတော့ ကျွန်တော့်ကို ရှက်ပြုံးကလေးနှင့်ခေါင်းငုံ့ရင်းကြည့်သည်။ နှုတ်ခမ်းကို ကိုက်သည်။ အကြောင်းမရှိအကြောင်းရှာ နားသယ်စမှဆံပင်များကို ပင့်သတ်၏။ ဝင်းဝါသောသွေးအသားက နံ့သာကတိုးသွေးထားသလို အိကျမွှေးကြိုင်နေ၏။ ကြည့်မဝရှုမဆုံးအောင်လှလိုက်ပါတဲ့ အို. . . ချစ်သူ. . .။

ကမ္ဘာမြေ၏လက်ဆောင် . . . နူးညံ့သောအချစ်၏ အထိမ်းအမှတ်. . . ပန်းတစ်ပွင့်ပွင့်လာသည်။

အားမလိုအားမရကြည့်နေရတာကိုက အသည်းတွေအူတွေ တုန်လို့. . .။ ချစ်သူနားကပ်ရန် ကတုန်ကယင်နှင့် ခြေတစ်လှမ်းအတိုး ရှက်ရွံ့စွာ ခေါင်းငုံ့သွားသောချစ်သူ. . .။ ထိုစဉ်မှာပင် ဖျတ်ခနဲတိုးဝင်လာသောအရိပ်တစ်ခု၊ နံစော်နေသောအပုပ်နံ့က နှာခေါင်းထဲ ဒွဲ(တဲ့) . . .။ ပန်းတစ်ပွင့်ညိုးရော်. . . ကြည့်လိုက်တော့. . . အဘွား ကြီး. . .။

ကျွန်တော်နှင့်ချစ်သူကြား မျက်နှာမာကြီးနှင့် ခါးထောက်ဝင်ရပ်လိုက်သောအဘွားကြီး ကျွန်တော်ချက်ချင်းဖီး(လ်)ပျက်သွား၏။ ချစ်သူက အဘွားကြီးနှင့်ကျွန်တော့်ကိုကွေ့ပတ်ကျော်တက်ပြီး အခန်းထဲလှစ်ခနဲဝင်သွား၏။ ကျွန်တော်လည်းစိတ်ပျက်စွာ နှာခေါင်းကိုရှုံ့လိုက်ပြီး ရေချိုးခန်းထဲဝင်ဖို့အပြင်. . .။

'အောင်မာ. . . ဟေ့ကောင်လေး နေဦး. . .'

အဘွားကြီး၏ဟန့်တားသံကြောင့် ကျွန်တော်ခြေလှမ်းတန့်သွားရ၏။ အဘွားကြီးကခါးကိုထောက် ခေါင်းကိုမော့၍. . .

'ကိုင်း. . . ကြည့်. . . '

ဟုဆို၍ သူ့ရင်ဘတ်ကပိုကရိုကြီးကိုကော့ပြနေ၍ ကျွန်တော်လည်း ဇဝေဇဝါဖြစ်သွားကာ. . .

'ဘာ. . . ဘာကိုကြည့်ရမှာလဲဗျ. . . '

ကျွန်တော့်စကားကို အဘွားကြီးဆတ်ဆတ်ခါသွားပြီး. . .

'အောင်မာ. . . ခုနင်ကငါ့သမီးကိုကျတော့ စိမ်းစိမ်းကြီးကြည့်နေပြီး သူ့အမေငါ့ကိုကျတော့ မကြည့်ချင်ဘူးပေါ့လေ ဟုတ်လား. . . '

ကျွန်တော်စိတ်ညစ်သွားရ၏။ ကြည့်လေ. . . သူ့ကိုစိမ်းစိမ်းကြီးကြည့်ရဦးမတဲ့. . .။ ထို့ကြောင့်. . .

'ဘာလို့ကြည့်ရမှာလဲဗျ. . . ဟိုကမွှေးမွှေးလေးနဲ့ အေးအေးလေး . . . ခင်ဗျားကြီးကနံနံစော်စော်ကြီးနဲ့တွဲရရွဲကြီး. . . '

'အောင်မာ. . . ငါ့သမီးကိုတော့ မွှေးသလေးအေးသလေး. . . ငါ့ကိုကျတော့ နံသလေးတွဲသလေးနဲ့. . . ငါကသူ့အမေဟဲ့. . . ငါ့သမီးကိုနင်ကြည့်ရင် ငါ့ကိုလည်း နင်ကြည့်ရမယ်. . . မရဘူးကြည့်. . . '

ဟုဆို၍ရင်ကော့ပြရာ ကျွန်တော်ပို၍ခေါင်းနောက်သွားပြီး. . .

'ဟာဂျာ. . . ခင်ညားဂျီးကလည်းဂျာ. . ရစ်စရာမရှိကျန်ဖန်ရစ်ပြန်ပြီဂျာ. . . ချိတ်ညစ်ပါတယ်ဆိုမှဂျာ. . . အင်းဟာ. . . အင်းဟာ. . . '

ဟုဆို၍ ကလေးများမီးရထားဆော့တမ်းကစားသလို ဖနောင့်နှစ်ဖက်ကို ဘယ်ညာဘယ်ညာပေါက်နေလိုက်မိ၏။ ဒါကိုအဘွားကြီးက ခေါင်းကိုတစ်ဘက်စောင်းမော့၍. . .

'မရဘူး ကြည့်ရမယ်. . . ကြည့်. . . ကြည့်ကိုကြည့်ရမယ်. . . ကြည့်. . . . တွေတွေကြီးကိုကြည့်. . . '

'ဟာဂျာ. . . ကြည့်ဘူးဂျာ. . . ဘာလို့ကြည့်ရမှာလဲဂျာ. . . ခင်ညားကြီးရစ်ကိုရစ်လွန်းတယ်ဂျာ. . . '

ဟုဖနောင့်တိုမတတ်ပေါက်နေမှ အဘွားကြီးက သူ့ရင်ဘတ်ကပို

ကရိုကြီးကိုပြန်လှော့ပြီး. . .

'အေး. . . ငါ့ကိုမကြည့်ချင်ရင် ငါ့သမီးကိုလည်း နောင်ဘယ်တော့မှ အဲဒီလိုမျိုးမကြည့်နဲ့. . . ကိုင်း. . . နင်ငါ့သမီးကို နောင်ဒီလိုမျိုးမရိုးသားတဲ့အကြည့်မျိုးနဲ့ ကြည့်ဦးမှာလား. . .'

'ကြည့်တော့ဘူးဂျာ. . .'

အဘွားကြီးစကားကို ကျွန်တော်လည်း ပါးထဲလေအပြည့်ထည့်နှုတ်ခမ်းကိုစူနေအောင်ချွန်ပြီး မျက်လုံးလေးစင်း၍ တစ်ဘက်လှည့်နေလိုက်၏။ ထိုတော့မှ အဘွားကြီးကျေနပ်သွားသလို သက်ပြင်းကိုချပြီး. . .

'အေး ဒါဆိုလည်း ပြီးရော. . . သွားတော့. . .'

ဟုဆိုလိုက်ရာ ကျွန်တော်လည်းကလေးများစိတ်ကောက်သလိုတင်ကိုကောက် ဖနောင့်ကိုပေါက်၍ ရေချိုးခန်းထဲလှည့်လိုက်သည်။ ဒီအဘွားကြီးနဲ့ လွတ်ပြီကျွတ်ပြီပေါ့. . .။

'ဟေ့. . . ဟိုကောင်လေး. . . နေဦး. . .'

အဘွားကြီး၏ တားမြစ်သံကြောင့် ကျွန်တော်လှမ်းလက်စခြေလှမ်းတုံ့ခနဲရပ်၍ နှုတ်ခမ်းကိုချွန်၊ ခေါင်းစောင်းလိုက်ရာ အဘွားကြီးက တန်းပေါ်မှသူ့ထမီနှစ်ထည်ကို ဆွဲယူကာ ကျွန်တော့်ထံဖတ်ခနဲ ပစ်ပေးကာ. . .

'ရော့ လျှော်လက်စနဲ့ ငါ့ထမီနှစ်ထည်ပါရောလျှော်လိုက်. . .'

ထမီကကျွန်တော့်နှာခေါင်းနားဝဲ၍လာကျ၍ သူ၏ဘယ်နှစ်ခုနှစ်ထဲက မလျှော်ထားမှန်းမသိသောအနံ့ဆိုးက နှာခေါင်းထဲ ထောင်းခနဲရောက်လာ၍ ကျွန်တော်လည်းဝေ့ခနဲ ပျို့ထွက်သွားရကာ. . .

'ဟ ဘာလို့လျှော်ရမှာလဲ. . . မလျှော်နိုင်ဘူး. . . ကိုယ့်ထမီကိုယ်လျှော်ပေါ့ဗျ. . . ကျုပ်ကယောက်ျားလေး. . . ဘုန်းတွေကံတွေနိမ့်ကုန်မှဖြင့်. . .'

'အောင်မာ. . . အမေ့ထမီလျှော်ရတာပဲ ဘုန်းကံနိမ့်မတဲ့. . . ရှေးခေတ်ကဆို စစ်ထွက်ရင်အန္တရာယ်ကင်းအောင် အမေ့ထမီစခေါင်းမှာပတ်သွားကြတဲ့ဟာကို. . .'

'ဟ. . . အဲဒါကအမေ့ထမိဗျ. . . အခုဟာက ခင်ဗျားကြီးလို အီးပေါလောယောက်ခမထမိကြီး. . . လျော်နိုင်ဘူး. . . '

ဟုဆို၍ သူ့ထမိကြီးကိုလက်ပေါ်မှခါချလိုက်သည်။ ထမိလည်း ကြမ်းပေါ်ကျသွားရော အဘွားကြီးဆတ်ဆတ်ခါနာသွားပြီး. . .

'အောင်မာ. . . နင်ကများငါ့ကို ဟင်. . . ငါကတော့ကိုယ့်သမီး ယောက်ျားမို့ ကိုယ့်သားလိုသဘောထားပါတယ်. . . သူက ဟင်. . . ယောက္ခမတဲ့. . . အော် ကိုယ့်မှာတော့သားယောက်ျားလေးမရှိလို့ သား တစ်ယောက်တော့ရပါပြီဆိုပြီး အားကိုးလိုက်ရတာ အားကိုးလိုက်ရတာ အခုတော့ ဟင်. . . '

အဘွားကြီး၏ရင်ဘတ်စည်တီးအော်မြည်သံကြောင့် အခန်းထဲမှ ချစ်သူကပျာကယာနှင့် ပြေးထွက်လာပြီးကျွန်တော်တို့နှစ်ယောက်ကို ဘုမသိဘမသိနှင့် ကြောင်ငေးကြည့်နေ၏။ ဒါကိုအဘွားကြီးက သူ့သမီး ဘက်လှည့်ကာ ငိုသံဝဲကြီးဖြင့်. . .

'ဟင်. . . . ကြည့်စမ်းမိချို . . . သမီးလေး. . . နင့် ယောက်ျားလေ . . . နင့်ယောက်ျား. . . '

ဟုဆိုပြီး အုခနဲ အုခနဲ နှစ်ချက်ခန့် တက်ယောင်ပြုသည်။ချို လေးမျက်မှောင်ကြုတ်သွားပြီး. . .

'သူဘာဖြစ်လို့လဲ မေမေ. . . '

ချိုလေး၏ အမေးကို အဘွားကြီးက လက်ခုံနှင့်လက်ဖဝါး တဖြန်းဖြန်းရိုက်ပြီး. . .

'ဘာဖြစ်ရမှာလဲအေ့. . . ဘာဖြစ်ရမှာလဲ. . . ဟင် ငါ့မှာတော့ သားယောက်ျားလေးမရှိလို့ ငါ့သမီးရဲ့ယောက်ျားကို သားအမှတ်နဲ့စုပြုံချစ် ပစ်လိုက်မဟဲ့လို့ စိတ်ပိုင်းဖြတ်ပြီး သားအရင်းလိုသဘောထားပြီး ခိုင်းမိပါ တယ်. . . အခုတော့ ဟင်. . . ကလန်တာ. . . ကလန်တာ. . . လူကြီး ကိုသူက ကလန်တာ အမေကိုကလန်တာ. . . ထမီကလေးနှစ်ထည်ကို မ. . . လျှော်. . . . နိုင်. . . . ဘူး. . . . . တဲ့. . . . တော်. . . '

အဘွားကြီး မာန်နှင့်ထန်နှင့်ပြောနေရာမှ တဖြည်းဖြည်းငိုသံကြီး



ဘက်ပြောင်းပြီးလေးလေး ပြစ်ပြစ်ကြီးပြောသည်။ သူ၏သွားမတိုက်ရသေးသောပါးစပ် တွင်း မှတံတွေးများ ကျွန်တော့်မျက်နှာကို တဘတ်ဘတ်နှင့် လာစင်နေသည်။ ကျွန်တော်နှင့် အဘွားကြီးကိုကြည့်ပြီး ချစ်သူကပါ ယောင်နန နှင့်. . .

'ဟုတ်သား မောင်ရယ်. . . အမေက သားငတ်နေရှာတာ. . . အခုလည်း မောင့်ကို သားလိုသဘောထားပြီး ခိုင်းတာဖြစ်မှာပါ. . .'

အဘွားကြီးကမှတ်ပြီလားပုံမျိုးနှင့် ခါးကိုထောက်၍တစ်ဘက်သို့ လှည့်သွား၏။ ချစ်သူကသာ မျက်နှာငယ်ကလေးနှင့် သူ့အမေကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့်ကြည့်ပြီး ခေါင်းငုံ့ကာ. . .

'ကိုယ့်အမေရင်းလိုပဲ သဘောထားပေးပါမောင်ရယ်'

ကျွန်တော်ထမီတွေပြန်ကောက်ယူလိုက်သည်။ ပြီးတော့ဘာမှ ပြန်မပြောတော့ဘဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် ရေချိုးခန်းထဲလှည့်ဝင်လိုက်သည်။

အဲဒီအချိန်ကစပြီး ရေချိုးခန်းထဲကနေ တဖုန်းဖုန်းမည်သံတွေ စီထွက်နေမှာသေချာ၏။ လျှော်ထိတာဗျာ. . . လျှော်ထိတာ. . . ကျုပ်ကိုယ်တိုင်လျှော်ထိတာ. . . ဒီကြားထဲ. . .

'ဟဲ့သား. . . ဒါလေးပါလျှော်လိုက်. . .'

ဆိုပြီး သူ့သမီးရဲ့ဇာဘော်လီနှစ်ထည်ပါ လာပစ်ထည့်သွားတယ်။ တစ်ခြားတော့စိတ်မနာပါဘူး။ ဇာဘော်လီတွေလျှော်ရလို့လည်း စိတ်မနာပါဘူး(ချစ်သူနဲ့တောင် သင်းနေသေး)။ သူ့ထမီလျှော်ရတာဘယ်နှစ်ခုနှစ်ထဲက စုထားတဲ့ချေး(ဂျီး)တွေလည်းမသိပါဘူးဗျာ တော်ရုံနဲ့ကိုမပြောင်တာ. . . ရေပါဗွက်ရောင်ထကုန်တယ်. . ကိုင်းစဉ်းစားသာကြည့်. . .။ ဒါပေမဲ့ ဒါကိုလည်း ရေးကြီးခွင်ကျယ်လုပ် စိတ်နာမနေတော့ပါဘူး. . . ကျွန်တော်စိတ်နာတာက သူ့မျက်နှာပြကြီးစပ်ဖြီးဖြီးလုပ်ပြီး ရေချိုးခန်းဝခါးထောက်လို့

'ကုသိုလ်ရပါတယ်ကွယ်. . . ကုသိုလ်ဆိုတာ အချိန်မရွေးနေရာမရွေး ယူတတ်ရင်ရပါတယ်. . . မဟုတ်ဘူးလား. . . အဟွင်းဟွင်း'

ဆိုပြီး ပြောသွားတာ. . . ပြောသွားတာ. . . အဲဒါကိုစိတ်နာတာ. . . အဲတာကိုစိတ်နာတာ. . .

◆ ◆ ◆

**ချစ်**သူကို မိဘများထံပြန်လည်အပ်နှံရမည့်နေ့မှ ယောက္ခထီးကြီးနှင့်တွေ့ရန် ကိုယ့်ကိုကိုယ်အသပ်ရပ်ဆုံးဖြစ်အောင် ပြင်ဆင်ရသည်မှာ အမော. . .။ ယောက္ခမကြီးနှင့်တော့တွေ့ပြီးပြီမို့ ဘာမှထွေထွေထူးထူး ပြောနေရန်မလိုအပ်သော်လည်း မတွေ့ရသေးသော(မတွေ့ဘူးသေးသော) ယောက္ခထီးကြီးနှင့်တွေ့ရမှာမို့ အနည်းငယ်တော့ စိတ်လှုပ်ရှားမိသည်။ ယောက္ခမကြီးပြောတော့ သူ့ယောကျ်ားကခပ်ပြတ်ပြတ်သမားတဲ့. . .။ အပိုအလိုသိပ်မကြိုက်ဘူးတဲ့. . .။ ဒါကြောင့် ကျွန်တော်စိတ်ထဲစိုးရိမ်စိတ်တွေကြီးစိုးနေတာ. . .။

ယောက္ခမကြီးကတော့ မနက်ကတည်းကသူ့သမီးသူလက်ဆွဲပြီး အိမ်ပြန်ဆင်းချသွားလေပြီ. . .။ ကျွန်တော်မအပ်ခင် သူ့သမီးကိုသူ့ယောကျ်ားစိတ်မထိန်းနိုင်ဖြစ်ပြီး တစ်ခုခုလုပ်မိမှာစိုးလို့တဲ့. . .။ ဒါကြောင့် သူကိုယ်တိုင်အရင်ဦးဆောင်ပြီး အပ်ထားတာတဲ့. . .။ နောက်မှ

ကျွန်တော်က ရပ်ကွက်လူကြီးများနဲ့အတူလိုက်လာပြီး အကျိုးအကြောင်း ရှင်းပြပေါ့တဲ့. . .။ ကျွန်တော့်မှာတော့ ခပ်လန့်လန့်. . .။ ယောက္ခထီး ကြီးကပိန်ပိန်ညှက်ညှက်ပါ. . .။ အမြဲတန်းအင်္ကျီအဖြူဝတ်ပြီး ကိုင်းကိုင်း ကိုင်းကိုင်းနဲ့ တွေ့ဖူးတာ။ အမြဲတန်း ကြောင်စီစီခေါင်းငိုက်စိုက်နဲ့ တစ်ယောက်တည်းမြင်နေကျ. . .။ သူ့ပုံက စိတ်ကြီးမဲ့ပုံလား ဘာလား တော့ ကျွန်တော်လည်း အင်္ဂရုပ်မကြည့်တတ်တော့ မခန့်မှန်းတတ်. . .။

နို့ပေတဲ့ ယောက္ခမကြီးအပြောနဲ့တင် ကျွန်တော်လန့်နေတာ။ သူပြောသွားတာကခုနကအတိုင်း သူ့ယောကျ်ားက တိကျတယ်၊ ပြတ်သား တယ်၊ စကားကိုအပိုအလိုမပြောဘူး၊ စိတ်ကြီးတယ်၊ စကားနည်းတယ်. . တဲ့. . .။ ဒါကြောင့် ကျွန်တော်လန့်နေရတာ။ ချစ်သူကတော့ မျက်လုံး နဲ့ပဲ စကားပြောသွားပါတယ်။ မျက်လုံးနဲ့တင်ဆိုတော့ ဘာပြောမှန်းကိုမသိ လိုက်ရဘူး. . .။

'မောင်ဖေယျာနောင်ရေ့. . အဆင့်သင့်ဖြစ်ရင်သွားရအောင်'

ဟော. . . ကျွန်တော့်ဘက်ကလူကြီးလုပ်ပေးမယ့် (မိဘများက နီးနီးနားနားမှမရှိတာ)ရပ်ကွက်လူကြီး ဦးသန့်ဇင်တို့တောင်လာပြီ. . .

'လာပြီ ဦးလေး. . . ခဏလေးစောင့်ပါ. . .'

ဟုဆို၍ ပြင်လက်စကိုလက်စသပ်၍ ကမန်းကတန်းအိမ်ပြင် ထွက်လိုက်သည်။ ကျွန်တော့်ကိုမြင်တော့ ဦးသန့်စင်နှင့်၊ သူနှင့်အတူပါလာ သော ဦးမင်းထိန်တို့ကပြုံးပြီး. . .

'ဟကောင်ရ. . . ဒီလိုကျတော့လည်း သန့်လို့ခန့်လို့ပါလား. .'

ကျွန်တော်သူတို့ကိုပြန်ပြုံးပြလိုက်ပြီး. . .

'လုပ်ရတယ် ဦးလေးရ. . . ယောက္ခထီးကြီးနဲ့တွေ့ရမှာဆိုတော့ ပြင်ရဆင်ရတာပေ့ါ. . .'

လူကြီးများကပြုံးပြီး. . .

'အေးကွာ. . . မင်းမှာလည်း မိန်းမတစ်ယောက်ရဖို့ကို ကြိုးစား လိုက်ရတာ လွန်ရောကွာ. . ယောက္ခမပါခိုးပြေးရတာနဲ့. . . ယောက္ခထီး ကိုချော့ရမှာနဲ့ ဟားဟား. . .'

သူတို့ပြောတော့ ကျွန်တော့်မျက်နှာကြီးက ရှိန်းတိန်းဖိန်းတိန်း။ မိန်းမခိုးသည့်ညကိုတန်းပြီး မျက်စေ့ထဲပေါ်လာ၏။ လက်ဆွဲခိုးပြေးလာရသော ယောက္ခမကြီး. . .။ အော်. . . အဖြစ်ဆိုးပုံ. . .။ ကျွန်တော် ရယ်ကျဲကျဲသာလုပ်ပြီး. . .

'ဒီလိုပဲပေါ့ ဦးလေးရာ. . . ကိုယ်ကိုယ်တိုင်က လိုလိုလားလားကို အိုချင်တာကိုး. . ဘယ်လိုလုပ်မှာလဲ. . . '

ကျွန်တော့်စကားကို လူကြီးများက ဟက်ဟက်ပက်ပက်ရယ်ပြီး

'ဟား ဟား. . . ဟုတ်ပါ့ကွာ. . . . ဟုတ်ပ. . . . ဘာမှမပူနဲ့ မောင်ဇေယျာနောင်ရေ့. . . မင်းအိုကိုအိုသွားစေရမယ်. . . ဟားဟား'

သူတို့ကတော့ သူတို့စကားကို သဘောကျ၍ရယ်နေကြသည်။ ကျွန်တော့်စိတ်ထဲမှာသာ ထင့်ခနဲ. . .။

◆ ◆ ◆



တောဝင်မြို့မှစာအုပ်တိုက်

**ခု**နပြောခဲ့သလို ကျုပ်က စကားသိပ်များများပြောတတ်တဲ့လူ မဟုတ်ဘူး. . . '

ချစ်သူ၏ဖခင်မှာ လူကောင်သေးသော်လည်း အသံကအောင်သည်။ သူ့လူကောင်နှင့် သူ့အသံကိုကြည့်ပြီးကျွန်တော့်မျက်စိထဲ ပုဇင်းရင်ကွဲကြီးမြင်မြင်နေတယ်။ ကျွန်တော့်ဘက်ကလိုက်ပါ လာသော လူကြီးဦးသန့်ဇင်နှင့်ဦးမင်းထိန်တို့ ပါးစပ်အဟောင်းသားနှင့် အဘိုးကြီးကိုကြည့်နေတယ်။ အဘိုးကြီးကတော့ ဟန်ပါပါနှင့်အရှေ့မှရေနွေးခွက်ကိုယူပြီး ရှုးခနဲမော့သောက်လိုက်၏။ ပြီးမှ လက်နှစ်ဖက်ကို ယှက်ပြီး. . .

'စကားပြောရင်လည်း လိုရင်းတိုရှင်းပဲပြောချင်တယ်. . . ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး. . . ဒါပဲ'

အဘိုးကြီး၏စကားသံက တိကျပြတ်သား၏။ ချစ်သူကိုဝေ့ကြည့်လိုက်တော့ ချစ်သူကမျက်လုံးလေး ပေကလပ်ပေကလပ်နှင့် ငြိမ်သက်



နေ၏။ ကျွန်တော့်မှာသာ စိုးရိမ်စိတ်နှင့်ရင်တို့တထိတ်ထိတ်တုန်နေ၏။ သဘောမတူဘူးတစ်ခွန်းတည်းပြောလိုက်လျှင် မည်သို့လုပ်မည်နည်း. . ။ ချစ်သူ၏နံဘေးနားထိုင်နေသော ယောက္ခမအဘွားကြီးပင် ဘာစကားမှ မပြောဘဲ ငြိမ်နေ၏။ ကြည့်ရတာ အဘိုးကြီးကိုကြောက်နေပုံရ၏။ အဘိုးကြီးကလည်း စကားနည်းပြီး ပြတ်သားမယ့်ပုံ. . . ။အဘိုးကြီးက အားလုံးကို ဝေ့ကြည့်လိုက်ပြီး. . .

'ခုနပြောခဲ့သလို စကားစကားပြောပါများ. . . စကားထဲက ဇာတိပြ ဆိုတဲ့စကားပုံလည်း ရှိတာကိုးဗျ. . . '

ကျွန်တော်တို့အားလုံးပြိုင်တူခေါင်းညိတ်လိုက်မိသည်။ အဘိုးကြီးမှပင်ဆက်၍. . .

'ဒါ့ကြောင့်ကျုပ်ကစကားကိုဆို အများကြီး ထွေလီကာလီတွေကို ဇာခဲ့မပြောဘူး. . . ဘယ်လောက်ထိမပြောသလဲ ဆို. . . ဟော ဒီမှာ. . . သက်ထက်ချိတို့အမေ. . . မေးကြည့်. . . အူမချေးခါးအထိ အတွင်းသိအချင်းသိ'

အဘွားကြီးကသူပင်ဖြစ်ကြောင်း ခေါင်းညိတ်ပြ၏။ အဘိုးကြီးကရင်ကိုကော့၍. . .

'သူက ကိုရေ. . . တစ်ခါတလေလည်း မောင်လို့. . . တစ်ခါတလေလည်း မိချိုတို့အဖေရေ. . . ထားပါတော့ဗျာ. . . ထမင်းစားမလားလို့မေးရင် မေးကြည့်. . . မေးကြည့်. . . '

အဘွားကြီးက ခေါင်းထပ်ညိတ်ပြ၏။

'ကျုပ်က ပါးစပ်ကစားမယ်လို့ပြန်မပြောဘူး. . . ခေါင်းပဲညိတ်ပြလိုက်တယ်. . . ။ အဲဒီလောက်ထိစကားနည်းတာ. . . ။ ပတ်ဝန်းကျင်က လူတွေဆို ကျုပ်ကို. . . ဟာ. . . ဦးဘတင်တို့များ တစ်နေ့လုံးနေလို့ စကားတစ်လုံးတောင်ပြောတာ မဟုတ်ဘူးတဲ့. . . အဲဒီလိုကိုပြောကြတာ'

အဘိုးကြီးစကားစဖြတ်၍ ရေနွေးမော့သောက်ပြန်၏။ ပြီးမှအားခနဲသက်ပြင်းချပြီး. . .

'ကျုပ်ကလည်းကျုပ်ပဲဗျ. . . ဟုတ်တယ်. . . တစ်နေကုန်နေ

လို့ စကားတစ်ခွန်းကနှစ်ခွန်း ဟုတ်တိပတ္တိပြောတဲ့လူမဟုတ်ဘူး. . အခုလို ခင်ဗျားတို့လို ဧည့်သည်တွေရောက်တော့ရော ကျုပ်တစ်ခွန်းပြောလား. . ဥပမာဗျာ. ကျုပ်နာမည် ဦးဘတင်၊ ငယ်နာမည် တင်တင်. . . လူပျိုတုန်း ကတော့ဗျာ. . . စသဖြင့် ဘယ်ကဲ့သို့ဘယ်ချမ်းသာ ပလီစိချောက်ချက် မပြောတတ်ဘူး ဟုတ်တယ်မဟုတ်လား. . . ကျုပ်အဲဒီလိုပြောလား. . .'

အားလုံးခေါင်းကို ဖြောင်ကြီးညိတ်ကြသည်။

'ခုနကပြောခဲ့သလိုတစ်ချို့များတော့ အဲဒီလိုမဟုတ်ပါဘူး. . ဧည့်သည်များရောက်ပြီဆို နေကောင်းလားကစပြီး နံဘေးအိမ်ကခွေး နေမကောင်းတာကအစ ရပ်ထဲရွာထဲဘယ်ပွဲတုန်းက ဘာလုပ်ခဲ့ရတယ် အလယ်. . . ငါးစိမ်းသည် မမိပိစပ်အလေးခိုးလို့ အထိုးခံရတာအဆုံး တစ်ရုံးရုံးပြောကြတော့တာကလားဗျ. . . အခု ခင်ဗျားတို့ကျုပ်ဆီရောက် လာတော့ ကျုပ်ကခင်ဗျားတို့ကို နေကောင်းလားလို့ မေးလား. . .'

သူကလက်ညှိုးထိုးပြီးမေးလာတော့ အားလုံးဖြောင်ကြီးခေါင်းခါ ပြကြရပြန်သည်။ ဒါကိုအဘိုးကြီးက မိန့်မိန့်ကြီးပြုံးပြီး. . .

'ခုနကပြောခဲ့သလို. . . လိုမှမလိုဘဲ. . မဟုတ်ဘူးလား. . . ကျုပ်ကမလိုရင်တစ်ခွန်းမှမပြောဘူး. . . ခင်ဗျားတို့နေကောင်းလို့ ကျုပ်ဆီ ကိုရောက်လာတယ်ဆိုတာ မျက်မြင်ဒိဋ္ဌမြင်နေရပြီပဲ. . .။ ဒါကြောင့် ကျုပ်တစ်ခွန်းမှမမေးဘူး. . . မေးမိရင် ကျုပ်အမှားကျုပ်ကိုစကားများ တယ်လို့ပြော ဟုတ်လား. . .'

အားလုံး ဖြောင်ကြီးခေါင်းညိတ်ကြပြန်၏။

'ဒါတွေက အလာဘ၊ သလာဘတွေပါ. . .။ မ. . လို. . . ပါ. . . ဘူး. . . ခုကပြောခဲ့သလို ပြောစရာကိုမလိုတာ. . အော်. . . တစ်ချို့များကြတော့လည်း အကြောင်းမရှိအကြောင်းရှာ. . . အိမ်မှာဆို ကိုယ်ကဘယ်လိုနေရတာ. . . ဘယ်ကဲ့သို့ဘယ်ချမ်းသာ စသည်ဖြင့် ဗျာ. . . ပြောကြတာ. . . ကျုပ်ကတော့ ဒီလိုမဟုတ်ပေါင်ဗျာ. . . အိမ်မှာ တစ်ယောက်တည်းရှိနေရင် ပုတီးစိပ်ချင်စိပ်၊ မစိပ်ရင် အိမ်ပေါ်ထပ်မှာ ဒရင်းဘတ်ကလေးချ၊ ရေခဲသေတ္တာထဲက ဘီယာလေးနှစ်လုံးလောက်

ထုတ်ပြီး မိန်းမရေ. . . ကိုယ်တော့ ဘီယာသောက်ချင်လို့ အမြည်းရှိတာလေးလုပ်ခဲ့စမ်းပါဆို. . . ဟော. . . သက်ထက်ချိုတို့အမေက ထပြီး မီးဖိုထဲဖုတ်ဖတ်ခါဝင်၊ တစ်ခါတလေလည်း ကြက်ကောင်လုံးကြော်ပေါ့ တစ်ခါတလေလည်း ငါးကြင်းမီးစတူးလေး တစ်ခါတလေလည်းဆတ်သားခြောက်နဲ့ပေါ့. . .။ အိမ်ရှိတာစားရတော့လည်း ဘယ်လိုလုပ်မှာလဲ. . . မရှိရှိတာလေးနဲ့ဘဲ ကြံဖန်လုပ်ရတာပေါ့. . . ဆိုင်မှာဆိုရင်တော့လည်း တစ်မျိုးပေါ့ဗျာ. . . ဆိုင်မှာက ကိုယ့်အကြိုက် ဘဲခြေထောက်အချိုသုပ်ကလေး၊ ဟော့ပေါ့ ကိုကာဆူကီလေး ဘာလေးရတာပေါ့. . .။ ခုနကပြောခဲ့သလို ကိုယ်တို့က အစားအသောက်ခုံမင်လှလို့တော့ မဟုတ်ပါဘူး. . . ရှိတာနဲ့ ကြံဖန်စားတတ်ပါတယ်. . . တော်ရုံတန်ရုံ ငါးရှဥ့်ချဉ်စပ်ကလေး ဖြစ်သလိုကုန်းဘောင်ကြီးကျော်လောက်နဲ့ဆို ပြီးတာပဲ. . .။ အဲ သက်ထက်ချိုတို့အမေက အဲဒီလိုမရဘူးလေ. . .။ ကိုရေ. . တဲ့. . အင်း. . . တဲ့. . . ကိုကအိမ်ထောင်ဦးစီးဆိုတော့ ကျန်းမာဖို့လိုတယ်တဲ့အဲဒါတဲ့. . . ဆိုပြီး ကြက်ဆွပ်ပြုတ်ကို ဥရောပစတိုင်လေးပြုတ်၊ တစ်ခါတလေလည်း နွားနောက်သားပေါင်သားကို တစ်ချောင်းလုံးကင်ကင်ကျွေးတာ. . . တစ်ခါတလေလည်း နွားသိုး ကလေးကို ဆန်ပြုတ်ကလေးနဲ့ပြုတ်တိုက်. . . အစားအသောက်ခုံမင်လှတယ်လို့တော့ မဟုတ်ပါဘူး. . . ဒါတွေက ရသာတဏှာတွေပါဘဲ ဒါပေမဲ့ ကျန်းမာရေး အတွက်ဆိုတော့လည်း စားရတာလေ. . . စားရတာ. . . အိမ်မှာက ကိုယ်မရှိလို့မှမဖြစ်ဘဲ. . . အဲ. . . ဘီယာလေးသောက်ပြီးပြီဆိုရင် ရီတီတီနဲ့ မိန်းမရေ. . . ကိုယ်တော့အိပ်တော့မယ်ကွာ. . . ဆိုပြီး ဘုရားလေးဝတ်ပြု၊ အဲဘုရားဝတ်ပြုတယ်ဆိုလို့ စကားစပ်မိလို့ပြောရဦးမယ် တစ်ချို့လူများတော့နားမလည်ပေါင်ဗျာ. . . တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးကဘာဟောကြားခဲ့သလဲဆို မှတ်နော်. . . မှတ်. . . မေတ္တာဘာဝနာပွားများ စီးဖြန်းခြင်းဟာ ဘာဖြစ်တယ်ဆိုလားဗျာ. . . စာအုပ်ထဲမှာတော့ရှိတယ်. . . သိချင်ရှေ့အပတ်ထဲလာခဲ့ ရှာထားပေးမယ်. . . . အဲခုနကပြောခဲ့သလို မေတ္တာလက်နက်နဲ့ပစ်ခတ်နိုင်ဖို့က ဟော. . .

မေတ္တာသုတ်ရွတ်ဖို့ လိုလာပြီ. . . မေတ္တာသုတ်ရွတ်ဖို့ ဆိုတာက ဌာန်ရယ်ကရိုင်းရယ် လိုလာပြန်တယ်။ ဌာန်ဆိုတာက အသံကို ပြောတာ. . . ဒီအသံဆိုတဲ့နေရာမယ် ပါဠိလိုတော့ သဒ္ဒ လို့ခေါ်တာပေါ့. ခုနင်ကပြောခဲ့သလို သဒ္ဒဆိုတဲ့နှစ်လုံးတည်းသောစကားမှာ အဆွယ်အပွားဘာတွေပါလာသလဲဆိုတော့ ဟော. . . နက်လာပြီနော်. . . မှတ်ကြနော်. . . မှတ်. . . ခုနင်ကပြောခဲ့သလို သက်ထက်ချိုတို့အမေက. . . ကိုယ့်ကို ကိုရေတဲ့ ဟော ချိုဘူးလားဗျာ. . . ဒါ ဘာကိုပြသလဲဆိုတော့ ဟီရိုဩတပ္ပသဒ္ဒခေါ် ချိုအီသောမေတ္တာသံလို့ ခေါ်ထိုက်သဗျ. . . မအိပ်သေးဘူးလား ကိုရေတဲ့. . . ခုနင်ကပြောခဲ့သလို ဘယ်ရောက်သွားပြီလဲ. . . အဲ အဲ. . . ကျုပ်ကစကားနည်းတော့ အင်းလို့ တိုတိုပြတ်ပြတ်ပဲပြောပြီး တန်းအိပ်တော့တာ။ ဘယ်သူ့ကိုမှ ဘာစကားမှ မပြောတော့ဘူး. . . စကားနည်းတဲ့ အကြောင်းပြောပါတယ်. . . ဟုတ်တယ် မဟုတ်လား. . .'

မဆုံးတမ်းသူ့စကားများကိုနာထောင်ပြီး ပြောင်ကြီးခေါင်းညိတ်ကြရပြန်သည်။ အော် စကားနည်းသတဲ့လေ. . .။

'တစ်ခါတလေတော့လည်း ရီတီတီနဲ့ ကာရာအိုကေလေးဖွင့်ဆို ဗီစီဒီလေးကြည့်ပေါ့. . . အိမ်မှာကလည်း အကြိုက်မတူဘူးလေ. . . မိန်းမကလည်း ကိုရီးယားဇာတ်လမ်းတွဲမှ၊ သမီးကလည်း အက်ရှင်ကားမှ၊ ကိုယ်ကျတော့ ကာရာအိုကေဆိုချင်တာဆိုတော့ မထူးဘူး ဗီစီဒီသုံးလုံးသာဝယ်လိုက်တော့တယ် တစ်ယောက်တစ်လုံးနှုန်းပေါ့. . .။ အဆင်ပြေသွားရော. . . နောက်မဟုတ်ရင် လုနေရတယ်မဟုတ်လား. . . အဲ တစ်ခါတလေတော့လည်း ညနေပိုင်းလေးအပြင်ထွက်မယ်လေဆိုပြီး ကြည့်လိုက်တော့ ကားက သက်ထက်ချိုကမောင်းသွားပြီ. . . ကဲ မထူးပါဘူး. . . ဆိုင်ကယ်လေးနဲ့ပဲသွားမယ်ဆိုတော့ ဆိုင်ကယ်ရှေ့ပိတ်နေတဲ့ သူ့အမေစက်ဘီးက ဖယ်ရသေးတယ်. . . စက်ဘီးကဖီးဆင့်လေ. . . သူ့အမေက မိချောင်းတို့ ဂျပန်ဘီးတို့မကြိုက်ဘူးဆိုလို့ ဖီးဆင့်ဘီးလေးဝယ်ပေးထားရတာ. . . အဲ. . အပြင်ရောက်ပြီဆိုမှဖြင့်လည်း ခုနင်ကပြောခဲ့သလို

စားသောက်ဆိုင်လေးသွား ကာရာအိုကေမှာ ကောင်မလေးတွေ ပန်းကုံး စွပ်ပေါ့. . . ဟဲဟဲ. . . ဘာစိတ်ညာစိတ်နဲ့တော့ မဟုတ်ပါဘူး. . . ။ တော်တဲ့လူဆို ပန်းကုံးကိုစွပ်ချင်တာ. . . ဝါသနာပေါ့. . . တဏှာမပါ ပါဘူး. . . အဲ. . . သူတို့ကလည်း ကိုယ်ကရုပ်ချောတယ် မဟုတ်လား. ရုပ်ချောတော့ ကောင်မလေးတွေကသဘောကျကြတာပေါ့. . . ။ ကျုပ်က တော့ ကိုယ့်တူကိုယ့်သားတွေလိုပဲသဘောထားတာ. . . အဲ. . . ပြောရ ဦးမယ် . . . ကျုပ်က အသံကလည်းကောင်းသကိုးဗျ. . . ။ ကျုပ်များ ပန်းနွယ်ကစိမ်းသီချင်းများဆိုလိုက်လို့ကတော့ တွံတေးသိန်းတန်များ ရောက်နေပြီလားဆိုပြီး လာလာကြည့်ကြတာ. . . ။ ခုနင်ကပြောခဲ့ သလို ကိုယ်ကစကားနည်းတော့ ဆိုစရာရှိဆိုလိုက်တာပဲ. . . သူတို့ကို တစ်ခွန်းမှ မပြောပါဘူး. . . '

အော်. . . စကားနည်းတဲ့လူ. . . တစ်ခွန်းမှမပြောတဲ့လူတဲ့ လေ. . . ရေပက်ထည့်သွင်းရင်တောင် ပြန်ကန်ထွက်လောက်တယ်. . . ။ ပြောတာ. . . ပြောတာ. . . ကြွားတာကလည်း စုံရောဗျာ. . . ကိုယ်က လည်း ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ သူတစ်ခွန်းမှမပြောတဲ့အကြောင်းထိုင်နား ထောင်နေရတော့တာ. . . ။ ဒါတောင် ပြီးပြီအောက်မေ့လို့လားမပြီးဘူး မှတ်. . .

'ပြောရဦးမယ်. . . ခုနင်ကပြောခဲ့သလိုကျုပ်ကငယ်ငယ်တုန်း ကဆို တယ်ချောကိုးဗျ . . . အသံကလည်းကောင်းဆိုတော့ တစ်ရွာထဲ သုံးယောက်ပူးကြီး ပြိုင်ကြိုက်တာ. . . မယုံရင် သူ့အမေကိုမေးကြည့်. . . '

အဘွားကြီးကခေါင်းညိတ်ပြ၏။ ဒါကိုအဘိုးကြီးက အား တက်ပြီး. . .

'တစ်ချို့က ရုပ်ကိုကြိုက်လို့တဲ့. . . တစ်ချို့ကတော့ အသံကိုတဲ့ ဗျာ. . . ကိုဘတင်ကြီးအသံကြားလိုက်ရရင် အမောကိုပြေသွားတာပဲ ဆို တာကိုရှိသေးတယ်. . . ကျုပ်ကအခုမှ တီဘီဖြစ်လို့ ဆေးတွေဘာတွေ စွဲသုံးရလို့ အသားနည်းနည်းမွဲသွားတာ. . . ဆေးကျွမ်းသွားတာ လေ. . . ငယ်ငယ်တုန်းကဆို ဝင်းနေတာပဲ. . . ကျုပ်အမေကတောင်ပြောသေး တယ်. . . မှောင်နေတဲ့အိမ်ထဲမောင်ဘတင်လေးဝင်သွားရင်ရှေ့တစ်တောင်

လောက်ကို ဝင်းနေတာပဲတဲ့. . .။ ကျုပ်ကဒီလောက်ချောခဲ့တာတောင် မကြွားပါဘူး. . . အခုခင်ဗျားတို့နဲ့ဆုံတာတောင် ကျုပ်ကငယ်တုန်းကချော ကြောင်းလှကြောင်းပြောမိလား. . . ပြောကိုမပြောတတ်တာ. . .'

အားလုံးယောင်ပြီး ခေါင်းခါကြပြန်သည်။ အဘိုးကြီးက အားလုံး ကိုကြည့်ပြီး ကျေနပ်သလိုဟန်မျိုးနှင့် စားပွဲကိုပုတ်ပြီး. . .

'အဲဒါပဲ. . . အဲဒါကိုပြောတာ. . . ကျုပ်ကစကားနည်းတဲ့လူ ကိုးဗျ. . . စကားနည်းဆို တစ်နေ့တစ်ခွန်းတောင်ပြောဖို့ ဝန်လေးတဲ့လူ အခု ခင်ဗျားတို့လာတယ်ဗျာ. . . တကယ်ဆို ဘာကိစ္စရှိလို့လဲ. . . ဘာ လုပ်ဖို့လဲ. . . သမီးကိုလာပြန်အပ်တာလား. . . ဘာညာပြောရမှာပေါ့ အခု ကျုပ်ခင်ဗျားတို့ကိုပြောလား. . .'

အဘိုးကြီး လက်ညှိုးထိုးမေးတော့ အားလုံးစကားနည်းလှသော သူ့ကိုကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် ခေါင်းခါကြပြန်သည်။ အားလုံး စကားနည်းလှသော အဘိုးကြီးပြောလွန်း၍ ပါးစပ်ဒေါင့်စွန်းမှထွက်ကျ လာသော အမြုပ်များကို ငေးကြည့်နေမိကြသည်။ဒါတောင် မပြီးသေးဘူး ခင်ဗျား. . .

'ခုနင်ကပြောခဲ့သလို ကြမ်းကျွံရင်နှုတ်လို့ရတယ်. . . စကားကျွံ ရင် နှုတ်လို့မရဘူးဆိုတဲ့စကားလည်း ရှိသကိုးဗျ. . . ။ ဒါကြောင့် စကားကို အတတ်နိုင်ဆုံးနည်းသမျှ နည်းအောင်ဂရုစိုက်ရတယ်. . . ။စကား ကိုလည်းတောင်လိုမမောက်နဲ့တဲ့ ဒါကြောင့် ကျုပ်ကစကားဆို သိပ် မပြောတာ . . . ပြောရဦးမယ်ခုနင်ကပြောခဲ့သလို စကားဆိုလည်း တောင်လိုမမောက်နဲ့တဲ့. . . အဲဒီနေ့ကသိချင်လိုက်တာဗျာ. . . သိ ချင်ဝယ်ဖတ်နှစ်ဆယ်ကျပ်တဲ့ဗျ. . . ကျုပ်အဲဒီနေ့က နှစ်ဆယ်ပါခဲ့ရင် ခင်ဗျား တို့ကိုခုပြောနိုင်ပြီ. . ဒါပေမဲ့ ဗျာခုနင်ကပြောခဲ့သလို. . . ငယ်ငယ်တုန်းက ကျုပ်ငိုရင် အားတစ်လုံးပဲငိုတယ် တဲ့ဗျ. . . စကားများ ဘယ်လောက်နည်းတယ်ဆိုတာအဲတာသာကြည့် မွေးကတည်းကနော် . . . ငိုပါလား. . . တစ်ခြားကလေးတွေလို အား. . ယား. . ယား. . . . တို့ အားဝါးဝါးတို့. . . ကျုပ်မငိုဘူး. . . အားပဲ. . . တော်ပြီ. . .

ဒီလောက်ဆို ကျုပ်ငိုမှန်းသူတို့သိပြီလေ တော်ပြီပေါ့. . . ဒီလိုစကား နည်းတာ. . . ဟော. . . အသက်ကလေးရင့်လာတော့ အလုပ်လုပ် တော့ရောကြည့်ပါလား. . . လုပ်တာကပွဲစား စကားကျတော့မပြော ဘူးဆိုပြီး အပြောခံရတာ. . . ကျုပ်ကလည်းကျုပ်ပဲ. . ပစ္စည်းတစ်ခုကို ဝယ်လက်ရှိတာတောင်တစ်ခွန်းမှမပြောတာ. . . ဈေးဆစ်ဖို့ဆိုတာလည်း ဝေးရောဗျာ. . . ခုနပြောသလိုပေါ့. . . စကားများတော့ အမှားများမှာစိုး လို့ပေါ့ဗျ. . . ဒါကြောင့် ကျုပ်နဲ့ခင်တဲ့လူတိုင်း ကိုဘတင်ကြီး စကားနည်း တယ်. . . ကိုဘတင်ကြီးစကားနည်းတယ်ဆိုပြီး အပြောခံရတယ်. . . ကျုပ်ကလည်းကျုပ်ပဲဗျ. . . တစ်ခွန်းမှကိုမပြောတာခင်ဗျားတို့လည်း အခုကြုံပြီ. . . ကျုပ်တစ်ခွန်းပြောပြီလား. . . '

သူ့စကားကိုခေါင်းညိတ်ခေါင်းခါလုပ်ပြီး ရပ်ကွက်လူကြီး ဦးသန့် စင်ကသည်းမခံနိုင်တော့ရော့ထင့် သူ့လက်ကိုသူဆုပ်ပြီး. . .

'ဟုတ်ပါတယ်. . . ဦးဘတင်ကြီးစကားနည်းတာ ကျုပ်တို့သိပါ ပြီ. . . '

အဘိုးကြီးကခေါင်းညိတ်ပြီး. . .

'တစ်ခွန်းမှ မပြောတာပါ. . . အခုပြောလား. . . '

ဦးသန့်စင်ကြီးခေါင်းညိတ်ပြီး. . .

'ဟုတ်ကဲ့ မပြောပါဘူးဗျာ. . . '

'မဟုတ်ဘူးလေ. . . တစ်ခွန်းများပြောမိရင် ကျုပ်အပြစ်မဟုတ် လား. . . '

'ဟုတ်ပါတယ်ဗျာ. . . တစ်ခွန်းမှကိုပြောတာပါ. . . '

'အဲဒါပဲပြောတာ. . . အဲဒါပဲ. . . စကားစကားပြောပါများ'

သူ့စကားပြန်မစမီ ဦးသန့်စင်က လက်ကာပြပြီး. . .

'ခဏလေးပါဗျာ. . . အခုကျွန်တော်တို့လာရတဲ့ကိစ္စကလည်း စကားနည်းတဲ့အကြောင်း. . . အဲလေ. . . ဟို. . . ဦးဘတင်သမီးသက်ထက် ချို့နဲ့ ဟောဒီက မောင်ဇေယျာနောင်တို့ကိစ္စပါ. . . မောင်ဇေယျာနောင်က သက်ထက်ချိုနဲ့သူ့အမေ. . . အဲလေ. . . သက်ထက်ချိုကိုခိုးပြေးပြီး

သကာလ. . . အဲဒီလို. . . ဟိုလေ. . . ပြန်အပ်တာပေါ့. . .'

ဦးသန့်စင်ရဲ့ ထစ်ထစ်ငေ့ါငေ့ါစကားကြောင့် အဘိုးကြီးချက်ချင်းတည်သွားသည်။ နောက် သက်ပြင်းချသည်။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲ အဘိုးကြီးဘာပြောမလဲ. . . မကျေနပ်နိုင်ဘူးဆို ဘယ်လိုလုပ်မလဲ. . . ကျွန်တော့်အတွေးမဆုံးမီမှာပင်. . . အဘိုးကြီးခေါင်းခါလိုက်သည်။ ကျွန်တော်တို့အားလုံး အဘိုးကြီး၏အပြုအမူကြောင့် မျက်လုံးပြူးသွားရသည်။ အတန်ကြာမှ အဘိုးကြီးကသက်ပြင်းထပ်မံချပြီး. . .

'အေးဗျာ. . .'

အဘိုးကြီးစကားကိုထပ်မဆက်ဘဲ သူ့ခေါင်းကိုသူအုပ်ကိုင်လိုက်သည်။ ကျွန်တော်တို့သာ ထိုင်ရမလိုထရမလိုနှင့် ဂနာမငြိမ်ဖြစ်နေ၏။ အတော်ကလေးကြာမှ အဘိုးကြီးခေါင်းပြန်မော့လာသည်။ သူ့မျက်ဝန်းမှာ မျက်ရည်စများဝေ့သီ. . .။ ကျွန်တော်တို့အားလုံး သူ့ကိုကြည့်ပြီး ရင်တထိတ်ထိတ်ခုန်နေမိသည်။ အတန်ကြာမှ အဘိုးကြီးထံမှ ထွက်လာသော တုန်ရင်သောအသံက. . .



'အေးဗျာ. . . ခင်ဗျားအဲဒီလိုပြောမှ. . . ခုနင်ကပြောခဲ့သလို ကျုပ်ငယ်ဘဝကိုပြန်သတိရမိတယ်. . .'

အဘိုးကြီး၏မဆီမဆိုင်စကားကြောင့် ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်မိသည်။ အဘိုးကြီးကတော့ ကျွန်တော်တို့ကို ဂရုမစိုက်ဘဲ သူ့စကားကိုသူထပ်ဆက်၏။

'အေးဗျာ. . . ကျုပ်ကလည်း အဲဒီတုန်းကချောတုန်းလှတုန်း ဆိုတော့. . .'

အဘိုးကြီးစကားကြောင့် ကျွန်တော်တို့လည်း ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့. . .။ အဘိုးကြီးကသာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မျက်နှာတည်ကြီးဖြင့်

'ကျုပ်ကရုပ်ကလည်းချော၊ အသံကလည်းကောင်းဆိုတော့ တစ်ဘက်ရွာက မိသန်းအေးဆိုတဲ့ကောင်မလေးက. . . အဲ အဲဒီတုန်းက မိသန်းအေးကလည်း အပျိုဖော်ဝင်စ. . . စိတ်ဖလန်းဖလန်းထချိန်ဆို တော့ . . . အင်း. . . ကျုပ်နဲ့ကသွားတွေ့. . . အဲ. . . သူကကျုပ်ကို ကြိုက်တာ. . . ကျုပ်ဆံပင်ကိုတဲ့ဗျာ. . . ပြောမယ့်သာပြောရ. . . ကျုပ် ဆံပင်က အဲဒီတုန်းကနက်မှောင်ညိုလဲ့နေတာကိုး. . . နောက်ပြီး. . . အဲဒီတုန်းက ကျုပ်ကဟန်းချိန်းနဲ့ဗျ. . . ရုပ်ကလေးကလည်းချော. . . အသံကလည်းဥသြဆိုတော့စဉ်းစားသာကြည့်. . .'

ဘာမှမဆိုင်ဘူး. . .

ဘာမှမဆိုင်ဘူးဟုသာ ထအော်လိုက်ချင်တော့၏။ အော်. . . စကားနည်းသူကြီးရဲ့. . . ဟင်. . . ဟုတ်တယ် လေ. . . သူ့သမီး လာတောင်းတာနဲ့ သူ့ဟန်းချိန်းဝတ်တာနဲ့ ဘာဆိုင်လို့တုန်း. . . စကား နည်းနေလိုက်တာ'

'ခုနင်ကပြောခဲ့သလိုကျုပ်ကဆံပင်တင်ကောင်းတာမဟုတ် ဘူး. . . မျက်လုံးကလည်း သမင်ပေါက်မျက်လုံးဆိုတော့ မိသန်းအေး ခမျာ ကျွန်တော့်ကိုကြည့်ပြီး အသား တုန်ရှာမှပေါ့. . .။တုန်လည်း တုန်စရာပါပဲလေ. . .။ ကျုပ်ကဟန်းချိန်းနဲ့ကိုးဗျ. . .။အင်းအတိုချုပ်

ပြောရမယ် ဆိုရင်တော့ ကျုပ်အမေကျုပ်ကို ကိုယ်ဝန်မဆောင် ခင်ကစရမှာပဲ. . . အဲဒီမှာဗျာ. . .  ကျုပ်အမေကအပျိုဖြန်းလေးဆိုတော့ကာလသားများက. . .'

ပြန်လာတော့ ခေါင်းတွေပါမူးနေတယ်။ နားထဲမှာလည်း အသံတွေဆူညံနေတယ်။ အားလုံး မျက်လုံး ကလယ်ကလယ်နဲ့ တစ်ယောက်ကိုတစ်ယောက်ဟဟတောင် ကြည့်ချင်တော့တာမဟုတ်ဘူး. . ။ အဘိုးကြီးကလည်းဗျာ. . . မနက်ကတည်းက  တစ်ခွန်းမှမပြောပါဘူးဆိုတဲ့စကားညနေသုံးနာရီမှဆုံးတယ်. . ။ အဲ ဒါတောင် သူပြောနေတဲ့ကြားက ရှေ့တနင်္လာနေ့မှာ ကျွန်တော်နဲ့သက်ထက်ချိုမင်္ဂလာဆောင်မယ် ဒါပဲ. . ဆိုပြီးပြောပြီးထွက်လာလို့. . နောက်မို့ဆို သူ့အိမ်မှာညအိပ်ရလောက်တယ်။ စကားနည်းပုံပြောပါတယ်။

စကား၊ စကားပြောပါများ စကားထဲကဇာတိပြတဲ့. . . ။ ဟုတ်ပေါင်ဗျာ. . . ။ ဇာတိတောင်မဟုတ်ဘူး သူ့အဘွားကိုယ်ဝန်ဆောင်ခဲ့တဲ့  အိမ်ရှေ့မန်ကျည်းပင်အောက်ကိုပါပြလိုက်တာ. . . ။

တကယ်. . . ။

ဒီလိုနဲ့ မင်္ဂလာဆောင်တဲ့ရက်ကို သတ်မှတ်လိုက်တယ်ဆိုပါတော့. . . ။

◆ ◆ ◆

**ကျွန်**တော့်ဇနီးလောင်းသက်ထက်ချိုက တော်ရုံတန်ရုံသာ ဝတ်ထားတာ. . .။ အဘွားကြီးဝတ်ထားတာများ ပြောင်လက်လို့. . .။

မင်္ဂလာခန်းမထဲကိုဝင်သွားသည်နှင့်. . .

'ဟင်. . .'

'အလို. . .'

'အို. . .'

ဟူသော အာမေဋိတ်သံများ ဆူညံကုန်၏။

'ဟင်. . . ဇေယျာနောင်က ဘယ်သူနဲ့မင်္ဂလာဆောင်တာလဲ. .'

'ဟင်. . . ဖိတ်စာများမှားရိုက်မိသလား. . .'

'ဘယ်လိုဖြစ်တာပါလိမ့်. . .'

အားလုံး၏မျက်လုံးပြူးများ ကျွန်တော်တို့ထံစုပြုံကျနေ၏။ ဟုတ်လည်းဟုတ်ပေသည်။ ပြောလည်းပြောချင်စရာ. . .။ ကျွန်တော့်

တော်ဝင်မြို့မစာအုပ်တိုက်

လက်ကိုမိန့်မိန့်ကြီးဆွဲထားတာက အဘွားကြီးကိုး. . .။

'ဇေယျတု သဗ္ဗမင်္ဂလံ။ မင်္ဂလာအချိန်ကျရောက်ပြီမို့ မွေ့အတုနှင့် လေဥနှင့် အဲလေ. . . ဘာကြီးတုန်းဟ. . .' မင်္ဂလာသြဘာစာဖတ်သော ပုဏ္ဏားပင် ကျွန်တော်တို့ကိုကြည့်ကာလန့်ပြီး ယောင်တောင်တောင်နှင့် ရွတ်မိရွတ်ရာရွတ်၏။ အဘွားကြီးကတော့ သူမဟုတ်သလိုလား၊ သူပါပဲ လားဆိုသည့်ပုံစံမျိုးနဲ့လားတော့ မသိ။ ကျုပ်လက်ကိုဆွဲပြီး ပရိသတ် ကိုပြုံးပြုံးကြီးနှုတ်ဆက်နေသေးတာ. . . ဒီကြားထဲ မင်္ဂလာလမ်းမက ကျဉ်းနေတော့ သုံးယောက်ကလျှောက်လို့မရဘူး. . . ဒါနဲ့ သက်ထက်ချို ကအဘွားကြီးလက်တွဲထားတာကိုလွှတ်ပြီး အနောက်ကနေ လျှောက်လာ ရတယ်။ သူ့ခမျာ မျက်နှာလည်းပျက်လို့. . .။

ကြည့်ပါဦးဗျာ. . . ဘယ်သူနဲ့ဘယ်သူ မင်္ဂလာဆောင်တာလဲ လို့. . .။ ကျုပ်မှာ မင်္ဂလာယူရမယ့်အချိန်မှာ ငိုတောင်ငိုချင်နေတာ။ အဘွားကြီးကတော့ ကျုပ်လက်ကိုဆွဲပြီး ပျော်မဆုံးမော်မဆုံး ပရိသတ်ကို လိုက်နှုတ်ဆက်နေတာဗျ. . .။

မင်္ဂလာထိုင်ခုံပေါ် ထိုင်တော့လည်း ကြည့်ပါဦး. .။ သူ့ကိုယ်လုံး ဝဝကြီးနဲ့ အလယ်ကပြုံးပြုံးကြီးထိုင်နေတာ လုံးဝကိုမထဘူး။ ပရိသတ်တွေ လည်း အတင်းတုတ်၊ ကျုပ်နဲ့သက်ထက်ချိုလည်း မျက်နှာတွေပျက်ပြီး ဘာပြောလို့ပြောရမှန်းကို မသိတော့ဘူးဗျာ. . .။ ကျုပ်ခေါင်းထဲ အတွေး တွေရှုပ်ပွပြီး ပွစိကိုထနေတာ. . .။

◆ ◆ ◆

'**အေး** အေး. . . ဒီလင်ဒီမယား ငါနဲ့အတူ အိုအောင်မင်းအောင်ပေါင်းရပါစေ. . .'

အဘွားကြီးကဆုပေးတာတောင် သူပါအောင်ပေးတယ်. . .။ ကြည့်လေ. . . ဒီလင်ဒီမယားပေါင်းတာတောင် သူနဲ့အတူ အိုအောင်မင်းအောင်ပေါင်းရမတဲ့. . .။ တကယ့်ဂွ. . .။ ကျုပ်လည်း သားမက်တို့ဝတ္တရားအရ ရှိရှိသေသေ ပုဆိန်ပေါက်ကန်တော့လိုက်တယ်။

ပြီးတော့ အဘိုးကြီးအလှည့်. . .။

'အေး ငါကစကားနည်းတဲ့သူဆိုတော့ ဆုပေးတာလည်း တိုတိုတုတ်တုတ်ပဲပေးမယ်. . . အဲ ဆုပေးတယ်ဆိုတာလည်း ထိရောက်ဦးမှကောင်းတာကိုး. . . ဒါကြောင့်. . . ဘုရားရှင်ကိုယ်တော်မြတ်လက်ထက်မှာ . . .

. . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

.. ......................................
.........................................
.........................................
.........................................
.........................................
.........................................
................

ကြွက်တက်ပါတယ်ဗျာ. . . ဆောင့်ကြောင့်ထိုင်နေရတာ. . ။ သူတိုတိုတုတ်တုတ်ပဲပေးတယ်ဆိုတဲ့ဆု. . . ။ စကားနည်းပါတယ်ဆိုတဲ့ လူကြီး. . . ။ထားပါတော့ဗျာ. . . ဒီအကြောင်းတွေဆက်ပြောနေရင် မှန်နန်းရာဇဝင်ဖတ်ပြတာထက်တောင် ရှည်ဦးမယ်. . . ။ အဲဒီအထိ စိတ်မနာနိုင်သေးပါဘူး. . . ။ နောက်ဆက်ဖြစ်တဲ့ အဖြစ်အပျက်တွေကသာ ကိုယ့်ကိုယ်ကို ခုတ်ဖြတ်ချင်စိတ်ပေါက်ကုန်တာ. . . ။ မဖြစ်ခံနိုင်ရိုးလား. . . ယောက္ခမအဘွားကြီးလုပ်ပုံ. . . ။

'ကဲ မင်္ဂလာလည်းဆောင်ပြီးပြီဆိုတော့ အန်တီကတစ်ခန်းအိပ်၊ ကျွန်တော်နဲ့ သက်ထက်ချိုကတစ်ခန်းအိပ်မယ်. . '

'အောင်မာ. . . ဘာလို့အိပ်ရမှာလဲ. . . ငါကငါ့သမီးနဲ့ ခွဲမအိပ်နိုင် လို့လိုက်နေတာ. . ငါ့သမီးနဲ့တော့ ခွဲမအိပ်နိုင်ဘူး. . နင့်ဘာသာ နင်မင်္ဂလာပဲဆောင်ဆောင် မောင်ဂလာပဲဆင်ဆင်. . . '

'ဟ ဖြစ်မလားဗျ. . . ကျုပ်တို့ကဒီလိုနေချင်လို့ မောင်ဂလာဆင်အဲလေ. . . မင်္ဂလာဆောင်ထားတာ. . . '

'ဟဲ့. . . နင်နှာဘူးစကားမပြောနဲ့. . . ဘာဘယ်လိုနေချင်လို့ ဘာဘယ်လိုမင်္ဂလာဆောင်တာလဲ. . . နင်ကနှာဘူးလား၊ တဏှာရူးလား'

ကြည့်လေ. . . မေးပုံကိုက. . . ချစ်သူရှေ့မှာဆိုတော့ နှာဘူးပါလို့ပြောလို့ကလည်းမကောင်း၊ ကိုယ်ပုံကနွားသိုးကြိုးပြတ်ကြီးနဲ့. . . ထို့ကြောင့်. . .

'အင်းလေ. . . အဲ မျိုးဆက်အမွေပေးဖို့အတွက် နှာတော့ နည်း

တော်ဝင်မြို့မစာအုပ်တိုက်

နည်းဘူးရမှာပဲ. . . '

ကျွန်တော့်စကားကို အဘွားကြီးက မေးရိုးကိုအရှေ့တစ်ထွာသာသာထိုးပြီး တစ်ဘက်လှည့်သွားကာ. . .

'အေး. . . မျိုးဆက်အမွေပေးချင်လည်းတော်ရာမှာသွားပေး. . . နှာဘူးရင် နင့်ဘာသာနင်တော်ရာသွားဘူး ငါ့သမီးလာဘူး လို့ကတော့သင်းကွပ်ပစ်လိုက်မယ်. . . '

'အိ'

ကျွန်တော့်မှာဘာပြောလို့ပြောရမှန်းမသိတော့. . . ကိုင်း. . ဇေယျာနောင်. . . ဇေယျာနောင် မင်းဒီတစ်သက် မိန်းမယူစားမနေနဲ့တော့. . .။ မိန်းမယူချင်တဲ့အပိုင်း ဘုရားသာလှူလိုက်တော့. . .။ အခုလောလောဆယ်တော့ ကျုပ်လည်းဘာမှမတတ်နိုင်တဲ့အဆုံး ကလေးတွေလိုသာကြမ်းပြင်ကို ဖနောင့်နှင့်ထိုင်ပွတ်ပြီး. . .

'အင်းဟာ. . . အင်းဟာ. . . ယူချင်ဦးမိန်းမ. . . ဘူးချင်ဦးဟဲ့နှာ. . . အင်းဟာ. . . အင်းဟာ. . . ဟာ. . . အင်းဟာ. . . '

'အင်းဟာ. . . '

'အင်းဟာ. . . '

ဤသို့ဖြင့် ချစ်သူနှင့်အိမ်ထောင်ကျပြီး တစ်ဆယ့်ငါးရက်လွန်လွန်ထိ ကျွန်တော့်မှာဘာမှမဘာရပါဘဲ အိပ်ရေးပျက်တာသာ အဖတ်တင်နေတော့၏။ အိပ်ရေးပျက်တာကိုလည်း အပစ်မပြောပါနှင့်။ အဘွားကြီးဘယ်အချိန်လစ်မလဲဆိုပြီး ညညထထချောင်းရတာ အမော. . .။ တစ်ညမှကိုမလစ်တာဗျာ. . .။

ကြည့်ဦး ချစ်သူကိုစောင်နှင့်သုံးပတ် ကလေးအနှီးထုပ်သလိုထုပ်ထားပြီး ညတိုင်းကိုခွထားတာ. . .။

ချစ်သူခမျာလည်း ညဖက်ရောက်လို့ အပေါ့အပါးတောင်ထမသွားရဘူး. . .။ သူလှုပ်တာနဲ့ အဘွားကြီးကနိုးလာပြီ. .။ ဒါကြတော့လည်း အအိပ်ကဆတ်ပါ့. . .။ ချစ်သူခမျာလည်း. . . အော်. . . သူ့ခမျာလည်း ဒုက္ခ. . .။

တော်ဝင်မြို့မစာအုပ်တိုက်

ထားပါတော့ချစ်သူကအမေကိုချစ်လို့ သည်းခံနိုင်ပေမယ့် ကျွန်တော်က ဒီယောက္ခမကြီးပေါက်ကရလုပ်သမျှ ဘလိုင်းကြီးခံနေရသည်။ ဘယ်လိုသည်းခံနိုင်အံ့နည်း. . .။

ထို့ကြောင့်သာ. . .

◆ ◆ ◆

'**အေး** ကွ. . . ဒီလောက်ကြီးကျတော့ မင်းယောက္ခမက လွန်လွန်းတာပေါ့. . .'

စောကြီးက ရေနွေးခွက်ကို ဆရင်းပြော၏။ ဒါကို ထွန်းလင်းအောင်က စပ်ဖြဲဖြဲလုပ်ပြီး. . .

'အေးလေကွာ. . . ငါတို့ကမင်းမျက်တွင်းကြီးချောင်နေတာ ဟိဟိ. . . မင်းအလုပ်တွေ အရမ်းကြိုးစားနေတယ်ထင်တာပေါ့. . . အခုတော့ ဘယ်ဟုတ်မလဲ. . . ယောက္ခမကြီးမွေလို့ချောင်နေတာကိုး. . .'

သူ့စကားကြောင့် ကျွန်တော်စိတ်ညစ်သွားရ၏။

'ဟာ. . . ဘာအလုပ်ကြိုးစားရမှာလဲကွာ. . . အဲဒီအတိုင်းကို ဖြစ်နေလို့စိတ်ညစ်ပြီးတော့အိပ်ရေးပျက်နေရတာကွ. . .'

ကျွန်တော့်စကားကို စောကြီးကရေနွေးကိုမသောက်သေးဘဲ ခပ်

တည်တည်နှင့်အင်္ကျီလက်ကိုဆွဲတင်ကာ. . .

'အေးကွ. . . မင်းယောက္ခမကြီးကလည်း လွန်လွန်းပါ့. . . ဒါနဲ့ ညကျရင်သက်ထက်ချိုကို တကယ်စောင်နဲ့ထုပ်ပြီးအိပ်တာလား. . .'

'ဟာ ထုပ်တာမှ မုံရွာစောင်ချည်းပဲသုံးထည်ကျတယ်. . . ည ရောက်ပြီဆိုတာနဲ့ သက်ထက်ချိုကိုခြေဆင်းထိုင်ခိုင်းပြီး ဟိုးခြေဖျားကနေ လည်ပင်းထိကို မံမီရုပ်လိုဖြစ်အောင်ကိုထုပ်တာ. . . ငါ့မိန်းမလည်း ငါဘာမှမဘာရပါဘဲ စောင်ပွန်းရိုးရိုး ပါးကုန်ပါပြီကွာ ပါးကုန်ပါပြီ. . . တောက်. . .'

ကျွန်တော်ရဲ့ကြိတ်မနိုင်ခဲမရစကားကို ငတိနှစ်ယောက်လုံးခပ်ဖွဖွရယ်ကြသည်။ ပြီးမှ ထွန်းလင်းအောင်က. . .

'ဒါဖြင့်ရင် မင်းညမရောက်ခင်စောင်တွေဝှက်ထားမှပေါ့ကွ. . .'

သူ့စကားကြောင့် ကျွန်တော်မဲ့လိုက်မိသည်။

'မဖြစ်နိုင်ဘူးမောင်. . . ငါကြားရတဲ့သတင်းက အဘွားကြီးက ဈေးထဲဂုံနီအိတ်ဈေးတွေစုံစမ်းနေတယ်တဲ့. . .'

နှစ်ယောက်လုံး ခပ်ဖွဖွရယ်ကြပြန်သည်။ အတန်ကြာမှ စောကြီးက. . .

'နို့ နေပါဦး. . . မင်းယောက္ခမကြီးက တစ်ခါမှအပြင်မထွက်ဘူးလား. . .'

ကျွန်တော့်မျက်နှာကြီးထပ်မံရှုံ့မဲ့သွားမည် ထင်ပါသည်။

'ထွက်သမှ သိပ်ထွက်ပေါ့ကွာ. . . တစ်နေကုန်အိမ်ကိုကပ်တာ မဟုတ်ဘူး. . . ရပ်ကွက်ပေါက်စေ့အတင်းလျှောက်တုတ်တာ. . .'

နှစ်ယောက်လုံးခနတော့ ငြိမ်သက်သွား၏။ အတန်ကြာမှ ထွန်းလင်းအောင်က. . .

'ဟင်. . . မင်းယောက္ခမက တစ်ကယ်တစ်နေကုန်အတင်းလိုက် တုတ်နေတယ်. . . သူကဘာတွေများအတင်းလိုက်တုတ်တာလဲ. . .'

ကျွန်တော်နှာခေါင်းကိုရှုံ့လိုက်ပြီး. . .

'ပြောမနေပါနဲ့တော့ကွာ. . အတင်းတုတ်တာမှ သူတောင်းစား

ထမင်းဝသွားရင် ဘာဖြစ်သွားလဲဆိုတာကိုတောင် ထိုင်ကြည့်ပြီး ကွက်ကွက်ကွင်းကွင်းပြောတာ. . .'

'ဟယ်. . .'

နှစ်ယောက်လုံးခဏတော့ ငြိမ်ကျသွားသည်။ နောက်မှ စောကြီးက. . .

'ဟ. . . ဒါဆိုသူအပြင်ထွက်တဲ့အချိန်မှာကြံပေါ့ကွ. . .'

'ကြံချိန်ကို မရတာမောင်. . .'

'ဘာလို့လဲ. . .'

'ဘာဖြစ်ရမှာလဲကွ. . . သူကအပြင်ထွက်ရင် တစ်ယောက်တည်းထွက်တာမဟုတ်ဘူး. . . ငါ့မိန်းမကိုပါလက်ဆွဲဆွဲပြီးထွက်နေလို့ ဒုက္ခရောက်နေရတာပေါ့. . .'

'ဟာ မင်းဟာကဘယ်လိုကြီးလဲ. . .'

'အေးလေကွာ. . . လွန်စွဲယောက္ခမပဲ. . .'

ကျွန်တော့စကားကြောင့် နှစ်ယောက်လုံးပျော့ကျသွားပြန်သည်။

'ဒါကတော့ လွန်လွန်းတာပေါ့ကွာ. . .'

အတန်ကြာသည်အထိ နှစ်ယောက်လုံးငိုင်ကျသွားပြန်၏။ နောက်မှ စောကြီးကသတိရသွားသလိုဟန်ဖြင့်. . .

'နောက်. . . သူအတင်းလည်တုတ်ချိန် သက်ထက်ချိုကို ဘယ်မှာသွားထားလဲ. . .'

ကျွန်တော်သောက်လက်စရေနွေးကို ကုန်အောင်သောက်ချလိုက်ပြီးမှ. . .

'သူ့ယောကျ်ားအိမ် သွားထားတာဟေ့. . . ဘယ်မှာမှထားတာမဟုတ်ဘူး. . . သူတို့အိမ် သွားပြန်ပို့တာ. . .'

'ဟ ဒါဆို သူမရှိတုန်း သူတို့အိမ်မှာမင်းမိန်းမကိုသွားပြန်ခေါ်ပေါ့ မင်းက ဒါလေးများ သူမရှိတဲ့အချိန်သွားပြန်ခေါ်တော့ သူဘာတတ်နိုင်မှာလဲ. . .'

ကျွန်တော့်မျက်နှာကြီးကိုခွေခေါက်လိုက်သည်။ အတန်ကြာ

ခွေခေါက်ပြီးမှ ကြိတ်မနိုင်ခဲမရအသံကြီးဖြင့်. . .

'အဲဒါပိုခက်နေတာပေါ့ကွ. . . အဲဒါပိုခက်နေတာ. . .'

ကျွန်တော့်စကားကြောင့် နှစ်ယောက်လုံးမျက်လုံးပြူးသွားပြီး

'ဘာဖြစ်လို့လဲကွ. . . သူ့အဖေနဲ့မင်းအဆင်မပြေလို့လား. .'

'အေးလေကွာ. . . ကျားအချင်းချင်းကညှိလို့ရပါတယ်. . .'

ကျွန်တော်နှစ်ယောက်လုံးကို ထပ်မံ၍မျက်နှာရှုံ့မဲ့ပြလိုက်ပြီး. .

'အဆင်မပြေလို့လည်း မဟုတ်ဘူး. . . ညှိလို့မရလို့လည်း မဟုတ်ဘူး. . .'

'ဒါဆို. . .'

ကျွန်တော်မျက်နှာပိုမိုရှုံ့မဲ့လိုက်ပြီး. . .

'သူ့အဖေရစ်တာကို မခံနိုင်လို့ဟ. . . သူ့အဖေရစ်တာကိုမခံ နိုင်လို့. . .'

ကျွန်တော့်စကားကြောင့် နှစ်ယောက်သားဇဝေဇဝါနှင့် မျက်မှောင်ကြုတ်သွားပြီး. . .

'ဘယ်လိုရစ်တာလဲကွ. . . သူ့အဖေကစကားနည်းတယ်ဆို.'

'အေးလေ. . . စကားဆိုတစ်ခွန်းမှမပြောဘူးလို့ ကြားဖူးပါ တယ်. . .'

ကျွန်တော်ကအလိုလိုနေရင်း ကျွတ်ခနဲစုပ်သပ်လိုက်မိသည်။ နောက်မှ သူတို့နားလည်အောင်ရှင်းပြလိုက်ရသည်။

'အဲဒီစကားနည်းလို့ တစ်ခွန်းမှမပြောလို့ကိုစိတ်ညစ်တာဟ. .'

'ဘယ်လို. . .'

'ဘယ်လိုမှမဟုတ်ဘူးဟ. . . သူ့အိမ်ကိုတစ်ရက်သွားပြီး ယောကျာ်းမအလစ်သက်ထက်ချိုကိုသွားခေါ်တာ သူ့အဖေနဲ့တွေ့ပြီး စကား တစ်ခွန်းမှမပြောဘူးဆိုတာကစလိုက်တာ. . . စကားစမပြတ်လို့ ညပါတစ် ညအိပ်လိုက်ရတယ်. . . ကိုင်းမှတ်ကရော. . .'

နှစ်ယောက်လုံးမျက်လုံးပြူးသွားရသည်။

'ဟင်. . အဲဒီလောက်တောင်ပြောလို့လား. . .'

'အေးလေ. . . သူ့ပုံကစကားနည်းမယ့်ပုံပါ. . .'

ကျွန်တော်နှုတ်ခမ်းပါ ဂငယ်ပုံဖြစ်သည်အထိကွေးချလိုက်သည်။ ပြီးမှ. . .

'စကားများပြောတာမှ. . အမြုပ်ပါထွက်တယ်. . ပြောစရာမရှိလို့တောင်အိမ်တိုင်ကိုဖက်ပြီးတစ်ယောက်တည်းပြောနေတာ ငါ့မျက်စေ့နဲ့ကွက်ကွက်ကွင်းကွင်းကိုမြင်ခဲ့တာ. . .'

'ဟာ. . . မင်းဟာကမလွယ်ပါလား. . .'

'အဲဒါကြောင့်ပြောတာ. . . အဲဒါကြောင့်ပြောတာကွ. . . တောက်. . . သူ့အိမ်ရောက်ရင်သက်ထက်ချိုနဲ့ အဘွားကြီးဆို ငြိမ်လုငြိမ်လုနဲ့ ဘယ်ဟုတ်မှာလည်း. . . နားထဲဝွမ်းဆို့ပြီးထိုင်နေတာကိုး. . . ငါသက်ထက်ချိုကိုပြန်အပ်တဲ့နေ့ကဆိုရင် ဒီလောက်စကားများပြီးစပ်စုတဲ့အဘွားကြီး ဘာတစ်ခုမှပြန်မပြောဘဲငြိမ်နေတာ ထူးဆန်းသလိုတော့ရှိသားလို့ ထင်မိတာ. . . ဘယ်ဟုတ်မှာလဲကွာ. . . နားထဲတစ်ရှူးတွေဆို့ပြီးပိတ်ထားတာ ဘယ်လောက်ထိစကားများတယ်ဆိုတာ စဉ်းစားသာကြည့်. . . တောက်. . .'

နှစ်ယောက်သားတိုးတိုးဖွဖွရယ်လိုက်ကြ၏။ အတန်ကြာမှ စောကြီးက. . .

'အေးကွာ. . . မင်းဘဝကလည်း လွယ်မယောင်နဲ့ခက်၊ ခက်မယောင်နဲ့ ကြပ်နေတာကိုး. . .'

'အဲဒါကြောင့်ပြောတာကွ. . . အဲဒါကြောင့်ပြောတာ. . . နှစ်လုံးထဲနဲ့ကြပ်နေတယ်ဆိုတာ အဲဒါမျိုး. . . . စကားဆိုတစ်ခွန်းမှမပြောဘူးနဲ့ စကားနည်းတယ်ဆိုတာတစ်ခွန်း၊ အဲဒီနှစ်ခွန်းထဲနဲ့ကို ကြပ်စရာရှိအကုန်ကြပ်နေတာ. . . တောက်. . . နှစ်လုံးထဲနဲ့ကွာ. . .'

နှစ်ယောက်လုံးထင်သာမြင်သာရှိစေရန် လက်ဖျားကလေးမစုတစုလုပ်ပြလိုက်သည်။ ကျွန်တော့်ကိုကြည့်ပြီးနှစ်ယောက်သားအတန်ကြာငိုင်နေကြပြန်သည်။ အတန်ကြာမှထွန်းလင်းအောင်က. . .

'ဒါနဲ့ နေစမ်းပါဦး. . . ဒီအဘွားကြီးနဲ့သက်ထက်ချိုတစ်နေကုန်အပြင်ထွက်နေတော့ မင်းအိမ်မှာက ဘယ်သူချက်ပြုတ်ကျွေးနေလဲ. . .'

ကျွန်တော်ရင်ကိုကော့၍ ရင်ဘတ်ကိုလက်သီးဆုပ်နှင့်တဘုန်းဘုန်းထုပြပြီး ငိုသံဝဲကြီးဖြင့်. . .

'ငါပဲပေါ့ကွာ. . . ဟောဒီကောင်ကြီးပဲပေါ့. . . ဟောဒီငတုံးကြီးပဲပေါ့. . . . ချက်ရေးပြုတ်ရေးက ငါပဲလုပ်နေရတာ. . . မနက်မိုးလင်းတာနဲ့သူတို့သောက်ဖို့ လက်ဖက်ရည်ပြေးဝယ်ပေး. . . ပြီးရင်ဈေးကိုပြေးသွား၊ ဈေးဝယ်ချက်ပြုတ်၊ နေ့လယ်ဖက်ဆို အဝတ်တွေလျှော်နဲ့ အပတ်ကိုမလည်တော့ပါဘူးကွာ. . '

ကျွန်တော်၏တုန်ရင်ဆို့နင့်ဖွယ်စကားကြောင့် နှစ်ယောက်လုံးရယ်ရမလို၊ ငိုရမလိုနှင့်ငိုင်ကျသွား၏။ စကားသံတို့ရုတ်ချည်းတိတ်ဆိတ်သွားကြသည်။ အလုပ်လုပ်ရလွန်းလို့ အစကထက် ပိုကြီးတက်လာသော ကျွန်တော့်လက်မောင်းသားကိုကြည့်ပြီး နှစ်ယောက်လုံးခေါင်းခါကြသည်။ စကားသံကထပ်မထွက်လာတော့. . . ။

လက်ဖက်ရည်ဆိုင်လေးအပေါ်မှ ကျီးအာသံတို့က အေးစက်စွာကြားရ၏။ ပေါက်ပေါက်ရှာရှာ ဓာတ်ကြိုးတန်းပေါ်မှာမှ တက်နားနေတတ်သော ကျီးကန်းများကို ကျွန်တော်သဘောကျပါသည်။ သူတို့ခြေထောက်သေးသေးကလေးများနှင့် ဓာတ်ကြိုးကိုမလွတ်တမ်းဆုပ်ကိုင်ထားပုံမှာ လွန်စွာကြည့်၍ ပသာဒဖြစ်လှပါသည်။ ကျွန်တော့်ယောက္ခမများကိုလည်း ထိုသို့ ဓာတ်ကြိုးများပေးကိုင်ထားစေလိုပါသည်။ သို့မှသာ သူတို့၏အသားများမည်းနက်ပြောင်လက်၍ ကြည့်ရှု၍ပသာဒဖြစ်လိမ့်မည်ဟု ထင်မိပါသည်။ မိတ်ဆွေတို့မှာ ယောက္ခမများရှိပါက ဓာတ်ကြိုးတန်းပေါ် ခေတ္တတင်၍ စဉ်းစားကြည့်ပါ။ သူတို့ဓာတ်လိုက်၍ ထွန့်ထွန့်လူးနေပုံမှာ လွန်စွာကြည့်၍ ကောင်းနေလိမ့်မည်ဟုထင်ပါသည်။

'ငါအကြံရပြီကွ. . . '

အတွေးကောင်းနေစဉ် စောကြီးကဘာမဆိုင်ညာမဆိုင်ထအော်၏။ သူ့အော်သံကြောင့် ကျွန်တော်သူ့ကိုမျက်မှောင်ကြုတ်လိုက်မိပြီး. . .

'ဘာအကြံရတာလဲကွ. . . '

ကျွန်တော့အမေးကို စောကြီးကအားတက်သရောဖြင့်. . .

'မင်းယောက္ခမကိုဆုံးမဖို့လေ. . . မင်းယောက္ခမကိုဆုံးမဖို့. '

'ဘယ်. . . ဘယ်လိုလုပ်ရမှာလဲ. . . ဘယ်လိုဆုံးမရမှာလဲ. '

ကျွန်တော်၏အားပါလှသောအမေးကို စောကြီးကပိုင်ပိုင်ကြီး ပြုံးပြီး. . .

'လွယ်ပါတယ်ကွာ. . . နောက်နေ့ကျရင် မင်းအိမ်မှာထမင်း လည်းမချက်၊ ဈေးဖိုးလည်းမပေးဘဲ အစောကြီးအိမ်ကထထွက်သွားလိုက် ပေါ့. . . '

'ထွက်သွားလိုက်ရင်. . . '

ကျွန်တော်၏အလောတကြီးအမေးကို စောကြီးကအရှေ့စားပွဲ ခုံကိုဖြန်းခနဲပုတ်ပြီး. . .

'ဟကောင်ရ. . . ထထွက်သွားရင် မင်းကထမင်းလည်းဝယ် ချက်မသွား၊ ဈေးဖိုးလည်းမပေးထားတော့ သူတို့ဘယ်မှာထမင်းသွားစား မှာလဲကွ. . . '

'ဟာ. . . သူ့အိမ်သူပြန်စားမှာပေါ့ကွ. . . မင်းကလည်း. . '

ကျွန်တော်၏စိတ်ပျက်လက်ပျက်စကားကို စောကြီးကစားပွဲခုံ ကိုထပ်ပုတ်လိုက်ပြီး. . .

'အဲဒါကိုပြောတာကွ. . . အဲဒါကိုပြောတာ. . . မင်းအိမ်မှာ တစ်ပတ်လောက်ထမင်းမစားရရင် သူဘယ်နေနိုင်မှာလဲ. . . သူ့ဘာသာ သူ အိမ်မှာပြန်စားရင်း သူ့အိမ်ပြန်ရောက်သွားမှာပေါ့ကွ. . . ဟုတ်ဘူး လား. . '

'ဟကောင်ရ အဲဒီတော့ ငါ့မိန်းမကိုပါလက်ဆွဲပြီး ခေါ်ချသွားရင် ဘယ်လိုလုပ်မှာလဲ. . . ငါပါကြားကငတ်နေဦးမယ်. . . '

ကျွန်တော့်အမေးကို စောကြီးကမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'အဲဒါကိုပြောတာကွ. . . အဲဒါကိုပြောတာ. . . မင်းမိန်းမကို သူပြန်ခေါ်သွားလို့မရဘူးလေ. . . သက်ထက်ချိုကမင်းမိန်းမဖြစ်နေပြီ ဆိုတော့ မင်းအချိန်မရွေးပြန်ခေါ်လို့ရတယ်. . . သူကပြန်မထည့်ဘူးဆို ရင် တရားရုံးမှာ ဦးတိုက်လျှောက်ပြီးခေါ်လို့ရတယ်ကွ. . . '

'ဟ. . . ဟော့ကောင်ရ သေချာရဲ့လားကွ. . .'

ကျွန်တော့ရဲ့အားတက်သရောအမေးကို စောကြီးကျွတ်ခနဲစုပ်သပ်လိုက်ပြီး. . .

'သေချာတာပေါ့ကွ. . . သိပ်သေချာတာပေါ့. . . ငါ့ဦးလေးက တရားသူကြီးပဲ. . . သူအဲလို ပြောတာကို သူ့အိမ်ကထမင်းချက် ငါ့ကြီးတော်အပျိုကြီးကို သေသေချာချာပြောတာကို ငါအိမ်သာတက်ရင်းခရီးသွားဟန်လွဲကြားဖူးတယ်ကွ. . . ကြားတာမှ အသေအချာ နားစွန်နားဖျားကို ကြားဖူးတာ. . . ကဲ ဒါလောက်သေချာဦးမှာလား. . .'

သူ့စကားကြောင့် ကျွန်တော်အားတတ်သွားပြီး. . .

'အေး. . . ဒါဆို. . . မနက်ဖြန်ကစပြီး ယောက္ခမကိုရိက္ခာဖြတ်ပစ်မယ်. . .'

'ကောင်းတယ်. . . ကောင်လေးအောင်မြင်ပါစေကွာ. . .'

ရေနွေးကိုတောင်မြှောက်ပြီး ခွက်ချင်းခွပ်ခနဲတိုက်ကာ ပြိုင်တူသောက်ချလိုက်၏။

ဒါကယောက္ခမရိက္ခာဖြတ်ပွဲအကြို. . .။

◆ ◆ ◆

**နောက်**တစ်နေ့နံနက် ဝေလီဝေလင်းမှာပင် အိပ်ရာမှ ဖြည်း ညင်းစွာထပြီး သူတို့အခန်းကိုချောင်းကြည့်လိုက်သည်။

စောင်နှင့် အပတ်များစွာပတ်ထားခြင်းခံရသော ချစ်သူသည် အိပ်ရာမှနိုးနေပြီမို့ မျက်လုံးလေးကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုဝေ့ကြည့်သည်။ ပြီးနောက်လေသံကလေးဖြင့်. . .

'ဘယ်သွားမလို့လဲ' ဟုမေးသည်။ ကျွန်တော်လည်း လက်ဟန်ခြေဟန်ဖြင့်သာ အပြင်သို့သွားမည်ဖြစ်ကြောင်းပြောလိုက်သည်။ ချစ်သူ၏မျက်နှာကလေး ချက်ချင်းအိုကျသွား၏။ သူ့ခမျာလည်း ကျွန်တော့်ရည်ရွယ်ချက်ကိုသိသည့်အလား မျက်ရည်များရစ်ဝိုင်းပြီး မသွားစေလိုသော အကြည့်ဖြင့်ကြည့်သည်။ ကျွန်တော်သက်ပြင်းချလိုက်သည်။ ပြီးမှခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး လေသံကလေးဖြင့် 'သွားတော့မယ်'ဟုပြောလိုက်သည်။ ချစ်သူ၏မျက်ဝန်းပေါ် မျက်ရည်တို့ချက်ချင်းဝေ့သီလာ၏။

ကျွန်တော်လှည့်မကြည့်တော့. . . ။ လှည့်ကြည့်နေလျှင်ချစ်သူကို သံယောဇဉ်တွယ်နေပြီး ယောကျ်ာမရိုကျ်ာဖြတ်ပွဲမအောင်မြင်မှာစိုး၍ဖြစ်သည်။

အဘွားကြီး၏ဟောကက်သံများ အောင်မြင်ခန့်ညားနေတုန်း. . . ။

◆ ◆ ◆

## [illegible] ၁၃

**ထို**နေ့တစ်နေကုန်အိမ်နားပင်မကပ်ဘဲ အပြင်မှာပင်တစ်နေကုန်လိုက်လည်ပတ်နေလိုက်၏။ အမှန်တော့ ထိုကဲ့သို့တစ်နေကုန်လိုက်လံလည်ပတ်နေဖို့ဆိုတာက လွယ်ကူလှသည်တော့မဟုတ်။ ဟိုနားယောင်ပေပေ၊ ဒီနားပေစောင်းစောင်းနှင့် တစ်နေကုန်လတ်လျားလတ်လျားလိုက်လုပ်နေရခြင်းပင်ဖြစ်၏။ သို့သော်မတတ်နိုင်။ ရောက်ရာပန်းခြံများတွင်လိုက်ထိုင်၊ လက်ဖက်ရည်လေးခွက်ဆင့်သောက်၊ အအေးပုလင်းတွေကိုလည်းမသောက်ချင်ဘဲမှာထား. . .။ ပြီးလျှင်ငွေရှင်းနှင့် လုပ်စရာမရှိကြံဖန်လုပ်နေရသည်။ ထိုသို့ပြုရခြင်း၏အဓိကရည်ရွယ်ချက်မှာ မိတ်ဆွေတို့လည်းသိရှိပြီးဖြစ်ပေလိမ့်မည်။

အကြောင်းရင်းမှာ ရှေ့ကတင်ပြခဲ့သည့်အတိုင်း. . .

၁။ လင်နှင့်မယား လျှာနှင့်သွားလို မထိခလုတ်ထိခလုတ်မပြုရခြင်း။

၂။ မိမိကျွေးတာစားပြီး မိမိအားကျေးဇူးမသိတတ်သော အိယောင်ဝါးယောက္ခမအား ဆုံးမလိုခြင်း။

၃။ တစ်နေကုန်လုပ်စရာရှိသည်များကို မိမိသာကုန်းရုန်းလုပ်ရပြီး သူကတာဝန်မရှိသည့်အလား လက်ညှိုးငေါက်ငေါက်ထိုး၍ တောင်ခိုင်းမြောက်ခိုင်းလုပ်ရင်းအိမ်လည်အတင်းတုတ်အချိန်ဖြုန်းနေခြင်း။

၄။ ညဖက်အိပ်လျှင် မိမိ၏ချစ်သူအားမလှုပ်နိုင်အောင် ကလေးအနှီးထုပ်သလိုစောင်နှင့် ထုပ်ထားခြင်း။

၅။ မိန်းမခိုးပြေးသည့်ညမှ ယခုအချိန်ထိ လင်မယားဝတ္တရားကိုလိုက်လံနှောက်ယှက်နေခြင်းများနှင့်

၆။ အခြားကျန်သည့်ပြစ်မှုပေါင်း(၁၃၀၀)ကျော်။

ထိုသို့သောပြစ်ချက်ပေါင်းမြောက်များစွာကြောင့်သာ ထိုသို့ရိက္ခာဖြတ်ခြင်းအမှုပြုရခြင်းပင်. . . ။

အမှန်ဆိုလျှင် ကျွန်တော့်သဘောအရ ဤကဲ့သို့လူတစ်ဖက်သားဒုက္ခရောက်စေရန်ရည်ရွယ်ချက် တစ်ခါမှမရှိခဲ့ဘူးပါ။ လူတစ်ဦး တစ်ယောက်ကိုမဆိုထားနှင့် တိရစ္ဆာန်တစ်ကောင်ကိုမှ ထိုကဲ့သို့ရက်ရက်စက်စက် ရိက္ခာမဖြတ်ဘူးပါ။ ခွေးကလေးတွေ ကြောင်ကလေးတွေကို ထမင်းဟင်းကောင်းကောင်း ကျွေးရခြင်းကိုပင် သဘောကျသေးသောသူဖြစ်သည်။ ကျွန်တော်သည် ဤသို့ပင်ဘဝကိုမတောင့်မတ၊ မကြောင့်မကျပင်ဖြတ်ကျော်ခဲ့သည်။ ယခုတော့မရတော့. . . ။ စိတ်ကောင်းနှလုံးကောင်းသည် လူတိုင်းနှင့်မတန် ဟူသောစကားကိုပင် ပြန်လည်လက်ကိုင်ထား၍ ရက်စက်သောနှလုံးသားနှင့် ယောက္ခမအားရိက္ခာဖြတ်ရ ချေပြီကော. . . ။

တွေးမိတိုင်း ယောက္ခမကိုဒေါသထွက်ရသလို၊ ချစ်သူအတွက် မျက်ရည်ဝိုင်းရပေသည်။ အော်. . . အခုအချိန်လောက်ဆို သူကလေးမည်မျှ ဗိုက်ဆာနေလိမ့်မည်နည်း. . . ။ အရာရာကို ခွင့်လွှတ်သည်းခံတတ်သောချစ်သူ၊ တစ်နေကုန် ဘာဆိုဘာမှမစားရဘဲ မည်မျှရေသောက်၊ ခွေခေါက်နေမည်နည်း. . ။

တော်ဝင်မြို့မစာအုပ်တိုက်

သူ့ခမျာသနားစရာ. . . ။

မိခင်၏အလိုကို ဘယ်သောအခါမှ မလွန်ဆန်ဝံ့သူ၊ မည်သူ့ကို မဆို သဘောထားကြီးကြီးနှင့် ခွင့်လွှတ်နားလည်တတ်သူ၊ ဤမျှလောက် စိတ်ကောင်းနှလုံးကောင်းရှိသူသည်ဤမျှသဘောထားဆိုးယုတ်လှသော အဘွားကြီးထံသို့ ဘယ်ဆေးရုံကများ ကလေးမှားပါလာပါလိမ့်. . . ။ စဉ်းစားမိတိုင်း ကရုဏာစိတ်ကရင်ထဲလှိုက်လှိုက်တက်လာ၏။

'မဖြစ်တော့ပါဘူးလေ. . . အိမ်ပြန်ဦးမှပဲ' ဟုတွေးမိပြီး နာရီကို မျှောက်ကြည့်လိုက်တော့. . .

'အလို. . . ညနေငါးနာရီတောင်ထိုးပြီးနေပါပကော. . . '

ဖြစ်တည်နေသောကံတရား နာရီလက်တံကိုမြင်မှဝမ်းနည်းစိတ် များ ကောင်းကင်သို့ လွင့်ပျံ့ကြီးစိုးလာရသည်။ ဒီအချိန်လောက်ဆို ချစ်သူ တော်တော်ကလေးကိုဗိုက်ဆာနေရှာရော့မည်ဟုတွေးမိပြီး အိမ်ပြန် ရန်ပြင်လိုက်သည်။



ဤအချိန်လောက်ဆိုတစ်သက်လုံးဒုက္ခပေးရန် အကြံအစည်ရှိသော ယောက္ခမအဘွားကြီးကတော့ ထမင်းမစားရတာနဲ့တင် ယောက်ယက်ခတ်ဒေါင်းတောက်နေလောက်ပြီ။ ဤမျှလောက်အစားကျူးသည့် ယောက္ခမထူးကြီး ဘာမှမစားရ၊ မသောက်ရဗိုက်မှောက်နေရသည့်အဖြစ်ကို စဉ်းစားမိပြီး ဝမ်းသာစိတ်ကလှိုက်တက်လာပြီး သီချင်းလေးပင် ငြီးမိလိုက်သေးသည်။

'မှတ်ကရော့ကွာ. . . အိမ်မှာနေငတ်သေပါစေကွာ. . .'

မှတ်ကရော့ ယောက္ခမ. . .။ နောက်တစ်ခါဆို ရိက္ခာတင်မက မရှိရှိတာအကုန်ဖြတ်ပစ်မည်။ ယခုအချိန်လောက်ဆိုလျှင်လည်းဖားခုံညှင်း အင်အင်းသွားသလို မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့် သူ့ကိုစောင့်မျှော်နေမည့် သနားစဖွယ်ယောက္ခမ၏ရုပ်သွင်ကို ပြေးမြင်ကြည့်သည်။

ပီပြင်စွ. . .။ မျက်နှာရှဲ့ကြီးကိုအို. . . လို့. . .။ ဒီလိုကိုဖြစ်



ရမယ်။ သူ့အပြောကိုက ဒီလိုဖြစ်ရမှာ. . .။

'သားရယ်. . . တစ်နေကုန်ဘယ်လျှောက်သွားနေတာလဲဟင် အမေတို့မှာ. . . သားမရှိတော့ အဟင့်. . . မင်မင်းလည်းမစားရ မင်မင်းမစားရတော့. . . အင်အင်းလည်းမသွားနိုင်. . . ဟင့်. . . ဗိုက်ကလည်းဆာ. . . စားစရာကလည်းမရှိ. . . အဟိ. . . နောက်ကို အဲဒီလိုတော့မလုပ်ပါနဲ့သားရယ်. . . နောင်ဆိုရင်လေ. . . အမေ. . . လိမ်လိမ်မာမာနေပါ့မယ်. . . သားလေးမကြိုက်တာလည်း မလုပ်တော့ ပါဘူး. . . သားလေးငြိုငြင်အောင်လည်းမနေတော့ပါဘူး. . .။ အဲဒါ ဘာလို့လဲသိလား. . . သားလေးကျွေးတဲ့ထမင်းတစ်နပ်ရဲ့တန်ဖိုးကို မေ မေသိလို့. . . မေမေသိပါပြီ. . . အဟင့်. . . အဟင့်. . . အဟင့်'

ဆိုပြီး ဖြစ်နေရတော့မည်။ အဲဒီတော့ကျရင် ရင်ကိုကော့ပြီး ဘာ ပြန်ပြောမလဲ. . .

'အင်း လိမ်လိမ်မာမာနေ. . . ရှေ့လျှောက်လူလုပ်ဖို့အများကြီး ကျန်သေးတယ်. . . စသဖြင့်ပေါ့. . . '

ဒါပဲ. . .။

ကိုယ့်အတွေးနှင့်ကိုယ်တော့ ပျော်မဆုံးမော်မဆုံး. .။ ယောက္ခမ ကို မြန်မြန်ကြီးဆုံးမလိုက်ရသည်ကိုး. . .။

'ဟော့ ဇေယျာနောင်. . . ဇေယျာနောင်. . . '

ကျွန်တော့်အတွေးမဆုံးမီမှာပင် ခေါ်သံကြား၍ လှည့်ကြည့် လိုက်တော့ လမ်းထိပ်မုန့်ဟင်းခါးသည်ဒေါ်ကရင်ပု. . .။ ကျွန်တော် မျက်မှောင်ကြုတ်လိုက်ပြီး. . .

'ဘာကိစ္စလဲ. . . '

ကျွန်တော့်အမေးကို ဒေါ်ကရင်ပုမျက်နှာကိုရှုံ့၍ သူ့ခါးဝဝပေါ် လက်ထောက်တင်လိုက်ပြီး. . .

'အောင်မာ. . . ဘာမသိချင်ယောင်ဆောင်နေတာလဲ. . ရှင့် ယောက္ခမဒေါ်ခြူကြီးလေ. . . '

ယောက္ခမအသံကြားတော့ ကျွန်တော့်ခေါင်းမွေးများ ထောင်

တက်သွားရ၏။

'ကျွန်တော့်ယောက္ခမ ဘာဖြစ်လို့လဲ. . .'

ကျွန်တော့်အမေးကို ဒေါ်ကရင်ပုကနှုတ်ခမ်းအစုံကို စူထော်လိုက်ပြီး. . .

'ဘာဖြစ်ရမှာလဲ. . . ရှင့်ယောက္ခမဒေါ်ခြူကြီးက အိမ်မှာဒီနေ့ ထမင်းမချက်လို့တဲ့ သူ့သားမက်ကဒီဆိုင်မှာ အဝစားထားဆိုလို့ သူ့ခမျာ မကြိုက်ဘဲစားရတာဆိုပြီး မျက်ရည်တဝိုင်းဝိုင်းနဲ့ မုန့်ဟင်းခါးကို ပဲကြော်နှစ်ခု၊ အိုးဘဲဥ၊ ငါးဖယ်သုံးတုံးနဲ့လေးပွဲ တစ်ထိုင်တည်းလွေးသွားတာ. . .'

'ဗျာ. . .'

ကျွန်တော့်ခေါင်းတွေ ကြီးတက်သွား၏။

'ယောက္ခမတော့ကစ်ပဟ. . .' ဟူသောအတွေးများလည်း ခေါင်းထဲအစီအရီပေါ်လာ၏။ ဒါကိုဒေါ်ကရင်ပု လေထဲတွင်လက်ဝါးကိုဖြည်းညင်းစွာခုတ်ပြပြီး. . .

'မဗျာနဲ့ဦး. . . အဲဒါနဲ့မပြီးသေးဘူး. . . နေ့ခင်းစာအတွက် အစာပိတ်တွယ်ဖို့တဲ့ အုန်းနို့ခေါက်ဆွဲ ဘဲသွေး၊ ကြက်ခြေထောက်၊ ငါးဖယ်နဲ့ ပါဆယ်နှစ်ပွဲဆွဲသွားသေးတယ်. . . အဲဒီအတွက်ကုန်ကျငွေ အားလုံးပေါင်း ရှစ်ရာသုံးဆယ့်ငါးကျပ် ခုရှင်း'

'အလို. . .'

ကျွန်တော့်အသံတွေတုန်ရင်နေမှာ သေချာ၏။ ဒါကိုဒေါ်ကရင်ပုက မျက်ခုံးကိုချီပြီး. . .

'အလိုတွေ ဘာတွေလုပ်မနေနဲ့. . . စားဖို့ပြောတုန်းကပြောသွားပြီး ငွေရှင်းခါနီးမှဝေ့လည်ကြောင်ပတ်မလုပ်နဲ့. . . ကရင်ပုတဲ့ တစ်သက်နဲ့ တစ်ကိုယ် ဒီလိုပြဿနာဖြစ်မှာကြိုသိလို့ အကြွေးကိုမရောင်းခဲ့ဖူးဘူး. . . ဒါကို သားမက်နဲ့ယောက္ခမပေါင်းပြီး ရအောင်အကြွေးစားတယ် အခုပေးနော်. . .'

'အဟင့်. . .'

ဒေါ်ကရင်ပုစကားကြောင့် ကျွန်တော့်မျက်ဝန်းမှာ မျက်ရည်ဝိုင်း

တက်လာ၏။ ပြီးနောက် ဘာပြန်ပြောလို့ပြောရမှန်းမသိတော့. . .။ ကြည့်လေ. . . သူပြောပုံက သားမက်နှင့်ယောက္ခမပေါင်းပြီး အကြွေးစားသတဲ့. . .။ မျက်လုံးထဲမှာတော့ ယောက္ခမအဘွားကြီး မုန့်ဟင်းခါးနှင့်ခေါက်ဆွဲများကို အားရပါးရထိုင်ကလော်စားနေပုံသာ အထင်းသား ပေါ်လာ၏။

'ဟဲ့. . . ပေးလေ. . . ဘာကြောင်နေတာလဲ. . . ငါအော်တောင်းရမှာလား. . .'

ဒေါ်ကရင်ပု အသံကြားမှ ကျွန်တော်လည်းပျာပျာသလဲဖြစ်သွားပြီး. . .

'ဟာ. . . အော်တော့မတောင်းပါနဲ့ဗျာ. . . ရှက်စရာကြီး. . ပေးဆိုပေးပါ့မယ်. . . ရော့ ရော့. . .'

ဟုဆို၍ အိတ်ထဲမှတစ်ထောင်တန်တစ်ရွက်ကို ဆွဲထုတ်ပေးလိုက်ရာ ဒေါ်ကရင်ပုက ပိုက်ဆံကိုဆတ်ခနဲဆွဲယူပြီး. . .

'အေး. . ဒီလိုမှပေါ့. . အော်. . ရှင့်ယောက္ခမကမှာသွားသေးတယ်. . . ဇေယျာနောင်ပိုက်ဆံလာပေးရင် ပိုတဲ့ပိုက်ဆံပြန်မအမ်းပါနဲ့တဲ့ မကြိုက်လှပေမယ့် ညနေခင်းလောက်တစ်ခေါက် မုန့်ဟင်းခါးနှစ်ပွဲ သူလာလွှဲဦးမယ်ဆိုပြီး မှာသွားသေးတယ်. . .'

'ညာ. . .'

ဗျာ. . . ဟုပြောလိုက်တာပါပဲ၊ နို့ပေတဲ့ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေ နှုတ်ခမ်းနှစ်ခုကလည်းမထိမိနိုင်ဘဲ ညာ. . ဟူ၍ အသံထွက်သွားရသည်။ ဒါကိုဒေါ်ကရင်ပုက ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ကြည့်ပြီး. . .

'ဟဲ့. . . ဘာကြောင်ကြည့်နေတာလဲ. . . သွားတော့လေ. .'

ဟုဆိုလိုက်ရာ ကျွန်တော်လည်းကြောင်တောင်တောင်နှင့်. . .

'ဟုတ်ကဲ့. . . ဟုတ်ကဲ့'

ဟုဆိုကာ မုန့်ဟင်းခါးဆိုင်ရှေ့မှ လှည့်ထွက်လိုက်သည်။

စိတ်ထဲတွင်တော့ လိပ်ခဲတင်းတင်း. . .။

တော်ဝင်မြို့မစာအုပ်တိုက်

'တောက်. . ယောက္ခမ. . ယောက္ခမ. . .'

ထမင်းလေးမချက်ပေးရုံနဲ့ မုန့်ဟင်းခါးချည်းပဲလေးပွဲ၊ အုန်းနို့ခေါက်ဆွဲကနှစ်ပွဲ ပြီးတော့ပိုတဲ့ပိုက်ဆံနဲ့လာပြန်လွှေးဦးမတဲ့. . .။ ကြည့်စမ်း. . . လုပ်ပုံ. . ကိုယ့်ဘာသာကိုယ် အိမ်မှာထမင်းချက် ကျွေးရင် တောင်တစ်ထောင်လောက်ပဲကုန်မယ့်ဟာကို. . . အခုတော့တစ်ယောက်ထဲလွှေးတာ ရှစ်ရာသုံးဆယ့်ငါးကျပ်ကုန်သတဲ့. . . ကြည့်ဦး. . . ဒါတောင်ပိုတဲ့ပိုက်ဆံက ကိုယ်ရဦးမှာမဟုတ်ဘူး. . . သူကိုယ်တိုင်ပဲ လာပြန်လွှေးဦးမှာတဲ့. . .။ စဉ်းစားသာကြည့်. . .

'ဟာ ဟေ့လူကြီး. . . ဟေ့လူကြီး. . . ခဏနေပါဦးဗျ. . ခဏနေပါဦး. . .'

တွေးလေတွေးလေ ဆွေးမပြေနေတုန်းမှာပင် အော်သံကြား၍ လှည့်ကြည့်လိုက်တော့ ဝက်သားတုတ်ထိုးသည် ကိုမိုးကြီး. . .။ ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိပြန်သည်။ အတန်ကြာမှ သတိရပြီး. . .

'ဘာလဲ. . . ဝက်သားတုတ်ထိုး ကျွန်တော်မကြိုက်ဘူးဗျ. . . ခေါ်မရောင်းနဲ့. . .'

ကျွန်တော့်စကားကို ဝက်သားတုတ်ထိုးသည်ကိုမိုးကြီးက စိတ်ဆိုးသွားသလိုဟန်မျိုးနှင့်. . .

'ဟာ. . . ခင်ဗျားဘာသာခင်ဗျား ဝက်သားတုတ်ထိုးကြိုက်ကြိုက်မကြိုက်ကြိုက် ကျုပ်ကခင်ဗျားကိုခေါ်ရောင်းမှာမဟုတ်ဘူး. . . အခုဟာက ခင်ဗျားယောက္ခမကိစ္စဗျ. . . ခင်ဗျားယောက္ခမကိစ္စ. . .'

'ဗျာ. . . ယောက္ခမကိစ္စ ဟုတ်လား. . .'

ယောက္ခမအသံကြားတော့ ကျွန်တော့မျက်လုံးအစုံအပြင်သို့ ရောက်လာရပြန်၏။ ဒါကို ဝက်သားတုတ်ထိုးသည် ကိုမိုးကြီးကဝက်သားများကို တုတ်တံနှင့်သီရင်း. . .

'ဟုတ်တယ်ဗျ. . . ခင်ဗျားယောက္ခမ. . .'

'ဘာလဲ ဆုံးပြီလား. . .'

ကျွန်တော့်ရဲ့ဝမ်းသားအားရအမေးကို တုတ်ထိုးသည်ကမျက်နှာ

ရှုံ့မဲ့လိုက်ပြီး. . .

'ဘာလို့ဆုံးမှာလဲဗျ. . နေ့ခင်းကြောင်တောင်ကတောင် အိမ်မှာ ထမင်းမချက်လို့ဆိုပြီး ခင်ဗျားကဒီဆိုင်မှာအဝစားဖို့ပြောခဲ့တယ်ဆိုပြီး မကြိုက်လှပေမယ့် မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ ဝက်သားတုတ်ထိုး တစ်ထောင့်နှစ်ရာဖိုးနဲ့ ဝက်ဆွပ်ပြုတ်ပါဆယ်နှစ်ပွဲ ဝင်ဆွဲသွားတယ် အဘွားကြီး သနားပါတယ်ဗျာ သိပ်လည်းမနှိပ်စက်ပါနဲ့'

'ဗျာ. . . အဲဒါ. . . အဲဒါ. . .'

ဝက်သားတုတ်ထိုးသည်စကားကြောင့် ကျွန်တော်လည်းယောင်လည်လည်ဖြစ်သွားရကာ လက်ညှိုးကိုသာ လေထဲကြောင်တောင်တောင်နှင့်ဝိုင်းနေမိ၏။ ဝက်သားတုတ်ထိုးသည်က သူ့ဝက်သားများကို ရွှေရောင်းနေသလို ဟန်တခွဲသားနှင့်လှီးဖြတ်ပြီး. . .

'အဲဒါ ခင်ဗျားလာရင် သူစားထားတဲ့ တုတ်ထိုးဖိုးတောင်းလိုက်ပါတဲ့. . . ပေး တစ်ထောင့်ခြောက်ရာ ကျုပ်ဈေးဝယ်ရဦးမယ်. . .'

'ဗျာ. . .'

ကျွန်တော်၏အသံမှာ ဝမ်းနည်းမှုများနှင့်တုန်ခါနေ၏။ ဝက်သားတုတ်ထိုးသည်က ဝက်ခေါင်းကိုခေါက်မိုးပြီး. . .

'ဘာလဲ. . . မပေးဘူးလား. . . ကျုပ်ကတစ်နေ့ရောင်းရငွေ တစ်နေ့ရှင်းနေရတာ. . . ခင်ဗျားယောက္ခမတစ်ယောက်ထဲ အကုန်စားသွားလို့ကျုပ်အရင်းကုန်ပြီ. . . အဲဒီငွေမရလို့ကတော့ ရပ်ကွက်ရုံးမှာ သွားတိုင်မှာ . . . ပေးရင်ပေးနော်. . . မပေးလို့ကတော့ စက်တိုင်ထိတက်ရတက်ရ တက်ပစ်လိုက်မှာ. . . ဘာမှတ်လဲ. . . တုတ်ထိုးမိုးကြီးဆိုတာ ငါပဲ. . .'

'ရာ. . .'

တုတ်ထိုးသည်ကိုမိုးကြီး ကြိမ်းမောင်းစကားကြောင့် ကျွန်တော်ဗျာပင်မပီတော့။ အတန်ကြာမှ သတိရသွားပြီး. . .

'ဟ သူစားတာ သူပေးပေါ့ဗျ. . . ကျုပ်နဲ့ဘာဆိုင်လို့လဲ. . ကျုပ်စားရတာလည်းမဟုတ်. . . သူ့ဆီမှာတုန်းကဘာလို့မတောင်းတာလဲ. . .'

ကျွန်တော့်စကားကို တုတ်ထိုးသည်က မျက်နှာရှစ်ခေါက်ချိုး လိုက်ပြီး. . .

'ကျုပ်လည်းတောင်းတာပဲဗျ. . . သူကမထိုတက်တေးနဲ့ သူ့သမက်ရှိတယ်တဲ့. . . သမက်ဆီမတောင်းဘဲ သူ့တောင်းရပ့ါမလား ဆိုပြီး စိတ်တောင်ဆိုးသွားသေးတယ်. . . သူကတောင်ပြောသွားသေး တယ်. . . ငါ့သမီးကိုသူယူထားတာတဲ့ ငါ့စားစရိတ်ရှင်းရမယ့်တာဝန် သူ့မှာရှိတယ်တဲ့. . . ဒါကြောင့် ခင်ဗျားလာမှပဲတောင်းယူတော့တဲ့. . . ကဲ. . . ပေးရင်ပေးဗျာ. . . မပေးရင်လည်း. . .'

ဟုဆို၍ကုန်းထလာရာ ကျွန်တော်လည်း ကပျာကသီဖြင့်. . .

'ဟာဟာ. . . နေပါဦး နေပါဦး. . . ရပ်ကွက်ရုံးတော့ မသွား ပါနဲ့ဗျာ. . . အားလုံးအရှက်တွေကွဲကုန်ပါမယ်. . . ဘယ်လောက်ကျလဲ ဆိုတာသာပြော. . .'

'တစ်ထောင့်ခြောက်ရာ'

'ကဲ ရော့ရော့. . . ဒီမှာနှစ်ထောင် ပိုတာ. . .'

'ရော့ ဒါယူသွား. . .'

ကျွန်တော်ပိုက်ဆံပေးလိုက်သည်နှင့် တုတ်ထိုးသည်ကအထုပ် နှစ်ထုပ် ပြန်ထိုးပေးလေရာ ကျွန်တော်လည်းကြောင်သွားပြီး. . .

'ဟ ဒါတွေကဘာတုန်းဗျ. . .'

ကျွန်တော့်အမေးကို ဝက်သားတုတ်ထိုးသည်က ထိမထင်ဟန်မျိုး နှင့် ကျွတ်ခနဲစုပ်သတ်ပြီး. . .

'ဒါ ခင်ဗျားယောက္ခမ ပါဆယ်မှာသွားတာလေ. . . ပိုက်ဆံလာ ပေးရင် ပိုတာပြန်မအမ်းနဲ့ ပါဆယ်ထုတ်ပေးလိုက်တဲ့. . . အဲဒါ. . .'

တုတ်ထိုးသည်စကားကြောင့် ကျွန်တော်စိတ်ညစ်သွားရသည်။

'ဟာဗျာ. . . ဘာပါဆယ်ထုပ်လဲဗျာ. . . ယူမသွားနိုင်ပါဘူး'

ကျွန်တော့်စကားမဆုံးခင် တုတ်ထိုးသည်က. . .

'ယူမသွားရင်နေလေဗျာ. . . ကျုပ်ကတော့ ငွေပြန်မအမ်းနိုင် ဘူး. . . သူမနက်ကတည်းကမှာထားတာဗျ. . . ခုမှမယူဘူးဆို ဘယ်

အချိန်သွားရောင်းရတော့မလဲ. . . ကဲ မကျေနပ်ရင်စခန်းရောက်မှ ရှင်းကြ တာပေါ့ဗျာ. . . ဒါ ခင်ဗျားယောက္ခမချမှတ်ခဲ့တဲ့လမ်းစဉ်ပဲ. . .'

'အဲ. . .'

သူ့စကားကြောင့် ကျွန်တော်လည်းဘာပြန်ပြောလို့ပြောရမှန်း မသိတော့. . .။ အတန်ကြာမှ သတိရပြီး. . .

'ဟာဗျာ. . . ခင်ဗျားဟာခင်ဗျား ပြန်အမ်းချင်အမ်း၊ မအမ်းချင် နေ. . . ကျုပ်တော့ ဒီအထုတ်ကြီးဆွဲမသွားနိုင်ဘူး. . .'

ဟုဆို၍လှည့်ထွက်လိုက်သည်။ ဟုတ်သည်လေ. . .။ သူလည်း တစ်ဖြုန်စ်ဖြုထိုင်ဆွဲသွားပြီးပြီ။ ဒါတောင် ပါဆယ်ပါကိုယ်က ဆွဲသွားပေးရ မယ်တဲ့. . .။ ကိုင်းစဉ်းစားသာကြည့်. . . ဆွဲနိုင်ပါဘူးဗျာ. . ဟုတ် တယ်နော့်. . .

'ဇေယျာနောင်. . . ဇေယျာနောင်. . .'

အတွေးမဆုံးမီ ခေါ်သံကြား၍လှည့်ကြည့်လိုက်တော့ လက်ဖက် ရည်ဆိုင်ပိုင်ရှင် ဦးမောင်ကူး. . .။ ကျွန်တော်လည်း စိတ်ညစ်နေပြီမို့ မျက်မှောင်ကိုကြုတ်ပြီး. . .

'ဆိုပါဦး ခင်ဗျားကရော ဘာကိစ္စလဲ. . .'

ကျွန်တော့်စကားကို ဦးမောင်ကူးကမျက်နှာကို တင်းခနဲမာလိုက် ပြီး. . .

'အောင်မာ. . . မင်းကများမျက်နှာရှစ်ခေါက်ချိုးနဲ့. . . ကြွေးယူ ပြုံးပြုံး တောင်းတော့မုန်းဆိုတာ မင်းလိုကောင်မျိုးပဲ. . .'

'ဘာဗျ'

'ဘာဗျတွေ ဘာတွေလုပ်မနေနဲ့. . . မင်းယောက္ခမ မနက်က ဆိုင်ရောက်လာပြီး လက်ဖက်ရည်တိုင်ကီရှယ်သုံးခွက်နဲ့ ပဲအီကြာနှစ်ပွဲ၊ ပေါက်ဆီသုံးလုံး အကြွေးယူသွားလို့ဟေ့. . . အကြွေးယူသွားလို့. . . အဲဒါ မင်းလာရင် တောင်းယူလိုက်ဆိုလို့ တောင်းရတာ. . .'

ကျွန်တော်လည်း ဘာမှဆက်မမေးတော့. . .။ ယောက္ခမမွေ ထားသည့်ဇာတ်လမ်းကိုး. . .။ ထို့ကြောင့် မျက်နှာကိုအိုချလိုက်ပြီး. . .

'ဘယ်လောက်ကျလဲဆိုတာသာပြောပါ. . . '

'ခြောက်ရာရှစ်ဆယ်. . . အဲ နေပါဦး. . . ပြန်အထွက်မှာ ဆမူဆာလေးကြွပ်လို့ဆိုပြီး နှစ်ခုကောက်ဝါးသွားသေးတာဆိုတော့ အဲဒါပါပေါင်းရင် ခုနှစ်ရာ့ရှစ်ဆယ်. . . '

ကျွန်တော်လည်း ဘာမှဆက်မပြောတော့ဘဲ. . .

'ရော့. . . ဒီမှာ တစ်ထောင်. . . ပိုတာသူ့အတွက်ပါဆယ်သာထုတ်ထားပေးလိုက်တော့. . . '

ဆိုတော့ ဦးမောင်ကူး၏မျက်နှာချက်ချင်းပြေသွားပြီး. . .

'ကျေးဇူးပါပဲကွာ. . . မင်းယောက္ခမကိုပြောလိုက်ပါဦး ညကျရင်အာလူးပူရီသိပ်ကောင်းတယ်လို့. . . အဲဒါအကြွေးလာစားလှည့်ပါဦးလို့. . . '

ကျွန်တော်ဘာမှပြန်မပြောတော့ဘဲ ယောက္ခမကိုအသံတိတ်ကျိန်ဆဲရင်းသာလှည့်ထွက်လိုက်သည်။

'ဟေ့ ဇေယျာနောင်. . . ဇေယျာနောင်. . . '

လှည့်ကြည့်လိုက်တော့ အအေးဆိုင်မှဒေါ်လုံး. . .။ ကျွန်တော်လည်း သူဘာကြောင့်ခေါ်တာကြိုသိနေပြီမို့. . .

'ဘယ်လောက်ကျလဲ. . . '

'ရှင့်ယောက္ခမနေ့ခင်းက ရင်ပူလို့တဲ့ ဖာလူဒါနှစ်ခွက်နဲ့ ဒိန်ချဉ်ပါဆယ်လေးခွက်. . . '

ကျွန်တော်လည်းစိတ်ရှုပ်စွာဖြင့်. . .

'ဘယ်လောက်ကျလဲဆိုတာသာပြောပါ. . . '

ဒေါ်လုံးမျက်လုံး ကလယ်ကလယ်နှင့်. . .

'ရှစ်ရာနဲ့နှစ်ဆယ်'

ကျွန်တော်အိတ်ထဲမှ ပိုက်ဆံကိုဆွဲထုတ်လိုက်ပြီး. . .

'ရော့ တစ်ထောင်. . . ပိုတာပါဆယ်သာထုတ်ထားလိုက်. . . '

ဆိုတော့ ဒေါ်လုံးကပိုက်ဆံကိုဆွဲယူပြီး. . .

'မောင်မင်းကြီးသား ကျန်းမာပါစေ. . . ချမ်းသာပါစေ. . . ယောက္ခမကိုရိုသေလို့ အသက်ရှည်ပါစေ. . . 'တဲ့

ကိုင်း. . . ကြည့်ဦး. . ဆုတောင်းပေးတာလေ. . .။ ကျွန်တော့် မျက်နှာကိုသာရှုံ့ထားမိ၏။ ယောက္ခမရှိသေအသက်ရှည်ရမတဲ့. . .။ ဒီလို ယောက္ခမမျိုးကိုရှိသေမိလို့ စိတ်ကျန်းမာရေးဆေးရုံ ရောက်နေကြတဲ့သား မက်တွေလည်း နည်းမှာမဟုတ်ဘူး. . .

'ဇေယျာနောင်. . ဇေယျာနောင်. . . '

'ဘယ်လောက်လဲ. . . '

ခေါ်သံကြားသည်နှင့် ကျွန်တော်လှည့်ပင်မကြည့်ဘဲ ခပ်မာမာ မေးလိုက်၏။

'လက်ဖက်သုပ်နှစ်ပွဲ. . . ခရမ်းချဉ်သီးသုပ်ပါဆယ်. . . အားလုံးခြောက်ရာ့ရှစ်ဆယ်. . . '

'ရော့ ပိုတာပြန်မအမ်းနဲ့ ပါဆယ်သာထုတ်ထား. . . '

ဟုဆို၍ တစ်ထောင်တန်တစ်ရွက်ပေးပြီး ခြေတစ်လှမ်းပြန်အစ

'ဇေယျာနောင်. . . ဇေယျာနောင်. . . သုံးရာ့ရှစ်ဆယ်. . . '

'ဇေယျာနောင်. . . ကိုးရာ့သုံးဆယ်. . . '

'ဇေယျာနောင်. . . ဇေယျာနောင်. . . နှစ်ရာ့တစ်ဆယ်'

'ဇေယျာနောင်. . . ဇေယျာနောင်. . . '

. . . . . . . . . .

. . . . . . . . . .

. . . . . . . . . .

ဤသို့ဖြင့် ခြေတစ်လှမ်းစလိုက်တိုင်း ငွေတစ်ထောင်ကျပ်နှုန်းနှင့် အားလုံးပေါင်း တစ်သောင်းရှစ်ထောင်နှင့်ကိုးရာကျ၏။

ကိုယ်ဘာသာကိုယ် အိမ်မှာနေပြီး ထမင်းချက်ကျွေးလျှင် တစ်ထောင့်ငါးရာထက်ပိုမကျနိုင်သည်ကို ထမင်းတစ်ရက်လေးမချက်မိ (ရိက္ခာဖြတ်မိ) သည်နှင့်ကျသည့်ငွေပေါင်းနှစ်သောင်းခန့်ဖြစ်သွားပြီ။ တစ် ပတ်ခန့်ဆို မည်မျှကျသွားနိုင်သည်ကိုတွေးမိရင်း ဇောချွေးများစိမ့်ထွက် လာသည်။

ကျွန်တော်လည်း မည်သို့ကြံရမှန်းမသိတော့။ နောက်ဆုံးတော့

ဒေါသထွက်ထွက်နှင့် ဒီယောက်ခမကိုတော့ မှတ်လောက်သားလောက် အောင် ပြောပစ်မှပဲတန်ကာ ကျမယ်ဟုဆုံးဖြတ်ပြီး နေအိမ်သို့သာ သုတ် ခြေတင်ခဲ့မိသည်။

အိမ်သို့ရောက်သည်နှင့် ကြမ်းတော့မဟဲ့လို့ စိတ်ပိုင်းဖြတ်၍ ဝုန်းခနဲအိမ်ပေါ်ခုန်အတက်. . .

ဖျတ်ခနဲဝင်းလက်သွားသောမျက်ဝန်းနက်တစ်စုံ. . .။

စိတ်လျော့အားငယ်နေသလို ခွေးခြေခုံကလေးပေါ်ခေါင်းလေး တင်၍ ငိုင်ငေးနေရှာသော ချစ်သူ. . .။

ကျွန်တော့်ကိုမြင်သည်နှင့် အပြေးတစ်ပိုင်းနှင့်ထလာပြီး. . .

'ဘယ်သွားနေတာလဲမောင်ရယ်. . . တစ်နေ့လုံးစိတ်ပူလိုက် ရတာ. . .'

ချစ်သူ၏လေသံပျော့ပျော့ကြောင့် ခုနငယ်ထိပ်ရောက်နေသော ဒေါသတို့ ချက်ချင်းလွင့်ပျောက်သွားရ၏။ ကျွန်တော့်မှာကားကြိတ်ခံရ သောခွေးအလို အင်အင်ပင်မအော်နိုင်ဘဲ အသံတွေတိတ်လို့. . .။

ချစ်သူက ခပ်ဆွေးဆွေး ငေးကြည့်နေမိသည်. . .။

'နောက်ဆို. . . အဲဒီလို လျောက်မသွားပါနဲ့မောင်ရယ်. . . ချို စိတ်ပူလွန်းလို့ပါ. . .'

ချစ်သူ၏မျက်ဝန်းတွင် မျက်ရည်စတို့ဝေ့သီနေ၏။ ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ပြီးနောက်ဘာမှမပြောတော့ဘဲ ချစ်သူကိုကျော် တက်ရင်း အိမ်ထဲလှမ်းဝင်လိုက်သည်။

'ဟင်. . .'

မြင်ရသောမြင်ကွင်းက မျက်ဝန်းအစုံကို ပြူးကျယ်စေ၏။ ကြည့်ဦး. . . အဘွားကြီးလုပ်ပုံ. . .။

စားစရာခွက်ယောက်များကို ဆိုင်းဝိုင်းစီထားသလိုသူ့ပတ်ပတ် လည်စီချထားပြီး သူက ထိုမုန့်ပဲသားရေစာအလယ်တည့်တည့်တွင် မိန့်မိန့် ကြီးထိုင်ပြီး တစ်ယောက်ထဲ တစ်ခုပြီးတစ်ခု စိမ်ပြေနပြေ ထိုင်လွေးနေ၏။ လက်ထဲမှာလည်း ပေါက်စီတစ်ဖက်၊ ကြက်ကင်တစ်ဖက်နှင့် ဒိန်ချဥ်ခွက်

ကိုတောင် ဦးမင်းကျော်အရက်ပုလင်းမော့သလို အားရပါးရ မော့သောက်လိုက်သေး၏။ ပြီးနောက်ခွက်များကို ဆိုင်းဝိုင်းတီးသလို လက်ဖျားကလေးနှင့် တို့ထိကစားနေသေး၏။ သူ့ကိုကြည့်ပြီး ကျွန်တော့်ဒေါသတို့ ထောင်းခနဲ ဖြစ်ရပြန်သည်။

ပြီး အံကြိတ်မိသည်။ ပြီးမျက်ရည်ဝဲမိသည်။ ပြီး ကိုယ့်ကိုယ်ကို သနားမိသည်။ ပြီး ထိုင်ချပြီး ကြမ်းပြင်ကိုသာဖနောင့်နှင့်ပွတ်နေမိသည်ပေါ့ ခံစမ်းဇေယျာနောင်. . . ဝဋ်ကြွေးရှိသမျှခံစမ်း. . . ။

'အင်းဟာ. . . အင်းဟာ. . .'

◆ ◆ ◆

'**အဲ** ဒီလိုကွ. . .'

စောကြီးနှင့်ထွန်းလင်းအောင်တို့နှစ်ယောက်လုံး ငေးရီသွားကြ၏။ နှစ်ယောက်လုံးလည်း ကျွန်တော့်စကားကို အထူးအဆန်းဖြစ်ပြီးသတိမေ့နေပုံရ၏။ အတန်ကြာမှ ထွန်းလင်းအောင်ကသတိရပြီး. . .

'တစ်သောင်းရှစ်ထောင်နဲ့ ကိုးရာတောင်ကျတယ်. . .'

'အတိဗျား. . . အဲဒီအစွန်းထွက်တစ်ရာတောင် မုန့်ပြစ်သလက်နှစ်ခုသွားပြေးစားသေးတာ. . . အဲဒါပါပေါင်းရင် တစ်သောင်းကိုးထောင်အတိ. . .'

ကျွန်တော့်စကားကြောင့် စောကြီးမျက်မှောင်ကြုတ်လိုက်ပြီး. . .

'အဲဒီလောက်တောင်စားနိုင်လို့လား. . .'

သူ့စကားကိုကျွန်တော်အရှေ့ကစားပွဲခုံကို လက်နှင့် တဘုန်း

တော်ဝင်မြို့မစာအုပ်တိုက်

ဘုန်းပုတ်လိုက်ပြီး. . .

'စားနိုင်လို့ပြောနေတာပေါ့ကွ. . . စားနိုင်လို့ပြောနေတာ. . '

'ဘယ်လိုစားလဲ. . . '

ကျွန်တော့်စကားမဆုံးမီ ထွန်းလင်းအောင်ကဖြတ်မေး၏။ ဒါကို ကျွန်တော်က အောက်နှုတ်ခမ်းတစ်ခုထဲထော်လိုက်ပြီး . . .

'နှဲ့နှဲ့ပြီးတော့ကိုစားတာပေါ့. . . သူ့ခန္ဓာကိုယ်ကြီးကိုလှုပ်နှဲ့ပြီး အစားတွေ မဝင်ဝင်အောင်ကို သွပ်ထည့်တာ. . . ဟောဒီလို. . . '

ယောက္ခမနှဲ့နည်းဖြင့် ကျွန်တော်သူတို့ကိုနှဲ့ပြလိုက်သည်။ နှဲ့ပုံမှာ ခန္ဓာကိုယ်တစ်ခုလုံးငြိမ်ပြီး တင်ပါးဆုံနှစ်ဖက်ကိုသာ အပေါ်အောက်တစ်လှိမ့်ခြင်းနှဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ပုံကိုကြည့်ပြီး စောကြီးနှင့် ထွန်းလင်းအောင်မျက်လုံးပြူးမျက်ဆံပြူးနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးတော့. . .

'ဟေ့ကောင်. . တော်တော်. . ဒီနားကသူများယောက္ခမတွေ တွေ့ပြီး အတုလိုက်ယူနေလို့ ဒီဝန်းကျင်ကသားမက်တွေရဲ့ ဘုံရန်သူဖြစ် သွားဦးမယ်. . . '

'ဟာကွာ. . . မင်းကလည်းတစ်မျောင့်. . . '

ဘာမဆိုင် ညာမဆိုင် ထွန်းလင်းအောင်၏ စကားကြောင့် ကျွန်တော့်စိတ်သာမက မျက်နှာပါပျက်ကျသွားသည်။ နောက်သုံးယောက် သားဘာမှပင်မပြောမိကြတော့ဘဲ အတန်ကြာငေးငိုင်နေမိတော့၏။ ထုံးစံ အတိုင်း သစ်ပင်ပေါ်မှကျေးငှက်များ စိုးစီစိုးစီနှင့် အော်မြည်သံကြားရ၏။ ငှက်ကလေးများ၏အော်မြည်သံမှာ လူ၏စိတ်ကိုတော့ လွန်စွာမှပင်အေး ချမ်းမှုကိုပေးစွမ်းနိုင်လှပေသည်။ သို့သော်. . .

'ဒီလိုလုပ်ရင်တော့ ဖြစ်နိုင်တယ်'

ထွန်းလင်းအောင်ရဲ့မဆီမဆိုင်စကားကြောင့် ကျွန်တော်သူ့ကို ငေ့ကြည့်မိ၏။ ပြီးမှ. . .

'ဘယ်လိုလဲ. . . '

ထွန်းလင်းအောင်ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ငေ့ကြည့်ပြီး

စားပွဲခုံကို တဒေါက်ဒေါက်နှင့်ခေါက်နေ၏။ အတန်ကြာမှ. . .

'မင်း အရက်သောက်ပြီး အိမ်ပြန်သောင်းကျန်းပစ်'

ထွန်းလင်းအောင်၏စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး. . .

'ဟ အဲဒီလိုသောင်းကျန်းပစ်တော့ဘာဖြစ်မှာလဲကွ'

ကျွန်တော့်စကားကို ထွန်းလင်းအောင်မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာလို့မဖြစ်ရမှာလည်းကွ အဲဒီလိုသောင်းကျန်းရင် မင်းယောက္ခမ အိမ်မှာဘယ်နေရဲတော့မှာလဲ ဆင်းပြေးရပြီပေါ့ကွ ဟား ဟား. . .'

သူ့စကားကြောင့် ကျွန်တော်ဇဝေဇဝါဖြစ်သွားရ၏။

'နေပါဦးကွ. . . အဲဒီလိုသောင်းကျန်းရုံနဲ့ ဒီယောက္ခမအိမ်က ဆင်းပြေးပါ့မလား. . .'

'ဟာ. . . မင်းကလည်း'အ'ရန်ကော. . . အရက်သောက်ပြီး သောင်းကျန်းတဲ့သမက်အိမ်မှာ ဘယ်ယောက္ခမကများ နေချင်မှာလဲ. . . ရာဇဝင်မှာကိုမရှိဘူး. . .'

'မနေချင်ရင်. . .'

'မနေချင်ရင်ဆင်းသွားပေါ့ကွ. . . ဆင်းသွားပေါ့. . . ဒါပဲရှိတာပဲ. . . ဟုတ်တယ်မဟုတ်လားစောကြီး. . .'

ထွန်းလင်းအောင်က စောကြီးဘက်လှည့်၍အကူအညီတောင်း၏။ စောကြီးကခေါင်းညိတ်ထောက်ခံပြီး. . .

'ဟုတ်တယ် ဇေယျာနောင်. . . မင်းအဲဒီလိုလုပ်မှ မင်းယောက္ခမကနောင်ကျဉ်ပြီးမနေနိုင်မှာ. . . နောက်မဟုတ်ရင် ဘယ်လိုမှအိမ်က မောင်းချလို့ရမှာမဟုတ်ဘူး. . .'

သူတို့၏ထောက်ခံမှုကြောင့် ကျွန်တော်အားတက်သွားပြီး. . .

'အေး ဒါဆိုလုပ်မယ်ကွာ. . . ဘာဖြစ်ဖြစ်ဒီယောက္ခမဆင်းသွားဖို့အရေးကြီးတယ်. . .'

ကျွန်တော့်ရဲ့သန္နိဋ္ဌာန်. . .။

w w w

တော်ဝင်မြို့မစာအုပ်တိုက်

**ဧရွ**ခနဲမြောက်ပါလာသောပုလင်းကိုကြည့်ပြီး ကျွန်တော်က. . .

'ကုန်ပြန်ပြီကွ နောက်တစ်လုံး. . .'

ပြောသာပြောရသည်။ ကျွန်တော့်အာတွေလည်းလုံးနေပြီ. . ။ မျက်လုံးထဲတွင်လည်း အရုပ်တွေနှစ်ထပ်တွေဖြစ်နေ၏။ အရက်မူးတယ်ဆိုတာ ဒါပဲလား. . . ။

အမှန်အတိုင်းပြောရလျှင် ကျွန်တော်အရက်တစ်ခါမှမမူးဘူးပါ။ ဤကဲ့သို့မူးရစ်သောအရသာကိုလည်း ကျွန်တော်ကြိုက်နှစ်သက်လှသည် မဟုတ်ပါ. . . ။ သို့သော် ယောက္ခမနှိမ်နင်းရေး နည်းဗျူဟာအတွက် ကျွန်တော် မကြိုက်မနှစ်သက်သော ထိုအရက်လက်နက်ကို စိတ်ပျက် လက်ပျက် ထိုင်တပ်ဆင်နေရခြင်းဖြစ်သည်။

'ဖြစ်ပြီလား ဟေ့ကောင်. . .'

စောကြီး၏အမေးကို ကျွန်တော်စိုက်ကျနေသောခေါင်းကို ထပ်ညိတ်ပြလိုက်သည်။ စောကြီးကသာ မျက်မှောင်ကြုတ်၍. . .

'ဒါပေမဲ့ မင်းဒီပုံအတိုင်းအိမ်ပြန်ရင် ပြန်ရောက်နိုင်ပါ့မလား အဲဒါကိုပဲ ငါစိတ်ပူတယ်. . .'

ကျွန်တော်ခေါင်းကိုအနည်းငယ်ပြန်မတ်လိုက်ပြီး. . .

'ရောက်ပါတယ်ကွ. . . ပြန်တာကပြန်လို့ရောက်ပါတယ်. . ဒါပေမဲ့ အိမ်ပြန်ရောက်ရင်ဘယ်ကစပြီး ပြဿနာရှာရမလဲ. . .'

'ဟာ ဒါကတော့ ငါတို့လည်းဘယ်သိမှာလဲ. . . မင်းပြဿနာနဲ့ မင်းဥစ္စာ. . .'

'အေး အဲဒါမှပြဿနာပဲ. . . ငါကရန်မှမဖြစ်တတ်တာ. . .'

'ဒါဆို ဒီလိုလုပ်ကွာ မင်းယောက္ခမမျက်နှာ မင်းဘာသာမင်းအာရုံပြုလိုက်. . . ဒါဆိုမင်းမှာပြောစရာရှိကောင်းရှိလာမယ်. . .'

'အေး အဲဒါကောင်းတယ်. . .'

ဟုထောက်ခံပြီးမျက်လုံးကိုမှိတ်၍ ယောက္ခမမျက်နှာအာရုံပြုလိုက်သည်။ သိပ်မကြာလိုက်ပါ. . ၊ ဝက်၊ မျောက်၊ ခွေးဘီလူးသုံးဦးဖလှယ်ထားသော ယောက္ခမမျက်နှာကြီးအတွေးထဲပေါ်လာတော့ ထောင်းခနဲဒေါသ ထွက်သွားရ၏။ နောက်သက်ထက်ချိုကွဲအိပ်ပုံများ၊ ပိုက်ဆံမပေးခဲ့သည့်နေ့က ဝက်သားတုတ်ထိုးလွေးနေပုံများ အစီအရီပြန်ပေါ်လာ၏။

'တောက်. . .'

ကျွန်တော့်ရဲ့တောက်ခတ်သံကြောင့် ထွန်းလင်းအောင်နှင့်စောကြီး နှစ်ယောက်လုံး ကျွန်တော့်ကိုဝေ့ကြည့်ကြသည်။ ပြီးနောက်မျက်မှောင်ကြုတ်၍. . .

'ဟကောင်ရ ဘာဖြစ်တာလဲ. . .'

'အေးလေ. . . ထိုင်တာမှမကြာသေးဘူး. . .'

'ပြဿနာထဲမပါချင်ရင် အေးအေးဆေးဆေးနေကြစမ်း. . . ငါနားပန်ကျင်းလိုက်ရ'

'ဟကောင်ရင်ဂါတို့ ဘော်ဘော်အရင်းတွေလေ. . . ကိုယ်ချင်း ကိုယ်ချင်းတွေမကြမ်းစမ်းပါနဲ့

သူတို့စကားများကို ကျွန်တော်ဂရုစိုက်မနေတော့ဘဲ. . .

'ကဲ ငါသွားတော့မယ်. . . တွေ့ကြသေးတာပေါ့ ဒေါ်ခြူကြီးရာ'

ဆိုပြီးထိုင်ခုံမှဝုန်းခနဲထပြီး အိမ်ဘက်သို့သုတ်ခြေတင်လိုက်သည်

ဟိုနှစ်ယောက်ကတော့ ပါးစပ်အဟောင်းသားနှင့် အထူးအဆန်း သဖွယ်ကျွန်တော့်ကို ငေးကြည့်နေတုန်း. . .။

ကျွန်တော့်ခြေလှမ်းများကလည်း ကျွန်တော့်သက်တမ်း တစ်လျှောက် ဒီတစ်ခါအားအပါဆုံး. . . ဒီတစ်ခါအသွက်ဆုံး. . .။

◆ ◆ ◆

**ဟေ့**ဘယ်ယောက္ခမမှဂရုမစိုက်ဘူးကွ. . . သတ္တိရှိတဲ့ ယောက္ခမထွက်ခဲ့စမ်း. . .’

ကျွန်တော့်ရဲ့ကျယ်လောင်သောအော်သံကြောင့် အိပ်တန်းတက်ငှက်တစ်ချို့ ဝုန်းခနဲလန့်ပျံကြသည်။ နံဘေးအိမ်တစ်ချို့မှ ဖျတ်ခနဲမီးအလင်းရောင်များ ပွင့်လာသည်ကိုတွေ့ရ၏။ အိမ်ကလေးကတော့ တုတ်တုတ်ပင်မလှုပ်သေးဘဲ ငြိမ်သက်နေတုန်း. . .။

‘ဟေ့ ပြောနေတာမကြားဘူးလား. . ဘယ်ယောက္ခမမှဂရုမစိုက်ဘူးလို့. . . ဇေယျာနောင်တဲ့နော်. . . . တစ်နောင်ထဲရှိတယ်. . . နှစ်နောင်ရှိရင် ရှိတဲ့နောင်တွေ မောင်းနောင်မောင်လုပ်ပစ်မယ်. . .’

နံဘေးအိမ်များမှ တံခါးဖွင့်ပြီး ခေါင်းပြူတစ်ပြူတစ်နှင့် ကျွန်တော့်ကို တအံ့တသြထွက်ကြည့်ကြသည်။ ကျွန်တော့်အိမ်ကလေးကတော့ ငြိမ်သက်နေတုန်း. . .။

'ဟေ့ ပြောနေတာမကြားဘူးလား. . ဘယ်ယောက္ခမမှဂရုမစိုက် ဘူးလို့. . . ရှိတဲ့ယောက္ခမထွက်ခဲ့စမ်း. . . ဟားဟား. . . ဘာအခုမှကြောက် နေရတာလဲကွ. . . ဟေ. . . '

ကျွန်တော့်အိမ်ကလေးမှ ဖျတ်ခနဲမီးပွင့်လာသည်။ နောက်ကျွီ ခနဲမြည်သံနှင့်အတူ အိမ်တံခါးပါပွင့်လာ၏။ နောက်ရှေ့ဆင့်နောက်ဆင့် ပေါ်လာသော ခေါင်းနှစ်လုံး. . . ။ ယောက္ခမခေါင်းနှင့် ချစ်သူခေါင်း. . ။ ထိုခေါင်းနှစ်လုံးလုံး လုံခြည်စွန်တောင်ဆွဲ၍ ယိုင်ထိုးနေသောကျွန်တော့်ကို မြင်တော့ အံ့အားသင့်သွားကြ၏။ ကျွန်တော်က ဘယ်သူ့ကိုမှဂရုမစိုက် သလိုဟန်မျိုးနှင့် လုံခြည်ကိုသာခပ်မြင့်မြင့်မ တင်လိုက်ပြီး. . .

'ဟားဟား. . . ဘာချောင်းတာလဲဗျ. . . ဘာချောင်းတာလဲ ကျုပ်ကဒေါသထွက်ပြီဆို ဘယ်ယောက္ခမမှ ဂရုစိုက်တာမဟုတ်ဘူးနော် သတ္တိရှိတဲ့ယောက္ခမအပြင်ထွက်ခဲ့စမ်း. . . အပြင်ကိုထွက်ခဲ့လိုက်စမ်း ဘာ. . . '

ကျွန်တော်ရဲ့အော်သံကြောင့် နှစ်ယောက်လုံးကြောင်ငေးပြီး တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်ကြသည်။ ယောက္ခမ သူ့ သမီးကို ခေါင်းညိတ်အချက်ပြလိုက်သည်။ နောက်မှ ကသောကမျော ပြေးထွက်လာသော ချစ်သူ. . . ။ ကျွန်တော့်နားရောက်သည်နှင့် ကျွန် တော့်လက်မောင်းကို ဖျတ်ခနဲဆွဲလိုက်ပြီး. . .

'ဘယ်လိုဖြစ်လာရတာလဲမောင်ရယ်. . . . လူကြားမကောင်း သူကြားမကောင်း. . . '

ကျွန်တော်ချစ်သူ၏မျက်နှာကိုမကြည့်ဘဲ ခေါင်းကိုမော့ထား လိုက်၏။ ကြည့်နေလျှင်ဒေါသပြေသွားမှာစိုးလို့. . . ။ ပြီးတော့ ခါးကို ထောက်၍. . .

'ဘာမှအချိုတွေလာသတ်မနေနဲ့ သက်ထက်ချို. . . မင်းတို့မိန်းမ တွေရဲ့ပလီပလာတွေ ရိုးနေပါပြီ. . . ဟား. ဟား. . . ဒီလိုအပျော့ဆွဲ စကားမျိုးကတော့ ဇေယျာနောင်က ခြေမကိုကလိထိုးပြီး နှစ်ပြည်ဖိုး လောက်ရယ်လိုက်ချင်တယ် ဟားဟား. . . ဟားဟား. . . '

တော်ဝင်မြို့မစာအုပ်တိုက်

ကျွန်တော့်ရဲ့စကားကြောင့် ချစ်သူမျက်နှာပျက်သွား၏။ ပြီးနောက် ငိုသံဝဲဝဲကလေးဖြင့်. . .

'မောင်ရယ်. . . ချို့တို့ကိုမကျေနပ်ရင်လည်း အိမ်ထဲရောက်မှ ပြောပါ. . . အခုလိုလမ်းမလယ်ခေါင်ကြီးမှာဆိုတော့. . . '

'လမ်းမလယ်ခေါင်လည်း ဘာဖြစ်လဲ. . . သတ္တိရှိလို့အော်တာကွ . . . သတ္တိရှိလို့အော်တာ. . . သတ္တိမရှိလို့ကတော့ တံခါးရွက်ဖက်ပြီးတော့ပဲ ကြည့်နေမှာပေါ့ကွ ဟားဟားဟား. . . '

ချစ်သူ၏ စကားမဆုံးမီ ခပ်ဆတ်ဆတ်ဖြတ်ပြောသော ကျွန်တော့်စကားကြောင့် တံခါးရွက်ကိုဖားပျံကပ် ကပ်နေသောယောက္ခမ ယောင်ပြီး တံခါးရွက်ကိုလွှတ်လိုက်သည်။ ပြီးမှ သတိရသွားသလိုဟန်မျိုးနှင့် အပြင်သို့ ကပျာကယာပြေးထွက်လာပြီး. . .

'သား. . . သား. . . အောင်မလေး ဘာဖြစ်နေတာလဲ သားရယ်. . . သား. . . သား. . . '

ဟုဆိုကာ ကျွန်တော့်လက်မောင်းတစ်ဖက်ကို ခပ်ရွရွကလေးဆွဲ၏။ ကျွန်တော်လည်းသူ့ကိုအမြင်ကတ်နေသူမို့ သူ့လက်ကိုခါထုတ်လိုက်ပြီး. . . .

'ဘာ သားလဲ. . . . ဘာသားလဲ. . . ဘယ်သူ့ကိုသားလို့ခေါ်တာလဲ. . . ဇေယျာနောင်တို့က ဘယ်ယောက္ခမကမှ သားခေါ်တာမကြိုက်ဘူး. . . ခင်ဗျားကြီးရဲ့ မူရာအပလိန်းတွေကို ရာစုဝက်မှာခေါက်သိမ်းထားလိုက်တော့ ဒေါ်ချိုကြီး. . . သား. . . ဟား. . . ဟား. . . ဟား . . . တဲ့. . . ရယ်ချင်သမှချွဲအိလို့ ပက်ကျိဖြစ်တော့မယ်ဒေါ်ချိုကြီး ဖွား. . . ဟွား. . . ဟွား. . . '

ကျွန်တော့်စကားကြောင့် ယောက္ခမမျက်လုံးကလယ်ကလယ်ဖြစ်သွားသည်။ ချစ်သူကတော့ ဘာမှမတတ်နိုင်တော့သလို ငိုရှိုက်. . . ။ စိတ်မှတ်မရှိသောယောက္ခမကသာ ကျွန်တော့်နားထပ်မံ၍ကပ်လာပြီး. .

'သားရယ်. . . အမေလေ. . . အမေ. . . သားရဲ့အမေ. . '

ဟုဆို၍ မျက်လုံးကြီးပြူးပြီး သူ့ရင်ဘတ်ကိုသူဇာတ်ထဲကနောက်


ပိုင်းမင်းသမီးလိုပုတ်ပုတ်ပြ၏။ ကျွန်တော်ကလည်း သူ၏အမေဆိုသည့် အပြောကို နဂိုအော်ဂလီဆန်နေသူမို့. . .

‘ဘာအမေလဲ. . . ဘယ်သူ့ကိုအမေလို့ပြောတာလဲ. . . ကျုပ်မှာဘာအမေမှမရှိဘူး. . . ကျုပ်ရှေ့မှာအမေဆိုတဲ့အသုံးအနှုန်းမသုံးပါနဲ့ ကျုပ်ကိုခင်ဗျားမွေးထားတာမဟုတ်ဘူး. . . အဲသလိုပဲမှတ်လိုက်ပါ. . . ဟားဟား. . .’

အရက်မူးနေ၍လားတော့မသိ ပြောရသည်မှာလွန်စွာခံတွင်းမြိန်လှသည်။ စကားတွေကလည်း ဘယ်ကဘယ်လိုမှန်းမသိဘဲ ရင့်ရင့်သီးသီးတွေထွက်နေ၏။ ကြည်နူးလေစွ. . . ပီတိဖြစ်ရလေစွ. . .။ ဒါကိုပင် ယောက္ခမကြီးက ကြိတ်မနိုင်ခဲမရဟန်မျိုးနှင့် ရင်ဘတ်စည်တီး၍. . .

‘အောင်မလေးသားရယ်. . . အမေ့ကိုတောင်မမှတ်မိတော့ဘူးလားသားရယ်. . . အမေ့ကိုတောင်မမှတ်မိတော့ဘူးလား. . . အမေလေ အမေ. . . အမေ. . .’

အဘွားကြီးက ရင်ကိုကော့ကော့ပြ မျက်လုံးပြူးပြူးပြရင်း ခွေးဘီလူးတိုးတိုးလာ၏။ သူ့ကိုကြည့်ပြီးကျွန်တော်အမြင်ကတတ်စိတ်များ ပို၍ကြီးထွားလာပြီး လက်နှစ်ဖက်ရှေ့ကာကာ. . .



တော်ဝင်မြို့မစာအုပ်တိုက်

'ဘာအမေလဲ. . . ဘာအမေလဲ. . . ကျုပ်မသိဘူး. . . ကျုပ်မသိဘူး. . . ကျုပ်ကိုဘာမှလာပြောမနေနဲ့. . . ကျုပ်မှာအမေမရှိဘူး. . . ခင်ဗျားကျုပ်အမေလည်းမဟုတ်ဘူး. . .'

ဟုသံကုန်အော်ဟစ်မိသည်။ ကျွန်တော်တို့ဖြစ်နေပုံကို ရပ်ကွက်ထဲမှလူများက အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်နေ၏။ ကျွန်တော်ကတော့အမူးရှိန်နှင့် ဘာဆိုဘာမှဂရုမစိုက်တော့ဘဲ လူအုပ်ဘက်သို့လှည့်ကာ ခပ်တည်တည်နှင့်ဆက်လက်အော်ဟစ်နေလိုက်သည်။

'ကဲ ကြားတဲ့အတိုင်းပဲ အရပ်ကတို့. . . ဟောဒါကိုကျုပ်အမေတဲ့ဗျား ဟားဟားဟား. . . ကျုပ်အမေတဲ့ လူကြားလို့မှမသင့်တော်ဗျာ. . ကျုပ်အမေခင်ဗျားတို့သိတယ်မဟုတ်လား. . . ကဲ ကြည့်ပါဦး ကျုပ်အမေဟာ ဟောဒါကြီးလားလို့. . . ဟောဒီလိုလုံးတုတ်ပုံးတုတ်ကြီးလားလို့. . .'

ကျွန်တော့်ရဲ့အော်သံကြောင့် ဝိုင်းကြည့်နေသူအားလုံး အချင်းချင်းလက်တို့ကြ၏။ မေးငေါ့ကြ၏။တီးတိုးဆိုကြ၏။ ဒါကိုအဘွားကြီးကမျက်ရည်မဝိုင်းစဖူး အဝိုင်းထူး၍ တုန်ရင်သောအသံဖြင့်. . .

'အော်. . . သား. . . သား. . . အမေ့ကိုတောင် မသိတော့တဲ့သား အမေကဝမ်းနဲ့လွယ်မမွေးခဲ့ရပေမဲ့ အမေအရင်းလိုပဲချစ်ခဲ့မိပါတယ်



ဆိုတဲ့သား. . . ခါတိုင်းဆို အမေ့ကိုကန်တော့ပြီးမှ အိပ်ရာဝင်တဲ့သား. . မနက်အစောကြီးဆို အမေ့အတွက်မျက်နှာသစ်ရေယူပေးတဲ့သား. . . အလုပ်သွားရင် အမေ့ကိုအာဘွား'ရှလူး'ပြီးမှ အလုပ်အဆင်ပြေတယ် ဆိုတဲ့ သား. . . ဟင်. . . အခုတော့ အမေ့ကိုမေ့ပြီပေါ့ . . . ဟင်. . . '

'ထွီ. . . '

အဘွားကြီး မဟုတ်တာသက်သက်တန်းစီပြောချလိုက်သည်။ သူ့နှုတ်ခမ်းများက လှိုင်းတွန့်လေးသဖွယ် အထက်အောက်စုန့်ဆန်လှုပ်ရှားနေ၏။ သူ့အပိုစကားများကြောင့် ကျွန်တော်ပို၍ဒေါသထွက်သွားပြီး.

'ဘာအမေအရင်းလို့ချစ်ရမှာလဲ. . . ဘာလို့အိပ်ရာဝင်တိုင်း ကန်တော့ရမှာလဲ. . . ဘယ်တုန်းကကျုပ်ကခင်ဗျားကြီးကို မျက်နှာသစ်ဖို့ ရေခပ်ပေးရမှာလဲ. . . ခင်ဗျားမျက်နှာပွပွကြီးကို အာဘွား'ရှလူး' မယ့်အစား ခွေးအန်ဖတ်ပဲကောက်စားပစ်လိုက်မယ်. . . ပလီစိချောက် ချက်နဲ့ မဟုတ်တာတွေပြောမနေနဲ့. . . မဟုတ်တာ တွေလျှောက်ပြော မနေနဲ့. . . '

ကျွန်တော့်၏ဒေါသတကြီးအော်ဟစ်စကားကို အဘွားကြီးက သက်ပြင်းကို ဟန်ပါပါချ၊ မျက်ရည်နှင့်နှပ်များကို အကျီလက်နှင့် မာန်ပါပါ



ပင့်သုတ်ပြီး အတန်ကြာမှ. . .

'ဟင်း. . . မေမေသိပါပြီ. . . မေမေသိပါပြီ. . . သားရဲ့ရောဂါကိုမေမေသိပါပြီ. . .'

'သိရင်ဟော့ဒီအိမ်ပေါ်ကဆင်း. . အပိုစကား ဘာမှမပြောနဲ့တော့. . .'

ကျွန်တော့်စကားကို အဘွားကြီးကမျက်ရည်ကိုထမီအထက်ဆင်စ နှင့် ပင့်သုတ်လိုက်ပြီး. . .

'ဘာမှမပြောတော့ပါဘူးသားရယ်. . .'

'တစ်ခွန်းမှမပြောနဲ့တော့. . .'

'တစ်ခွန်းမှမပြောတော့ပါဘူးသားရယ်. . .'

'အသံကိုထပ်မထွက်နဲ့ဗျာ. . .'


'အသံကိုထပ်မထွက်တော့ပါဘူးသားရယ်. . .'

'တိတ်ဆိုတိတ်ဗျာ. . .'

'တိတ်ဆိုတိတ်ပါပြီသားရယ်. . .'

'တိတ်ပြီဆိုတာကိုအသံမထွက်နဲ့တော့. . .'

'တိတ်ပြီဆိုတာကိုအသံမထွက်တော့ပါဘူးသားရယ်. . .'



'တိတ်ပြီဆိုတာကိုအသံနဲနဲလေးမှမထွက်နဲ့တော့ကျုပ်မကြား ချင်ဘူး. . . '

'တိတ်ပြီဆိုတာကိုအသံနဲနဲလေးမှမထွက်တော့ပါဘူး သား ရယ် မကြားချင်ရင်မကြားစေရပါဘူး. . . '

'တော်ဗျာ တိတ် ပါးစပ်လည်းပိတ်အသံထွက်နိုင်တာမှန်သမျှ အကုန်တိတ်. . . '

# 'ဘူ'

'ဟင်. . . ခင်ဗျားကြီး ကျုပ်ကို ရွဲ့တာလားဗျ. . . ရွဲ့တာလား . . . '

'သားကိုမရွဲ့ရပါဘူးသားရယ်. . . သားကအမေပါးစပ်နဲ့အသံ ထွက်ပြီး ငိုတာကိုမကြိုက်ဘူးဆိုလို့. . . '

အဘွားကြီး၏နှာသံအပြည့်နှင့်တုန်ရင်သောစကားကြောင့် ကျွန်တော်ငေ့ကြည့်လိုက်တော့ မျက်လုံးပေကလပ်ပေကလပ်နှင့်နှာခေါင်း ပိတ်နေသော အဖွားကြီး. . . ကျွန်တော်လည်းဘာမှဆက် မပြောတော့ဘဲ မာန်ပါပါတစ်ဘက်သို့မော့နေလိုက်၏။ မမော့၍မဖြစ်. . . နံတာကလည်း ဟောင်နေတာကိုး. . . တောက်. . . မသေသေးဘူး ပုပ်နေပြီ။အဘွား ကြီးကသာ မထွက်ထွက်အောင် ညှစ်ထားသောမျက်ရည်ကို လက် ဖနောင့်နှစ်ဖက်နှင့်ပွတ်သုတ်ပြီး ရှုတ်ခနဲ ရှုတ်ခနဲ နှပ်များကိုပြန်ရှူသွင်းကာ ကျွန်တော့်ကိုတွေတွေကြီးစိုက်ကြည့်လျက်. . .

'ငါ့သားဖြစ်နေတဲ့ရောဂါအတွက် အမေကူညီမှာပေါ့. . . ကဲ သမီးရေ. . . အမေ့သားကိုထိန်းထားလိုက်ဦး အမေအပြင်သွားလိုက်ဦး မယ်. . '

ဟုဆို၍ ခြေဖဝါးနှစ်ဖက်ကိုမြေပြင်နှင့်ယက်၍ အပြင်သို့ထွက် သွားလေသည်။ သူထွက်သွားသည်နှင့် ကျွန်တော့်စိတ်ထဲတွင် ချက်ခြင်း အပျော်စိတ်များ ကြီးစိုးသွားရ၏။

'ရှေ့. . နိပ်ဟ. . . အရက်တန်ခိုးနဲ့ အဘွားကြီးတော့ အပိုးကျိုး

ပဟ. . .'

ဟုအောက်မေ့ရင်းလွန်စွာဝမ်းမြောက်ပျော်ရွှင်နေမိ၏။ သို့သော် ထိုဝမ်းမြောက်မှုများကို အမူအရာနှင့်ပြနေပါက အဘွားကြီးပြန်လည် ရောင့်တက်လာမှာစိုးရသည်မို့ ခါးကိုလက်ခုံနှင့်ထောက်ပြီး. . .

'သွား. . . သွား. . . ခင်ဗျားကြီးကျုပ်အိမ်ကို တစ်သက်လုံးပြန် မလာနဲ့သွား. . . ဟားဟား. . . ခင်ဗျားလိုအရှုပ်အထုပ်မျိုး အိမ်မှာမရှိ မှကောင်းမှာ. . .'

ဟုအော်ရင်း ဝေ့ကြည့်လိုက်တော့ ခေါင်းကိုငုံ့ မျက်ရည်သုတ်နေ သောချစ်သူ။ သူ့ကိုကြည့်ပြီး ကျွန်တော်တော့ စိတ်ထဲချက်ချင်းကရုဏာ စိတ်များ လွှမ်းမိုးသွားသည်။ သို့သော်နိုင်တုန်း ဖိထောင်းထားမှတန်ကာကျ မည်မို့ သနားစိတ်ကိုခဏဘေးဖယ်၍ ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မျက်မှောင်ကိုကြုတ်လိုက်ပြီး. . .

'မင်းကရော ဘာလို့ငိုနေတာလဲ သက်ထက်ချို. . .'

သူမဘာမှပြန်မပြောဘဲ ခေါင်းငုံ့ရင်းသာ ဆက်ငိုနေ၏။ ကျွန်တော်လည်း သနားစိတ်ကိုဘေးဖယ်ကာ အသံထပ်မြှင့်၍. . .

'မင်းဘာလို့ငိုနေတာလဲလို့ ငါမေးနေတယ်လေ. . . မင်းအမေ ထွက်ပြေးနေရလို့ငိုတယ်ဆိုရင် အခုတိတ် မတိတ်ရင်မင်းကိုပါငါမောင်း ထုတ်မှာနော်. . . ဇေယျာနောင်က သည်းခံရင်လည်းနှစ်ယောက်မရှိဘူး။ အေး. . . စိတ်ထွက်လာပြီဆိုရင် ကောင်းကင်ကိုတောင် ကျောကော့ အောင် ဒူးနဲ့တက်တိုက်မယ့်ကောင်ကွ. . . မင်းတို့မိန်းမတွေထမီအလံထူ မယ်ဆိုရင် လုံးတီးဖြစ်သွားတာပဲအဖတ်တင်မယ်ကွ ဟားဟားဟား. . .'

ချစ်သူကဘာမှပြန်မဖြေဘဲ ပို၍သည်းထန်စွာရှိုက်လိုက်သည်။ သူမ၏သည်းထန်စွာငိုကြွေးနေပုံကိုကြည့်ပြီး ကျွန်တော်လည်း ဘာဆက် ပြောလို့ပြောရမှန်းမသိဘဲ ကြောင်ငေးနေမိ၏။ အတန်ကြာမှချစ်သူ က. . .

'အိမ်ထဲဝင်ရအောင် မောင်. . .'

တဲ့. . . မူးနေတဲ့ကြားက ရင်တွေတဒိန်းဒိန်းခုန်သွား၏။

ဒီတစ်ခါတော့ အဘွားကြီးလည်းမရှိဘူးဆိုတော့. . .။ သူ့ကိုလည်းချော့ရမှာဆိုတော့. . . အဟိ. . .။ ဒါပေမဲ့ အပေါ်စီးကတစ်ပြားသားမှ မလျှော့နိုင်ဘူးဆိုသောအထာမျိုးနှင့်. . .

'မင်းရှေ့ကကြွ'

ချစ်သူကတော့ ဘာမှပြန်မပြော၊ မခို့တရို့နှင့်ရှေ့မှ ခပ်ကုပ်ကုပ်တက်သွား၏။ ကျွန်တော်ကတော့ခပ်မာမာပဲ. .။ အိမ်လှေကားပေါ်ရောက်သည်နှင့် တံခါးကိုဒုန်းခနဲပိတ်ကန်လိုက်သည်။ ပြီးနောက် ဖိနပ်ပင်မချွတ်။ အိမ်ပေါ်ဒီအတိုင်းပင်တက်လိုက်သည်။ ပြီးနောက် အိမ်ထဲရှိ ယောက္ခမပိုင်ပစ္စည်းများကို တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့်ဆွဲချလိုက်ပြီး. . .

'ကဲဟာ. . . ဒီလောက်ရှုပ်တဲ့ ယောက္ခမ. . . ကိုင်းဟာ. . . ကိုင်းဟာ. . . အင်းဟာ. . .'

ဟုအော်ဟစ်ရင်း ယောက္ခမပစ္စည်းများစိတ်ကြိုက်ဖျက်ဆီးနေလိုက်သည်။ အမှန်တော့ ဖျက်ဆီးချင်လွန်း၍တော့မဟုတ်လှ. . .။ သို့သော် ချစ်သူကိုလည်း သူ့အမေနှင့်ပတ်သက်၍ ကျွန်တော်မည်မျှစိတ်ဆိုးနေကြောင်းကိုသိစေရန်နှင့် ထိုယောက္ခမပစ္စည်းများမရှိမှ ယောက္ခမရန်မှရာသက်ပန်အေးမည်မို့ ထိုသို့ပြုလုပ်နေရခြင်းဖြစ်၏။

'ကိုင်းဟာ. . . ကိုင်းဟာ. . .'

'ဝုန်း. . .'

'ဒုန်း. . . ဒိုင်း. . .'

အိမ်တွင်း၌အတန်ကြာသောင်းကျန်းနေပြီး အားလုံးမွစာကျဲအောင်ပြုလုပ်၍စိတ်ကျေနပ်လောက်မှ. . .

'ကိုင်း. . . မှတ်ပလား'

ဟုကြိမ်းဝါးရင်း အိမ်ပေါက်ဝဘက် လှည့်ကြည့်လိုက်ရာ. . .

'ဟင်. . .'

မြင်ရသောမြင်ကွင်းများက ကျွန်တော့်ကိုအံ့အားသင့်သွားစေ၏ အပေါက်ဝတွင်တွေ့နေရသည်က အိမ်တံခါးအကွယ်ကလေးတွင် မခို့တရို့ရပ်နေသောချစ်သူ. . .။ အိမ်အပေါက်ဝတွင် မတ်မတ်ကြီးလက်ပိုက်ရပ်

နေသောဝတ်ဖြူစင်ကြယ်နှင့် မျက်နှာမည်းယောကျ်ားကြီးတစ်ယောက်၊ သူ့အနောက်ကမှ ဗလကောင်းကောင်း လူလေးငါးယောက်၊ ထိုနောက်ကမှ ရိုရိုကလေးရပ်နေသော ယောက္ခမအဘွားကြီး။ သူ့အနောက်ကမှ ရပ်ကွက်တွင်းမှ ပုပုကွကွဝေနေရ တစ်ရာကျော်ခန့်။ မဆီမဆိုင်မြင်ရသောမြင်ကွင်းကြောင့် ကျွန်တော့်ဒေါသများထောင်းခနဲထွက်သွားရပြီး အသံကုန်ဟစ်၍မေးလိုက်သည်။

'ဟေ့လူတွေ. . . ခင်ဗျားတို့က ဘယ်သူတွေလဲ. . .'

ကျွန်တော်၏ဒေါသတကြီးအမေးကို ဝတ်ဖြူစင်ကြယ်နှင့်လူက ခါးကိုကော့ ခေါင်းကိုမော့ပြီး အောင်မြင်ခန့်ငြားသောအသံဖြင့်

'မနောမစွက အပြောမဖြစ်ရအောင် တောကဟဲတဲ့တွေတောင် လေးစားတဲ့ ပယောဂဆရာ ဆရာညွှာဆိုတာငါပဲ. . .'

'ဘာ. . .'

ထိုသူ၏အပြောကြောင့် ကျွန်တော်ရုတ်တရက်ကြောင်သွားမိသေး၏။ နောက်သူ၏စကားကို နားမလည်နိုင်စွာ ဇဝေဇဝါဖြင့်. . .

'ဘာ. . . ခင်ဗျား ဘာပြောတယ်. . .'

ကျွန်တော်၏အမေးကိုဝတ်ဖြူစင်ကြယ်နှင့်လူကြီးက ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး. . .

'ဂမ္ဘီရ ဗျာဒိတနဲ့ လာသမျှပယောဂများကို ကင်းစင်လွင့်ပါးအောင်လူသူတော်များ စိတ်နှလုံးကျန်းမာရန် အစွဲဟူသမျှချွတ်တဲ့ မနောမယပန်ထျာ၊ ပရောဂဆရာ ဆရာညွှာဆိုတာငါပဲ. . .'

ခပ်တည်တည်နှင့်မိန့်မိန့်ကြီးမွက်ကြားလိုက်သော သူ့စကားကြောင့် ကျွန်တော်ကြောင်ငေးသွားမိသည်။ ပယောဂဆရာတဲ့. . ။ အိမ်ကိုဘာလာလုပ်တာလဲ. . . စဉ်းစားရင်းအမူးပါပြေချင်သွား၏။

'ခင်ဗျားအိမ်မှားနေပြီမှတ်တယ်. . . ဒီမှာပယောဂဖြစ်တဲ့လူ ဘယ်သူမှမရှိဘူး. . . ဒီတော့ ကိုယ့်လမ်းကိုယ်လျှောက်ပါ. . .'

ကျွန်တော့်ရဲ့ခပ်မာမာစကားကို ပရောဂဆရာကမိန့်မိန့်ကြီးပြုံးလိုက်သည်။ ပြီးနောက် နောက်ဘက်သို့လှည့်၍. . .

'ကိုင်း. . . မာတုဂါမကြီး မြေဖုတ်ဘီလူးဝင်ပူးနေတယ်ဆိုတာ သူပဲမဟုတ်လား. . .'

ပယောဂဆရာ၏အမေးကို အနောက်တွင်ရှိ့ရှိ့ကလေးရပ်နေသော ယောက္ခမကြီး ပျာပျာသလဲပာန်နှင့် ကျွန်တော့်ကိုလက်ညှိုးထိုးပြီး

'ဟုတ်. . . ဟုတ်ပါသဖျ. . . သူပါပဲ. . . သူပါပဲဖျ. . .'

ယောက္ခမကြီးစကားကို ပယောဂဆရာက မိန့်မိန့်ကြီးပြုံး၍ ခေါင်းညိတ်လိုက်ပြီး. . .

'အင်း. . . အင်း. . . ပယောဂအမှန်ပူးကပ်နေတဲ့သူမှန်း ဆရာသိပါပြီ. . . ဆရာ့တွေ့အကြုံအရ ရုပ်မြင်တာနဲ့ ဒီသူငယ်ရဲ့ရောဂါတော်တော်ဆိုးတယ်ဆိုတာဆရာသိပါပြီ. . . ဟုတ်တယ်မဟုတ်လား မာတု ကြီးရဲ့'

ပယောဂဆရာ၏အမေးကို ယောက္ခမကမျက်လုံးကိုပြူး၊ လက်နှစ်ဖက်ကိုဆုပ်ကိုင်ရင်း. . .

'ဆိုးပါပြီလားဖျ. . . ဆိုးပါပြီလား. . .'

ပယောဂဆရာကခပ်တည်တည်နှင့်လက်ပိုက် ခေါင်းညိတ်ပြီး. . .

'ဘယ်လောက်ဆိုးသလဲ ပြောစမ်း'

'ဘယ်လောက်ဆိုးသလဲဆိုရင်. . .

အဘွားကြီးကထပ်မဆက်ဘဲ မျက်လုံးကိုပြာကလယ် ပြာက လယ် လုပ်လိုက်သေးသည်။ ပြီးမှ. . .

'ဘယ်လောက်ဆိုးသလဲဆိုရင် အမေကို အမေမှန်းတောင်မသိတော့ပါဘူးဆရာကြီးရဲ့. . .'

အဘွားကြီး၏စကားကြောင့် ကျွန်တော်လည်းထောင်းခနဲဒေါသထွက်သွားရသည်မို့ အနီးရှိဘီရိုကို ဝုန်းခနဲကန်ပြီး. . .

'ဘာအမေလဲဗျ. . . ဘာအမေလဲ. . . ခင်ဗျားကကျုပ်အမေ မဟုတ်ဘူး. . . ကျုပ်အမေမဟုတ်ဘူး. . . ဒါကြောင့်အမေလို့မပြောနဲ့. . .'

ကျွန်တော့်ရဲ့ဒေါသတကြီးစကားကို အဘွားကြီးကအမူပိုစွာ ပယောဂဆရာနောက်သို့ ရှို့ရပ်လိုက်ပြီး. . .

'တွေ့. . . တွေ့လားဆရာ. . . အဲဒီလိုဖြစ်နေတာ. . . အဲဒီလိုဖြစ်နေတာ အပယင့်. . .'

အောင်မာ. . . မျက်ရည်များတောင်ဝိုင်းသွားသေး. . .။ အမူပိုပုံများပြောပါတယ်။ အဘွားကြီးကိုကြည့်ပြီး ပယောဂဆရာကမိန့်မိန့်ကြီး ထပ်ပြုံးလိုက်ကာ. . .

'အော် အဲဒီလောက်တောင်ဆိုးနေပြီကိုး. . . အင်းအင်း. . . ဒါပေမဲ့မပူပါနဲ့. . . ဆရာနဲ့တွေ့ရင်ရောဂါပျောက်ပြီလို့သာ သဘာထားလိုက်. . . ဟုတ်လား. . . ကဲကဲ. . . ရောဂါကုရအောင်. . .'

ဟုဆို၍ကျွန်တော့်ဘက်သို့ ခပ်တည်တည်နှင့်လှည့်ပြီး. . .

'ဟေ့ မြေဖုတ်ဘီလူး. . . သင့်ရဲ့အမည်မှန်ကိုပြောစမ်း. . .'

ဟုဆိုလိုက်ရာ ကျွန်တော်လည်းဒေါသထွက်နေလျှက်တန်းလန်းကြီး ရယ်ချင်ပက်ကျိဖြစ်သွားပြီး. . .

'ဟား ဟား. . . ဘာလာကြောင်နေတာလဲ. . . ကျုပ်ကလူဗျလူ. . . ဘာမြေဖုတ်ဘီလူးမှမဟုတ်ဘူး. . .'

ကျွန်တော့်၏ဒေါသတကြီးစကားကို ပယောဂဆရာကခပ်တည်တည်နှင့် ခေါင်းထပ်ညိတ်လိုက်ပြီး. . .

'အော်. . အော်. . . မြေဖုတ်ဘီလူး. . . မင်းကငါလိုဇမ္ဗူခွန် ယူ၊ ဝှန်ဆူဖြည့်မိုး၊ လောကအကျိုးသယ်ပိုးသူ ဆရာတစ်ဆူရှေ့မှာတောင် လူပါဆိုပြီး လိမ်ချင်သေးသပေါ့လေ. . . ဟုတ်လား. . . ဟဲ့ မြေဖုတ် သင့်ရဲ့မျက်ထောင့် အနီရောင်ပေါက်နေကတည်းက သင်ဘယ်ပရလောကကလာတယ်ဆိုတာ ငါသိတယ်ကွ. . .'

'ဟ. . . မျက်ထောင့်နီတာ အရက်သောက်လို့ဗျ. . . အရက်သောက်လာလို့. . .'

'အရက်ကငါလည်းသောက်တာပဲ. . . အဲလေ. . ဟုတ်ပေါင် ယောင်လို့. . . အဲ. . . ငါတို့သူတော်စင် ဝိဇ္ဇာဓိုရ်များဆိုတာ ဒီမျက်ထောင့်ကြည့်ရုံနဲ့အရက်ကြောင့်ဖြစ်တဲ့မျက်ထောင့်လား . . . ပယောဂကြောင့်ဖြစ်တဲ့မျက်ထောင့်လားဆိုတာ ကောင်းကောင်းကြီး ဆုံးဖြတ်နိုင်တယ်

ဟော့ရောင်. . . '

'အောင်မာ. . . သူ့ကိုယ်သူများဝိဇ္ဇာမိုရ်လေး ဘာလေးနဲ့. . . ခင်ဗျားကြီး ဝိဇ္ဇာမိုရ်ချင်ရင် တခြားသွားမိုရ်. . . ဇေယျာနောင့်အိမ်မှာလာပြီးမိုရ် လို့ကတော့ အဲဒီမိုရ် ကပိုကရိုဖြစ်သွားမယ်. . . မြဲမြဲမှတ်ထားလိုက်ပါ. . . '

ကျွန်တော်ရဲ့စကားကို ပယောဂဆရာက မျက်နှာပင်ပျက်မသွားဘဲ. . .

'အော်. . . ဒီလိုငါ့သားတော်အဂ်ါသားကြီး. . အရက်မူးပြီး သတိကင်းလွတ်နေတာကို အခွင့်ကောင်းယူပြီး နင်ဝင်ပူးခဲ့တာပေါ့လေ. . . '

ပယောဂဆရာ၏စကားများကြောင့် ကျွန်တော်လည်းစိတ်ပျက်သွားပြီး. . .

'ဟာ. . . ဘယ်နှယ့် အရက်မူးနေပါတယ်ဆိုမှ. . . ဘာဝင်ပူးရမှာလဲဗျ. . . ခင်ဗျားကလည်းတမျောင့် ၊ သွားပါဗျာ. . . လူနောက်ကြီး ကိုယ့်လမ်းသာကိုယ် အေးအေးဆေးဆေးလျှောက်ပြီး တခြားမှာသွားနောက်စမ်းပါ. . . လူနောက် သိပ်နောက်တဲ့လူ. . . '

ကျွန်တော့်ရဲ့စကားကြောင့် ပယောဂဆရာမျက်နှာပျက်သွားပြီး

'ဟဲ့ မြေဖုတ်ဘီလူး. . . သုံးကျွန်းဒီပါ စံတော်လျှံအောင်ရောင်တော်ပြန်ဆက်၊ ဗောင်းတော်လက်နဲ့ မပြုတ်သေချာ ငါဆရာအမိန့်ပေးတယ်. . . ငါဆရာရှေ့ ခြေသုတ်ပုဆိုး၊ မြွေဆွယ်ကျိုးလို လက်ဖျားဦးတင် ဒူးတုပ်ပြင်ရင်း ကျုံ့ကျုံ့ရှရှခစားပြစမ်းကွာ. . . '

ပယောဂဆရာ၏မဆီမဆိုင်စကားကြောင့် ကျွန်တော်လည်းပို၍ဒေါသထွက်သွားရပြီး. . .

'အောင်မာ. . . လူရှုးကများ. . . ကျုပ်ကဘာကိစ္စခင်ဗျားရှေ့ ဒူးထောက်ခစားရမှာလဲ. . . ခစားချင်းခစား ခင်ဗျားက ခစားရမှာ. . . ဒါကျုပ်အိမ်. . . လာစမ်း ဟိုအဘွားကြီးရော ခင်ဗျားရော ဒူးထောက်ပြီး ကျုပ်ရှေ့လာခစားစမ်း. . . '

တော်ဝင်မြို့မစာအုပ်တိုက်

ကျွန်တော့်ရဲ့စကားကြောင့် အဘွားကြီးနှင့်ပယောဂဆရာ ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

'သယ်. . . ပြောလေကဲလေ မန်းလေပြဲလေပါလား. . . ဒီပယောဂကအတော်ရင့်နေပြီ. . . မာတုဂါမကြီး အခေါ်မြန်ပေလို့ ငါဆရာလက်မတင်လေးပဲ ကယ်နိုင်တာ. . . ငါလိုအကျော်ဒေးယျ ပယောဂ ဆရာကိုများ တင်တင်စီးစီးပြန်ခံပက်နေပြီ. . . ဟဲ့. . . မြေဖုတ် ငါပြော တုန်းနာခံပြီး ဒူးထောက်ရင်ထောက် မထောက်ရင် ငါ့အပြစ် မဆိုနဲ့. . .'

ပယောဂဆရာ၏စကားကြောင့် ကျွန်တော်လုံချည်ကိုမ၍ နှုတ်ခမ်းကိုမဲ့လိုက်မိ၏။ ကြည့်လေ. . ကိုယ့်အိမ်ကိုကျူးကျူးကျော်ကျော် ရောက်လာရုံမက သူ့ကိုဒူးထောက်ခစားရမတဲ့ တင်တင်စီးစီး. . .။ ကျွန်တော်လည်းမခံချင်စိတ်နှင့် . . .

'အောင်မာ. . . ရာရာစစ ဆရာလူးနဲ့ဒဂါရှူးတွေ့ပြီးတယ်လည်း ဟုတ်နေကြသပေါ့လေ. . . ငါစိတ်မဆိုးခင်မင်းရော မင်းတပည့်တွေရော အဲ ဟိုက အဘွားကြီးရောငါ့အိမ်ကထွက်သွားရင်ထွက်သွား မထွက်သွား ရင် ကန်တော့ပြီးတောင်းပန်မှ ကျေနပ်မှာနော်'

ဟုဆို၍ သေတ္တာတစ်လုံးပေါ် မာန်ပါပါခြေချိတ်ထိုင်လိုက်သည် ကျွန်တော်၏အပြုအမူကိုမြင်တော့ ပယောဂဆရာစိတ်ဆိုးသွားသည်ထင့် သူ့အနီးအနားကတပည့်တစ်ယောက်ထံမှ ကြိမ်လုံးကိုဆွဲယူ၍. . .

'အောင်မာ. . . လူပါးဝလို့. . . အဲလေ မြေဖုတ်ပါးဝလို့. . . ကဲ. . . ပါးစပ်နဲ့မရ လက်နဲ့ပဲလက်တွေ့ပြမယ်. . .'

ဟုဆို၍ စွက်ခနဲပြေးဝင်လာရာ ကျွန်တော်လည်းထိုင်ရာကထ၍ သူ၏မေးရိုးပေါ် သို့ချိန်၍ လက်သီးကိုပစ်လွှတ်လိုက်၏။

'ခွပ်. . .'

'အောင်မလေးဗျ. . .'

ထိချက်ကမှန်သည်။ ပြင်းထန်သည်။ ပယောဂဆရာခေါင်း ပေါင်းပါလွင့်ထွက်သွားပြီး နောက်ပြန်ပက်လက်လန်လဲကျသွား၏။

သူ့ခများလည်း ကြိမ်လုံးကြီးကားယားကားယားနှင့် ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်သွားပုံရ၏။ နောက်မှ လဲနေရာကကုန်းထ၍. . .

'ဟင်. . . မင်းကင့်ါကိုထိုးတယ် ဟုတ်လား. . .'

'ထိုးတယ် ဘာဖြစ်လဲ. . .'

'အေး ဒါဆိုလည်း ငါ့အကြောင်းပြရအောင်. . . ကိုင်း. . . တပည့်တို့ ဒီမြေဖုတ်ဘီလူးကို ဝိုင်းချုပ်လိုက်ကြစမ်း. . .'

ပယောဂဆရာ၏အော်သံကြားသည်နှင့် သူ၏တပည့်များ ကျွန်တော့်ထံဝုန်းခနဲ ပြေးဝင်လာ၏။ ပြီးနောက် ကျွန်တော့်ကို လက်က တစ်ယောက် ခြေကတစ်ယောက်နှင့် ဝိုင်းဆွဲကြလေရာ. . .

'ဟာ. . . ဟေ့လူတွေ ဘာလုပ်တာလဲဗျ. . . ဘာလုပ်တာလဲ ဟာ. မလုပ်နဲ့လေဗျာ. . . မလုပ်နဲ့လေ. . .'

အများနှင့်တစ်ယောက်ဆိုတော့ ကျွန်တော့်မှာ လှည့်ပတ်ပြေးလို့ လည်းမရ ခံထိုးလို့လည်းမရနှင့် ဘယ်လိုမှရုန်းကန်မရဘဲ အမိခံလိုက်ရ သည်။

ကျွန်တော့်ကိုသူတို့အားလုံး ချုပ်မိသည်နှင့် ပယောဂဆရာက ကြိမ်လုံးကိုလက်ကဆရင်း. . .

'ကိုင်း. . . ဒီမြေဖုတ်ဘီလူးကို မှောက်လိုက်စမ်း. . .'

အားလုံးက ပယောဂဆရာ၏စကားကိုလက်ခံကာ ကျွန်တော့် ကို ဆွဲမှောက်လိုက်ကြသည်။

'ဟာ ဟေ့လူတွေ. . . ဟေ့လူတွေ. . . ဘာလုပ်တာလဲဗျ. . . ဘာလုပ်တာလဲ. . . ကျုပ်ကိုဘာလုပ်ဖို့လဲ. . . ကျုပ်ကမိကောင်းဖခင် သားသမီးနော်. . . ဒါမျိုးတွေဝါသနာမပါဘူး. . .'

ကြမ်းပြင်ပေါ် ပြားပြားကြီးကျနေသောကျွန်တော့်ကို ပယောဂ ဆရာကမိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

'မင်းကိုအစွဲချွတ်ဖို့ဟေ့. . . အစွဲချွတ်ဖို့. . . ကဲ ပြောစမ်း. . . မင်းနာမည်ဘယ်သူလဲ. . .'

ပယောဂဆရာ၏စကားကြောင့် မှောက်နေလျှက်နှင့်ပင် တင်း

သွားပြီး. . .

'အာ. . . ဒီလူ. . . ဘာလုပ်ဖို့ကျုပ်နာမည်မေးနေတာလဲ. . ကျုပ်ဘယ်သူလဲဆိုတာ တစ်ရပ်ကွက်လုံးသိတယ်. . . လာမေးမနေနဲ့. . '

ကျွန်တော့်ရဲ့ခပ်မာမာစကားကြောင့် ပယောဂဆရာ ကြာကူလီ ပြုံးပြုံးလိုက်ပြီး. . .

'အော်. . . မင်းက ငါလိုဆရာ နာမည်မေးတာတောင် နာမည်မပြောဘူးပေါ့လေ. . . ကိုင်းဟာ. . . '

ဟုဆို၍ ကြိမ်လုံးကိုလွှဲရိုက်လိုက်ရာ. . .

'ရွှမ်း. . . '

'အောင်မလေးဗျ. . . '

တင်ပါးပေါ် ရုတ်တရက်ကျလာသော နာကျင်မှုကြောင့် ကျွန်တော် ယောင်ပြီးအော်မိသွားသည်။ နောက်မှ သတိပြန်ရပြီး ဒေါသတကြီးဖြင့်. . .

'ဟေ့လူ. . . ဘာလုပ်တာလဲဗျ. . . ကျုပ်နာတယ်ဗျ. . . နာတယ်. . . '

ကျွန်တော့်ရဲ့စကားကို ပယောဂဆရာက နှုတ်ခမ်းကိုမဲ့ကာရွဲ့ကာဖြင့်. . .

'အောင်မာ. . သရဲကနာတယ်ရှိသေး. . . ကဲ. . . ပြောစမ်း မင်းနာမည်ဘာလဲ. . . '

'ဇေယျာနောင်. . . ဇေယျာနောင်. . . '

ကျွန်တော်လည်းအသားထပ်နာမည်စိုး၍ နာမည်ရင်းကိုသာ ထုတ်ပြောလိုက်ရ၏။ ဒါကို ပယောဂဆရာကမည်သို့သဘောပေါက်သည်မသိ. . .။ နှာခေါင်းကိုရှုံ့၍. . .

'အောင်မာ. . . မင်းနာမည်မေးတာကွ. . မင်းနာမည်ကိုမေးတာ. . . မင်းဝင်စီးနေတဲ့ အပေအတေကောင်ရဲ့နာမည်ကို မေးတာမဟုတ်ဘူး ကဲကွာ. . . နာမည်ရင်းမပြောဦး. . . '

'ရွှမ်း. . . '

'အောင်မလေးဗျ'

တော်ဝင်မြို့မစာအုပ်တိုက်

ဒုတိယထပ်ကျလာသောကြိမ်လုံးဒဏ်ကြောင့် ကျွန်တော်ပို၍ အသည်းခိုက်သွားရ၏။ လက်နှင့်ခြေထောက်များကိုလည်း အားကောင်း မောင်းသန်လူကြီးလေးယောက် ဝိုင်းချုပ်ထားတာဆိုတော့ လှုပ်၍ပင်မရ။ ရုန်းထွက်၍ရသောဒေါသများသာ အစွမ်းကုန်လှိမ့်ထွက်လာပြီး. . .

'ဟေ့လူတွေ. . . ကျုပ်အသားနာတယ်လို့ပြောပြီးပြီနော်. . '

'အောင်မာ. . . သရဲကတယ်လည်း ဟန်ဆောင်ကောင်း ပါလား. . . ပရောဂဆရာညာတို့က သရဲတစ်ကြောနပ်ပြီးသားပါကွ. . . ငါကဲ့သို့သော ရုပ်ပါနတ္ထဆရာညာ့ကို ဒါမျိုးပတ်လို့မရဘူး ငါ့ကောင်. . . ကိုင်းကွာ. . . '

'ရွှမ်း'

'အောင်မလေးဗျ. . . ဟာဗျာ. . . ဟေ့လူတွေ တော်ဗျာ. . . တော်. . . ကျုပ်တကယ်နာလာပြီနော်. . . '

'အောင်မာ. . . သရဲ. . သရဲလို မအော်ဘဲ လူလိုအသံထွက်နေတာပေ့ါလေ. . . ကိုင်းဟာ. . . '

'ရွှမ်း'

'အောင်မလေးဗျ. . . ဟာ ဟေ့လူ. . ခင်ဗျားနော်. . . ခင်ဗျား ကျုပ် သရဲမဟုတ်ဘူးဗျ. . . '

'အော် ဒါဆို နာနာဘာဝပေ့ါ. . . ကဲဟာ. . '

'ရွှမ်း'

'အောင်မလေးဗျ. . . အောင်မလေးဗျ. . . ကျုပ်သည်းမခံနိုင်တော့ဘူးနော်. . . ကျုပ်လွတ်လို့ကတော့ ခင်ညားကြီးကို ပြန်တွယ်မှာနော်'

'ရွှမ်း. . . '

'လေးဗျ. . . လေးဗျ. . . '

◆ ◆ ◆

‘ဟာ ဟော့ကောင် ဘယ်လိုဖြစ်လာတာလဲ. . . ကွတကွတနဲ့ ညကယောက္ခမကိုဆုံးမတာလက်လွန်ပြီး အကြောတွေတောင့်နေပြီနဲ့တူ တယ်. . .’

ကျွန်တော်သူတို့စားပွဲဝိုင်းဝင်ထိုင်လိုက်သည်။ စောကြီး နှင့်ထွန်း လင်းအောင်က ကွတကွတဖြစ်နေသောကျွန်တော့်ကို တအံ့တဩငေး ကြည့်နေတုန်း. . .

‘အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . .’

ကျွန်တော့်ရဲ့ငြီးတွားသံကြောင့် နှစ်ယောက်လုံးမျက်လုံးပြူးသွား ကြ၏။ နောက်ထွန်းလင်းအောင်က မျက်မှောင်ကြုတ်၍. . .

‘ဘာဖြစ်တာလဲကွ. . .’

သူ့အမေးကို ကျွန်တော်မဖြေနိုင်သေး၊ ဒဏ်ရာနှင့်ခုံစောင်းလွတ် အောင်ရှောင်နေရသေးသည်။ဒါကိုစောကြီးက ဘာသဘောပေါက်သည်

မသိ၊ သွားကိုဖြီးခနဲဖြဲလိုက်ပြီး. . .

'အော်. . . ငါသိပြီ. . . အဟဲ. . . ညကအရက်မူးပြီး သောင်းကျန်းလိုက်တာ ယောက္ခမ မခံနိုင်ဘဲဆင်းသွားလို့ အဟိ. . . သက်ထက်ချိနဲ့မင်းနှစ်ယောက်ထဲ . . . အဲဒါမဟုတ်လား. . .'

စောကြီး၏အမေးကို ကျွန်တော်ကမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'ဘယ်နှယ့် ယောက္ခမဆင်းသွားရမှာလဲကွ. . . မဆင်းတဲ့အပြင် ပိုဆိုး လာလို့ ဒီလိုကွလာတာ. . .'

နှစ်ယောက်လုံးမျက်လုံးပြူးသွား၏။ နောက်. . . စောကြီးက အံ့သြတကြီးဖြင့်. . .

'ဘယ်လိုပိုဆိုးလာတာလဲ. . . မင်းကိုဘာလုပ်လိုက်လို့လဲ. . မတော်မတဲ့များ. . .'

ကျွန်တော်ပို၍မဲ့လိုက်သည်။

'အာ. . . မင်းတို့ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး. . . ငါပြောတဲ့ပိုဆိုးလာတယ်ဆိုတာ အဲဒါမဟုတ်ဘူး. . .'

ကျွန်တော့်စကားကြောင့်နှစ်ယောက်သား ပါးစပ်ဟသွားကြ၏။ နောက်မှ စောကြီးက. . .

'ဟင် မင်းအရက်သောက်ပြီး သောင်းကျန်းတာတောင် မင်းယောက္ခမကဆင်းမသွားဘူးလား. . .'

'ဘယ့်နှယ့်ဆင်းရမှာလဲကွ. . . မဆင်းတဲ့အပြင် အရက်မူးတာကို မြေဖုတ်ဘီလူးဝင်စီးနေပါတယ်ဆိုပြီး ပယောဂဆရာသွားပင့်ပြီး ပယောဂဆရာကိုကြိမ်နဲ့ဆွဲခိုင်းလို့ ဒီလို'ကွ'လာတာကွ. . .'

'ဟေ. . .'

ကျွန်တော့်စကားကြောင့် နှစ်ယောက်သား မျက်လုံးပြူးပြီးငြိမ်ကျသွား၏။ ပြီးနောက် ပြောစရာစကားပျောက်ဆုံးသွားသူလို ကျွန်တော့်ကိုကြောင်ငေးကြည့်နေကြ၏။ အတန်ကြာမှ စောကြီးက. . .

'ဟ. . . အဲဒီလိုကြိမ်နဲ့ဆွဲတော့ မင်းကပြန်မထိုးဘူးလား. . .'

သူ့စကားကြောင့် ကျွန်တော်ငိုချင်သွားမိ၏။

'တစ်ချက်ပဲထိုးရတာပါကွာ. . နောက်ဆက်မထိုးရတော့ဘူး'

'ဟင်. . . ဘာလို့မရတော့တာလဲ. . .'

ကျွန်တော်နှုတ်ခမ်းကိုမဲ့လိုက်သည်။ ပြီးနောက် မနေ့ကအဖြစ်အပျက်များကို မြင်ယောင်ရင်း. . .

'ဘယ်လိုပြန်ထိုးလို့ရတော့မှာလဲကွ. . . သူ့လူ လေးယောက်က ငါ့ကို ခြေတွေရောလက်တွေရော အားလုံးဝိုင်းချုပ်ထားကြတော့ ငါ့မှာဘာမှကို မလုပ်နိုင်တော့ဘူး. . . ကြိမ်နဲ့အဆွဲခံရလို့ ဖင်တုံးကြီး ဖုသွားတာကိုသာ ကြည့်. . .'

'ဟေ. . .'

နှစ်ယောက်သား ခုံပေါ်တွင် ခပ်ရွရွလေးတင်ထားသော ကျွန်တော့်ရဲ့တင်ပါးကို ငေးကြည့်ပြီး ငြိမ်သွားကြပြန်၏။ ဘာစကားမှထပ်ထွက်မလာကြတော့ပါ. . .။

'ငါကိုက ကံဆိုးပါတယ်ကွာ. . . တောက်. . .'

ဟုရေရွတ်ရင်း ငြိမ်သက်နေလိုက်သည်။ အားလုံးရုတ်ချင်းတိတ်ဆိတ်သွား၏။

လက်ဖက်ရည်ဆိုင်နံဘေး သစ်ပင်သစ်ခေါင်းပေါက်မှ တောက်တဲ့ တစ်ကောင်ထွက်လာပြီးခေါင်းလာထွက်ညိတ်ပြ၏။ ပြီးနောက် အွပ်အယ်၊ အွပ်အယ်အသံပေး၍ အမြီးခါကာသစ်ခေါင်း ပေါက်ထဲပြန် ဝင်သွား၏။ ထိုတောက်တဲ့ကိုကြည့်ပြီးကျွန်တော်မဆီမဆိုင် ယောက္ခမကို သတိရနေမိသေး၏။ဖြစ်နိုင်လျှင်ကျွန်တော့် ယောက္ခမကိုလည်း တောက်တဲ့နှင့်အတူ သစ်ခေါင်းပေါက်ထဲသာ ထည့်ထားလိုက်ချင်သည်။ ဒါမှ တောက်တဲ့လိုခေါင်းညိတ်တတ်သော အလေ့အကျင့်ရရှိလာပေလိမ့်မည်ဟုထင်ပါသည်။ ယခုတော့ ကျွန်တော်ဘာလုပ်လုပ် ခေါင်းခါနေသောကြောင့်ကျွန်တော့်မှာ ယခုကဲ့သို့ပင်ကွနေရခြင်းဖြစ်၏။

'ငါသိပြီ. . .'

ထွန်းလင်းအောင်က တစ်စခန်းထပြန်သည်။ ကျွန်တော်နှင့် စောကြီးတစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်မိသည်။ နောက်

ထွန်းလင်းအောင်ဘက်လှည့်ကာ. . .

'ဘာသိပြန်တာလဲ. . .'

ထွန်းလင်းအောင်က သူ့အင်္ကျီကိုကော်လံထောင်လိုက်ပြီး. . .

'ဘာသိရမှာလဲ. . . မင်းယောက္ခမကိုဆုံးမဖို့နည်းပေါ့. . . မင်းယောက္ခမကိုဆုံးမဖို့နည်းလမ်း. . .'

သူ့စကားကြောင့် ကျွန်တော်အလန့်တကြား ကျွန်တော့်တင်ပါး ကျွန်တော်ပြန်စမ်းမိသည်။ နောက်မှ တုန်ရင်သောအသံဖြင့်. . .

'ဘယ်. . . ဘယ်လိုလုပ်ဦးမှာလဲဟင်. . .'

ကျွန်တော့်ရဲ့အမေးကို ထွန်းလင်းအောင်က ချက်ခြင်းအဖြေမပေးဘဲ မိန့်မိန့်ကြီးပြုံး၍ ခေါင်းညိတ်နေသေး၏။ အတန်ကြာမှ. . .

'ဒီတစ်ခါလည်း မင်းအရက်သောက်ရဦးမယ်. . .'

'ဘာ. . . အရက်သောက်ရဦးမယ်. . .'

ကျွန်တော့်ရဲ့အလန့်တကြားစကားကို ထွန်းလင်းအောင်ခေါင်းညိတ်ပြ၏။ သူ့အပြုအမူကိုကြည့်၍ လန့်ပြီးကိုယ့်တင်ပါးကိုဖောက်ခနဲပြန်ကိုင်မိ၏။

'အောင်မလေးဗျ. . . ကျွတ်ကျွတ်. . .'

နည်းနည်းလေးမှ အထိမခံသောတင်ပါးမှ ကြိမ်လုံးဒဏ်ချက်များကြောင့် ကျွန်တော်မျက်ရည်များပင်ဝိုင်းမိသေး၏။ နောက်မှ မျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

'ဟကောင်ရ. . . အရက်သောက်လို့ ပယောဂဆရာကြိမ်နဲ့အဆွဲခံထားရပါတယ်ဆိုမှ ထပ်သောက်ရင်ထပ်နာမှာပေါ့ကွ. . . ခွီးထဲမှပဲ. . .'

ကျွန်တော့်ရဲ့ခပ်ဆတ်ဆတ်စကားကို ထွန်းလင်းအောင်က မိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

'ကြိမ်နဲ့ထပ်အဆွဲမခံရအောင်လုပ်မှာပေါ့. . .'

'ဘယ်လိုလုပ်မှာလဲ. . .'

'လွယ်လွယ်လေးပါကွာ. . ပယောဂဆရာကို ငါတို့စည်းရုံးထားလိုက်မယ်. . .'

'ဟာ. . . ပယောဂဆရာကိုစည်းရုံးပြီး ကြိမ်လုံးနဲ့လက်ဆလျှော့ပြီးရိုက်ခိုင်းမလို့လား. . . မင်းဟာ မဖြစ်နိုင်တာကွာ. . .'

ကျွန်တော့်ရဲ့စကားကို ထွန်းလင်းအောင်က မျက်နှာကိုရှုံ့မဲ့၍ လက်ညှိုးငေါက်ငေါက်ထိုးပြီး. . .

'မင်းအဲဒီလောက်တုံးလို့ အဲဒီလိုခံနေရတာပေ့ါကွ. . .'

'အင်. . . ဘာဖြစ်လို့လဲ. . .'

ကျွန်တော်ယောင်နနနှင့် သူ့ကိုပြန်ကြည့်မိသည်။ ဒါကို ထွန်းလင်းအောင်က. . .

'ဘာဖြစ်ရမှာလဲကွ. . . မင်းကဒီပယောဂဆရာကို တစ်ရပ်ကွက်ထဲနေပြီးမသိဘူးလား. . .'

'ဟင့်အင်း မသိဘူး. . .'

ကျွန်တော်လည်းရိုးသားစွာပင် ခေါင်းခါပြလိုက်၏။ ဒါကိုထွန်းလင်းအောင်က. . .

'ဒါကြောင့် မင်းခံရတာ. . မသိရင်မှတ်ထား. . . ပယောဂဆရာဆရာညာဆိုတာ အရက်သမားကြီးကွ. . . အရက်သမားကြီး တစ်ချိန်လုံးမူးရူးနေတာ. . .'

'အေးလေ. . သူဘာသာသူအရက်သမားဖြစ်တာ ငါနဲ့ဘာဆိုင်လို့လဲ. . .'

ကျွန်တော့်ရဲ့ အူကြောင်ကြောင်အမေးကို ထွန်းလင်းအောင်က

'ဟ ဘာမဆိုင်ရမှာလဲကွ. . . မင်းအတွက်ပြောနေတာကို. . .'

'င့ါအတွက်. . .'

ကျွန်တော်တင်ပါးနှစ်ဖက်ကို လက်နှစ်ဖက်နှင့်အုပ်ကိုင်ပြီး မေးလိုက်သည်။ ဒါကိုထွန်းလင်းအောင်က ဘေးဘီဝေ့ကြည့်၍ အသံတိုးတိုးဖြင့်. . .

'ဒီမှာ အဲဒီဆရာညာဆိုတဲ့လူကြီးကို အရက်တိုက်စည်းရုံးလိုက်ရင် မင်းအိမ်တက်လာပြီး ဘယ်ကြိမ်နဲ့တက်ဆွဲတော့မှာလဲ. . . အဲဒီလူကြီးက အရက်သာတိုက်ရင် မျောက်က'က'ခိုင်းလို့တောင်ရတယ်. . .'

'ဟေ့ . . . ဟုတ်လား . . . '

ကျွန်တော့်ရဲ့အားတက်သရောအမေးကို စောကြီးကပါထောက်ခံလိုက်သည်။

'ဟုတ်သမှ ဟုတ်ဟုတ်တောင်နေသေး . . . ဒီလူကြီးငါသိတယ် . . . သူ့ကိုအရက်များတိုက်လို့ကတော့ မင်းကိုပါပြန်ထိုင်ကန်တော့သွားဦးမယ်. . ဒါကြောင့်တို့တွေသူ့ကိုအရက်တိုက်ပြီး စည်းရုံးထားရင် မနေ့ညကလို အဘွားကြီးကသူ့ကိုသွားပင့်လာရင်တောင် မင်းကပယောဂဖြစ် နေတာကျွန်တော်မဟုတ်ပါဘူး သူပါဆိုပြီး အဘွားကြီးကိုပါကြိမ်နဲ့ပြန်ဆွဲခိုင်းလို့ရတယ်ကွ. . . '

'အဟုတ်ဟ. . . '

ကျွန်တော့်ရဲ့ဝမ်းသာအားရစကားကြောင့် ထွန်းလင်းအောင်နှင့်စောကြီးပါ နှစ်ယောက်လုံးအားပါလာပြီး. . .

'ကဲ. . . ဒါဆို အချိန်မနှောင်းခင် ပယောဂဆရာ ဆရာညာကိုသွားပြီးစည်းရုံးရေးဆင်းရအောင်. . . '

'ကောင်းပြီ. . . ဒီညတော့ ယောက္ခမကြီးဖင်ဖုအောင် ကြိမ်နဲ့ပြန်သမခိုင်းမယ်ကွ. . . ဟားဟားဟား'

◆ ◆ ◆

ဟေးဟေး. . . မင်းကငါ့ကိုမှ ကြိုမပြောတာကွ. . ငါလည်းဘာသိမှာလဲ. . . တွယ်တာပေါ့. . . အဟေးဟေး. . . အဘွားကြီးကတောင် လက်ဆကြိုက်လို့တဲ့ ငွေငါးရာကန်တော့သေး. . . အဟေးဟေး. . .’

ဆရာညာက အရက်ခွက်ကိုမ၊ သွားကြီးဖြဲပြီး သဘောအကျကြီးကျနေ၏။ ကျွန်တော့်မှာသာ ဖင်ကြိမ်းကြိမ်းနှင့် ပြုံးရမလိုမဲ့ရမလိုဖြစ်နေ၏။ ဒါကိုထွန်းလင်းအောင်က. . .

‘အဲဒါ ဆရာ့ကိုကြိုညှိထားတာ. . . ဒီညပယောဂဝင်ပူးနေတယ် ဆိုပြီးလာပင့်ရင် မလိုက်သွားနဲ့. . . လိုက်သွားရင်လည်း ပယောဂဝင်ပူးနေတာ အဘွားကြီးပဲဆိုပြီး အဘွားကြီးကိုကြိမ်နဲ့ပြန်တွယ်ပစ်. . .’

ထွန်းလင်းအောင်စကားကို ဆရာညာက သဘောအကျကြီးကျသွားပြီး. . .

'အဟေးဟေး. . . ကောင်းပေလေ့. . . ကောင်းပေလေ့. . . ဒါပေမဲ့ လိုက်မသွားရင်ဘယ်လောက်၊ အဘွားကြီးကိုကြိမ်နဲ့ဆွဲရင် ဘယ်လောက်ဆိုတာ ကြိုပြောထားဦး. . . အဟေးဟေး. . .'

ဆရာညွှာက ဘာမှမလုပ်ခင် ဈေးစကားအရင်စပြော၏။ ဒါကို ကျွန်တော်ကလည်း အနည်းငယ်မူးရစ်နေပြီမို့. . .

'မလာရင် တစ်ထောင်ဗျာ. . . အဘွားကြီးကိုကြိမ်နဲ့ဆွဲရင် ငါးထောင်'

'ဟေ. . .'

ကျွန်တော့်စကားကြောင့် ဆရာညွှာမျက်လုံးပြူးထွက်သွားပြီး ပြီးနောက် ကတုန်ကယင်နှင့် 'မလာတစ်ထောင်၊ လာငါးထောင်' ဟုရေရွတ်ကြည့်နေသည်။ ပြီးမှ ဝင်းလက်သောမျက်ဝန်းအစုံနှင့်. . .

'အဟေးဟေး. . . ဒါ. . . ဒါဆို လာခေါ်ပါစေဆုတောင်းရမှာပဲ အဟေးဟေး. . . အဘွားကြီးကိုကြိမ်နဲ့လည်းတွယ်ရမယ်. . . ငွေငါးထောင်လည်းရမယ် အဟေးဟေး. . . ကောင်းလေစွ. . . ကောင်းလေစွ အဟေးဟေး. . .'

ပယောဂဆရာကိုကြည့်ပြီး ကျွန်တော်လည်းယောက္ခမအဘွားကြီးမျက်နှာပါတန်းပေါ်လာသည်။ ထို့ကြောင့် နှိပ်ကွပ်ချင်စိတ်များ ပိုများလာပြီး. . .

'အိုဗျာ. . . ကြိမ်နဲ့ဆွဲငါးထောင်ပုတ်ပြတ် နည်းပါတယ်. . . အဘွားကြီးကိုကြိမ်နဲ့ခပ်နာနာလေးဆွဲရင် တစ်ချက်ငါးရာဗျာ. . .'

'ဟေ. . .'

ပယောဂဆရာ၏မျက်လုံး အပြင်သို့ထွက်ကျမတတ်ပြူးကျယ်နေ၏။ ပါးစပ်ကလည်း ယင်ကောင်ဝင်ဥလို့ရလောက်အောင် ပြဲအာနေသည်။ အတန်ကြာမှ ရင်ခေါင်းသံကြီးဖြင့်. . .

'တစ်ချက်ငါးရာ. . . ဆယ်ချက်ငါးထောင်၊ အချက်နှစ်ဆယ် တစ်သောင်း၊ အချက်နှစ်ရာတစ်သိန်း၊ အချက်နှစ်ထောင်ဆယ်သိန်း. . . ဟ. . . မနည်းရမှာဟ. . .'

ပယောဂဆရာ အားပါးတရပြောသည်။ ဒါကိုကျွန်တော်က လည်း အားကျမခံအားရသံကြီးဖြင့်. . .

'မနည်းရမှာပေါ့ဗျ. . . ဒါပေမဲ့ နာတော့နာပေ့စေနော်. . .'

ကျွန်တော့်စကားကို ပယောဂဆရာက အရှေ့စားပွဲကိုဖြန်းခနဲ ပုတ်ပြီး. . .

'ဟ. . . နာတာကတော့ စိတ်ချမောင်. . . ကိုယ့်လူလိုကျားကိုး စီးစားမကုန်တဲ့ ခန္ဓာကိုယ်ကိုတောင် 'ကွ'သွားအောင်တွယ်ခဲ့သူပါ. . . ဟား. . . ဟား. . . . ကိုယ့်လက်ဆ မောင်ရင်သိပါတယ်. . .'

ပယောဂဆရာ၏စကားကြောင့် ကျွန်တော်လည်း မနေ့ညက ပြောင်ခံထားရသော နာနေသောတင်ပါးဆုံကိုအုပ်ကိုင်ပြီး. . .

'ဟာဗျာ. . . ခင်ဗျားကလည်း. . . ပြီးတာတွေပြီးပါစေတော့ ဗျာ. . . ထည့်ပြောမနေနဲ့. . .'

ကျွန်တော့်၏ရေရွတ်သံကို ပယောဂဆရာကစီးပိုင်သော အသံကြီးဖြင့်

'တကယ်ပြောတာကွ. . တကယ်ပြောတာ. . မနေ့ကမင်းကို တွယ်ရတာအားရလိုက်တာကွာ. . . ငါ့တသက်မှာတော့ ဒီတစ်ခါအရသာ အရှိဆုံးပဲမောင်. . . မင်းကငါ့ကို အရင်တစ်ချက်ထိုးလိုက်တော့ ငါလည်း ဒေါသနဲ့ပိုတွယ်လို့ကောင်းသွားတာပေါ့. . . တောက်. . . ငါ့တွယ်ပုံ တွယ်လက်ကို မင်းတို့ကိုမြင်စေစမ်းချင်တယ်. . . ရွှမ်းဝမ်းဝမ်း. . . ရွှမ်း ဝမ်းဝမ်းနဲ့. . . လိုင်သံတောင်ပါတယ်. . . ဒီမှာကြည့်စမ်း ဒီကောင့် ဖင်တုန်းကြီးဆို အသားနီတောင်လန်တယ်. . . နော်. . . ဟေ့ ကောင်. . . ဖင်လှန်ပြလိုက်. . .'

ဟုဆိုပြီး စောကြီးနှင့်ထွန်းလင်းအောင်တို့ဘက်ပါလှည့်ပြော၏။ ဒါကို ဟိုနှစ်ကောင်ကလည်း ဘုမသိဘမသိနှင့်ခေါင်းညိတ်သည်။

ပယောဂဆရာ၏စကားကြောင့် ကျွန်တော်ပင်ယောင်ပြီး မတ် တပ်ထ၍ လုံခြည်မမိသည်။ နောက်မှ သတိရသွားပြီး. . .

'ဟာ. . . ဘာလို့ပြရမှာလဲဗျ. . . ခင်ဗျားကလည်း. . .'

ဟုဆိုလိုက်မှ ပယောဂဆရာက သဘောကျသွားသလိုပြုံးပြီး. .

'တောက်. . . မင်းတို့စဉ်းစားကြည့်ကွာ. . . ငါ့တပည့်ဆိုက္ကား သမားလေးယောက်က သူ့ကိုဝိုင်းချုပ်ပေးပြီးကြမ်းပြင်ပေါ် အလျားလိုက် မှောက်ချထားပေးတာ. . . တောက်. . . ဒီကောင့်တင်ပါးကြီးကလည်း ဖောင်းလုံးနေတာကွာ. . ကြည့်မင်းတို့ကြည့်. . . '

'အော်. . . အေးအေး. . . အဟေးဟေး. . . '

'အဲဒါကို ငါကကျပ်လုံးလောက်ရှိတဲ့ အညာကြိမ်လုံးနဲ့ ရွှမ်းခနဲ ရွှမ်းခနဲဆွဲတာ. . . ဘာပြောကောင်းမလဲကွာ. . . အသံကြီးကိုက 'ဖြောင်း ဝေါင်းဝေါင်း. . . ဖြောင်းဝေါင်းဝေါင်းနဲ့. . . ဒီကောင့်တင်ပါးဆုံကြီးက လည်း အဆီတစ်ထပ်အသားတစ်ထပ် ပြောင်လက်နေတာဆိုတော့ ဆွဲလို့ကောင်း လိုက်တဲ့အမျိုးကွာ. . . ဟမ်ဘာဂါနဲ့တောင်မလဲနိုင်ဘူး . . . တောက်. . . နော်ပေ့ကောင်'

ပယောဂဆရာက မနေ့ကအဖြစ်အပျက်ကို အားရဝမ်းသာပြော ပြီး ကျွန်တော့်ဘက်ပါလှည့်မေး၏။ သူ့အမေးကြောင့် ကျွန်တော်လည်း မွှန်ထူသွားပြီး. . .

'ဟာ. . . ခင်ဗျားကြီးကလည်း. . . ကျုပ်ကိုကြိမ်နဲ့ဆွဲတဲ့ အ ကြောင်းကို ကျုပ်ကိုလာပြောနေသေးလား. . . ခင်ဗျားကြီးခံရရင်ရော ခင်ဗျားကြီးအဲဒီလိုပဲ လျှောက်ပြောနေမှာလား. . . '

ကျွန်တော့်ရဲ့ ကက်ကက်လန်စကားကြောင့် ပယောဂဆရာ လည်း သူ့အမှားသူပြန်သတိရပြီး. . .

'အော်. . . အဟေးဟေး. . . ဟုတ်သား. . ငါလည်းမနေ့က ကိစ္စအားပါသွားလို့ပါကွာ အဟားဟား. . . ကောင်းတာက တကယ် ကောင်းတယ်မောင်. . . မင်းမှောက်နေလို့မမြင်လိုက်တာ. . . ငါဆိုခုန်ခုန် ပြီးတွယ်တာ. . . မြိန်ချက်ကတော့ကမ်းကုန်ပဲ. . . '

ပယောဂဆရာ၏စကားကြောင့် ကျွန်တော်လည်းစိတ်ပျက်သွား ပြီး. . .

'ဟာဗျာ. . . ခင်ဗျားကြီးကလည်း ပြောလေကဲလေ မန်းတောင်

မမန်းရသေးဘူး ပြနေပါလား. . .'

ကျွန်တော့်ရဲ့ စိတ်ပျက်လက်ပျက်စကားကြောင့် စောကြီးက လည်းသည်းမခံနိုင်တော့၍ထင့် ပယောဂဆရာ ဆရာညာမျက်နှာကို စေ့စေ့ကြည့်ပြီး. . .

'ဟုတ်သားပဲ. . . ခင်ဗျားကလည်း. . ခံရသူကနာနေပါတယ် ဆိုမှ ခင်ဗျားကအလိုက်မသိလျောက်ပြောနေတယ်. . . အဲဒီလိုပြောကြ ကြေးဆို ခင်ဗျားစားသောက်ဆိုင်တွေမှာ ဖွန်းခိုးတဲ့အကြောင်းတွေပြောရင် ခင်ဗျားကြိုက်မလား. . .'

စောကြီး၏စကားကြောင့် ပယောဂဆရာမျက်နှာပျက်သွားသည် နောက်ဘေးဘီဝေ့ကြည့်ပြီး ခပ်တည်တည်နှင့်. . .

'ငါ့ဘယ်မှာခိုးလို့လဲကွ. . . မင်းမဟုတ်တာမပြောနဲ့. . .'

ပယောဂဆရာ၏စကားကို စောကြီးကအရှေ့စားပွဲကို တဖြန်း ဖြန်းပုတ်ပြီး. .

'အောင်မာ. . . ခင်ဗျားကပဲပြောရတယ်ရှိသေး. . ပယင်းမိုး ဘီယာဆိုင်မှာ ခင်ဗျားနဲ့ကျွန်တော်ဘီယာသောက်တုန်းက ခင်ဗျားဇွန်း သုံးချောင်းခိုးလာတာ. . . စတီးဇွန်းနှစ်ချောင်း၊ဖိုက်ဘာဇွန်းတစ် ချောင်း. . . ကိုင်း. . . ခင်ဗျားဘာငြင်းချင်သေးလဲ. . .'

'အဲဒီတုန်းက အဲဒီဇွန်းတွေငါ့အိတ်ထဲမေ့ပြီးပါလာတာပါ. . .'

ပယောဂဆရာစကားကိုစောကြီးမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'အောင်မာ. . . ဘာမေ့ပြီးပါလာတာလဲ. . . ကိုင်း ဒါဆိုခင်ဗျား နဲ့ကျွန်တော်ရွှေမြို့တော်ထမင်းဆိုင်မှာ ထမင်းစားတုန်းကရော ဝက်သား ခပ်တဲ့ဇွန်းတစ်ဇွန်း၊ ငပိရည်ခွက်ကဇွန်းတစ်ဇွန်း ခင်ဗျားမခိုးရင်ဘယ်သူခိုး လာတာလဲ. . .'

စောကြီး၏အသံကျယ်ကျယ်စကားကြောင့် ပယောဂဆရာ ခေါင်းပုဝင်သွားပြီး. . .

'ဟေ့ကောင် တိုးတိုးပြောပါဆိုကွာ. . . သူများတွေကြားကုန်ရင် ရှက်စရာကြီး. . .'

ဆရာညာ၏တောင်းပန်စကားကို စောကြီးက ဂရုမစိုက်သလို ဟန်မျိုးနှင့် အသံကိုထပ်မြှင့်လိုက်ပြီး. . .

'ဘာလို့ရှက်ရမှာလဲဗျ. . . ဟုတ်တိုင်းမှန်ရာပြောတာပဲ. . . ကျုပ်ပြောတာ မဟုတ်လို့လားပြော. . . ခင်ဗျားအရက်သောက်ပြီး ရှိတဲ့ ဇွန်းတွေကိုမခိုးလို့လား. . . ကိုင်းပြော. . . ဟုတ်ရင်ဝန်ခံစမ်းပါ. . .'

ပယောဂဆရာမျက်နှာပျက်ကြီးနှင့် သူ့ရင်ဘတ်သူ မခို့တရို့ ပုတ်ပြီး. . .

'ဟုတ်ပါတယ်ကွာ. . . ငါခိုးပါတယ်ကွာ. . .'

ပယောဂဆရာလည်း စောကြီး၏ချက်ကျလက်ကျစကားကြောင့် ဘာမှမပြောနိုင်တော့ဘဲ ဟုတ်တိုင်းမှန်ရာကို မျက်နှာငယ်လေးနှင့်ဝန်ခံလိုက်ရ၏။ ဒါကိုစောကြီးက အားမရနိုင်သေးဘဲ ပယောဂဆရာကို လက်ညှိုးငေါက်ငေါက်ဆက်ထိုးပြီး. . .

'ဒါဆို. . . ခင်ဗျား ဇွန်းသူခိုးပေ့ါ မဟုတ်ဘူးလား. . .'

စောကြီး၏ကျယ်လောင်သောစကားကို ပယောဂဆရာက မျက်လုံးကလယ်ကလယ်နှင့် ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး. . .

'အေးပါကွာ. . . ငါဇွန်းသူခိုးပါကွာ. . စတီးဇွန်းကနှစ်ချောင်း ဖိုက်ဘာဇွန်းကတစ်ချောင်းပါကွာ. . . ငါပဲခိုးတာပါကွာ. . . ငါပဲခိုးတာပါ. . . သုံးချောင်း'

ဒါကိုစောကြီးက အားမရနိုင်သေးဘဲ. . .

ကျန်တဲ့ဆိုင်တွေမှာရော. . .'

'ကိုဝင်းသိန်းဆိုင်မှာနှစ်ဇွန်း၊ ရွှေကြက်ဖမှာ ယောက်ချိုဇွန်း၊ ပန်းမြို့တော်မှာ လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ မမလေးထမင်းဆိုင်မှာ သစ်သားယောက်မတစ်ခု ငါပဲလှည့်ပတ်ခိုးခဲ့တာပါ. . .'

ပယောဂဆရာက သူ့ရင်ဘတ်သူတဘတ်ဘတ်ပုတ်ပြီး မခို့တရို့ ပြောသည်။ ထိုတော့မှ စောကြီးက အားရသလိုဟန်မျိုးနှင့် သက်ပြင်းကို ချပြီး. . .

'ကိုင်း . . . ဒါဆိုဆက်သောက် ပြီးရင် ဇွန်းတော့ခိုးမသွားနဲ့. .'

‘ခိုးပါဘူးကွာ. . . မင်းရှေ့မှာဆိုခိုးတော့ပါဘူး. . . မှတ်သွားပါပြီကွာ. . .’

ပယောဂဆရာ၏တောင်းပန်စကားကို စောကြီးကမိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

‘အေး. . . ဒါဆိုသောက်ပြီးရင် သူ့ကိုလည်းကူညီလိုက်ဦး. . .’

ပယောဂဆရာက ကျွန်တော့်ကိုအပျိုဖြန်းလေး ရည်းစားနှင့်ခိုးတွေ့သလိုမျက်လုံးလေးလှန်ကြည့်ပြီး. . .

‘ကူညီမှာပါကွာ. . . ကူညီမှာပါ. . . စိတ်ချပါ ငါတတ်စွမ်းသလောက်ကူညီမှာပါ. . . နော်. . . ငါ့ကောင်ကြီး. . .’

ပယောဂဆရာက ကျွန်တော့်ဘက်လှည့်၍ အကူအညီတောင်း၏။ ဒါကိုစောကြီးက အားမရနိုင်သေးဘဲ. . .

‘မကူညီရင်ခင်ဗျားစားသောက်ဆိုင်တွေမှာ ဇွန်းလိုက်ခိုးနေတဲ့အကြောင်း ကျုပ်လိုက်ဖွမှာနော်. . .’

စောကြီး၏မာန်ပါပါစကားကို ပယောဂဆရာက သူ့လက်မည်းမည်းလေးကိုကာပြီး. . .

‘မ. . . မလုပ်ပါနဲ့ကွာ. . . မင်းအဲဒီလိုလျှောက်ဖွလိုက်ရင် ငါတောင်ရပ်ကွက်ထဲလုပ်စားလို့မရတော့ဘဲ ဖြစ်ကုန်ပါလိမ့်မယ်. . .’

ပယောဂဆရာကတောင်းပန်၏။ ဒါကိုစောကြီးက လက်ညှိုးတည့်တည့်ထိုးပြီး. . .

‘ခင်ဗျားဘာလဲ. . .’

‘ဇွန်းသူခိုးပါကွာ. . .’

ပယောဂဆရာက သူ့ရင်ဘတ်မည်းမည်းကိုပုတ်ရင်းပြောသည်။ ပယောဂဆရာစကားကြားတော့မှ စောကြီးအဖြေမှန်ရရှိသွားသလို သက်ပြင်းချပြီး. . .

‘ကဲ ဒါဆိုသောက်. . .’

ပယောဂဆရာက ကတုန်ကယင်နှင့်သူ့ခွက်ထဲသူ အရက်တွေငှဲ၏။ ပြီးနောက်ရေပင်မရောဘဲဂွပ်ခနဲမော့သောက်လိုက်သည်။ အရက်ရှိန်

ကြောင့် သူမျက်နှာရှုံ့မဲ့သွားပြီး အမြည်းစားရန်ဇွန်းကိုလှမ်းယူရန်ပြင်လိုက်စဉ် စောကြီးက. . .

'ဟွန်းဟွန်း. . .'

ဟုအသံပြုလိုက်သည်။ သဘောကတော့ မလုပ်နဲ့နော်ဆိုသည့်သဘော. .။ စောကြီးအသံကြားတော့ ပယောဂဆရာဇွန်းကိုပင် မကိုင်ရဲတော့ဘဲ လက်ကလေးပေါင်ကြားထဲညှပ်ပြီး သွားကိုဖြဲ၍ခေါင်းခါပြသည် သဘောကတော့ မလုပ်တော့ဘူးဆိုသည်သဘော. . .။ ထိုတော့မှ စောကြီး ကကျွန်တော့်ပန်းကို လက်နှင့်ပုတ်ပြီး. .

'ဒီညတော့ မင်းအောင်မြင်မှာပါ. . .'

◆ ◆ ◆

**ခြေ** လှမ်းတွေဒယီးဒယိုင်ဖြစ်နေသည်။ လမ်းတလျှောက် ဗွက်အိုင်များပင် မရှောင်နိုင်ဘဲ တွေ့ကရာချော်နင်းလာသည့်အတွက် လူတစ်ကိုယ်လုံးညစ်ပတ်ပေပွနေပြီ. . .။

သို့သော် ကိစ္စတော့မရှိ။ ယောက္ခမကိုဆုံးမဖို့အတွက်မည်မျှပင် ပေပွပါစေ ဂရုမစိုက်တော့. .။ ပေလေလေ သူ့အတွက်ပိုကြောက်စရာ ကောင်းလေသာဖြစ်ပေလိမ့်မည်။ ယခုညတွင်တော့ ပယောဂဆရာ(ဖွန်း သူခိုး)ကိုလည်း ညှိထားပြီမို့ ဘာကိုမှကြောက်စရာမရှိတော့. . .။ ကြိမ် နှင့်အဆွဲခံရခြင်းခံရလျှင် ဒီယောက္ခမအဘွားကြီးသာ ခံရဖွယ်ရှိတော့၏။

စိတ်ကူးထဲတွင်တော့ ယောက္ခမကိုကြမ်းပြင်ပေါ် မှောက်ချလိုက် သည်။ ပြီးနောက်. . . အားပါသောကြိမ်ဆွဲချက်များကို သူ့တင်ပါးပေါ် ရွှမ်းခနဲ ရွှမ်းခနဲတင်ပေးလိုက်၏။ ပယောဂဆရာ၏ ကြိမ်ဒဏ်ကြောင့် ယောက္ခမကြီးခမျာ ကားခနဲ ကားခနဲ 'အောင်မလေးတော့. . . သေပါပြီ'

ဟူသော ငယ်သံပါအောင်အော်ဟစ်သံများ ဆူညံနေပေလိမ့်မည်။

နားထဲတွင် အီစိမ့်နေအောင်ကြားရ၏။

ကျွန်တော်ကိုယ့်အတွေးနှင့်ကိုယ် ပီတိသောမနသကြီးစွာ ပြုံးလိုက်မိသည်။ ကိုင်း ဒီညတော့ နာဖို့သာပြင်ပေတော့ ယောက္ခမရေ့. . . ဟုအသံတိတ်ဆို၍ အားပါပါနှင့် အိမ်သို့ဒယီးဒယိုင် သုတ်ခြေတင်လှမ်းလာသည်။

◆ ◆ ◆

**အိမ်** တံခါးများပိတ်နေပြီ. . .

နံဘေးအိမ်များလည်း အိပ်ချိန်မို့လို့လားမသိ အားလုံးတိတ်ဆိတ်နေသည်။ ကျွန်တော်လည်း ပတ်ဝန်းကျင်အနေအထားကိုကြည့်ပြီး ကျေနပ်စွာပြုံးလိုက်မိသည်။ ကျွန်တော်လိုချင်သောအနေအထား. . .။

ဤအချိန်မျိုးမှာအော်မှ ယောက္ခမနှင့်ကျွန်တော့်ပြဿနာကို တစ်ရပ်ကွက်လုံးသိနိုင်ပေလိမ့်မည်။ ထို့ကြောင့် ခါးတောင်းကိုတင်ပါးနှစ်မြောင်းပေါ်အောင် ကျစ်ကျစ်လိပ်ရင်း မြှောင်နေအောင်ကျိုက်လိုက်သည်။ ဖိနပ်ကိုခါးကြားထိုးလိုက်သည်။ ပြီးမှ အသံကိုမြှင့်၍. . .

'ဟေ့. . . ဘယ်ယောက္ခမမှလူမထင်ဘူးကွ. . . သတ္တိရှိတဲ့ယောက္ခမ. . .'

ကျွန်တော့်အော်သံပင်မဆုံးလိုက် ကျွန်တော့်အိမ်မီး ဖျတ်ခနဲလင်းလာပြီး အလင်းရောင်နှင့်အတူ ထွက်ပေါ်လာသောအဘွားကြီး၏အသံ

ဆိုးကြီးက. . .

'ဟော့. . ဘယ်အလေနတ်တောလဲဟော့. . အိမ်ရှေ့လာအော်နေတာ. . . ကြည့်ကြပါဦးတော်. . . တစ်ညလည်းမဟုတ် နှစ်ညလည်းမဟုတ် အရက်မူးပြီး အိမ်ရှေ့ကအော်နေရတယ်လို့. . . ကြည့်ကြပါဦးတော်. . . ကြည့်ကြပါဦး. . . အိမ်ရှေ့မှာအရက်မူးပြီးအော်ဟစ်သောင်းကျန်းနေတာ. . . ဟင်. . . ကျုပ်တို့က တရားသမားတွေမို့ တစ်ညတလေတော့ သည်းခံနိုင်ပါရဲ့. . . အခုတော့ ညစဉ်တော်ရေ့. . . ညစဉ်. . . ဟင်. . မိန်းကလေးနှစ်ယောက်ထဲနေတယ်ဆိုပြီး လာစော်ကားနေတာ. . . လာစော်ကားနေတာ. . . '

ထင်မှတ်မထားဘဲ ရုတ်တရက်ထွက်ပေါ်လာသောသူ့အော်သံကြောင့် ကျွန်တော်အမူးများပင်ပြေချင်သွား၏။ နောက် ဘာလုပ်လို့လုပ်ရမှန်းမသိဘဲကြောင်ငေးနေမိသည်။ နံဘေးအိမ်မှမီးများ ဖျတ်ခနဲပွင့်လာ ပြီး ကျွန်တော့်ကို ထွက်ကြည့်ကြသည်။ မီးအလင်းရောင်အောက်မှာ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ဖိနပ်ခါးထိုးထားသော ကျွန်တော့်ကို မြင်တော့ အားလုံးအံ့အားသင့်သွားကြသည်။ လူစုံလောက်မှ အဘွားကြီးကအိမ်ရှေ့ဖျပ်ဖျပ်လူးထွက်လာပြီး. . .

'ကြည့်ကြပါဦးတော်. . . ဟောဒီမှာ ဟောဒီအလေနတောမူးပြီးအိမ်ရှေ့လာသောင်းကျန်းနေတာတော်ရေ့. . . မူးပြီးလာသောင်းကျန်းနေတာ. . . အောင်မလေး. . . ရပ်ကွက်လူကြီးများလည်း ကြည့်နေနိုင်ရဲ့တော်. . . ကြည့်နေနိုင်ရဲ့. . . ဟင်. . . ကျုပ်တို့မှာမိန်းကလေးနှစ်ယောက်ထဲဆိုတော့ လာပြီးသောင်းကျန်းရဲတာပေါ့လေ. . . ဟင်. . . ကျုပ်တို့ကိုမသနားကြဘူးလားတော်. . . မသနားကြဘူးလားတော်ရေ့. . . ဟီး. . . အော်. . . ဘ၀ဘ၀. . . အသက်၅၀ကျော် လူရိုသေရှင်ရိုသေအရွယ်ကျခါမှ သမီးယောကျ်ားလူ့လောက်လားက ကလော်တုပ်ခံရတယ်လို့. . . မချို. . . မချို. . . ညည်းကံဆိုးလှချေကလား. . . မချိုရဲ့. . . အူးဝါး. . . . . . ဟူးဝါး. . . ဟူးဝါး'

ပြောလည်းပြော ငိုလည်းငိုသည်။ ပြီးနောက် မထွက်ထွက်

အောင်ညှစ်ထုတ်ထားသောမျက်ရည်ကို ထမီကလေးဖြေသုတ်ပြီး. . .

‘ဩော် ကိုယ်ကတော့ ကိုယ့်သမီးကိုယ့်သားလေးတွေ လူကြီးသူမနဲ့ လူရိုသေရှင်ရိုသေဖြစ်အောင်ဆိုပြီး ကိုယ့်အိမ်ကိုယ့်ရာစွန့်ပြီး လာနေပေးပါတယ်. . . သူကတော့ ကျေးဇူးမတင် ဖင်လှန်ပြတာတော်ရေ့. . . ဝါးရား. . . ဝါးရား. . .’

အဘွားကြီးက ရင်ဘတ်စည်တီးပြီး အားရပါးရငိုပြီးပြောသည်။ တစ်ရပ်ကွက်လုံးကလူများကလည်း အရက်မူးပြီးခါးတောင်းမြှောင်အောင် ကျိုက်ထားသောကျွန်တော့်ကိုသာ စိုက်ကြည့်နေကြသည်။ ရုတ်တရက် မထင်မှတ်သောအခြေအနေကြောင့် ကျွန်တော်လည်း ဘာပြောလို့ပြောရ မှန်းမသိအောင် ဆွံ့အနေမိ၏။ ဒါကိုအဘွားကြီးက ကျွန်တော့်ကိုလက်ညှိုး တထိုးထိုးနှင့် ရင်ဘတ်စည်တီးပြီး. . .

‘ဟင်. . . ကြံဖူးပေါင် ဂုဏ်ထူးဆောင်ပါတော်. . . အရက်မူး လာရင်လည်း တိုးတိုးသက်သာလာပြီးပြန်အိပ်ပေါ့. . . အခုတော့ အဲလိုဟုတ်ပေါင်တော်. . . ဟောဒီလို. . . ဟောဒီမှာကြည့်. . . ခါးတောင်း ကြီးမြှောင်နေအောင်ကျိုက် ဖိနပ်ကြီးခါးထိုးပြီး ကုန်းကုန်းအော်တာ. . . ကုန်းကုန်းအော်တာတော်ရေ့. . . ဟောဒီမှာကြည့်. . .’

အဘွားကြီး၏ကျယ်လောင်သောအော်သံကြောင့် ကျွန်တော် ခါးတောင်းကျိုက်ပဲပြန်ဖြုတ်ရမလို ဖိနပ်ပဲပြန်ဖြုတ်စီးရမလိုဖြစ်နေမိ၏။ ဒါကိုအဘွားကြီးကလည်း အလျှော့မပေးသေးဘဲ. . .

‘မနေ့ကလည်း အဲဒီအတိုင်းပါပဲတော်. . . အရက်တွေမူးပြီး လူလေးငါးယောက်ခေါ်လာပြီး အိမ်ထဲမှာကြိမ်လုံးတစ်ချောင်းနဲ့ဝင်သောင်း ကျန်းနေတာ. . . လူကြားလို့တောင် မကောင်းပါဘူးတော်. . .’

အင်. . . အဘွားကြီးကလယ်ပြီ။ မနေ့ညကကျွန်တော်အရက် မူးလာလို့ ပယောဂဝင်ပူးတယ်အမည်တပ်ပြီး ပယောဂဆရာကိုကြိမ်နဲ့ဆွဲ ခိုင်းတာ လူတိုင်းအသိ. . ။ အခုသူပြောတော့ ထိုကဲ့သို့မဟုတ်။ ကျွန်တော် ကပဲပယောဂဆရာပင့်လာပြီး အိမ်ပေါ်တက်လာသောင်းကျန်းသလိုမျိုး. ။ ကျွန်တော်လည်း မခံချင်စိတ်နဲ့ အဘွားကြီးကိုနှုတ်လှန်ထိုးရန်အပြင်

နှုတ်ခမ်းပင်မထော်ရသေး။ ထွက်ပေါ်လာသောအသံဆိုးက. . .

'အောင်မလေးတော်. . . ဒီညမှာလည်းကြည့်ပါဦး. . . ကျုပ်တို့ကစေတနာနဲ့ပါတော်. . . သားရယ် အရက်ကြိုက်တတ်ရင်လည်း သောက် သောက်ပြီးရင်လည်း အေးအေးအိပ်၊ ဒီအထိခွင့်လွှတ်နိုင်ပါတယ်တော်အခုတော့ ဟင်. . . လူကြားမကောင်း သူကြားမကောင်း . . . ရပ်ကွက်လူကြီးတို့ရဲ့ ဟောဒီငမိုက်သားလူ့ပလွှားကို အတိုင်းကြည့်နေတော့မှာလား. . .'

ကျွန်တော်ဘာမှပင်မပြောရသေးခင်မှာပင် အဘွားကြီး၏ကျယ်လောင်စူးရှသောအော်သံကြောင့်ရပ်ကွက်လူကြီးများအပြေးတစ်ပိုင်းရောက်ချလာပြီး. . .

'ဘာ. . . ဘာဖြစ်လို့လဲ. . . ဒေါ်ခြူ. . . ဘာဖြစ်လို့လဲ. . . အိမ်မှာအခိုးခံရလို့လား. . .'

ရပ်ကွက်လူကြီးဦးသန့်စင်ရဲ့ အလောတကြီးအမေးကို အဘွားကြီးကသူ့ဗိုက်ပေါ်လက်တစ်ဖက်ခေါက်တင်၍ ကျန်တစ်ဖက်ကကျွန်တော့်ကိုလက်ညှိုးငေါက်ငေါက်ထိုးကာ. . .

'အောင်မလေး ရပ်ကွက်လူကြီးတို့ရဲ့ . . . အခိုးခံရရင်ဒေါ်ဖြူတို့ ဒီလောက်အသည်းမနာပါဘူး. . ဟောဒီမှာ. . ဟောဒီလူစုတ်အရက်သမားက ကျုပ်အိမ်ရှေ့အရက်တွေမူးပြီး လာကလော်ဆဲနေလို့. . .'

ရပ်ကွက်လူကြီးများ မျက်လုံးကြီးပြူး၍ ကျွန်တော့်ကိုကြည့်ကြသည်။ အင်္ကျီဟပြဲ၊ ဖိနပ်ခါးထိုးပြီး ခါးတောင်းကိုမြှောင်နေအောင်ကျိုက်ထားသော ကျွန်တော့်ကိုမြင်တော့ အားလုံးအံ့အားသင့်သွားကြသည်။ နောက် ဦးသန့်စင်ကမသင်္ကာသလိုဟန်မျိုးနှင့်. . .

'ဟုတ်လား မောင်ဇေယျာနောင်. . . မင်းဒီအိမ်ရှေ့အော်ဆဲနေတာဆို. . .'

ဦးသန့်ဇင်ရဲ့အမေးကို ကျွန်တော်ကကျွန်တော့်အကြောင်းသိတွေပဲမို့အပိုင်ပဲဟုတွက်ပြီး မျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

'ဘယ်ဟုတ်ရ. . .'

ကျွန်တော့်စကားပင်မဆုံးလိုက်၊ ကျယ်လောင်သောအဘွားကြီး အသံကသာ. . .

'အောင်မလေး. . . ဘာမဟုတ်ရမှာလဲ သူအော်ဟစ်နေတာ တစ်ရပ်ကွက်လုံးအသိ. . . ဟောဒီမှာရပ်ကြည့်နေတဲ့သူအားလုံးဟာ သူ့ အော်သံကြားလို့ ထွက်ကြည့်ကြတာ. . . မယုံမေးကြည့်. . . '

အဘွားကြီးလက်ညှိုးညွှန်ပြရာအနီးအနားလူအားလုံး ရှဲခနဲဖြစ်သွားကြသည်။ ကြည့်ရတာ သူတို့ကိုအမှုပတ်မှာကြောက်ကြပုံရ၏။ တစ်ချို့ဆို အချင်းချင်းလက်ကုတ်၍ လှည့်ပြန်ကြကုန်၏။ မပြန်သေးသူများကတော့အဘွားကြီး၊ ရပ်ကွက်လူကြီးနှင့် ကျွန်တော်မျှသာ. . .။ အဘွားကြီးကတော့အော်ရတာ အာတွေ့၍လားတော့မသိ ဟဲဗီးမက်တယ်သံဖြင့် သံကုန်ညှစ်၍ဆက်အော်သည်။

'အောင်မလေးတော်. . တစ်ညထဲဆို ကျုပ်တို့က တရားသမားတွေ ပြောပါဘူးတော်. . . အခုတော့ ညစဉ်တော်ရေ့. . . ညစဉ်. . . အော်. . . ကိုယ့်မှာတော့ညဖက် အေးအေးချမ်းချမ်းပုတီးစိပ်မလို့လုပ် လိုက် သူကမူးပြီးတော့လာသောင်းကျန်းလိုက် တရားထိုင်မလို့လုပ်လိုက် သူကမူးပြီးရောက်လာလိုက်နဲ့. . . လာလာပြီးသောင်းကျန်းနေတာ တော်ရေ့. . . '

အဘွားကြီး၏စကားကို ရပ်ကွက်လူကြီးများ မယုံနိုင်သေးဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြန်သည်။ ရပ်ကွက်လူကြီးများသည်ကျွန်တော့်ကို အကြောင်းသိမို့မယုံမရဲဖြစ်နေပုံရ၏။ ကျွန်တော်ကလည်း ရပ်ကွက်တွင် ရှိမှန်းမသိလောက်အောင် အေးလွန်းသူမဟုတ်ပါလား. . . ။ ထို့ကြောင့် အဘွားကြီး၏စကားများက သူတို့အတွက် ဘာမှအရာမရောက်ဖြစ်နေသည်။သို့သော်ကုသိုလ်ကံကြမ္မာကိုယ့်ဖက်မပါချင်တော့ ရုတ်ချည်းအခြေအနေတစ်မျိုးပြောင်းသွားသည်။

'ဟေ့. . . ဘာဖြစ်နေတာလဲကွ. . . ဟေ. . . '

အော်သံနှင့်အတူ ကျွန်တော်တို့ဖက်ခတ်မီးတဝင်းဝင်းနှင့် လျှောက်လာသောရဲသားများ. . .။ ထိုရဲသားများကိုမြင်တော့ အဘွားကြီး

မှာ ဂျော်နီဝါးကားပုလင်းမြင်သော အရက်သမားသဖွယ် မျက်လုံးများ ဝင်းလက်သွားပြီး. . .

'အောင်မလေး. . . ကျွန်မကံသီလို့. . . ကံသီပေလို့. . . ကျေးဇူးကြီး ပါပေ့မိုးနတ်မင်းကြီးရယ်. . . ကယ်ကြပါဦး. . . ဦးဦးရဲသားကြီးတို့ရဲ့ အဟင့်. . .'

ဟုဆို၍ ရဲသားများထံပြေးဝင်သွားပြီး မျောက်ဝံ အုန်းသီးပိုက်သည့်အလား ရဲသားများ၏လက်ကို အားကိုးတကြီးပုံစံဖြင့် လှမ်းဖက်ထားလိုက်၏။

'ဘာဖြစ်လို့လဲ အဒေါ်ကြီး'

ရဲသားတစ်ဦး၏အမေးကို အဘွားကြီးကငိုကြီးချက်မနှင့်. . .

'ဘာဖြစ်ရမှာလဲတော်. . . ဘာဖြစ်ရမှာလဲ. . . ဟောဒီမှာ ဟောဒီအမှုသည်လေးက ကျွန်မတို့ ရိုးသားအေးဆေး နူးညံ့သိမ်မွေ့သော လူယဉ်ကျေးသားအမိရဲ့ အိမ်ရှေ့လာပြီး အရက်တကွဲအကျိုးနည်းဖြစ်အောင် အယုတ္တ အနတ္တ ဖရုသဝါစာအစုံစုံနဲ့ ဆဲဆိုဆူပူ မူးယစ်ရမ်းကားသောင်းကျန်းဗိုလ်ကျ အနိုင်ကျင့်နေလွန်းလို့ပါတော်. . . ဟီး. . .'

အဘွားကြီးသည် ကျွန်တော့်ကို လက်ညှိုးတထိုးထိုးနှင့်ဦးအောင်



အော်ဟစ်တိုင်တော့၏။ ဒါကိုရဲသားများက ကျွန်တော့်ကိုစိုက်ကြည့်ပြီး

'ဒီအဒေါ်ကြီးပြောတာ ဟုတ်သလား. . .'

ဟုဆို၍ ကျွန်တော်ခန္ဓာကိုယ်အနှံ့ ဓာတ်မီးနှင့်ထိုးရင်းခပ်တည်တည်မေးသည်။ ဒါကိုကျွန်တော်က ခေါင်းခါပြလိုက်ပြီး. . .

'မဟုတ်. . .'

ကျွန်တော့်စကားပင်မစရသေး. . . ကျယ်လောင်သော အဘွားကြီးအော်သံက. . .

'အောင်မလေး. . . တာဝန်သိရဲသားကြီးတွေ လက်ပူးလက်ကြပ်မိတာတောင် ဒင်းကမုန်လာဥလုပ်ချင်သေး. . တစ်ညထဲမဟုတ်ပါဘူးတော်. . . ဟောဒီတစ်ရပ်ကွက်လုံးသိတယ်. . . မနေ့ညကလည်းသူနဲ့သူ့အပေါင်းအပါ သုံးလေးယောက် အိမ်ပေါ်မှာလှည့်ပတ်ပြီး ကြိမ်လုံးတစ်လုံးနဲ့ရိုက်တန်းကစားကြတာ. . . မယုံရင်သူ့ဖင်လှန်ကြည့် အရှိုးရာရှိတယ်. . .'

အဘွားကြီး၏စကားကြောင့် ကျွန်တော့်နားကရဲသားကြီးက ကျွန်တော်ရဲ့ခါးတောင်းကျိုက်ထားသောလုံချည်ကို ဖြတ်ခနဲဆွဲလှန်ကာ ဓာတ်မီးနှင့်ထိုးကြည့်၏။

မနေ့ညကအဘွားကြီးစနက်နှင့် ပယောဂဆရာကြိမ်နှင့်ဆွဲထားသဖြင့် အရှိုးရာများထင်ကျန်နေသော ကျွန်တော့်တင်ပါးကိုမြင်တော့ရဲသားကြီးက မျက်လုံးမှေးစင်းသွားပြီး. . .

'တရားခံရဲ့'တင်'ပြချက်အရ အမှုမှန်က ဒီမှာတင်ပေါ်နေပြီ အိုင်ဗီ'

'ဗျာ. . .'

ရဲသားကြီးစကားကြောင့် ကျွန်တော်အလန့်တကြားအော်မိ၏။ ဒါကို နောက်ရဲသားကြီးတစ်ဦးက ကျွန်တော့်ကုတ်ကိုဖမ်းကိုင်ရင်း. . .

'ဗျာတွေ ဘာတွေလုပ်မနေနဲ့. . . ရဲစခန်းလိုက်ခဲ့. . .'

'ဟင်. . .'

ကျွန်တော့်မျက်လုံးကြီး ပြူးထွက်နေပေလိမ့်မည်။ ကျွန်တော့်ရဲ့အာမေဍိတ်သံကို ရဲသားကြီးကဂရုမစိုက်ဘဲ. . .

'ကဲ. . သူ့ကိုစခန်းခေါ်သွားမယ် . . ကဲဆားပုလင်းနှင်းသောင်း သူ့ကိုလက်ထိပ်ခပ်လိုက်. . . '

'ဟုတ် အိုင်ပီ'

ဆားပုလင်းနှင်းသောင်းသည် ကျွန်တော့်ထံပြေးလာပြီး လက်ထိပ်ခပ်ရန်ပြင်သည်။ သူတို့ကိုကြည့်ပြီး ကျွန်တော်လည်း လန့်သွား ကာ. . .

'ဟာ. . . ကျွန်တော်ရှင်းပြပါရစေဦး. . . ရှင်းပြပါရစေဦး. . '

ကျွန်တော့်ရဲ့အကြောက်အကန်စကားကို ဆားပုလင်းနှင်း သောင်းက ခေါင်းဖြည်းညှင်းစွာခါလိုက်ပြီး. . .

'ညီလေး. . . ရှင်းချင်ရင် စခန်းရောက်မှရှင်း. . . အခုတော့ အစ်ကိုတို့နဲ့လိုက်ခဲ့ပါ. . . '

ဟုဆို၍ ဖျတ်ခနဲလက်ထိပ်ခတ်လိုက်သည်။ သူတို့ကိုကြည့်၍ ကျွန်တော်လည်း ဒူးတုန်သွားပြီး. . .

'ဟာ. . . မဟုတ်ဘူးလေဗျာ. . . မဟုတ်ဘူး. . . '

'အောင်မာ. . တင်ပါးကအရှိုးရာကို လက်ပူးလက်ကြပ်မိတာ တောင် မင်းက ကန်သင်းရိုးရှတယ်ငြင်းချင်သေးလို့လား. . . '

ဆားပုလင်းနှင်းသောင်း၏ငေါက်ငန်းသံ. . .။ ကျွန်တော်လည်း ပိုလန့်သွားပြီး. . .

'ဟ. . . ဟ. . . မလုပ်နဲ့လေဗျာ. . . ကျွန်တော်ရှင်း. . . ဟဟ လုပ်ကြပါဦးဟ. . . လုပ်ကြပါဦး. . . '

'ဘာမှလုပ်မနေနဲ့ ရဲစခန်းရောက်မှရှင်း. . . '

'မဟုတ်ဘူးလေဗျာ. . . အခုရှင်း. . . အခုရှင်း. . . '

ဟုကြောက်လန့်တကြားအော်ဟစ်ရင်း အိုင်ပီဆိုသူနှင့်ဆား ပုလင်းနှင်းသောင်းတို့ ဆွဲခေါ်ရာ နောက် ယက်ကန်ယက်ကန်ပါသွား ရလေတော့သည်။

◆ ◆ ◆

'၄၉ ယျာနောင်. . . ဇေယျာနောင်ရှိလား. . .'

အိပ်ပျော်ခါစမှာပင် ကျွန်တော့်နာမည်ခေါ်သံကြား၍ လန့်နိုးကာ. . .

'ရှိပါတယ်. . . ရှိပါတယ်'

ဟုထူးပြီး ကုန်းရုန်းအထ. . .

'ဟင်. . .'

ခပ်စိပ်စိပ်သံတိုင်များမြင်တော့ ကျွန်တော်စိတ်ထဲဇဝေဇဝါဖြစ်သွား၏။ နံဘေးတွင်ဝေ့ကြည့်လိုက်တော့လည်း တုံးလုံးပက်လက်အိပ်နေသော မျက်နှာစိမ်းများ. . .။ နောက်မှ. . . အော်. . . ငါအချုပ်ထဲရောက်နေပါလားဟုတွေးမိပြီး ဖြည်းညင်းစွာမတ်တပ်ထရပ်လိုက်၏။

'ဇေယျာနောင်. . . ဇေယျာနောင်'

'ရှိပါတယ်. . . ရှိပါတယ်'

ဒုတိယခေါ်သံကြောင့် ကျွန်တော်ခပ်ဆတ်ဆတ်ထူးလိုက်ပြီး သံတိုင်နားရပ်လိုက်သည်။လာနှိုးသောရဲသားက ကျွန်တော့်ကိုပေစောင်း

စောင်းကြည့်ပြီး. . .

'ညော့သည်လာတယ်. . . ဟိုမှာ'

လက်ညှိုးကိုအနောက် ထိုးပြသည်။ သူ့နောက်မှာခြေဖျား ထောက်မတတ် ကျွန်တော့်ကိုလိုက်ကြည့်နေသော စောကြီးနှင့်ထွန်းလင်း အောင်. . .။ သူတို့ကိုမြင်တော့ ကျွန်တော်လည်းအားတက်သွားပြီး. . .

'ဟာ. . . ဟေ့ကောင်တွေ. . . လာ. . . အထဲဝင်လာ. . .'

ကျွန်တော့်ရဲ့ဖိတ်မန္တကပြုစကားကို နှစ်ယောက်လုံးမျက်နှာရှုံ့ မဲ့သွားပြီး. . .

'အထဲတော့ မလာပါရစေနဲ့ကွာ. . . အပြင်မှာပဲနေပါရစေ. .'

'အေးလေကွာ. . . သူကများတို့ကို ကြံရာပါတွေဆိုပြီး ဆွဲထည့် ချင်နေတာ. . .'

သူတို့နှစ်ယောက်စကားကြောင့် ကျွန်တော်စိတ်ညစ်နေသည့် ကြားကပင်ရယ်မိသေး၏။

'မင်းတို့ကဘာလာလုပ်တာလဲ. . . ငါနဲ့အတူနေချင်လို့လိုက် လာတာလား. . .'

နှစ်ယောက်လုံးမျက်နှာရှုံ့မဲ့သွားကြပြန်၏။

'ဘာလို့ အတူနေရမှာလဲကွ. . . ဘာလဲ. . . မင်းကအချုပ်ထဲ ရောက်တာကိုပျော်နေတာလား. . .'

'အေးလေ. . . အချုပ်ထဲရောက်နေတာတောင် စပ်ဖြဲဖြဲနဲ့. . .'

ကျွန်တော်ဖြဲခနဲရယ်လိုက်မိ၏။ နောက်မှ. . .

'အေးကွ. . . အိမ်ထောင်ကျတာနဲ့ ထောင်ကျတာ. . . ထောင် ကျတာက သက်သာတယ်. . . ဘယ်သူ့ကိုမှရှာမကျွေးရဘူး. . . ကိုယ့် အလုပ်ကိုယ်လုပ်နေရင် ဘယ်သူ့အပြောမှမခံရဘူး. . .'

ကျွန်တော့်စကားကြောင့် နှစ်ယောက်စလုံးမျက်လုံးပြူးသွားကြ ပြန်၏။ အတန်ကြာမှ နှုတ်အာသွက်သော ထွန်းလင်းအောင်က. . .

'ဟကောင်ရ. . . ဒါဆို. . . မင်းကတစ်သက်လုံး ထောင်ထဲမှာ ပဲနေတော့မှာလား. . .'

သူတို့ကိုကျွန်တော်လည်း နောက်ချင်နေသည်မို့. . .

'ဟ. . . နေသင့်နေရမှာပေါ့. . . အနဲဆုံးတော့စိတ်ပြေလက်ပျောက် တစ်လကိုးသီတင်းလောက်တော့ နေမယ်စိတ်ကူးတာပဲ'

ကျွန်တော့်စကားလည်းကြားရော နှစ်ယောက်လုံးက. . .

'အေး. . . ဒါဆိုလည်း တို့သွားတော့မယ်. . . ငါတို့ကမင်းကို အာမခံလုပ်ပေးဖို့လာတာ. . . မင်းကထောင်ထဲမှာပဲပျော်နေပြီဆိုတော့ ငါတို့ ဘာမှအာမခံပေးနေစရာမလိုတော့ဘူးပေါ့. . .'

'အေး ဟုတ်တယ်. . . ဟေ့ကောင်. . . လာ. သွားကြရအောင် ဒီကောင့်ကို ထောင်ထဲမှာပဲထားလိုက်ကြရအောင်. . .'

ဟုဆို၍ နှစ်ယောက်လုံးတစ်ယောက်လက်တစ်ယောက်ကုတ်၍ လှည့်ထွက်သွားလေသည်။ထိုတော့မှကျွန်တော်လည်းမျက်လုံးပြူးသွားပြီး. . .

'ဟာ. . . ဟေ့ကောင်တွေ. . . အဲ အဲဒီလိုတော့ လုပ်မသွားနဲ့လေ. . . ဟာ ဟေ့ကောင်တွေ. . . ခဏနေဦးကွ. . . ငါအပြင်မှာပဲ နေပါရစေ. . . ဟာ. . . ဟေ့ကောင်တွေ. . . ဟာ. . . သွားပါပြီ. . . တစ်သက်တစ်ကျွန်း. . . အဲလေ. . . ဟုတ်ပေါင် ယောင်လို့. . .'

ကျွန်တော့်ရဲ့အော်သံကို နှစ်ယောက်လုံးဂရုမစိုက်တော့. . .။ သုတ်သီးသုတ်ပြာနှင့် အပြင်သို့ထွက်ချသွားလေသည်။

◆ ◆ ◆

တော်ဝင်မြို့မစာအုပ်တိုက်

'**မောင်** ဇေယျာနောင်. . .'

'ခင်ဗျာ. . .'

'နောက်တစ်ခါအရက်မူးပြီး ရပ်ကွက်ထဲသောင်းကျန်းဦးမှာလား'

ရဲစခန်းမှူးကြီးမျက်မှန်ကိုကျော်ကြည့်၍မေးသည်။ ကျွန်တော် ဘာပြောလို့ပြောရမှန်းမသိတော့. . .။ ကျွန်တော် သောင်းကျန်းတာ မဟုတ်ပါဘူးလို့ပဲ ပြောရမလား. . .။ ယောက္ခမကိုမကျေနပ်လို့ လုပ်မိတာပါလို့ပဲ ရင်ဖွင့်ရမှာလား. . .။ ဘာပြောလို့ပြောရမှန်းမသိဖြစ်နေမိ၏။ ဒါကို ကျွန်တော့်အတွက် အာမခံပေးရသော စောကြီးနှင့်ထွန်းလင်းအောင်က ကျွန်တော့်ကိုပုခုံးနှင့်တွန်း၍'ပြောလိုက်လေ' ဟူသော အမူအယာမျိုး လုပ်ပြ၏။ ရဲစခန်းမှူးကြီးက ကျွန်တော့်ကို မျက်မှောင်ကြုတ်၍စောင့်ကြည့်နေတုန်း. . .

ကျွန်တော်ကသာ မျက်လွှာလေးချ၍ တိုးတိတ်ညောင်နာသော

တော်ဝင်မြို့မစာအုပ်တိုက်

အသံဖြင့် အဖြေပေးလိုက်သည်။

'နောက်မလုပ်တော့ပါဘူး ခင်ဗျာ. . .'

ရဲစခန်းမှူးကြီးထံမှသက်ပြင်းချသံကြားရ၏။ ဘောလုံးလေလျော့သံနှင့်တူ၏။ နောက်စားပွဲကိုဘောပင်နှင့်တဒေါက်ဒေါက်ခေါက်ရင်း. . .

'အေး. . . ရပ်ကွက်ထဲနေရင်တော့ အေးအေးချမ်းချမ်းနေပေါ့ နောင်ဒါမျိုးဖြစ်လာရင်တော့ ခွင့်လွှတ်တော့မှာမဟုတ်ဘူးနော်. . .'

'ဟုတ်ကဲ့ပါ ခင်ဗျာ. . .'

ကျွန်တော့်အသံတွေက အားမပါလှစွာတုန်ရင်နေသည်။ ဒါကို စခန်းမှူးကြီးက မျက်မှန်ကိုချွတ်လိုက်ပြီး. . .

'အရက်သေစာသောက်စားပြီး ခါးတောင်းကျိုက်ကြီးနဲ့ ရပ်ကွက်ပြန်သောင်းကျန်းတယ်ဆိုတာ အမှန်တော့ အင်မတန်ရှက်စရာကောင်းတဲ့ အလုပ်ပါ. . . လူမြင်လို့လည်းမကောင်းပါဘူး. . . အော်ဟစ်ဆဲဆိုတယ်ဆိုတာလည်း မင်္ဂလာတရားနဲ့မညီညွတ်လှပါဘူး. . . တော်ရုံတန်ရုံ အရှက်ရှိတဲ့လူမျိုးဆိုရင်တောင် ဒါမျိုးမလုပ်ပါဘူး. . .'

ဟုဆို၍ ကျွန်တော့်ကိုစိုက်ကြည့်ကာ လက်ညှိုးကိုကျွန်တော့် မျက်နှာတည့်တည့်ထိုး၍. . .

'ခင်ဗျားမရှက်ဘူးလား. . .'

'ခင်ဗျာ. . .'

စခန်းမှူးကြီး၏စကားကြောင့် ကျွန်တော်ရုတ်တရက်ကြောင်သွားမိ၏။ 'ဟုတ်ကဲ့မရှက်ပါဘူးခင်ဗျာ. . . ယောက္ခမကိုတော်လှန်ဖို့အတွက်ဆိုရင် ကျွန်တော့်မှာအရှက်ဆိုတာလည်းမရှိတော့ပါဘူးလို့ပဲ ပြောလိုက်ရမှာလား. . . ဒါမှမဟုတ် ဟုတ်ကဲ့ ရှက်ပါတယ်. . . ဒါကြောင့် ကျွန်တော်ဒီကပြန်ရင် ရှက်စရာကောင်းတဲ့မျက်နှာကို ယောက္ခမမမြင် အောင် လုံချည်နဲ့အုပ်ပြီးတော့ပဲ ပြန်ပါတော့မယ်လို့ပဲ ပြောလိုက်ရမှာလား ဘာပြောလို့ပြောရမှန်းမသိဘဲ ကြောင်ငေးနေမိသည်။ ဒါကို စခန်းမှူးကြီးက ကျွန်တော့်ကိုစိမ်းစိမ်းကြီးကြည့်ပြီး. . .

'ကျွန်တော်ပြောတာ ခင်ဗျားမကြားဘူးလား. . .'

စခန်းမှူးကြီး၏အမေးကို ကျွန်တော်ပျာပျာသလဲနှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး. . .

'ဟုတ်ကဲ့. . . ကြားပါတယ်ခင်ဗျာ. . .'

'ဒါဆို ခင်ဗျားမရှက်ဘူးလား. . .'

'မရှက်ပါဘူး. . . အဲလေ. . . ရှက်ပါတယ်. . .'

စခန်းမှူးကြီး၏ ဖြတ်မေးသောစကားကြောင့် ကျွန်တော်လည်း ယောင်ပြီးပြောမိပြောရာပြောလိုက်မိ၏။ ဒါကို စခန်းမှူးကြီးက ခေါင်းကို ဖြည်းညှင်းစွာညိတ်ပြီး. . .

'အင်း. . . ရှက်စရာကောင်းတဲ့အလုပ်ပဲ. . . မဟုတ်ဘူးလား ရှက်ရမှာပေါ့. . . နောက်ပြီး ခင်ဗျားအော်ဟစ်ဆဲဆိုနေတာကလည်း ခင်ဗျားကိုအမေအရင်းလို ရင်အုပ်မကွာ မကောင်းမေတ္တာ၊ ကောင်းရာ ညွှန်လပ် ပြုစုစောင့်ရှောက်ခဲ့တဲ့ ယောက္ခမ. . .'

'ဗျာ. . .'

စခန်းမှူးစကားကြောင့် ကျွန်တော်မျက်လုံးအစုံပြူးကျယ်သွားမိ၏။ စဉ်းစားကြည့်ပါဦး. . .။ အမေအရင်းလို မကောင်းမေတ္တာ၊ ကောင်းရာညွှန်လပ်ခဲ့တဲ့ယောက္ခမတဲ့. . .။ ကျွန်တော်မျက်ရည်များပင် ဝိုင်းသွားမိ၏။ အဲဒီယောက္ခမ ကလယ်နေတာကြတော့ ဘယ်သူမှမသိကြပါလား။ ဘယ်သူမှလဲမပြောကြပါလား. . .။ ဒါမှမဟုတ် မသိချင်ယောင်များ ဆောင်နေကြတာလား. . ။ကျွန်တော်စဉ်းစား၍ ပင်ဉာဏ်မမီတော့. . .။ ဒါကို စခန်းမှူးကြီးက မျက်လုံးလေးစင်းပြီး. . .

'ခင်ဗျားပဲ စဉ်းစားကြည့်လေ. . . ကိုယ့်ကိုမနက်လင်းချိန်ကစပြီး ထမင်းဟင်းချက်ကျွေး၊ သားတစ်ယောက်လို နွေးနွေးထွေးထွေးပြုစုပေးတဲ့ အပြင် ငါ့သားအရက်ကြိုက်တတ်ရင် အမေကိုယ်တိုင်အိမ်ကိုဝယ်ပေးမယ် အိမ်ဦးခန်းမှာသောက်ဆိုတဲ့ ယောက္ခမမျိုး ဘယ်မှာရှာလို့ရနိုင်မှာလဲ. . . ကျွန်တော်သာဆို ဒီလိုယောက္ခမမျိုး အိမ်ဦးခန်းမှာထားပြီး နေ့စဉ်ရှိုကျိုး ရှိခိုးပျပ်ဝပ်နေမိတော့မှာပဲ. . .'

'ရာ. . .'

စခန်းမှူးကြီးစကားကြောင့် ကျွန်တော်လန့်အော်မိ၏။ ကျွန်တော့်မှာ အံ့အားသင့်လွန်း၍ ဗျာပင်မပီတော့ဘဲ 'ရာ' ဟူ၍ ဖြစ်သွားရ ၏။ ကြည့်စမ်း. . . မနက်လင်းချိန်ကစပြီး ထမင်းဟင်းချက်ကျွေး၊ သား တစ်ယောက်လို နွေးနွေးထွေးထွေးပြုစုပေးသတဲ့. . .။ ကျွန်တော်လည်း မသက်ာ၍. . .

'အဲဒါ ဘယ်သူပြောတာလဲဟင်. . .'

ကျွန်တော့်ရဲ့အမေးကို စခန်းမှူးကြီးက သက်ပြင်းကိုခပ်ပြင်းပြင်း ချပြီး. . .

'ဘယ်သူရှိရဦးမှာလဲ. . . ခင်ဗျားရဲ့ကျေးဇူးရှင်လည်းဖြစ် ခင်ဗျား ကိုမိခင်ရင်းသဖွယ် ပြုစုစောင့်ရှောက်နေတဲ့ ခင်ဗျားယောက္ခမကြီးလည်း ဖြစ်တဲ့ ဒေါ်ချြပဲပေါ့. . .'

'ညင်. . .'

ကျွန်တော့်၏ဘာသာစကားတွေ ထူးထူးခြားခြားပြောင်းလဲကုန် ၏။ နောက်. . ထင်မှတ်မထားသော မဟုတ်တရုတ်စကားတွေသက်သက် ဆက်တိုက်ကြားနေရသည့်အတွက် ကျွန်တော့်မှာ မျက်ရည်တဝိုင်းဝိုင်းနှင့် ပင် နားဆင်နေရ၏။ ဒါကိုစခန်းမှူးကြီးက. . .

'ခင်ဗျား အခုနောင်တမျက်ရည်တောင် ဝိုင်းနေရပြီဟုတ်. . . အေးဗျာ. . . မပြောမဖြစ်လို့ပြောရဦးမယ်. . . ခင်ဗျားယောက္ခမခမျာလည်း မပြောမဖြစ် မတိုင်မဖြစ်လို့သာ တိုင်သွားရရှာတာ. . မျက်ရည်တဝိုင်းဝိုင်း နဲ့ တက်မတတ်ချက်မတတ်ကိုဖြစ်နေတာ. . ခင်ဗျားကိုသနားတာရော သူ့ရဲ့မိဘမေတ္တာတရားကြီးမားတာရောပေါင်းပြီးတော့လေ. . .'

အော်. . . သရုပ်ဆောင်ကောင်းလှတဲ့ ယောက္ခမ. . . ရုပ်ရှင် မင်းသမီးသာလုပ်ရင် အကယ်ဒမီဆိုတိုင်း သူချည်းရနေတော့မှာ. . .။ မော်တော်ကားဒရိုင်ဘာလုပ်ရင်လည်း ဓာတ်ဆီဆိုင်တိုင်း သူချည်းထုတ် တော့မှာပါကလား. . .။ ဤမျှသရုပ်ဆောင်ကောင်းလှတဲ့ယောက္ခမကို ကျွန်တော်မည်သို့အနိုင်ရတော့မည်နည်း. . .။ မဟုတ်တာချည်းလုပ်၊ မဟုတ်တာချည်းပြောတာကို လူယုံနေတုန်းဆိုတော့ ကျွန်တော့်ယောက္ခမ

နတ်ကတော်လုပ်လျှင်လည်း အောင်မြင်ပေလိမ့်ဦးမည်. . ။ဗေဒင်ဟောစားလျှင်လည်း အောင်မြင်ပေဦးမယ်။ မျက်ရည်များတောင်ဝိုင်းရပါပြီယောက္ခမရယ်. . . ။

'အဟင့်. . . '

'ကဲကဲ. . . အခုမှ ယောက္ခမမေမေရဲ့မေတ္တာတရားကြီးမားပုံကိုသိပြီးနောင်တနဲ့ ငိုမနေနဲ့. . . မှားမှန်းသိရင်ပြင်လိုက် ကိုယ့်အပေါ်မေတ္တာတရားထားတဲ့သူတွေကို တစ်ဖက်သတ်မေတ္တာပျက်တာ မင်္ဂလာတရားတော်နဲ့လည်း မညီပါဘူး'

ရဲစခန်းမှူးကြီး၏စကားကြောင့် ကျွန်တော်ကပျာကယာမျက်ရည်များကို လက်ခုံနှင့်ပွတ်သုတ်ပစ်မိ၏။ ဒါတောင် ဘယ်ကဘယ်လိုရောက်နေမှန်းမသိသော နှပ်ကတွဲလောင်းကျနေသေး၏။

'ရှုံ. . . . '

ကျွန်တော်ကလေးငယ်တစ်ယောက်လိုပဲ နှပ်များကိုပြန်ရှူသွင်းလိုက်၏။ စခန်းမှူးကြီးက ကျွန်တော့်ကိုစိုက်ကြည့်ပြီး

'အင်း. . . အခုတော့. . . ခင်ဗျားကိုယ်စား ဟောဒီကလူကြီးလူကောင်းနှစ်ယောက်က နောင်မဖြစ်စေရပါဘူးဆိုပြီး အာမခံပေးလိုက်ပြီ. . . '

စောကြီးနှင့်ထွန်းလင်းအောင် နှစ်ယောက်လုံးရင်ကော့တက်လာ၏။ ရဲစခန်းမှူးကြီးသည် သူတို့ကိုမကြည့်ဘဲစကားပြန်ဆက်သည်။

'အဲဒီတော့ ခင်ဗျားလည်းနောင်ဆို ရပ်ကွက်ထဲမသောင်းကျန်းပါနဲ့တော့. . . ခင်ဗျားဆက်ပြီးသောင်းကျန်းရင်. . . ကျုပ်တို့ဖက်ကလည်း ခင်ဗျားကိုအာမခံပေးထားတဲ့ လူကြီးလူကောင်းသောဘာသော နားမလည်ဘူး. . . အလိုတူအလိုပါတွေဆိုပြီး အကုန်ဆွဲစွဲရမှာပဲ. . . '

ဟိုနှစ်ကောင်လုံး ပြန်ရှုံ့ဝင်သွား၏။ ဒါကိုပင် အလိုက်မသိသော ထွန်းလင်းအောင်က. . .

'ဟို. . . စခန်းမှူးကြီးရယ်. . . ကျွန်တော်တို့နောက်တစ်ခါ အဲဒီလိုပြန်ရောက်လာရင်လည်း ဖောက်သည်တွေမို့ လျှော့မပေးဘူး

လားဟင်. . .'

သူ့စကားကို စခန်းမှူးကြီးက မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'အောင်မာ. . . ခင်ဗျားတို့က ရဲစခန်းရောက်တာကို စတိုးဆိုင်ရောက်တယ်များထင်နေလို့လား. . . အချုပ်ခန်းတကာ အချုပ်ခန်းတွေထဲမှာ ဘယ်အချုပ်ခန်းကမှချုပ်ရက်ကို ဒင့်စကောင့်(discount)ချမပေးဘူး. . . နောက်တစ်ခါလာရင် ပိုနာမယ်မှတ်. . .'

ထွန်းလင်းအောင်ပြန်၍ ရှုံ့ဝင်သွား၏။

'ကဲကဲ. . . ကိစ္စပြီးပြီမို့ လက်မှတ်ထိုးပြီး ပြန်ကြတော့. . .'

စခန်းမှူးကပြောလက်စစကားကိုရပ်ပြီး ကျွန်တော့်ရှေ့စာရွက်တစ်ရွက်ချပေးသည်။ အာမခံစာရွက်ဖြစ်ကြောင်း ပြောပြနေရန်လိုမည်မထင်ပါ။ တစ်သက်မှာ မင်္ဂလာဆောင်တုန်းတစ်ခါသာထိုးခဲ့ဖူးသောလက်မှတ် ယခုအချုပ်ခန်းထဲမှအထွက် တစ်ခါထပ်ထိုးရပြန်ပြီ. . .။

အားလုံးလက်မှတ်ထိုးပြီးတော့မှ စခန်းမှူးကြီးက. . .

'ကဲ. . . သွားနိုင်ကြပါပြီ နောင်လည်းဒီလိုမဖြစ်အောင် ကောင်းကောင်းနေပါ. . .'

ဟုဆိုရင်း ကျွန်တော်တို့ကိုနှုတ်ဆက်သည်။ ကျွန်တော်တို့သုံးယောက်လည်း ကုပ်ချောင်းချောင်းနှင့် ရဲစခန်းမှထ၍. . .

◆ ◆ ◆

'**တောက်** ငါ့တစ်သက်တော့ ဒီယောက်ျားမကို မကျေ ဘူးကွာ'

လမ်းလျှောက်လာရင်း ကျွန်တော်၏ရေရွတ်သံကို စောကြီးနှင့် ထွန်းလင်းအောက်က ကသုတ်ကယက်အမှီလိုက်ရင်း ငေ့ကြည့်ကြသည်။ စောကြီးက ခဲတစ်လုံးကိုခလုတ်တိုက်မိသလိုဖြစ်ပြီးမှ ကျွန်တော့်ကိုစောင်းငန်းငန်းကြည့်၍. . .

'ဘာလဲ. . . မင်းကမကျေနပ်နိုင်သေးဘူးလား. . .'

'မကျေနပ်နိုင်ဘူးကွ. . . မကျေနပ်နိုင်ဘူး. . . စဉ်းစားကြည့်လေ. . . ကိုယ်ကသူ့ကိုဆုံးမ မလို့လုပ်လိုက်တိုင်း သူကချည်းဘဲ ပြန်ပြန်ပြီး ဆုံးမသွားတာ. . . တောက်. . . တွေးလိုက်တိုင်းကိုရင်နာတယ်. . . ဖင်လည်းနာတယ်. . .'

ကျွန်တော့်ရဲ့ကြိတ်မနိုင်ခဲမရအံကြိတ်သံနှင့် ပြောသောစကားကို

ထွန်းလင်းအောင်က မျက်မှောင်ကြုတ်၍. . .

'အဲဒီတော့ မင်းကဘာလုပ်ချင်သေးလို့လဲ. . .'

'ဘာလုပ်ရမှာလဲကွ. . ပြန်ဆုံးမရမှာပေါ့. . . ပြန်ဆုံးမရမယ်'

ကျွန်တော့်ရဲ့ဒေါသတကြီးစကားကို စောကြီးက မသက်ာသလို ဘေးဘီဝေ့ကြည့်ပြီးမှ ကျွန်တော့်လက်မောင်းကိုဆွဲ၍. . .

'ဟေ့ကောင်. . . တိုးတိုးပြောကွ. . . အချုပ်ခန်းကအခုမှပြန်ထွက်လာတာသတိရဦး. . . မင်းပြောတာကြားသွားလို့ တို့တွေပါအားလုံး အချုပ်ထဲပြန်ရောက်ကုန်ပါဦးမယ်. . .'

စောကြီး၏စကားကို ကျွန်တော်မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'ဘာလို့ရောက်ရမှာလဲကွ. . . ကိုယ့်မှာကဘာအပြစ်ရှိလို့ ရောက်ရမှာလဲ. . . တောက်. . . ကွာ. . . ငါဒီယောက်ျားမကိုတစ်ခုခုလုပ်ရမှကို ကျေနပ်နိုင်မယ်. . . မလုပ်ရမချင်းကိုမကျေနပ်နိုင်ဘူး. . .'

ကျွန်တော့်ရဲ့ကြိမ်းဝါးစကားကို ထွန်းလင်းအောင်ကကျုံ့ဝင်သွားပြီး. . .

'ဟေ့ကောင်ရ. . . တိုးတိုးပြောပါဆိုကွာ မင်းကအချုပ်ထဲဝင်ဖူးနေကြဆိုတော့ ထပ်ဝင်ရမှာမကြောက်ပေမယ့် ငါတို့တော့ကြောက်တယ်ကွ. . .'

သူ့စကားကြောင့် ကျွန်တော်ပင်ရှိုးတိုးရှန်းတန်းဖြစ်သွားပြီး. . .

'ဟာကွာ. . . ငါလည်းအခုတစ်ခေါက်မှရောက်ဖူးတာပါကွာ မင်းပြောလိုက်မှ ရဲစခန်းဟာငါ့အတွက် လာနေကျဖောက်သည်ဖြစ်နေတဲ့ အတိုင်းပဲ. . .'

'မသိဘူးလေကွာ. . . ငါကမင်းပဲခဏခဏရဲစခန်းရောက်နေ လို့ ဒီစကားမျိုးပြောတာလားလို့. . .'

'ဟာကွာ. . .'

ဟိုနှစ်ယောက်ထံမှတိုးတိုးဖွဖွရယ်သံကြားရ၏။ကျွန်တော်လည်း သူတို့ကိုဘာမှဆက်မပြောတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေလိုက်သည်။

တော်ဝင်မြို့မစာအုပ်တိုက်

ခေါင်းထဲတွင်တော့ ဒီယောက္ခမကို ဘယ်လိုဆုံးမရမလဲဆိုသည့် အတွေးပုရွက်ဆိတ်တွေ ဦးနှောက်အနှံ့လှည့်ပတ်ပြေးလွှားနေ၏။ ဘယ်လိုလုပ်ရမလဲ. . .။ ဒီတစ်ခါထပ်သောင်းကျန်းရမှာလား. . .။ အို ဒါလည်းမဖြစ်နိုင်၊ စခန်းမှူးကြီးပြောခဲ့သား သူတို့အချုပ်ခန်းမှာချုပ်ရက် ဒင့်စကောင့်(discount)မရနိုင်ဘူးဆိုတာလေ. . .။ ဒါဆိုပယောဂ ဆရာကိုပဲ ပြန်ညှိပြီးကြိမ်နဲ့ဆွဲခိုင်းရမှာလား. . .။ ဒါလည်းမနိုပ်ဘူးဟ. . . တော်ကြာအဘွားကြီးက ရဲစခန်းလာဝင်တိုင်လို့ တစ်သီကြီး အချုပ်ထဲဝင်နေရဦးမည်။ဒါဆို ဘယ်လိုလုပ်မှာလဲ. . ဘယ်လိုလုပ်မှာလဲ . . . စဉ်းစားစမ်း. . . စဉ်းစားစမ်း. . .။

'ဟုတ်ပြီ. . '

ကျွန်တော့်ရဲ့မျက်ဝန်းအစုံ ရောင်စဉ်များဖြာထွက်သွားမည် ထင်ပါသည်။ မျက်နှာကြီးလည်း ရုတ်ချင်းပြုံးတက်သွားပေလိမ့်မည်။ ရင်ဘတ်သည်လည်း သာမာန်ထက်နှစ်ဆခန့်ပို၍ ကော့တက်သွားပေလိမ့်မည်။

'ဟုတ်ပြီ. . . ဒီအကြံကောင်းတယ်. . . '

ကျွန်တော့်ရဲ့အားပါးတရအော်သံကြောင့် စောကြီးနှင့်ထွန်းလင်းအောင်ပါလန့်ဖြန့်ပြီး ကျွန်တော့်ကိုပြန်ကြည့်ကြသည်။ နောက်. . . စောကြီးက မျက်မှောင်ကြုတ်၍. . .

'ဘာအကြံတွေကောင်းတာလဲကွ. . . '

စောကြီး၏စကားကြောင့် ကျွန်တော်သူတို့နှစ်ယောက်ကို သိုင်းဖက်လိုက်ပြီး အားရဝမ်းသာဖြင့်. . .

'ငါ့အကြံက ဒီလိုကွ'

'. . . . . . . . . '

'. . . . . . . . . '

ခေါင်းသုံးခေါင်းစုပြီးငြိမ်နေကြသည်။ ခေါင်းနှစ်ခေါင်းကတစ်ခါ တစ်ရံငြိတ်၍ တစ်ခါတစ်ရံရမ်းခါကြသည်။ ကျွန်တော့်အသံကလည်း သူတို့ နားနားတိုးတစ်လှည့် ကျယ်တစ်လှည့်ဖြစ်နေပေလိမ့်မည်။

အတန်ကြာမှ ထွန်းလင်းအောင်က. . .

'ဟာကွာ. . . မင်းအကြံကြီးက မနိပ်ပါဘူးကွာ. . . သိသွားရင် ထောင်လှလှကြီးကျမှာကွ. . .'

ထွန်းလင်းအောင်စကားကို စောကြီးကပါ. . .

'ဟုတ်သားကွ. . . သိသွားရင် မချောင်လောက်ဘူးနော်. . . အချုပ်ခန်းထဲ ဒင့်စကောင့်မရတဲ့အပြင် အတိုးနဲ့ပါအချုပ်ခံရဖို့ရှိတယ်. . .'

သူတို့စကားများကို ကျွန်တော်လည်းဖြစ်ချင်ဇော့နှင့်မို့ . . .

'ဟ. . . ဘယ်သူသိမှာလဲကွ. . . ဒီအကြံကိုတို့သုံးယောက်ပဲ သိတဲ့ဟာကို. .'

ကျွန်တော့် အားတက်သရောစကားကို ဟိုနှစ်ကောင်က မျက်နှာရှုံ့မဲ့သွားပြီး. . .

'ဟာကွာ. . . မဖြစ်နိုင်ပါဘူးကွာ. . . မသိရင်တော့ ကိစ္စမရှိဘူး သိသွားရင်ခံရမှာနော်. . . ဟေ့ကောင်. . .'

'ဟုတ်သားကွာ. . . တခြားအကြံပြောပါကွာ. . .'

ကျွန်တော်၏အကြံကိုနှစ်ယောက်လုံးက အကြောက်အကန်ငြင်းဆန်ကြသည်။ ကျွန်တော်လည်း ဖြစ်ချင်ဇော့နှင့်မို့ မျက်နှာငယ်ကလေးနှင့်

'မင်းတို့ကလည်းကွာ. . . ဘယ်သူသိနိုင်မှာလဲကွာ. . . ည မှောင်ရီပျိုးချိန်ကျမှလုပ်မှာမို့ ဘယ်သူမှလည်းမမြင်နိုင်ပါဘူးကွာ. . . နောက်ပြီး အဲဒီလမ်းကလူပြတ်တယ်ကွ. . .'

'ဟာကွာ. . .'

နှစ်ယောက်လုံးက မျက်မှောင်ကြုတ်ပြီးခေါင်းခါကြသည်။ သူတို့ကိုကြည့်ပြီးကျွန်တော်လည်း ကျွန်တော့်အကြံမအောင်မြင်ဖြစ်မည်ကိုရိုးရိပ်ပြီး သူတို့လက်ကို ခပ်ဖွဖွဆွဲကာ. . .

'လုပ်ပါကွာ. . . ဒီတစ်ခါတော့ ကူညီပါကွာ. . . ဒါကလည်း နောက်ဆုံးအကြိမ်ပါကွာ. . . နောက်ဆိုရင်လည်း အကူအညီမတောင်းတော့ပါဘူး. . . တောင်ဖို့လည်းလိုမှာမဟုတ်တော့ဘူး ပြဿနာတက်

ရင်လည်း ငါ့တစ်ယောက်ထဲခံမှာပါကွာ. . လုပ်ပါကွာ. . . ဒီတစ်ခါတော့ ငါ့ကိုကူညီကြပါကွာ. . . နော်. . . သူငယ်ချင်းတို့ရယ်. . . ကူညီပါကွာ. . .'

ကျွန်တော့်ရဲ့ခဲခဲယယတောင်းပန်သောစကားကြောင့် နှစ်ယောက်လုံးသနားကြင်နာသော မျက်လုံးများနှင့် ကျွန်တော့်ကိုကြည့်ကြသည်။ သူတို့ကိုကြည့်ပြီး ကျွန်တော်လည်းအားတက်လာ၏။

'လုပ်ပါသူငယ်ချင်းတို့ရာ. . ယောက္ခမကိုပြတ်ပြတ်သားသားဆုံးမဖို့ ဒီတစ်နည်းပဲရှိတော့လို့ပါကွာ. . . နော်. . . နော်. . . နောက်မင်းတို့ယောက္ခမတွေ ရလာရင်လည်းငါဝိုင်းကူပြီး ဆုံးမပေးမှာပါကွာ . . . နော်. . .'

ကျွန်တော့်အသံက နတ်ကတော်သံပေါက်နေသည်။နှစ်ယောက်လုံး သက်ပြင်းခပ်မှုင်းမှုင်းချ၏။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး. . .

'ဘယ်လိုလဲ ဟေ့ကောင်. . .'

စောကြီးကထွန်းလင်းအောင်ကို လှည့်မေး၏။ ထွန်းလင်းအောင်က ခါးကိုထောက်၊ ခေါင်းကိုငုံ့၍ သက်ပြင်းကိုထပ်ချပြီး. . .

'မင်းသဘောပါကွာ. . . လုပ်ရမှာကတော့ ထောင်နှုတ်ခမ်းနားမှာ. . . အမှုကတော့ကြီးမယ်လို့ယူဆရတယ် ချော်ကျရင်တော့ဂိန်ပြီ. . .'

ထွန်းလင်းအောင်စကားကို စောကြီးကခေါင်းကိုမော့လိုက်ပြီး. .

'ဟုတ်တော့ဟုတ်ပါတယ်ကွာ. . . ဒါပေမဲ့. . .'

စောကြီး စကားကိုထပ်မဆက်သေးဘဲ ကျွန်တော့်ကိုငေးကြည့်သည်။ ကျွန်တော့်မျက်လုံးတွေကမျှော်လင့်ချက်တို့ဖြင့် တောက်ပြောင်နေမည်ထင်ပါသည်။ စောကြီးကလက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး. .

'ကိုယ့်သူငယ်ချင်း ကောင်းစားဖို့အတွက်ကတော့ အသက်ပေးကူညီရမှာပေါ့. . .'

ကျွန်တော်သူတို့နှစ်ယောက်လုံးကို ထိုင်ရှိခိုးချင်စိတ်ပင်ပေါက်သွားရ၏။ သူတို့၏ပုံများမှာလည်း ကျွန်တော့်အမြင်အာရုံတွင် ရာဇဝင်ထဲ

က နိုက်သူရဲကောင်းများလို ခန့်ထည်နေ၏။

'ကဲ. . . ဒါဆို စောကြီးက ကားတစ်စီးငှား. . . ထွန်းလင်းအောင်ကစားတစ်ချောင်းရှာ. . . စားကထက်မှဖြစ်မယ်နော် ဒါမှဒီအဘွားကြီးခေါင်းကို အပြတ်ရှင်းလို့ရမှာ. . . ကျန်တဲ့ဆေးကိစ္စ ငါစီစဉ်မယ်. . . ပြီးတော့ညနေလေးနာရီဒီနေရာမှာပဲပြန်ဆုံမယ်. . . အားလုံးသိထား ဖို့က ဒီကိစ္စတစ်သက်လုံးနှုတ်လုံဖို့လိုတယ် ဆိုတာကိုပဲ'

'အေး အဲဒါအရေးကြီးတယ်'

'တို့တွေဘယ်လောက်ရင်းနှီးတဲ့သူငယ်ချင်းဖြစ်ပါစေ တကယ်အရေးကြုံလာတဲ့အခါ လျှို့ဝှက်ရမယ့်ကိစ္စကိုဖော်ထုတ်မိနိုင်တယ် အဲလိုဖြစ်ရင် ဘယ်သူ့အတွက်မှမကောင်းဘူး ဒီတော့. . . ခုကတည်းက သစ္စာဆိုထားကြတာ ကောင်းမယ်ထင်တယ်'

ကျွန်တော့်စကားကို အားလုံးခေါင်းညိတ်ထောက်ခံကြသည်။

'ဟုတ်တယ် ခုကတည်းက သစ္စာဆိုထားတာကောင်းမယ်'

'ကဲ ဒါဆို ဟိုဆိုင်မှာ ရေသန့်တစ်ဘူးနဲ့ အပ်တစ်ချောင်းသွားဝယ်မယ်. . .'

ကျွန်တော့်အစီအစဉ်ဖြင့် ရေသန့်ဘူးနှင့်အပ်ဝယ်ပြီး လက်ထိပ်များဖောက်ကြသည်။ ပြီးနောက် ထိုလက်ထိပ်မှသွေးများ ကိုရေသန့်ဘူးထဲနှစ်ကြသည်။

'ဟာ. . . ဟော့ကောင်တွေ မင်းတို့မှာ အိပ်ချ်အိုင်ဗွီ ကောကင်းရဲ့လား အားလုံးကူးကုန်ဦးမယ်'

'အောင်မာ. . . မင်းကမှမိန်းမတွေရ အချုပ်တွေကျပြီးမသက်ာစရာရှိသေးတယ် တို့ကဘာမှမရှိဘူး အသန့်စားကြီးတွေ. . .'

ထိုတော့မှ ကျွန်တော်အားရဝမ်းသာဖြင့်. . .

'အေး. . . ဒါဆိုလည်းပြီးရော. . . လာ. . . ဖိုခနောက်ဆိုင်မှဆိုးဒူးထောက် ထိုင်ကြ. . . သစ္စာဆိုကြမယ်. . . ငါတိုင်ပေးတဲ့အတိုင်းလိုက်ဆိုကြ'

'ငါတို့သည်'

'ငါတို့သည်'

'ယောက္ခမတည်းဟူသော'

'ယောက္ခမတည်းဟူသော'

'အမှောင်ထုကြိုက် မိကြီးမိုက်အား'

'အမှောင်ထုကြိုက် မိကြီးမိုက်အား'

'ပြန်၍မလှန် အာမခံနိုင်အောင်'

'ပြန်၍မလှန် အာမခံနိုင်အောင်'

'ပြတ်ပြတ်သားသားဆုံးမမည်ဟု ကျွန်ုပ်တို့သုံးဦး စိတ်ကူးတူစွာ အဓိဌာန်ပြုပါသည်'

'ပြတ်ပြတ်သားသားဆုံးမမည်ဟု ကျွန်ုပ်တို့သုံးဦး . . . . . .

'အဲဒါပြီးတော့ ဘာလည်း ဟေ့ကောင်'

'စိတ်ကူးတူစွာ အဓိဌာန်ပြုပါသည်လေကွာ'

'စိတ်ကူးတူစွာ အဓိဌာန်ပြုပါသည်လေကွာ'

'လေကွာမပါဘူးလေကွာ'

'လေကွာမပါဘူးလေကွာ'

'အာ. . . ဒီကောင်တွေ. . . ကဲ. . .

'ဤအမှုကိစ္စအား'

'ဤအမှုကိစ္စအား'

'အသက်သေသည်အထိ မည်သူမှ မသိအောင်'

'အသက်သေသည်အထိ မည်သူမှ မသိအောင်'

'စောင့်ထိမ်းပါမည်ဟု သစ္စာပြုပါသည်'

'စောင့်ထိမ်းပါမည်ဟု သစ္စာပြုပါသည်'

'ကဲ. . . ပြီးပြီ. . . ပြီးပြီ သောက်ကြမယ်'

ပြောပြောဆိုဆို ကျွန်တော်အရင်သောက်သည်။ နောက်ထွန်းလင်းအောင်။ ပြီးတော့ စောကြီးပေါ့။

'တော်ပြီဟကောင်ရ မသောက်နိုင်တော့ဘူး'

'အေးတော်ပြီ'

ထွန်းလင်းအောင်၏စကားကို စောကြီးကပါးစပ်သုတ်ရင်း ထောက်ခံ သည်။

'ဟ. . . အဲလိုလုပ်လို့မရဘူးလေ. . . သစ္စာရေဆိုတာ အကုန်သောက်ရတယ်ကွ'

'အာ. . . အဲဒါဆိုလည်းအစထဲက နဲနဲလုပ်တာမဟုတ်ဘူး. . တူးလီတာရေသန့်တစ်ဘူးလုံးကြီးတစ်ထိုင်ထဲသောက်. . . သေရချည်ရဲ့ကွာ'

'အေးလေ'

'ဒီလောက်အရေးကြီးတဲ့ကိစ္စလုပ်တာ ဒီလောက်တော့သောက်ရမှာပေါ့ကွ. . . လုပ်ပါကွ. . . မင်းတို့သူငယ်ချင်းကြီးအတွက် ကြိတ်လိုက်စမ်းပါကွ. . . ဟေ့ဟ ဟေ့ဟ. . . '

ဟိုနှစ်ကောင်ကို မနည်းချော့တိုက်လိုက်ရတယ်။ ကိုယ်လည်းကြိတ်မှိတ်သောက်ရင်းနဲ့ပေါ့။ နောက်ဆုံးသစ္စာရေတော့ကုန်သွားပါတယ်။ ထွန်းလင်းအောင်က ရေကုန်တော့ တပျို့ပျို့နဲ့ဖြစ်နေပြီ။ စောကြီးရော ဘာထူးလို့လည်း သစ္စာရေကုန်အောင်ကြိတ်မှိတ် သောက်ထားတာများ မျက်နှာကြီးကိုရဲချိတ်လို့။

'တွေ့ကြပြီပေါ့ယောက္ခမရေ. . . ခင်ဗျားကိုဆုံးမဖို့ စစ်သည်သုံးသိန်းနဲ့ညီမျှတဲ့ လူသုံးဦးချီတက်လာပြီ. . . ချီတက်လာပြီဗျ. . . ခင်ဗျားကြီးဘဝမှာ ဒုက္ခဗေ့ဆိုတာတွေကို အီဆိမ့်နေအောင် ခံစားဖို့အသင့်ပြင်'

ကျွန်တော့်ကြုံးဝါးသံက လေနှင့်အတူ . . .

နိမိတ်ကောင်းတွေပေးပါ လောက. . . ။

◆ ◆ ◆

## ည . . .

မှောင်ရီပျိုးစ. . . လမ်းလေးထဲဖြတ်သွားဖြတ်လာလူများ ကျဲပါးနေပြီ. . .။ တစ်ချက်တစ်ချက်ထိုးဟောင်တတ်သော ခွေးလေခွေးလွင့်တို့၏အော်သံမှလွဲ၍ ဘာမှသဲသဲကွဲကွဲမကြားရ. . .။ လမိုက်ညမဟုတ်သော်လည်း ဆောင်းတွင်းကာလမို့အစောကြီး အမှောင်လွှမ်းနေပြီ. . .။ ကျွန်တော်တို့သုံးယောက်လည်းအသင့်ငှားလာသော ကားနံဘေးဝပ်လျှက်ယောက္ခမကြီးလာရာလမ်းကိုမျှော်လင့်ချက်များပြည့်လျှမ်းသောအကြည့်နှင့်စောင့်ကြည့်နေမိ၏။

ကျွန်တော်တို့သုံးယောက်လုံးလည်း ရဲစခန်းမှပြန်ထွက်လာကတည်းက အိမ်ကိုမပြန်ဘဲ တစ်နေကုန်ယောက္ခမကိုဆုံးမရန်စီစဉ်ပြီးယခုအချိန်မှဤနေရာသို့ပြန်လာခြင်းဖြစ်သည်။ ကိုယ့်အကြံနှင့်ကိုယ်မို့လူအသိခံလို့မဖြစ်၍ ဤကဲ့သို့ပြုလုပ်ရခြင်းဖြစ်သည်။ အိမ်သို့ပြန်လျှင်

ကျွန်တော့်တို့အကြံကို ယောက္ခမကြီးရိပ်မိသွားနိုင်သည်မဟုတ်လား. . .။

'ကိုင်း. . . ဒီတစ်ခါတော့ ပွဲပြတ်ပဲယောက္ခမရေ့. . .'

ဟုကြိမ်းဝါးရင်း ယောက္ခမလာမည့်လမ်းကို ရန်သူလာမည့်လမ်းသဖွယ် မလွတ်တမ်းစောင့်ကြည့်နေမိသည်။

ဟုတ်ပါသည်။ ဒီအချိန်ဆို တစ်နေကုန်အတင်းလည်တုတ်နေသော ယောက္ခမ၊ ခြေညောင်းလက်ဆန့်ထွက်ရင်း ဝက်သားတုတ်ထိုးခုနစ်ရာဖိုးထွက်စားချိန်မဟုတ်လား. . .။ ဤကဲ့သို့အချိန်မျိုးမှာမှ အဆီရစ်အိပ်ငိုက်နေသော ဒီအဘွားကြီးကို ကြက်လေးငှက်ကလေးဖမ်းသလို အလွယ်တကူဖမ်းနိုင်လိမ့်မည်ဟုထင်ပါသည်။

'ဟော. . . ဟိုမှာအဘွားကြီးလာပြီ. . .'

အမှောင်ရိပ်ထဲ အဆီရစ်လာသောအဘွားကြီး ဟိုယိမ်းဒီယိုင်နှင့် ငိုက်စိုက်ငိုက်စိုက်ကြွချီလာပါပြီ. .။ အဘွားကြီးကိုမြင်သည်နှင့် ကျွန်တော်လည်း ဟိုနှစ်ကောင်ကိုချွတ်ခနဲအသံပေးလိုက်သည်။ ဟိုနှစ်ကောင်ကလည်း 'ငါတို့သိပါတယ်'ဟူသောဟန်မျိုးနှင့် ခေါင်းညိတ်ပြပြီး လမ်းဘေးခြုံဘေးထဲဝပ်နေလိုက်သည်။ နောက် ကျွန်တော့်ဘက်လှည့်ကာ လေသံဖြင့်လှည့်မေး၏။

'ဟေ့ကောင်. . . ဟိုလက်ကိုင်ပဝါပါတယ်မဟုတ်လား. . .'

'ပါ ပါတယ်ကွ. . . ဒါကတော့ မေ့လို့ဖြစ်မလား. . .'

ဟုပြန်ဖြေလိုက်ပြီး အိတ်ထဲတွင်ထည့်ထားသော လက်ကိုင်ပဝါကိုထုတ်လိုက်သည်။

ချက်ချင်းမူးနောက်နောက်အနံ့များ ဖုံးလွှမ်းသွားသည်။ ဟုတ်ပါသည်။ ထိုလက်ကိုင်ပဝါက လူကိုမူးနောက်မေ့မျောစေသော မေ့ဆေးလက်ကိုင်ပုဝါပါ။ ထိုလက်ကိုင်ပုဝါကိုရရန် တစ်နေကုန်အပင်ပန်းခံ၍ မရရအောင်ရှာဖွေထားရသည် မဟုတ်လား. . .။

ကျွန်တော်လက်ကိုင်ပဝါကို လက်ပေါ်ဖြန့်ခင်းပြီး အသင့်ပြင်ထားလိုက်သည်။

လာပြီ ယောက္ခမကြီးတဖြည်းဖြည်းနီးလာပြီ. . .။

ကျွန်တော်စိတ်လှုပ်ရှားစွာ လမ်းမပေါ်ထထွက်ရန် ပြင်လိုက် သည်။ စောကြီးက ကျွန်တော့်ပခုံးကိုအတင်းဆွဲဖိ၍ ပြန်ထိုင်ခိုင်း လိုက်သည်။ ပြီးနောက် လေသံဖြင့်. .

'ခိုးထဲမှပဲ. . . အရှေ့ကသွားလုပ်ရင်မင်းမျက်ခွက်ကြီး အဘွား ကြီးမြင်သွားမှာပေါ့. . . သူကျော်သွားမှအနောက်ကနေဝင်အုပ်မယ်. . . '

စောကြီးစကားကို ကျွန်တော်နားလည်စွာခေါင်းညိတ်ပြလိုက် ဟုတ်ပါသည်။အရှေ့ကသွားလုပ်ပါက ကျွန်တော့်မျက်ခွက်ကြီးယောက္ခ မကြီးမြင်သွားပြီးပြဿနာတက်နိုင်သည်။ ထို့ကြောင့်ငိုက်စိုက်ငိုက်စိုက် လာသော ယောက္ခမကြီးကို ကျော်အောင်စောင့်လိုက်သည်။ဖြည်းညင်း စွာယိမ်းထိုးနေသော ယောက္ခမခြေလှမ်းများကိုကြည့်ပြီး ကျွန်တော်လည်း စိတ်စောစွာနေမထိထိုင်မသာနှင့် နဖူးပေါ်မှချွေးများကိုကိုင်ထားသော လက်ကိုင်ပဝါနှင့် ယောင်ပြီးပင့်သုတ်မိ၏။ ထုံတုံတုံအီစိုစိုအနံ့ကြီးကြောင့် ကျွန်တော်ပင်မူးပြီးသတိလစ်ချင်သလိုလိုဖြစ်သွားရ၏။ဒါကိုစောကြီး က. . .

'ဟေ့ကောင်. . . ဘာလုပ်နေတာလဲ. . . ဟိုမှာကျော်သွားပြီ လိုက်. . . လိုက်. . . '

ဟုဆို၍ကြည့်လိုက်ရာ ကျွန်တော်တို့ရှိရာကို ကျောတက်သွား သောယောက္ခမ. . .။ ကျွန်တော်လည်းဘာမှစဉ်းစားမနေနိုင်ဘဲ ယော က္ခမကြီးအနောက်က ပြေးလိုက်သွားသည်။ ကျွန်တော့်နောက်ကမှ စောကြီး. . .။ အဘွားကြီးကိုမှီသည်နှင့် အနောက်ကနေသိုင်းဖက်လိုက် သည်။

'ဟဲ့. . . အို. . . '

ဟူသော အာမေဍိတ်သံနှင့်အတူ တစ်လမ်းလုံးငိုက်လာသော အဘွားကြီးလန့်အော်သည်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ အဘွားကြီးကို လက်ကိုင်ပဝါနှင့် လှမ်းအုပ်လိုက်သည်။ အဘွားကြီးက လည်း လျှင်သည်။ ဖျတ်ခနဲခေါင်းကိုငုံ့၍ ရှောင်တိမ်းလိုက်သည့်အတွက် လက်ကိုင်ပဝါက သူ့ခေါင်းကိုကျော်ပြီး ကျွန်တော့်မျက်နှာကိုသာ လာပြန် အုပ်မိသည်။ စူးစူးဝါးဝါးအနံ့ကြောင့် ကျွန်တော်ဒူးများညွတ်ခွေကျမတတ်

ဖြစ်သွား၏။ ဒါကိုစောကြီးကအဘွားကြီးလက်နှစ်ဖက်ကို ခေါင်းငုံ့သိုင်းချုပ်ပြီး ကျွန်တော့်တံခါးခွက်ကိုထိုးကာ. . .

'ဟေ့ကောင်. . . လုပ်ပါဟ. . . မြန်မြန်လုပ်ပါ. . တော်ကြာလူတွေမြင်ကုန်မယ်. . .'

သူ့အော်သံကြောင့်ကျွန်တော်လန့်ဖြန့်ပြီး အဘွားကြီးကိုလည်ကုတ်မှဖမ်းပြီး လက်ကိုင်ပဝါနှင့်မိမိရရအုပ်လိုက်သည်။ဖြစ်ချင်တော့အဘွားကြီးက ပတ်ဝန်းကျင်ကိုလှည့်အော်ရန်ပါးစပ်အဟနှင့် ကြုံကြိုက်ပြီးလက်ကိုင်ပဝါတစ်ထည်လုံး ပါးစပ်ထဲဝင်သွားကာ. . .

'အု. . . အာဝု. . . အု. . . ဟု. . . ဟု. .'

ဟူသောအော်သံနှင့်အတူ အဘွားကြီးမျက်လုံးကြီးပြူးကာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်သွားသည်။ နောက်ဖြည်းညင်းသောအရှိန်ဖြင့်လက်ကိုင်ပဝါကြီးကိုက်ကာဘယ်ဘက်လဲမလို ညာဘက်လဲမလိုနှင့်ခြေဖျားထောက်ပြီး ယိုင်ထိုးယိုင်ထိုးဖြစ်နေသည်။ နောက်မှ အရှေ့ဘက်သို့အတောင့်လိုက်ကြီး ပြုတ်ကျသွားရာ. . .

'ဟ. . . ဟ. . . ဖမ်းပါဟ. . . ဖမ်းပါဟ. . . ကျပဟ. . .'

ဟူသောအော်သံနှင့်အတူရုပ်ကြီးကသလို စန့်စန့်ကြီးလဲကျလာသောအဘွားကြီးကို စောကြီးကပခုံးနှင့် ဆီးထမ်းထားလိုက်လေသည်။

'ဟ. . ဟေ့ကောင်. . . ဆွဲပါဟ. . ဆွဲပါ. . . ဒီမှာ. . ပိ. ပိ'

အလန့်တကြားအော်သံနှင့်အတူ စောကြီး အဘွားကြီး၏ခန္ဓာကိုယ်ကိုအံကြိတ်တွန်းတင်နေသည်။ သူ့ခမျာလည်း ဝက်ကိုယ်လုံးကိုမ ထားရသော ခွေးပေါက်စလို သနားစဖွယ်ဖြစ်နေ၏။ ကျွန်တော်လည်းကြည့်မနေသာတော့ဘဲ အဘွားကြီး၏ခန္ဓာကိုယ်ကိုပခုံးမှနေ၍ဆွဲ မလိုက်သည်။အဘွားကြီးမျက်လုံးကြီးပြူး၊ လက်ကိုင်ပဝါအံကြိတ်ကိုက်ပြီးအတောင့်လိုက်ကြီး ကျွန်တော့ဘက် ပါလာပြန်၏။ ကျွန်တော်လည်းသူ့ခန္ဓာကိုယ်ကြီးကို အားကုန်ခံတွန်းပြီး. . .

'ဟေ့ကောင် စောကြီး. . . မင်းခြေထောက်ကမ. . . ငါခေါင်းကမပြီးကားပေါ် ရောက်အောင်တင်မယ်. . .'

'အေးကောင်းတယ်. . မြန်မြန်လုပ်. . . တော်ကြာလူတွေမြင်လို့ ဟုတ်ပေ့ဖြစ်ကုန်ပါဦးမယ်. . . လုပ်လုပ်. . . သွက်သွက်လုပ်. . . '

'အေး. . . တစ်. . . နှစ်. . . သုံး. . . မ. . . '

'ဝေါ့. . . '

စောကြီးထံမှ အော်ဂလီဆန်သလိုအသံကြားရ၏။ ကျွန်တော်လည်း သူ့ကိုလှည့်မကြည့်နိုင်သေးဘဲ. . .

'ဟေ့ကောင်. . . ဘာဖြစ်လို့လဲကွ. . . '

ကျွန်တော့်အမေးကို စောကြီးကအံကြိတ်သံနှင့်. . .

'အမြင်လည်းမကောင်း၊ အနံ့လည်းမကောင်းလွန်းလို့ပါကွ. . . ဝေါ့. . . ထွီ. . . '

သူ့စကားကို ကျွန်တော်လည်း. . .

'ခဏတော့အောင့်ခံလိုက်ပါကွာ. . . ခဏပါပဲ. . . ကားပေါ်ရောက်ရင်ပြီးပြီ. . . '

'အေး. . . ခဏပဲရမှာ နည်းနည်းကြာရင် ငါလည်းမူးလဲလောက်တယ်. . . '

ကျွန်တော်သူ့စကားကို သိပ်ဂရုမစိုက်တော့ဘဲ သွက်လက်သောခြေလှမ်းများနှင့် ကားဆီသို့သုတ်ခြေတင်လိုက်သည်။ စောကြီးသည် နောက်မှနေ၍ ကျွန်တော့်ခြေလှမ်းကိုအမီလိုက်၏။

ကားပေါ်ရောက်တော့ ကားခြေနင်းပေါ်အဘွားကြီးခေါင်းတင်လိုက်သည်။ နောက်. . . အဘွားကြီးကို ကားထဲသို့အတောင့်လိုက်ကြီးတွန်းထည့်လိုက်ပြီးကားကိုအမြန်မောင်းထွက်ခဲ့သည်လူရှင်းသည့်နေရာရောက်မှကားရပ်လိုက်ကြပြီး. . .

'ထွန်းလင်းအောင် ဓားပါတယ်ဟုတ်လား'

'ပါပါတယ်ကွ. . . ဒီမှာ. . . '

'မင်းဓားက ထက်ကောထက်ရဲ့လား'

'ကိုယ်တော်ကြီးဆီကယူခဲ့တာ ထက်တာမှမြနေတာပဲ. . . '

'တစ်ချက်ဆွဲရုံနဲ့ ကိစ္စပြတ်ပါ့မလား. . . '

'ကြည့်နေကွာ ငါဆွဲပြမယ်'

'ငါမကြည့်နိုင်သေးဘူးကွာ ခုနကအဘွားကြီးကိုမေ့ဆေးနဲ့ အုပ်တုန်းက ငါနှစ်ချက်ရှူမိထားတာ အခုငြီးစီစီကြီးဖြစ်နေတယ် . . . ငါကားပေါ်မှာတစ်ချက်မှေးလိုက်ဦးမယ်. . . မင်းဘာမှမကြောက်နဲ့ အပြုတ်သာရှင်းပစ်ဟုတ်ပြီလား. . . '

'အေးစိတ်ချ. . . စိတ်ချ လာဟေ့စောကြီး မင်းဒီအဘွားကြီးခေါင်းကိုမ ထားပေး'

သိပ်မကြာလိုက်ပါ ထွန်းလင်းအောင်တို့ထံမှ ဓားသံကရွှမ်းခနဲ ရွှမ်းခနဲ. . . . တစ်ဖြေးဖြေးတိုးတိတ်. . . မှောင်. . .

မေ့ဆေးအရှိန်ကြောင့်ကျွန်တော်လည်း အိပ်မောကျသွားပြီဖြစ်သည်။

◆ ◆ ◆

**ကျွန်** တော်တစ်ရေး နိုးလာသောအခါ ယောက္ခမ အဘွားကြီးမှာ ထွန်းလင်း အောင်လက်ချက်ဖြင့် ကတုံး ပြောင်ကြီးဖြစ်နေပြီ။

တစ်ခေါင်းလုံးပြောင် သော အနေအထားသို့ရောက် သော် ထွန်းလင်းအောင်က သူခါးကြားထဲ ဆောင်လာ သောနွှင်းထုပ်ကိုထုတ်ယူ၍ အဘွားကြီး၏ခေါင်းကို ဆီးသီးနယ်သလိုပိပိပြင်ပြင် နယ်ဖတ်လိုက်သည်။



တစ်ခေါင်းလုံးဝါထိန်သွားသောအနေအထားရောက်မှ ထွန်းလင်းအောင်က မိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

'ကဲ. . . ခေါင်းတုံးရိတ်ခြင်းအနုပညာကတော့ပြီးပြီ. . . ဘာဆက်လုပ်ရမှာလဲ. . .'

ကျွန်တော်ကနှစ်ယောက်လုံးကို ပြန်ငေ့ကြည့်လိုက်ပြီး. . .

'မြို့စွန်ကသီလရှင်ကျောင်းကို ကားမောင်းသွားကြမယ်. . .'

အားလုံးခေါင်းညိတ်ကြသည်။ ပြီးနောက် ကားမောင်းရန်တာဝန်ကျသော စောကြီးကသာ ကားခေါင်းသို့သွားပြီး ကျွန်တော်ပြောသောမြို့စွန်သီလရှင်ကျောင်းကိုမောင်းရန်ဦးတည်လိုက်သည်။ သိပ်မကြာခင်အချိန်အတွင်း ကားအနောက်မှနေ၍ အဘွားကြီး၏ကေသာညှိညစ်ညစ်များမီးခိုးများနှင့်အတူ လမ်းပေါ်ဖွဲခနဲဖွဲခနဲလွင့်ကျဲ. . .

◆ ◆ ◆

မြို့စွန်သီလရှင်ကျောင်း၏ အမှောင်ရိပ်စွန်းကလေးတွင် ကားကိုရပ်လိုက်သည်။ စိုးစီစိုးစီကြားရသော ပုဇဉ်းရင်ကွဲအသံမှအပ တိတ်ဆိတ်။

ည၏တိမ်တိုက်များသည်လည်း ညိုမှောင်သောအဆင်း သဏ္ဍာန်နှင့် ဝန်းကျင်ကိုလွှမ်းခြုံထား၏။ တဖွဲဖွဲနှင်းစက်များသည်လည်း အေးချမ်းမှုနှင့် ပိန်းပိတ်အောင်ထူထပ်နေ၏။

'ကဲ. . . ဒီအဘွားကြီးကို ဘယ်နားထားမှာလဲ. . . '

စောကြီး၏အမေးကြောင့် ကျွန်တော်ပတ်ဝန်းကျင်ကိုဝေ့ကြည့် လိုက်သည်။ အမြင်အာရုံထဲတည့်တည့်တိုးဝင်လာသော မီးအလင်းရောင် အနည်းငယ်ရှိသည့် သီလရှင်ကျောင်းဝ. . ။ ဒီနေရာဆိုမဆိုးဘူး။ ဒါဆို ဖြတ်သွားဖြတ်လာသူများတွေ့လောက်၏။

'ဟောဒီသီလရှင်ကျောင်းဝမှာပဲချထားလိုက်မယ်. . . '

'ဟင် ဖြစ်ပဲ့မလား. . . တော်ကြာလူတွေမြင်သွားမှ. . .'

'ဟ. . . မြင်စေချင်လို့ချထားတာပဲ. . . တော်ကြာတစ်ညလုံး လူတွေမမြင်မှ တောင့်ပြီးဂိန်သွားလို့ ဒုက္ခရောက်နေဦးမယ်. . .'

'အေး. . . ဒါဆိုလည်း မြန်မြန်လုပ်ကွာ. . .'

စသည်ဖြင့် ကျွန်တော်တို့အားလုံးတိုင်ပင်ပြီး အဘွားကြီးကို အတောင့်လိုက်မ ချလိုက်၏။ ပြီးနောက် သီလရှင်ကျောင်းဝသို့မ သွားကာ အဘွားကြီးကို ငုတ်တုတ်လုပ်ပြီး ကျောင်းအုတ်နံရံကိုမှီချလိုက်သည်။ ဒါက ကျွန်တော်၏ မဟာစီမံကိန်း. . .။ အဆုံးစွန်မျှော်လင့်ချက်. . .။ ဒါမှဒီအဘွားကြီး ခေါင်းတုံးကြီးနဲ့ရှက်ပြီး ရပ်ကွက်ထဲပြန်မဝင်ရဲတော့မှာ။ ဒါမှ သူ့ကို လူ့လောကတွင် မလိုအပ်တော့ကြောင်းသိပြီး သာသနာ့ဘောင်ထဲ ဝင်သွားလိမ့်မည် မဟုတ်ပါလား. . .။

အားလုံးအဆင့်သင့်စီစဉ်ပြီးတော့မှ. . .

'ကဲ. . . ကိစ္စအားလုံးတော့ပြီးပြီ'

'ဒါဆို ပြန်ကြရုံသာ ရှိတော့တာပေါ့. . .'

ကျွန်တော်အားရပါးရပြုံးလိုက်ပြီး. . .

'အမှန်ပေါ့. . . ကဲ. . . အောင်ပွဲခံတဲ့အနေနဲ့ တစ်ခုခုစားပြီးမှ အိမ်ပြန်ကြတာပေါ့'

'အေး. . . ဒီတစ်ခါတော့ မင်းအမှန်တကယ် အောင်ပွဲခံရပါပြီ ကွာ. . . မင်းယောက္ခမအဘွားကြီးလည်း ခေါင်းတုံးကြီးနဲ့ဆိုတော့ ရှက်ပြီး တော့ ရပ်ကွက်ထဲပြန်ဝင်ရဲမှာ မဟုတ်တော့ပါဘူး. . .'

ကျွန်တော်ရင်ကော့လိုက်သည်။ ပြီးတော့ တစ်လုံးချင်းပြောလိုက်သည်။

'ဒါ. . . ငါအဖြစ်ချင်ဆုံးသော ဆန္ဒပဲသူငယ်ချင်း. . .'

နှစ်ယောက်လုံးကျွန်တော့်ကို ငေးကြည့်ကြသည်။ အတန်ကြာမှ

'ကဲ. . . ဒါဆိုလည်း အိမ်ပြန်ကြရအောင်. . .'

ကျွန်တော်တို့ကားပေါ်ပြန်တက်လိုက်ကြသည်။ ပြီးနောက်. . ဝေးရာသို့. . .။

အဘွားကြီးကတော့ ဘုန်းကြီးကျောင်းအုတ်နံရံကိုမှီ၍ ငြိမ်သက်နေတုန်း. . . ။

ကျွန်တော်တို့စားသောက်ပွဲပြီး၍ရပ်ကွက်ထဲပြန်ရောက်ချိန်တွင် ညကအတော်နက်နေပြီ. . . ။

'ဂွတ်နိုက် သူငယ်ချင်း. . .'

'ကောင်းသောညဖြစ်ပါစေ. . .'

စောကြီးနှင့် ထွန်းလင်းအောင်ကျွန်တော့်ကို နှုတ်ဆက်ပြီး ကားကိုဝူးခနဲဆက်လက်မောင်းထွက်သွားကြ၏။

ကျွန်တော်သာ အိမ်နဲ့မလှမ်းမကမ်းတွင်ရပ်ပြီး တစ်ယောက်ထဲကျန်ခဲ့ရင်း အိမ်ဘက်လှမ်းကြည့်လိုက်သည်။

မီးရောင်က မှုန်ပြပြ. . . ။

'သက်ထက်ချိုများ မအိပ်သေးဘူးလား. . .'

ကျွန်တော့ရင်များ တဒိုင်းဒိုင်းခုန်လှုပ်သွား၏။

'အို. . . ဒီညသူ့ခမျာ တစ်ယောက်ထဲ အဟိ. . .'

သနားရမည့်အစား မည်သို့ဖြစ်သည်မသိ အပျော်စိတ်များသာ ကြီးစိုးနေသည်။

'တွေ့ကြပြီပေါ့ ယောက္ခမရယ်. . .'

'အဲလေ. . . ဘာဆိုင်လို့လဲ. . ယောက္ခမကယောက္ခမဘာသာ သီလရှင်ကျောင်းရှေ့မှာ ငုတ်တုတ်ဟာကို. . .'

'တွေ့ကြပြီပေါ့ သက်ထက်ချိုရာ. . .'

'ဟာ. . ဒါလည်းမနိုင်ပါဘူး. . ကိုယ့်ချစ်သူနဲ့ကိုယ်နှစ်ယောက်ထဲတွေ့ရမယ့်ဟာကို ဒီလိုအံကြိတ်သံကြီးနဲ့တော့ မကြိမ်းကောင်းပါဘူး ဒါဆို. . .'

အဲဒီလိုပေါ့ သက်ထက်ချိုရာ. . . တွေ့တာတော့တွေ့ကြပြီပေါ့ နော်. . . ဒါပါပဲ. . . အဟိ. . . ။

◆ ◆ ◆

တော်ဝင်မြို့မစာအုပ်တိုက်

**အိမ်** ထဲလှမ်းဝင်လိုက်သည်နှင့် တစ်ယောက်တည်းအိမ်ရှေ့ အုတ်ခုံလေးတွင် မျက်နှာငယ်ကလေးနှင့် ငုတ်တုတ်ထိုင်နေသောချစ်သူ၏ မျက်နှာဝင်းလက်သွား၏။ ပြီးနောက် ကျွန်တော့်ထံအပြေးတပိုင်းနှင့် လှမ်းလာပြီး. . .

'မောင်. . . မောင်. . . ပြန်လာပြီနော်. . . မောင်ပြန်လာပြီ'

ဟုဆို၍ကျွန်တော့်လက်မောင်းကိုဆွဲပြီး ဝမ်းသာအားရပြော၏။ ချစ်သူ၏ဝင်းလက်နေသောမျက်နှာကိုကြည့်၍ ကျွန်တော်လည်း အား တက်သွားပြီး. . .

'ဟုတ်တယ်ချို. . . ချို ကိုယ့်ကိုစောင့်နေတာလားဟင်. . . ကိုယ့်ကိုစောင့်နေတာလား. . .'

ကျွန်တော့်ရဲ့ အလောတကြီးအမေးကို ချစ်သူမျက်နှာမှာ ဆောင်းတွင်းညနေခင်းနေမင်းသဖွယ် ချက်ချင်းကိုငုံ့ရှိုးသွား၏။ ပြီးနောက်

ကျွန်တော်ချစ်လှစွာသော သူ့နှုတ်ခမ်းကထွက်ပေါ်လာသော တိုးလျှလျှ စကားသံက. . .

'အမေ. . . အမေ့ကိုစောင့်နေတာမောင်. . .'

'ဟင်. . .'

ကျွန်တော့်ခန္ဓာကိုယ်ကြီး ချက်ချင်းတောင့်တင်းသွား၏။ နောက် မယုံကြည်နိုင်စွာ ချစ်သူ၏မျက်နှာကို ပြန်ငုံ့မိုးကြည့်မိ၏။ သူ့မျက်ဝန်း အစုံတွင် မျက်ရည်တို့ဝေ့သီနေ၏။ သူမ၏မျက်နှာသည်လည်း အပြစ်ရှိသူ တစ်ယောက်လိုမြေပြင်သို့သာ စိုက်ကြည့်နေ၏။

ကြည့်စမ်း. . . အချုပ်ခန်းထဲဒုက္ခရောက်ပြီး ပြန်ထွက်လာတဲ့ လင်ယောကျ်ားကိုတော့မမျှော်ဘဲ ဘာအလုပ်မှမလုပ် အစားစုံစား အတင်း လည်တုတ်နေတဲ့ သူ့အမေကိုကျတော့မျှော်နေသတဲ့. . .။

ကျွန်တော်ဘာမှဆက်မပြောတော့ဘဲ သူ့ကိုကွေ့ဝိုက်ကျော်ကာ အိမ်ပေါ်သို့သာလှမ်းတက်လိုက်၏။ စိတ်ထဲတွင်တော့ ဒေါသစိတ်တို့ လှိုက်ခနဲ. . .။

အိမ်ပေါ်ရောက်တော့အိပ်ရာပေါ် ခန္ဓာကိုယ်ကိုဝုန်းခနဲပစ်ချ လိုက်၏။ တောင့်တင်းနေသောအကြောအချင်တို့ ရုတ်တရက်ပြေလျော့ သွားသလိုတော့ ခံစားရ၏။ နောက်တော့လည်း အကြောတို့ကတောင့်မြဲ တောင့်လျှက်. . .။

အော်. . . အမေချစ်တဲ့သမီး . . . သူ့အမေလုံးဝပြန်မလာနိုင် တော့တာမသိရှာသေးဘဲကိုး. . .။ ယခုအချိန်လောက်ဆို အဘွားကြီးကို တစ်ယောက်ယောက်တွေ့ပြီး သီလရှင်ကျောင်းထဲရောက်သွားလောက် ရောပေါ့. . .။ ခေါင်းတုံးကြီးနဲ့ယောက္ခမပုံကို မြင်ကြည့်ပြီး တစ်ယောက် ထဲသဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်မိ၏။ နောက်တော့မှ ချစ်သူ ရိပ်မိသွားမည်စိုး၍အရယ်ကို ကမန်းကတန်းရပ်လိုက်ရ၏။ ဟုတ်တယ် လေယောက္ခမကိုခေါင်းတုံးတုံး ဆားနွှင်းနယ်ဆုံးမခဲ့သည့်အကြောင်းကို သူ့သမီးသိလို့ဘယ်ဖြစ်မှာလဲ. . .။ သိသွားလျှင် ပြဿနာကအကျယ် အကျယ် မငြိမ်းဖွယ်ဖြစ်သွားလိမ့်မည်။ ထို့ကြောင့် ဟန်မပျက်အရယ်

ကိုရပ်ပြီးကုတင်ပေါ်မှာသာ ပျော်ပျော်ကြီးလှိမ့် နေလိုက်၏။ အတန်ကြာမှ ရင်ထဲထိတ်ခနဲ ဖြစ်သွားမိသည်။ အပြင်မှာကချစ်သူတစ်ယောက်ထဲ မဟုတ်ပါလား. . .။

ယခုကဲ့သို့ နှစ်ယောက်ထဲရှိချိန်မျိုးမှာမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တီတီတာတာမပြောလျှင် ဘယ်အချိန်ပြောရမည် နည်း။ အလို. . . အချိန်တွေက နှမြောစရာ. . .။ ကြည့်စမ်း ယောက္ခမ ကိုဆုံးမရလို့ ပျော်နေတာနဲ့တင် ဒီကိစ္စကိုမေ့နေလိုက်တာ. . . ကိုင်း. . . အပျော်ပေါ်အပျော်ထပ်ဆင့်ရအောင်. . .

'ရွှာစားရေ. . . စတိုင်ကျတဲ့ မြိုင်ထနဲ့ပို့. . .'

◆ ◆ ◆

**အို** ... ကြည့်စမ်း. . .။

ခိုက်ခိုက်တုန်အောင်အေးချမ်းသော နှင်းပွင့်နှင်းစက်ကြား တစ်ယောက်ထဲခေါင်းငုံ့ရပ်နေသောချစ်သူ. . .။ သူ့ခန္ဓာကိုယ်က အေးချမ်းမှုတို့ဖြင့် တုန်ရင်နေ၏။ ကျွန်တော်လည်း စိုးရိမ်စိတ်နှင့် ဝတ်ထားသော အနွေးထည်ကိုချွတ်လိုက်ပြီး ချစ်သူထံပြေးသွားမိ. . .။

သူ့ပခုံးပေါ်ကျလာသော အနွေးထည်နှင့် နွေးထွေးချိုမြိန်မှုနှင့်ပြည့်စုံသော ကျွန်တော့်လက်ကိုမြင်တော့ ချစ်သူ ကျွန်တော့ကိုဖြည်းညင်းစွာဝေ့ကြည့်၏။

'အို. . .'

ကြည့်စမ်း. . .။ သူ့မျက်ဝန်းမှာမျက်ရည်စတွေ. . . ဘာကြောင့်ငိုနေတာလဲ. . . ဘယ်သူ့အတွက်ငိုနေတာလဲကွယ်. . . ချစ်သူရဲ့ဘဝမှာ ဘယ်လောက်များဝမ်းနည်းစရာတွေကြုံနေလို့ပါလဲ. . . ပူပင်ကြောင့်ကျ

မဲ့နေနေရသည့်ဘဝ. . ဘယ်သောကတွေများ ဝင်ရောက်ဖျက်ဆီးနေတာလဲ ဟင်. . .

'အမေ မလာသေးဘူးနော်. . .'

နားထဲအတိုင်းအဆမရှိ တိုးဝင်လာသော စကားကြောင့် ကျွန်တော် သူ့ပခုံးကို သတိလက်လွတ်ပို၍ဖျစ်ညှစ်မိသည်။ ချစ်သူကသတိမထားမိသည့်အလား လမ်းမဘက်ကိုသာ ငေးရီနေ၏။

'အမေ. . . ဘာများဖြစ်နေလို့လဲဟင်. . .'

ကျွန်တော်မဖြေမိ၊ ဖြေလည်းမဖြေတတ်. . .။ အကယ်၍ဖြေမည်ဆိုလျှင်လည်း သီလရှင်ဖြစ်နေပြီဟုသာဖြေမိမည်. . .။ ချစ်သူက ကျွန်တော့်ကိုငေ့ကြည့်ပြီး. . .

'ညနေကတွေ့မိသလားဟင်. . .'

ကျွန်တော်ဘယ်လိုပြောရမှန်းမသိဖြစ်နေမိ၏။ ညနေက အဘွားကြီးခေါင်းကို နန္ဒင်းနဲ့နယ်ခဲ့ပုံက မျက်လုံးထဲကွက်ခနဲ ကွက်ခနဲ။

'တွေ့မိသေးလားလို့. . . မောင်. . .'

အတွေးမဆုံးမီဖြတ်မေးလိုက်သောစကားကြောင့် ကျွန်တော်လည်းပျာသွားပြီး. . .

'မတွေ့. . . အဲ. . . တွေ့. . . မတွေ့ပါဘူး. . . မတွေ့မိပါဘူးဟင့်အင်း. . . ဟင့်အင်း. . . မတွေ့မိပါဘူး. . .'

အစီအစဉ်မကျသော ကျွန်တော့်စကားများကြောင့် ချစ်သူမျက်မှောင်ကြုတ်သွား၏။

'မောင်. . . ဘာဖြစ်နေတာလဲဟင်. . . အမေ့ကိုတွေ့ခဲ့လို့ လားအမေဘာဖြစ်နေလို့လဲ. . . အမေဘာဖြစ်နေလို့လဲ. . . ပြောစမ်းပါဦးမောင်. . . ပြောစမ်းပါဦး. . .'

ကျွန်တော့လက်မောင်းကို ကိုင်လှုပ်ပြီးအလောတကြီးမေးသောစကားများကြောင့် ကျွန်တော်ပျာပျာသလဲဖြစ်သွားပြီး. . .

'ဟာ. . . ဘာမှမဖြစ်. . အဲလေ. . . ဘယ်သိပ်ါမလဲချိုရယ်အဘွားကြီး အဲလေ. . . ချို့အမေက မောင်နဲ့မှမတွေ့ခဲ့တာ. . . မောင်က

ဘယ်သိပ့ါမလဲ. . . '

'အမေ. . . အမေတစ်ခုခုများဖြစ်နေသလား. . . '

ဟူသောချစ်သူ၏ငိုမဲ့မဲ့နှင့်ညည်းတွားသံများ နားထဲလျှံကျနေ၏။ ကျွန်တော်သူမ၏မျက်ရည်များကို ကြင်နာစွာသုတ်ဖယ်ပေးလိုက်ပြီး. . .

'ငိုမနေပါနဲ့တော့ ချိုရယ်. . . အချိန်တန်ရင်တော့ သူအိမ်ပြန်လာပါလိမ့်မယ်. . . လာ အိမ်ထဲဝင်ကြအောင်. . . အပြင်မှာက အေးနေပြီ. . . '

ကျွန်တော့်၏စကားကိုချစ်သူကခေါင်းခါ၍ သူ့ပခုံးပေါ်တင်ထားသော ကျွန်တော့လက်များကိုရုန်းဖယ်လိုက်ပြီး. . .

'ဟင့်အင်း. . . ဟင့်အင်း. . . ချိုအပြင်ကပဲစောင့်ချင်တယ်မောင်. . . '

ကျွန်တော်စိတ်ညစ်သွား၏။

'ဟာကွာ ချိုကလည်းကွာ. . . အပြင်မှာကအရမ်းအေးနေပြီ. . တော်ကြာ အအေးမိပြီးဖျားနေမှဖြင့်. . . '

'ဟင့်အင်း. . . ဖျားချင်ဖျားပါစေမောင်. . . ချို မေမေ့ကိုမတွေ့ရရင် အိပ်လို့ရမှာမဟုတ်ဘူးမောင်. . . အိပ်လို့ပျော်မှာမဟုတ်ဘူး ချိုနဲ့မေမေနဲ့က တစ်ညမှခွဲခဲ့ဖူးတာမဟုတ်ဘူး. . . '

ကျွန်တော်သက်ပြင်းရှိုက်လိုက်မိသည်။ ရာဇဝင်တွေ ဇာတ်လမ်းတွေထဲမှာတော့ ကိန္နရီကိန္နရာမောင်နှံ တစ်ညတာဝေးရ၍ ရက်ပေါင်း (၇၀၀) ဆွေးခဲ့ကြသည်ဟုတော့ ဖတ်ဖူးမှတ်ဖူးသည်။ ယခုအမေနှင့်သမီး တစ်ညတာဝေးရ၍ ရက်ပေါင်းမည်မျှအလွမ်းသယ်ကြမည်တော့ မပြောတတ်။ လောလောဆယ်တော့ သူတို့အလွမ်းဇာတ်ထဲ ကျွန်တော်ကန့်လန့်ကြီးပါနေရပြီ. . .။

'လာပါချိုရယ်. . . အိမ်ပေါ်ကစောင့်တော့လည်း အတူတူပါပဲ အိမ်ပေါ်ကဆိုတော့ ပိုပြီးတော့တောင်မြင်ရသေးတယ်. . . '

ချစ်သူကျွန်တော့်ကို ဝေ့ကြည့်သည်။ သူ့မျက်ဝန်းတွင် မျက်ရည်တို့ဝေ့သီ. . .။

တော်ဝင်မြို့မစာအုပ်တိုက်

'လာပါ ချိုရယ်. . . ချိုနေမကောင်းဖြစ်မှာစိုးလို့ပြောတာပါ. . . ချိုနေမကောင်းဖြစ်ရင် တို့တွေအားလုံးစိတ်မကောင်းဖြစ်ကြရဦးမှာ. . . လာပါချိုရယ်. . . နော်. . . '

ချစ်သူထံမှ သက်ပြင်းချသံကြားရ၏။ နောက် ဖြည်းညင်းစွာ တွန့်ဆုတ်သောခြေလှမ်းများနှင့် ကျွန်တော်ဆွဲခေါ်ရာသို့. . .။

ညက တဖြည်းဖြည်းနက်မှောင်သောအရောင်အဆင်းကို ခြယ်သလာသည်။ ခပ်လှမ်းလှမ်းကင်းတဲကလေးဆီမှ နာရီသံ ဆယ့်တစ်ချက်ကြားရ၏။ လမ်းမပေါ်ဖြတ်သွားဖြတ်လာလူဆို၍ တစ်ယောက်မှမမြင်ရအောင် တိတ်ဆိတ်ကုန်ပြီ. . .။ ရံဖန်ရံခါမှ ဆွဲဆွဲငင်ငင်ထိုးဟောင်သောခွေးလေခွေးလွင့်တို့၏အော်သံသာ အတိုင်းအဆမဲ့ကြားနေရသည်။ ယောက္ခမ၏အရိပ်အယောက်က လုံးဝမမြင်ရသေး. . .။

ချစ်သူကတော့ ဆွေးလျသော သောကမျက်လုံးများနှင့် ခပ်ဝေးဝေးကိုမျှော်ကြည့်နေတုန်း. . .။ ကျွန်တော့်ခမျာလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ အာခေါင်ခြောက်ခြောက်လာ၍ ရေပြေးသောက်ရတာ အမော။ ညကလည်းနက်လာပြီဆိုတော့ နွေးနွေးထွေးထွေးအိပ်ချင်လှ ပြီ. . .။ ထို့ကြောင့် . . .

'လာပါ ချိုရယ်. . . ညလည်းနက်နေပြီလေ. . အိပ်ကြရအောင်နော်. . . ချိုမေမေက အိမ်အပြန်နောက်ကျလို့ ဟိုဖက်အိမ်မှာများအိပ်နေလားမှမသိတာ. . . တော်ကြာ ချိုအိပ်ရေးပျက်နေပါ့မယ်. . . '

ချစ်သူထံမှရှိုက်သံများပို၍စီညံလာ၏။

'လာပါချိုရယ်. . . သူလည်းလူကြီးပဲ သူစဉ်းစားတတ်မှာပါ. . . အခုဟာက ပြန်မလာသင့်လို့မလာတာဖြစ်မှာပါ. . . '

ကျွန်တော့်စကားကို ချစ်သူကမျက်ရည်များကြားက ခေါင်းခါလိုက်ပြီး. . .

'မဟုတ်ဘူး. . မဟုတ်ဘူး. . အမေက ဘာကိစ္စပဲ ဘယ်လောက်ပဲအရေးကြီးကြီး ချိုနဲ့ခွဲပြီး တစ်ခါမှမအိပ်ဖူးဘူး. . . အခုသူပြန်မလာတာတစ်ခုခုကြောင့်ပဲဖြစ်ရမယ်. . . အမေတစ်နေရာမှာများမူးလဲနေလား

ဘုရား ဘုရား. . .'

ချစ်သူက သူ့ရင်ဘတ်ကလေးသူပြန်ဖိပြီး ရေရွတ်၏။ သူ့ကို ကြည့်ပြီး ကျွန်တော်သက်ပြင်းချမိ၏။

'မဖြစ်နိုင်ပါဘူး ချိုရာ. . . ချိုမေမေကအလတ်ကြီး. . . အဲလေ အမာကြီးဟာကို ဘယ်နှယ့်မူးလဲရမှာတုန်း. . .'

'ဒါဆို. . . မသမာသူတွေကများ ဘုရား ဘုရား. . .'

'အော်. . . ဘယ်မသာမာသူက ဖမ်းမှာလဲ. . . သူ့မှာကဘာရှိလို့လဲ. . .'

ချစ်သူမသက်ာသလို ကျွန်တော့်ကို ပြန်စေ့ကြည့်သည်။ ကျွန်တော်ကသာ မသိချင်ယောင်ဆောင်၍. . .

'လာပါချိုရယ်. . . ညလည်းနက်နေပါပြီ သူဟိုဖက်အိမ်မှာအိပ်လိုက်လို့ဖြစ်မှာပေ့ါ. . .'

'ဒါဆို ချိုတို့ ဟိုဘက်အိမ်ကိုလိုက်သွားကြရအောင်. . .'

ချစ်သူ၏အားတက်သရောစကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး. . .

'ဟာ. . . ဒီအချိန်မှလိုက်သွားလို့ ဘယ်ဖြစ်မှာလဲ. . . ဒီအချိန်မှလိုက်သွားရင် လူဆိုးသူခိုးတွေနဲ့တွေ့ပြီး ဟုတ်ပေ့ဖြစ်နေပါဦးမယ်. . .'

ကျွန်တော့စကားကြောင့်ချစ်သူပခုံးလေး ကျုံ့ဝင်သွား၏။ ပြီးနောက် ကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုပြန်စေ့ကြည့်သည်။ ကျွန်တော်က မျက်နှာကိုအတတ်နိုင်ဆုံးငယ်ထားလိုက်ပြီး. . .

'လာပါချိုရယ်. . . အပြင်မှာအေးပါတယ်. . အိမ်ထဲကပဲဝင်စောင့်ရအောင်နော်. . . လာပါကွယ်. . .'

ဒီတစ်ခါတော့ ချစ်သူမရုန်းကန်တော့ဘဲ အလိုက်သင့်ကလေး လိုက်ပါလာ၏။ ဟုတ်ပဟ. . . တစ်ဆင့်တော့ အောင်မြင်ပြီ အဟိ. . ။

အိမ်ပေါ်ရောက်သည်နှင့် ချစ်သူအိမ်ပေါက်ဝတွင် ထိုင်ချလိုက်သည်။ အကြံအစည်အောင်မြင်ခါနီးမှ အပေါက်ဝ၌တစ်သွားသောကြောင့် ကျွန်တော်စိတ်ညစ်သွား၏။ ထို့ကြောင့်. . .

‘လာပါချိုရယ်. . . အပေါက်ဝကြီးမှာထိုင်နေတာ မကောင်းပါဘူး. . . အိမ်ထဲဝင်ကြရအောင်. . . ’

ချစ်သူခေါင်းကိုခပ်သွက်သွက်ခါရမ်းလိုက်ပြီး. .

‘ဟင့်အင်း. . . ဟင့်အင်း. . . အထဲမှာဆို အမေပြန်လာရင် မမြင်ရဘဲနေမယ်. . . ဒီကပဲထိုင့်စောင့်မယ်. . . ’

‘ဟာကွာ. . . ’

ကျွန်တော်သူ့ကိုဘယ်လိုရှင်းပြရမှန်းမသိတော့. . . ။ ပြောစရာစကားလုံးများလည်း စိတ်ထဲတွင် တော်ရုံနှင့်စီမရ. . . ။ အတန်ကြာမှ အားတင်းပြီး ပြောလိုက်သည်။

‘လာပါချိုရယ်. . . အပြင်မှာကအေးနေပြီ အထဲမှာကိုယ်နဲ့ နွေးနွေးထွေးထွေး. . . ’

ကျွန်တော့စကားကို ချစ်သူကကိုယ်ကိုကျုံ့လိုက်ပြီး. . .

‘အို. . . အမေ့အတွက်စိတ်ပူနေပါတယ်ဆိုမှ သူကလည်း တစ်မျှောင့်. . . ’

ကျွန်တော့်မျက်နှာကြီးရဲတက်သွားမှာသေချာ၏။

‘မဟုတ်ပါဘူးချိုရာ. . . ကိုယ်လည်း အိပ်ငိုက်နေလို့ပါ. . . ’

‘အိပ်ငိုက်ရင် ကိုယ့်ဘာသာကိုယ် ဝင်အိပ်ပါလား. . . ’

ချစ်သူ၏ခပ်မာမာစကားကြောင့် ကျွန်တော်ရုတ်တရက်ကြောင်သွားမိ၏။ တစ်ခါမှစကားမမာဘူးသောချစ်သူ ဘယ်လိုဖြစ်သွားတာလဲ။ ကျွန်တော်စိတ်ရှုပ်သွား၏။ အော်. . . ယောက္ခမ ယောက္ခမ. . . လူမရှိတော့တာတောင် အနှောင့်အယှက်ပေးနေတုန်းပါပဲလား. . . ။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ဒီညအဖို့တော့ သူမကို ဘယ်လိုမှ စည်းရုံး၍မရနိုင်တော့မှန်း သိသွားရပြီ. . . ။ သူ့အမေအတွက် စိုးရိမ်စိတ်ကရှိနေတာကိုး. . . ။ထို့ကြောင့် စိတ်ကိုသာလျှော့၍. . .

‘ကဲ. . . ဒါဆို ကိုယ်ဝင်အိပ်တော့မယ်. . . ချိုဆက်စောင့်ရင် စောင့်နေတော့. . . ’

ချစ်သူဘာမှပြန်မပြော. . . အဝေးသို့သာငေးရီနေသည်။

ကျွန်တော်လည်း ဘာမှဆက်မပြောတော့ဘဲ ထိုင်ရာမှဖြည်းညှင်းစွာထပြီး အိပ်ခန်းအတွင်းသို့ လှမ်းဝင်လိုက်သည်။

အိပ်ခန်းအတွင်းရောက်သည်နှင့် အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ စိတ်ထဲတွင်ရှုပ်ထွေးနေသောအကြောင်းအရာများကို လည်း တစ်စစီရှင်းထုတ်ပစ်လိုက်သည်။ စိတ်ထဲတွင် အားလုံးရှင်းသွား တော့မှ အတွေးသစ်များကို ပြန်လည်ရိုက်သွင်းလိုက်သည်။

သို့သော် အတွေးသစ်များသည်လည်း အတွေးဟောင်းများ အတိုင်းသာ. . . ။

နေနှင့်ဦးပေါ့ကွာ. . . ဒါပါပဲ. . . ။

◆ ◆ ◆

**နံ** နက်အိပ်ရာနိုးတော့ နေပင်တော်မြင့်နေပြီ။ မနေ့ကပင်ပန်းသောဒဏ်၊ ညကအိပ်ရေးပျက်သောဒဏ်များပေါင်းစပ်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျခဲ့ပုံရ၏။

အိပ်ရာမှမထသေးဘဲ အကြောများကိုဆန့်ထုတ်ရင်း မနေ့ကအဖြစ်အပျက်များကို ပြန်စဉ်းစားမိပြီးတစ်ကိုယ်တည်းကြိတ်ပြုံးမိသည်။ ယောက္ခမ. . . ယောက္ခမ အခုတော့ဘာတတ်နိုင်သေးလဲ. . . ဟင်. . . အခုတော့ ဇေယျာနောင်ဘာကောင်ဆိုတာ သူသိပြီပေါ့. . .။ အခုချိန်လောက်ဆို ပြောင်နေသောသူ့ခေါင်းကိုသူပြန်စမ်းပြီး ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေပေလိမ့်မည်။ မှတ်ထားယောက္ခမ. . . ဇေယျာနောင်တို့က မလုပ်ရင်လည်း အရှင်းပဲ၊ လုပ်ရင်လည်းအပြောင်ပဲ. . .။

ကိုယ့်ဘာသာကိုယ်တွေးပြီး ကိုယ့်ဘာသာကိုယ်အားရကာ ကိုယ့်ဘာသာတစ်ကိုယ်တည်း ကြိတ်ပြုံးနေမိသည်။ နောက်မှ တစ်စုံတစ်ခုသော

အကြောင်းအရာကို စဉ်းစားမိပြီးရင်ထဲလှိုက်ခနဲ. . .

'ချစ်သူ. . . ချစ်သူ ဘယ်မှာလဲ. . .'

ချစ်သူအကြောင်း ခေါင်းထဲရောက်လာသည်နှင့် ရင်တွေခုန်လာသည်။ ချစ်သူများ သူ့အမေလာရာလမ်းကိုထိုင်မျှော်နေတုန်းလား. . ။ ဒါဆို သူအတော်ချမ်းနေလောက်ရောပေါ့. . . ။ စိုးရိမ်စိတ်နှင့် အိပ်ရာမှ ငေါက်ခနဲထလိုက်မိသည်။

'အလို. . . '

ကျွန်တော့်ရဲ့ကုတင်ခြေရင်းမှာ ကုတင်တိုင်ကိုမှီပြီး အိပ်ပျော်နေသော ချစ်သူ. . . ။ ကျွန်တော်ကမန်းကတန်းထပြီး သူ့အနားတိုးကပ်သွားမိသည်။

ဘယ်အချိန်မှ ဘယ်လိုအိပ်ပျော်ခဲ့မှန်းမသိသောချစ်သူက ထိုင်ရက်ပင်နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေတုန်း. . . ။ ကျွန်တော် နက်မှောင်သောသူ့ဆံပင်များကို အသာအယာပင့်သပ်လိုက်သည်။ အို. . . ကြည့်စမ်း. . . အပြစ်ကင်းစင်လိုက်တဲ့မျက်နှာလေး. . . ။ ရိုးသားသန့်စင်မှုများကို အတိုင်းသားဖော်ပြနေသောချစ်သူ၏မျက်နှာလေး. . . ။ ကျွန်တော်သူ့မျက်နှာလေးကိုပင် ကြည့်မဝနိုင်အောင်ဖြစ်နေ၏။ ကျွန်တော့်ရဲ့ရင်ခုန်သံများကလည်း သူသာအိပ်ပျော်စဖြစ်ပါက လန့်နိုးသွားရလောက်အောင်ကျယ်လောင်နေသည်။

ချစ်သူ၏ခေါင်းလေး အသာငဲ့စောင်းလာသည်။ မျက်လုံးတော့ မပွင့်သေး. . . ။ ကျွန်တော်သပ်တင်ထားသော သူ့ဆံနွယ်စများကိုအသာအယာပြန်ချပေးလိုက်သည်။ ချစ်သူကတော့ နှစ်နှစ်ချိုက်ချိုက်အိပ်ပျော်နေတုန်း. . . ။ ကျွန်တော်လည်း ချစ်သူ၏အပြစ်ကင်းစင်သောမျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်ရင်း သူမ၏ပါးလေးကို မွှေးကြူရန်နှာခေါင်းကို အရှေ့ထုတ်လိုက်၏။ ပြီးမှ. . .

အော်. . . သူ့ခမျာလည်း ပင်ပန်းရှာတယ်လေ ဟုစဉ်းစားမိပြီး စာနာစိတ်နှင့် သူမနိုးမသွားအောင် ခြေကိုဖွနင်းလိုက်သည်။ ဩော် အေးချမ်းလှတဲ့ လောက။ မချစ်မနှစ်သက်သော သူနဲ့ကွေကွင်းရခြင်းဟာ

တယ်လည်း ကျက်သရေရှိပါလား. . . ပြီးခဲ့တဲ့ရက်တွေကမိုးလင်းသည်နှင့် မိုးမွှန်အောင်ဆဲသံဆူသံနှင့်နိုးထနေရာမှ ယခုကဲ့သို့သာရကာ ငှက်ကျေးလေးများ၏ စိုးစီစိုးစီသံနှင့်အေးချမ်းစွာနိုးထရသည်မှာ လွန်စွာကျက်သရေမင်္ဂလာရှိပေစွ။နောက်. . . မျက်နှာသစ်ရန် အပြင်သို့လှမ်းထွက်လိုက်၏။

‘အလို. . .’

မြင်ရသောမြင်ကွင်းက ကျွန်တော့်မျက်ဝန်းအစုံကို ပြူးကျယ်သွားစေသည်။ နောက်မယုံကြည်နိုင်စွာ ကိုယ့်မျက်လုံးကိုကိုယ့်လက်ခုံနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ပြီး ပြန်ကြည့်လိုက်သည်။

‘အဘွားကြီး. . .’

ဟုတ်ပါသည်။ အဘွားကြီးပါ။ အိမ်ဦးခန်းဘုရားစင်အောက်တွင် ပြောင်လက်နေသောခေါင်းတုံးနှင့် ယောဂီဝတ်စုံကိုဆင်မြန်း၍ မျက်လုံးကိုပိတ်၊ ပုတီးကိုတချောက်ချောက်စိပ်ကာ မလှုပ်မယှက်ဟန်မပျက်ထိုင်နေသော အဘွားကြီး . . .။ အဘွားကြီးကို ထိုပုံစံအတိုင်းမြင်ရ၍ ကျွန်တော်လည်းလန့်သွားပြီး. . .

‘ဟင်. . . အဘွားကြီး. . . ခင်. . ခင်ဗျားဘယ်လို . . .’

ကျွန်တော့်အသံကအံ့သြမှုနှင့် တုန်ရင်ကျယ်လောင်နေသည်။ ဒါကိုပင် အဘွားကြီးကစျာန်ဝင်စားနေသူတစ်ယောက်အလား သတိပင်မထားမိသလိုဟန်မျိုးနှင့် မျက်လုံးကိုမှိတ်၍ အရုပ်တစ်ရုပ်လိုငြိမ်နေသည်။ ကျွန်တော့်အော်သံကြောင့် အိပ်မောကျနေသောချစ်သူကပင် လန့်နိုးလာပြီး. . .

‘မောင်. . . ဘာဖြစ်လို့လဲမောင်. . . ဘာဖြစ်လို့လဲ. . .’

ဟူသောအသံနှင့်အတူထလာ၏။ ချစ်သူ၏အသံကြားတော့ အဘွားကြီးမျက်လုံးတစ်ဖက်ဖွင့်ကြည့်သည်။ နောက်. . ခြေသံကြားတော့ မျက်လုံး ဖျတ်ခနဲပြန်ပိတ်ပြီး မိန့်မိန့်ကြီးပြုံး၍ ပြန်ထိုင်နေလိုက်သည်။

‘ဟင်. . .’

ချစ်သူပြေးထွက်လာပြီး ခေါင်းတုံးကြီးပြောင်လက်နေ၍ ယောဂီ

တော်ဝင်မြို့မစာအုပ်တိုက်

ဝတ်စုံကိုကျနစွာဝတ်ဆင်ထားသော သူ့အမေကိုမြင်တော့ အံ့အားသင့်သွားသည်။ ပြီးနောက်အားရဝမ်းသာပြေးသွားပြီး. . .

'ဟင်. . . အမေ. . . အမေ. . . ဘယ်လိုဖြစ်တာလဲ အမေရယ် ဘယ်လိုဖြစ်တာလဲ သမီးကိုပြောစမ်းပါဦး အမေရဲ့. . .'

ဟုဆို၍ သူ့အမေ၏လက်မောင်းကို ကိုင်လှုပ်၍အတင်းမေးသည်။ ဒါကိုပင် အဘွားကြီးကမျက်လုံးမဖွင့်သေးဘဲ မိန့်မိန့်ကြီးခေါင်းညိတ်နေသေး၏။ အတန်ကြာမှ သက်ပြင်းကိုခပ်မျှင်းမျှင်းချပြီး. . .

'ဟင်း. . . အမေကတော့ လောကီအရေးကိုစိတ်ကုန်ပြီမို့ လောကုတ္တရာမှာပဲ တရားဘာဝနာစီးဖြန်းရင်း ပျော်မွေ့တော့မယ် သမီး. . .'

'ဟင်. . .'

'ရွှေ့နိုပ်ပဟ. . .'

ချစ်သူ၏အာမေဍိတ်သံနှင့်အတူ ကျွန်တော်၏ဝမ်းသာအားရရင်ခေါင်းသံကြီးပေါ်ထွက်လာ၏။ ဟုတ်တယ်လေ. . . အဘွားကြီးတစ်သက်လုံးလောကီဖက်ပြောင်းသွားတာလောက် ဘာနိုပ်တာရှိဦးမလဲ ထိုတော့မှ ကျွန်တော်လည်း ချစ်သူနှင့်ရွှေလက်တွဲပြီး ပျော်ပွဲဝင်ရမည်မဟုတ်ပါလား. . . အဘွားကြီးကတော့ ဘာကိုမှစိတ်မဝင်စားတော့။ သူတော်ကောင်းတစ်ယောက်လို ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး. . .

'ဟုတ်တယ် သမီး. . . လောကီရဲ့အရှုပ်အရှင်းတွေကို အမေစိတ်ပျက်လှပါပြီကွယ်. . . ဒါကြောင့် အမေအေးချမ်းရာနယ်မြေဖြစ်တဲ့ လောကုတ္တရာမှာပဲ တရားဘာဝနာနဲ့ပျော်မွေ့တော့မယ်. . .'

'အဟုတ်ဟ. . . တယ်ပိုင်တဲ့ငါ. . .'

အဘွားကြီး၏စကားဆုံးသည်နှင့် ဝမ်းသာအားရကျွန်တော့်အသံကြီးပေါ်ထွက်လာသည်။ ချစ်သူကတော့ ဒါကိုသတိမထားမိဘဲ သူ့အမေ၏လက်မောင်းသားထွားထွားကိုသာဖက်ပြီး. . .

'အမေရယ်. . . သ. . သမီးကိုပစ်သွားတော့မှာလားဟင်. . ပစ်သွားတော့မှာလား. . .'

အဘွားကြီးမျက်လုံးမဖွင့်ဘဲ သက်ပြင်းချလိုက်သည်။ ပြီးနောက်

ပုတီးစေ့ကလေးများကိုရွှေ့သွားရင်း. . .

'အင်း. . . သံယောဇဉ်. . . သံယောဇဉ်. . . ဒီသံယောဇဉ်ကြောင့်ပဲလူတွေပူလောင်နေကြတာကလား. . . ဘုရား. . . ဘုရား. . . ကြောက်စရာပါလားနော်. . .'

အဘွားကြီးစကားကြောင့် ကျွန်တော်ပင်ကျုံ့ဝင်သွား၏။ သူ့ပုံက တကယ်တရားရသွားသည့်ပုံ. . .။

'မခွဲချင်လည်း ခွဲရမယ်သမီး. . . ဒါလောကဓမ္မတာပါပဲကွယ်'

'အို. . အမေရယ်. . .'

ချစ်သူ၏ရှိုက်သံများ တစစီပျံ့လွင့်လာ၏။ အဘွားကြီးကတော့ မှင်သေသေနှင့် မျက်လုံးတစ်ဖက်ကိုဖွင့်ကြည့်သည်။ ကျွန်တော်သူ့ကိုစိုက်ကြည့်နေတာမြင်တော့ မျက်လုံးပြန်ပိတ်လိုက်၏။ သူ့ပုံက လူပျိုကာလသားများကို မျက်လုံးမှိတ်ပြနေသော သူငယ်ပြန်အဘွားကြီးလို. . .

'အေး. . . ဒါပေမဲ့. . . အမေတစ်ခု မေတ္တာရပ်ခံပါရစေ ကွယ် . . .'

အဘွားကြီးစကားကြောင့် ချစ်သူခေါင်းထောင်ထလာပြီး. . .

'ဘာများလဲ မေမေ. . . ဘာများလဲ ဟင်. . .'

ချစ်သူ၏အလောတကြီးအမေးကို အဘွားကြီးကခေါင်းကိုဖြည်းညင်းစွာညိတ်နေသည်။ အတန်ကြာမှ. . .

'အေး ဒါကတော့ သမီးလည်းသိပါတယ်ကွယ်. . . ဟင်း. . .'

အဘွားကြီး စကားထပ်မဆက်ဘဲ သက်ပြင်းကို ချလိုက်သေးသည်။ ဒါကိုချစ်သူက မချင့်မရဲဖြင့်. . .

'ပြောပါမေမေ. . . ပြောပါ. . . သမီးတို့ဘာများလုပ်ပေးရမှာလဲဟင်. . . ဘာများကူညီရမှာလဲ. . . အမေ တရားဘာဝနာလွတ်လွတ်လပ်လပ်ပွားစည်းနိုင်အောင် သမီးတို့က ဘာကူညီရမှာလဲ. . .'

အဘွားကြီး သက်ပြင်းထပ်ချလိုက်သည်။

'ဒါကတော့ကွယ်. . . တစ်ခြားတော့မဟုတ်ပါဘူး. . . အမေတို့ကသူများတွေလိုမဟုတ်ဘူးလေ. . . အနေစုတ်ပေမယ့် လေမှုတ်တဲ့

မြပုလွေမျိုးတွေ မဟုတ်လား '

'ဘာလဲဗျ. . . အနေစုတ်ပေမယ့် လေမှုတ်တဲ့ မြပုလွေ. . . ကြားဖူးပေါင်. . . အနေစုတ်ပေမယ့်ရွှေထုပ်တဲ့မြပုဝါပဲကြားဖူးတယ်. . . ဟွင်း. . . '

'မကြားဘူးရင်မှတ်ထားလေ. . . ဗဟုသုတဆိုတာ ဒီလိုပဲရှာမှီးရတယ် ရွှေထုပ်တဲ့မြပဝါဘာလုပ်မှာလဲ. . . လေမှုတ်တဲ့ မြပုလွေက မှ အဖိုးလည်းပါတယ် အသံလည်းသာတယ်. . . မှတ်နော်. . . နောက်ပြန်မေးမယ်. . . မရရင်ထိုင်ထလုပ်ရမယ်'

ကျွန်တော့်ကိုခပ်နှိမ်နှိမ်လှည့်ပြောပြီးမှစကားကိုပြန်ဆက်သည်။

'အဲဒီလို. . . မျိုးသန့်ရိုးသန့်တွေဆိုတော့ . . . သူများမိသားစုတွေလိုအရက်တွေမူး တွေ့ကရာစားနေလို့မဖြစ်ဘူးလေ. . . '

အဘွားကြီးကပြောရင်း မဆီမဆိုင်ကျွန်တော့ကိုကပ်ချွတ်၏။ ချစ်သူကပါးစပ်လေးဟပြီး ခေါင်းညိတ်ပြသည်။ အဘွားကြီးကမိန့်မိန့်ကြီးပြုံးပြီး. . .

'အဲဒီတော့. . . '

'ပြောပါမေမေ. . . '

ချစ်သူက အားတက်သရောမေးသည်။

'အဲဒီတော့ မေမေက အလှူခံစားလို့ကလည်း သင့်တော်မှာ မဟုတ်ဘူးပေါ့. . . '

'အင်း ဟုတ်ပါရဲ့မေမေရယ်. . . '

ချစ်သူကသူ့အမေကို ကရုဏာသက်စွာကြည့်ရင်းပြော၏။ ဒါကို အဘွားကြီးက. . .

'အဲဒီတော့ ဆွမ်းကို မေမေဒီအိမ်မှာပဲ နေ့စဉ်ဘုန်းပေးတော်မူမယ်. . . '

'ဗျာ. . . '

အဘွားကြီး မိန့်မိန့်ကြီးပြောချလိုက်သော စကားကြောင့် ကျွန်တော်ပင် ယောင်ပြီးအော်မိသည်။ ကြည့်စမ်းပါဦး လောကီကျတော့

စိတ်ကုန်ပြီတဲ့. . . ဆွမ်းကျတော့ ဒီမှာပဲဘုန်းပေးဦးမတဲ့. . .။ အဘွားကြီးကတော့ ဘာမှမသိသလိုဟန်မျိုးနှင့် စကားပြန်ဆက်သည်။

'ဆွမ်းကတော့ကွယ်. . မေမေတို့ကတရားသမားတွေဆိုတော့ မနက်တစ်နပ်၊ နေ့ခင်းတစ်နပ်၊ ညနေတစ်နပ်၊ ညတစ်နပ် ဆာရင်ဆာ သလို တစ်နပ်နှစ်နပ်လောက်ပဲစားမှာပါ. . . အိုကွယ်. . . အရင်စား တဲ့နှုန်းထက်ကို ပိုစားလှနှစ်နပ်ပေါ့. . .'

'ဗျာ. . . နှစ်နပ်ထပ်ပိုဦးမယ်. . .'

ကျွန်တော့်၏အံ့သြတကြီးစကားကို အဘွားကြီးက မျက်လွှာချရင်းသူ၏ခေါင်းကိုဖြည်းညင်းစွာသုံးကြိမ်ညိတ်၏။ သူ့အပြုအမူကိုကြည့်ပြီး ကျွန်တော်လည်းမွန်ထူသွားပြီး. . .

'ဟင်. . . သူများတရားသမားတွေ မနက်တစ်နပ်ပဲစားတယ် မဟုတ်လား. . .'

အဘွားကြီးမျက်လုံးကို တစ်ဖက်ပဲဖွင့်ကြည့်ပြီး ခပ်တည်တည်ပြုံးသည်။ သူ့အပြုံးက မင်းဘာမှမသိသေးပါဘူးဆိုသောအပြုံးမျိုး. . .။

'အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့စကားပုံ မကြားဖူးဘူးနဲ့တူတယ်. . . အူမမတောင့်ရင် ဘယ်သီလစောင့်နိုင်မှာလဲ. . . ဒါကြောင့် သီလစောင့်နိုင်ဖို့ အူမတောင့်အောင် အရင်ဝါးထားမှ တန်ကာကျမှာပေါ့ မဟုတ်ဘူးလား ဘုရားဟောထားတာလည်းရှိပါတယ်. . . သမီးတို့အဖေ ပြောနေကြ. . . အမေကတော့ရေးတေးတေးရယ် ဘာတဲ့ ကိုယ်ဗိုက်ဆာ နေရက်နဲ့ မစားသောက်ရင်လည်း ကိုယ့်ကိုယ်ကို ညှင်းဆဲရာရောက် တဲ့အတွက် အပြစ်ရှိတယ်တဲ့. . . ဘုရားဟောတာနော်. . . ဘုရား ဟောတာ'

အဘွားကြီးစကားကို ချစ်သူကပါသူ့အမေဖက်လိုက်ပြီး အား တက်သရောဖြင့်. . .

'ဟုတ်သားမောင်ရယ်. . . မေမေကအလွန်ဆုံးစားနိုင်လှ ဆယ်နပ်ပေါ့. . . မဟုတ်ဘူးလား. . .'

'ဟင်. . . ဆယ်နပ်တောင်. . .'

ကျွန်တော်လက်ဆယ်ချောင်းထောင်မိကာ မျက်လုံးပြူးကြီးနှင့် အော်မိသည်။ ဟုတ်တယ်လေ. . . တရားအားထုတ်ဖို့ တစ်နေ့ကိုထမင်း ဆယ်နပ်တောင်စားမတဲ့. . .။ အဘွားကြီးကမိန့်မိန့်ကြီးပြုံးပြီး ခေါင်းညိတ် သည်။ ဒါကို အလိုက်မသိသော၊ သူ့အမေအတွက်သာသိတတ်သော ချစ်သူက. . .

'အင်းလေ မောင်ရယ်. . . အမေသီလစောင့်နိုင်တော့ ချိုတို့ ကုသိုလ်ရတာပေါ့ မဟုတ်ဘူးလား. . .'

'အော်. . . အင်း အင်း. . .'

ချစ်သူစကားကြောင့် ကျွန်တော်ယောင်ပြီးခေါင်းညိတ်မိသည်။ အော် အဘွားကြီးသီလစောင့်ဖို့ တစ်နေ့ဆယ်နပ်တဲ့. . .။ လုပ်ပုံ လုပ်ပုံ။ အင်းလေ. . . ဘာဖြစ်ဖြစ် သူ့အိမ်မှာမရှိတော့လည်း အေးတာပါပဲ ဟုစဉ်း စားမိသည်။ သို့သော် ပြဿနာကကျွန်တော်ထင်သလိုမဖြစ်. . .

'အိမ်းကွယ်. . . အမေတို့ကလည်း တရားကျင့်မယ်. . ဆိုတော့ လည်းအခက်သားကလား. . . အင်း. . . စားရေးကတော့ အဆင်ပြေပါပြီ ဟုတ်ပါရဲ့. . . ဒါပေမဲ့ နေရေးကြတော့လည်း ဟင်း. . .'

'နေရေးထိုင်ရေးက အဆင်မပြေလို့လားမေမေ. . . ဘာဖြစ်လို့ လဲ. . .'

သူ့အမေစကားကိုချစ်သူက အားတက်သရောမေးပြန်၏။ ဒါကို အဘွားကြီးက အမူပိုစွာဖြင့်. . .

'ဘာမှမဖြစ်ပါဘူး သမီးရယ်. . . ဟင်း. . .'

အဘွားကြီးက မျက်နှာလေးအိုချလိုက်ပြီး ပြောသည်။ အဘွား ကြီးကိုကြည့်ပြီး ချစ်သူကမရိုးမရွဖြစ်ကာ. . .

'ပြောပါမေမေရယ်. . . သမီးတို့တတ်နိုင်သလောက် ကူညီမှာ ပေါ့. . . မဟုတ်ဘူးလားမောင်. . .'

'အော်. . . အင်း အင်း. . .'

ချစ်သူက ကျွန်တော့်ဘက်လှည့်မေးနေ၍ ကျွန်တော်လည်း ပြီးပြီးရောသဘောဖြင့် ယောင်ပြီးခေါင်းညိတ်မိ၏။ဒါကိုအဘွားကြီးက

လေပျော့ကလေးဖြင့်. . .

'နေရေးထိုင်ရေးကတော့ကွယ်. . . အမေတို့က မျိုးသန့် မဟုတ်လား. . . အနေစုတ်ပေမယ့် လေမှုတ်တဲ့မြပုလွေမျိုးတွေဆိုတော့ . . . သူများမိသား စုတွေလိုအရက်တွေမူးပြီးတွေ့ကရာကုက္ကိုပင်အောက် ထိုးအိပ်လို့မှမရတာ. . . '

လာပြန်ပြီ ဒီမျိုးသန့်ရိုးသန့်. . .။

'လူတွေရှုပ်ရှုပ်ရှက်ရှက်တွေနဲ့ကလည်း မနေတတ်. . . သမီးလေး သံယောဇဉ်ကလည်းရှိပြန်. . . အင်း. . . ခက်တယ်ခက်တယ် '

ကျွန်တော်ပါးစပ်လေးဟပြီးသာ အဘွားကြီးကို ငေးကြည့်နေမိသည်။ အတန်ကြာမှ အဘွားကြီးက သူ့ပြားချပ်ချပ်ရင်ကိုကော့လိုက်ပြီး. .

'မထူးပါဘူး သမီးရယ်. . . မေမေဒီအိမ်မှာပဲ ကျိန်းတော့မယ် ဟုတ်ပြီလား. . . '

'ဗျာ. . . ဒီအိမ်မှာပဲ ကျိန်းမယ်. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်လန့်၍ပင်အော်မိသည်။ ဒါကို အဘွားကြီးက မိန့်မိန့်ကြီးခေါင်းညိတ်လိုက်ပြီး. . .

'အေး. . . ဟုတ်တယ်. . ဒီအိမ်မှာပဲကျိန်းတော့မယ်. . . ဟင်း. . . ဒါကလည်း ဟောဒီသံယောဇဉ်ကြိုးလေးတစ်ချောင်းရယ်. . . နောက်ပြီးအနေစုတ်ပေမယ့် လေမှုတ်တဲ့မြပုလွေဆိုတဲ့ မျိုးသန့် ရိုးသန့်ဂုဏ်ကိုထိန်းထားတာတစ်ခုရယ်. . . ဒါကြောင့်ပါကွယ်. . . ဟင်း. . . သံယောဇဉ်. . . သံယောဇဉ်. . . တယ်လည်းကြောက်ဖို့ ကောင်းပါလားနော်. . . အော်. . . ဒုက္ခ. . . ဒုက္ခ. . . '

'အို မေမေရယ်. . . ဝမ်းသာလိုက်တာ. . . '

အဘွားကြီးက တရားရသူတစ်ယောက်လိုပြော၏။ ဒါကို ချစ်သူကလည်း အလိုက်မသိစွာ ဝင်ဝမ်းသာသည်။ သူတို့ကိုကြည့်ပြီး ကျွန်တော်လည်း ဒေါသထွက်သွားရကာ. . .

'ဟ. . . ဒါဆို ဘာထူးမှာလဲဗျာ. . . ခင်ဗျားကြီးကဒီအိမ်မှာပဲ အိပ်၊ ဒီအိမ်မှာပဲစား၊ ဒီလိုပဲပြန်ဖြစ်နေတာပဲ. . . ဘာတရားအားထုတ်

နေစရာလိုလို့လဲ. . . ထမင်းနှစ်နပ်ပိုသွားတာပဲအဖတ်တင်တယ်. . .’

ကျွန်တော့်စကားကို သက်ထက်ချိုက မျက်စေ့မျက်နှာပျက်သွားပြီး. . .

‘အော်. . . မောင်ရယ်. . . မေမေကအိမ်မှာနေပြီး တရားအားထုတ်မှာဆိုတော့ ချိုတို့တောင်ပိုကုသိုလ်ရသေးတာပေါ့ မဟုတ်ဘူးလား ကုသိုလ်ရေးအတွက် ဝေးဝေးတောင်ရှာနေစရာမလိုတော့ဘူးပေါ့. . . တစ်နေ့နှစ်နပ်လောက်ပိုလာရုံနဲ့တော့ စီးပွားပျက်မသွားလောက်ပါဘူး’

‘မဟုတ်ဘူးလေ. . . ကုသိုလ်ရေးအတွက် တရားအားထုတ်မယ်ဆိုရင်လည်း သူများသူတော်စင်တွေလို တောရပ်မှီပြီးအားထုတ်ပေါ့ မဟုတ်ဘူးလား. . .’

ကျွန်တော့်၏တစ်ခွန်းခြင်းမခံပြန်ပြောနေသောစကားများကို အဘွားကြီးက ရင်ကိုကော့၍. . .

‘အို. . . တောတွေအိမ်တွေဆိုတာ စိတ်ပါပဲ. . . ကိုယ်က မျက်စေ့မှိတ်ပြီးတရားအားထုတ်မှာပဲ. . . မြင်ရမှာမှမဟုတ်ဘဲ. . . အိမ်ကိုလည်း တောလို့သဘောထားရင် တောဖြစ်ပါတယ်ကွယ်. . . အော် အသိမကြွယ်သေးတဲ့ မျက်စေ့သူငယ်နားသူငယ် လူမမယ်လေးတွေကို ရှင်းပြရတာ တယ်ခက်ပါလားနော်. . .’

‘အင်. . .’

အဘွားကြီးက ဘာမဆိုင်ညာမဆိုင် ကျွန်တော့ဘက်လှည့် တွယ်၏။ပြီးနောက် မိန့်မိန့်ကြီးပြုံးပြီး. . .

‘ကဲ. . . အခုချိန်ကစပြီး မေမေကလောကုတ္တရာဘက်သွားပြီမို့ သမီးကလည်း မေမေလို့မခေါ်ရတော့ဘူး. . . မေမေဆိုတာ သံယောဇဉ်ရဲ့အရိပ်လက္ခဏာပဲ. . . ပါဠိလိုတော့ ကိလေသာခေါ်တယ်. . . ဒါကိုဖြတ်ရမယ်. . .’

‘ဟင်. . . ဒါဆို ဘယ်လိုခေါ်ရမှာလဲ မေမေ. . .’

‘မယ်တော်လို့ခေါ်ရမယ် သမီး. . .’

‘မယ်တော် ဟုတ်လားမေမေ. . . အဲလေ မယ်တော်. . .’

သက်ထက်ချို၏စကားများကို အဘွားကြီးက မိန့်မိန့်ကြီးပြုံးပြီး ခေါင်းညိတ်ပြန်၏။ နောက် ကျွန်တော့ဘက်လှည့်၍ မျက်လုံးတစ်ဖက်ဖွင့်ကြည့်ကာ. . .

'ဟို အပေတေကောင်ကလည်း ငါ့ကိုအမေလို့မခေါ်ချင်ဘူးဟုတ်လား. . .'

'ခေါ်ချင်ပါဘူး. . . ဘာလို့ခေါ်ရမှာလဲ. . .'

ကျွန်တော်ပါးထဲလေအပြည့်ထည့်ပြီး နှုတ်ခမ်းကိုချွန်ထော်ကာ တစ်ဘက်သို့လှည့်လိုက်သည်။

'အေး. . . ဒါဆို နင်လည်းငါ့ကို မယ်တော်လို့ပဲခေါ်. . .'

'ဗျာ. . . မယ်တော် ဟုတ်လား. . . ဟ. . ဘာလို့ခေါ်ရမှာလဲ ခေါ်နိုင်ပါဘူး. . . အဘွားကြီးကအဘွားကြီးပဲပေါ့. . . ဘာကိစ္စမယ်တော်ခေါ်ရမှာလဲ ခေါ်နိုင်ပါဘူး. . .'

ကျွန်တော့်ရဲ့ငြင်းဆန်စကားကို သက်ထက်ချိုက. . .

'အော်. . မောင်ရယ်. . . မေမေက. . အဲလေ. . . မယ်တော်က ယောဂီဝတ်ပြီး တစ်သက်လုံးနေတော့မယ့်ဟာကိုပဲ. . . ခေါ်လိုက်ပါ မောင်ရယ်. . . နော်. . . နော်. . .'

ချစ်သူ၏မျက်နှာငယ်ကလေးနှင့်တောင်းပန်စကားကြောင့် ကျွန်တော်လည်း မည်သူ့ကိုအပြစ်တင်လို့တင်ရမှန်းမသိဘဲ ကြမ်းပြင်ပေါ်သို့သာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ဖနောင့်နှင့်ကြမ်းပြင်ကိုပွတ်ပြီး. . .

'အင်းဟာ. . . အင်းဟာ. . . မယ်တော်တဲ့. . . အင်းဟာ. '

ဟုသာ ကလေးငယ်များစိတ်ဆိုးသလို နှုတ်ခမ်းကိုသာ ချွန်ထားလိုက်မိတော့သည်။

'ကဲ. . . မယ်တော်လည်း တရားအားထုတ်တော့မှာမို့ အူမတောင့်အောင်လို့ လမ်းထိပ်မှာ မုန့်ဟင်းခါးနှစ်ပွဲကို အကြော်စုံ၊ အီကြာကွေးနှစ်ချောင်းနှင့်. . . နွားနို့တစ်ခွက် အမြန်သွားဝယ်ချေ. . .' တဲ့. . .

ပြီးတော့ မျက်လုံးကိုမှိတ်ပြီး ပုတီးကိုတစ်ချောက်ချောက်စိပ်နေ

တာများတကယ့်ပီဘိ တရားသမားကြီးကျနေတာပဲ. . .॥ ချစ်သူ မျက်လုံးက ဘယ်သူ့အပေါ်ပဲရောက်လာမယ်ဆိုတာ ပြောနေစရာ တောင်မလိုပါဘူး. . .॥

ကိုင်း စဉ်းစားသာကြည့်တော့. . .॥ အူမတောင့်မှ သီလစောင့် နိုင်မယ်ဆိုပြီး ဝါးတာဗျာ. . . ကြည့်ဦး. . . ဝါးတာမှရန်သူကိုနှိမ်နင်းသလို ကိုဝါးပစ်တာ. . .॥ နောက်ပြီး ညအိပ်တော့လည်း အရင်အတိုင်း အိမ် မှာပဲအိပ်တာပဲ. . . အိမ်မှာအိပ်တာကိုတော့ စိတ်မနာပါဘူး. . . သူ့သမီး ကိုကျတော့ ကျွန်တော်နဲ့ပေးမအိပ်ဘဲ ခါတိုင်းလိုစောင်နဲ့သုံးလေးပတ်ပတ် ပြီးတော့ကိုခွအိပ်နေတာ. . .॥ အရင်တုန်းကတော့ အဲဒီလိုမြင်ရတာ သိပ်မထူးဆန်းပေမယ့် အခုခေါင်းတုံးပြောင်ကြီးနဲ့ခွထားတာဆိုတော့ စဉ်းစားသာကြည့်. . .॥ ဖီး(လ်)ပါပျက်တယ်. . .॥ ဘာလဲ. . . ဒါ. . .॥အေး . . .

အဲဒီလိုပဲ အော်လိုက်ချင်တော့တယ်. . .॥

◆ ◆ ◆

'ဟဲ့ နေတောင်ဖင်ထိုးနေပြီ. . . အခုချိန်ထိမထသေးဘူးလား. . . ထကြတော့လေ. . . မနက်စောစောမင်္ဂလာယူရမယ့်အချိန် အိပ်နေတယ်ဆိုတော့ ကိုယ်စောင့်နတ်က ဘယ်အချိန်အစည်းအဝေးတက်ရမှာလဲ. . . ဒါအိပ်ချိန်မဟုတ်ဘူး. . .'

အိပ်ကောင်းတုန်းအချိန်မှာပင် ကျယ်လောင်သောအော်သံကြားရ၍ ကျွန်တော်လည်းလန့်ပြီး အိပ်ရာမှကုန်းရုန်းထ၍ အပြင်ကိုဝေ့ကြည့်လိုက်တော့. . .

'ဟင်. . .'

အဘွားကြီးနှင့်အတူ သူလိုယောဂီဝတ်မိန်းမကြီးနှစ်ယောက်. . ။ ရုပ်တွေကတော့ အဘွားကြီးလိုပင် ဂယောင်ခြောက်ခြားရုပ်. . . ။ အဘွားကြီးက ကျွန်တော့်ကိုဂရုမစိုက်ဘဲ သူနှင့်ပါလာသည့်အဘွားကြီးနှစ်ယောက်ဘက်သာလှည့်၍. . .

'လာ. . . ဆရာမတို့ လာ. . . ဒါ ကျွန်မရဲ့တရားစခန်းပေါ့. . . လာလာ. . . အားမနာနဲ့ ကိုယ့်အိမ်ကိုယ့်ယာလိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေကြ. . .'

ဟုဆိုလိုက်ရာ အဘွားကြီးနှစ်ယောက်ကလည်း . . .

'အော်. . . သိပါတယ်အစ်မကြီးရယ်. . . ကျွန်မတို့ကလည်း ဒီအိမ်အရိပ်နင်းလိုက်ကတည်းကိုက ဘုရားရိပ်တရားရိပ်ရောက်သလို အေးချမ်းသွားတော့တာပါပဲ. . . အင်း. . ဒီလိုအချွေအရံအသင်းအပင်းတွေရှိလို့ အစ်မကြီးမှာ အချိန်တိုတိုနဲ့ခရီးရောက်အောင်ကျင့်နိုင်ခဲ့တာကိုး'

'ဟုတ်ပရှင်. . . ကျွန်မတို့နဲ့ကတော့ကွာပ့ါ. . . အင်း. . . အေးချမ်းမှုရှိရာအေးချမ်းမှုလာတယ်ဆိုတာ ဒါမျိုးပဲလား. . .'

ဟိုအဘွားကြီးနှစ်ယောက်ကလည်း ယောဂီမကြီးကိုမြှောက်ပြောရင်း အိမ်ဦးခန်းကို ဆိုးဆိုးဆတ်ဆတ်ဝင်ထိုင်လိုက်၏။ ဒါကိုအဘွားကြီးက မာန်တက်ပြီး. . .

'ဟဲ့. . . ဘာကြောင့်ကြည့်နေတာလဲ. . . မျက်နှာသစ်အဝတ်အစားလဲ. . . ပြီးရင်ဆရာမတို့ ဘုန်းပေးဖို့တစ်ခုခုစီစဉ်ဦး. . .'

ဟုဆို၍ လှည့်ငေါက်လိုက်သေး၏။ ပြီးနောက် အိပ်ခန်းအတွင်းဖက်သို့လှည့်၍. . .

'ဟဲ့. . . ဟိုကောင်မလေးရောမနိုးသေးဘူးလား. . .'

'ရှင်. . . နိုးပါပြီရှင်. . .'

'အေး နိုးရင်လာဦး. . . ဒီမှာဘုရားအစ်မတွေ အဆာပြေစားဖို့ လက်ဖက်သုပ်ကလေးလုပ်ပေးဦး ဆီရွှဲရွှဲနော်. . . ပုစွန်ခြောက်လည်း မလျော့စေနဲ့. . . မယ်တော်ဘုန်းပေးနေကျအတိုင်းသာလုပ်. . .'

'ဟုတ်ကဲ့ရှင်. . . ဟုတ်ကဲ့. . .'

အဘွားကြီးရောက်လာမှ ချစ်သူလည်းမနားရတော့. . . ။ အိပ်ရာမှ ကပျာကသီထပြီး မီးဖိုချောင်ဝင်ရ၏။ ကျွန်တော်ရေချိုးခန်းက ပြန်ထွက်တော့ ချစ်သူကလက်ဖက်သုပ်ပြီးနေပြီ။ ထိုလက်ဖက်သုပ်ပန်းကန်ကို အဘွားကြီးတွေရှေ့သွားချတော့ အဘွားကြီးသုံးဦးလုံးက

မှင်သေသေနှင့် ပုတီးကြီးလည်ပင်းစွပ်ပြီး. . .

'ဒါနဲ့. . . ဘုရားအစ်မရဲ့ ပရိတ်ကြီးဆယ့်တစ်သုတ်တို့ မေတ္တာသုတ်တို့ရဲ့ အကျိုးကျေးဇူးကိုရော သိကြရဲ့လား. . .'

'အို. . . ဒါတွေထားကြပါဦး. . . လောလောဆယ်လက်ဖက်သုပ်ရဲ့အကျိုးကျေးဇူးကိုပဲ အရင်ပြောရအောင်. . . လက်ဖက်သုပ်ကစားပါများရင် မျက်လုံးပြူးကြောင် ရင်ကိုချောင်စေ ခန္ဓာအဆီကျအသားလှသည် ထိုထိုလက်ဖက်အားကြီးကောင်း. . . ဟုတ်ဘူးလား. . . အဟေးဟေး. . .'

ဟုဆိုလိုက်ရာ သုံးယောက်သားဇွန်းတစ်ယောက်တစ်ချောင်းကိုင်ပြီး ကလေးငယ်များမုန့်လုစားရသလို သူ့ထက်ငါအလုအယက်ပင်လွေးတော့၏။

'ဟုတ်ပ အားကြီးကောင်း. . .'

လက်ဖက်ပန်းကန်တက်တက်စင်အောင်ပြောင်သွားသောအချိန်မှ ခေါင်းသုံးခေါင်းပူးပြီး. . .

'ဟဲ့. . . နင်တို့ကြားပြီးပြီလား. . .'

'ဘာလဲဟဲ့. . . နင့်ဥစ္စာက အရင်းမရှိအဖျားမရှိ'

'ဟာ. . . ဘာရမှာလဲ. . . လမ်းထိပ်ကဟိုတစ်ခုလပ် မအေးပြုံးလေ. . .'

'ဟင်. . . ဘာဖြစ်လို့လဲ. . . အေးပြုံးကဘာဖြစ်လို့လဲ. . .'

ပြောသူကအားပါသလောက် နားထောင်သူများ၏မျက်လုံးများက မျှော်လင့်ချက်တို့ဖြင့် ပြောင်လက်နေ၏။

'ဘာဖြစ်ရမှာလဲဟဲ့. . . ဟိုဘက်ရပ်ကွက်က အမဲလိုင်စင်ရထားတဲ့ ဟိုအဘိုးကြီးနဲ့လေ. . .'

'အင်း. . . လုပ်စမ်းပါဦး. . .'

'ညက တည်းခိုခန်းမှာမိလို့တဲ့. . .'

'ဟယ်. . .'

'ဟင်. . .'

ပြောသူကအားတက်သရောပြောသည်။ နားထောင်သူများက လည်း ရင်ဘတ်လေးဖိလိုက်၊ မျက်လုံးလေးပြူးလာလိုက်နှင့် ပြောသူ အားရှိအောင် အလိုက်သင့်နားထောင်ပေးသည်။

'ငါထင်သားပဲ. . အစကတည်းက ဒီကောင်မကအဲဒီအဘိုးကြီး ကို ကိုကြီးကလေးလေး၊ ကိုကြီးကလေးလေး ဆိုပြီးပလီနေတာ. . .'

'ဘာလဲဟဲ့. . . ကိုကြီးကလေးလေးဆိုတာ. . .'

'ဘာဖြစ်ရမှာလဲဟဲ့. . . အဲဒီအဘိုးကြီးမျက်နှာက ကလေးလေး နဲ့တူလို့တဲ့. . .'

'ဟယ်. . . ဖြစ်မှဖြစ်ရလေ. . ဒီလောက်အိုကြီးအိုမ ဆံဖြူကြီး ကို သူမို့ကလေးနဲ့တူတယ်ဆိုပြီး. . .'

ကျွန်တော်လည်း သူတို့စကားများကို နားကြားပြင်းကပ်လှသဖြင့် အဟမ်းခနဲ ချောင်းဟန့်လိုက်သည်။ ကျွန်တော့်ချောင်းဟန့်သံကြားတော့ သုံးယောက်လုံးပြန်မတ်သွားပြီး. . .

'ဒါတွေက အမှန်တော့ပရိဒေဝမီးတွေပါ. . . ဆရာမရဲ့ အော် ဒုက္ခ. . . ဒုက္ခ. . . ပူမှန်းသိသိကြီးနဲ့ ဝင်တိုးတဲ့ပိုးဖလန်မျိုးတွေပါလား ဘုရား ဘုရား. . . တရားရစရာ. . .'

'ဒါပေါ့ အစ်မကြီးရဲ့. . . တရားဆိုတာ ဝေးဝေးရှာနေစရာမလို ပါဘူး. . . ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်ရပ်ကွက်ထဲမှာ ရှာရင်လည်းရတာ ပဲ. . .'

ဟုမိန့်မိန့်ကြီးဆိုလိုက်သည်။ ပြီးမှ ကျွန်တော့်အခန်းဘက် ခွေးသူခိုးကြည့်ကြည့်ပြီး ဘာအရိပ်အယောင်မှမမြင်တော့မှ. . .

'ဟဲ့. . . ဟိုဘက်လမ်းတိုက်အိမ်က ဦးမြင့်စိုးဦးကိုသိလား. . .'

'သိတာပေါ့. . . ဟို အသားမည်းမည်း သွားမှာအစွယ်တွေနဲ့ လူကြီး. . .'

'အေး. . . အဲဒီအဘိုးကြီးသမီးလေ. . .'

'အင်း. . . ဟို ညိုတိုတိုလေးမဟုတ်လား. . .'

'အေး. . . အဲဒီကောင်မလေး. . . လမ်းထိပ်ကဆိုက်ကား သမား

မျိုးမြင့်ထွန်းနဲ့လိုက်ပြေးလို့တဲ့. . . '

'ဟယ်. . . '

ကျန်နှစ်ယောက်လုံး မျက်လုံးပြူး၊ ရင်ဘတ်လေးဖိပြီး မဲ့ရွဲ့ကြ၏။

'ငါတော့ထင်သား. . . အဲဒီကောင်မလေးက ဆတ်ကော့လတ်ကော့နဲ့ ပုံ့တန်တန်နန့်တန့်တန့်လေး. . . '

'အေးလေ. . . သူ့ကိုဟိုသူဌေးနဲ့ပဲပေးစားမလို. . . ဒီသူဌေးကပဲတင်တောင်းမလိုနဲ့. . . သူ့အမေကလိုက်ဖမ်းနေတာ. . . အခုတော့ဆိုက်ကားသမားနဲ့လိုက်ပြေးပြီ. . ဟီဟိ. . . ကောင်းတယ်. . . ဒါမျိုးငွေဂုဏ်မောက်တဲ့လူ ထိမှကောင်းတယ်. . . '

'ဟဲ့. . . အဲဒီသတင်းကို ဟိုဘက်လမ်းက မြခင်တို့မသိသေးဘူးဖြစ်မယ်. . . ငါသွားပြောလိုက်ဦးမယ်. . . '

ဟုဆိုပြီး ကပျာကသီနှင့် တစ်ယောက်ဆင်းသွား၏။ ဒါကိုအိမ်ကအဘွားကြီးက. . .

'ဟဲ့. . . နင်ပြန်လာရင် . . . မြခင်တို့ လုံးပုတို့ပါခေါ်ခဲ့ဦး. . . သတင်းထူးတွေရှိတယ်လို့. . . အော်. . . နောက်ပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ဧည့်သည်ကျွေးရအောင်လို့ ရှယ်တိုင်ကီသုံးခွက်၊ အီကြာကွေးတစ်ဒါဇင်၊ ရေနွေးကြမ်းတစ်အာတာနဲ့. . . ဆမူဆာနှစ်လင်ဗန်း. . . ငါ့နာမည်နဲ့ပါဆယ်ဆွဲခဲ့ဦး. . . အားလုံးစားရအောင်. . . ငါကလျှမယ်. . . ဟိုကောင်လေး ပိုက်ဆံသွားရှင်းလိုက်ဦး'

အောင်မာလျှတော့ သူ။ ပိုက်ဆံပေးတော့ ကျွန်တော်တဲ့. . . ကောင်းကွာ။ သိပ်မကြာလိုက်ပါဘူး။ ထွက်သွားတဲ့အဘွားကြီးအပြင် နောက်အဘွားကြီးလေးယောက်ပါ ထပ်ပါလာ၏။ သူတို့လက်ထဲမှာ ကလည်း ခုနပါဆယ်မှာလိုက်သော ဗန်းကြီး ဗန်းငယ်များနှင့်. . . ။

'ဟဲ့ မချို. . . ခုနနင်ပြောတဲ့သတင်းဟာ အမှန်ပဲလား. . . '

ဟုဆိုကာ အိမ်ပေါ်သို့ပျာယီးပျာယာတက်ချလာ၏။ ဒါကိုအိမ်ကအဘွားကြီးက မျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

'အောင်မလေး. . . ညည်းတို့ခေတ်နောက်ကျသွားပြီ. . . ဒါ

သိပ္ပံခေတ်ဟဲ့ အိမ်သာနက်ခေတ် . . . သတင်းတွေကသိပ်မြန်တယ်. . . အခုတို့ပြောနေတာအဲဒီသတင်းမဟုတ်တော့ဘူး. . . အဲဒီထက်ထူးတဲ့ သတင်း. . .'

'ဟုတ်လား. . . အေး. . . ငါ့မှာလည်း သတင်းထူးတစ်ခု ပါတယ်'

အဘွားကြီးများ ခေါင်းတွေစုကုန်ပြီး. . .

'နင်တို့ ဟို. . . ရေလှည်းတွန်းတဲ့ဖိုးသက်. . . သိတယ်မဟုတ် လား. . .'

အားလုံး၏ခေါင်းများထိမတတ်ပူးကုန်၏။ အောက်မှာက ဆမူ ဆာဗန်းကြီး. . .။ မစားသေးဘူးဗျ. . . သတင်းကပိုအရေးကြီးပုံရတယ်။

'လုပ်စမ်းပါဦး. . . ဖိုးသက်ဘာဖြစ်လို့လဲ. . .'

'ဘာဖြစ်ရမှာလဲဟဲ့. . . အဲဒီကောင်က. . . ဟိုအဘိုးကြီး မိန်းမနဲ့. . .'

အစချီပြောလိုက်တဲ့အတင်းဗျာ. . တစ်ရပ်ကွက်လုံးသာမက သိကြားမင်းမိန်းမလေးယောက်ယူထားတဲ့အထိပါတယ်. . . ပြီးတော့ အိမ်ကကျွေးတာတွေကို မိန့်မိန့်ကြီးဝါးပြီးဧည့်ခန်းမှာပဲ ဖိုးလိုးပက်လက် တွေအိပ်နေကြတာ ကြည့်တောင်မကောင်းဘူး. . .။

အဘွားကြီးတစ်ယောက်ဆို သူ့ပေါင်တုတ်ကြီးနှစ်ချောင်းထောင် ပြီး အိပ်နေလျှက်ပေါင်ခြင်းရိုက်နေတာ ဝါးလက်ခုပ်ကြီးတီးနေတဲ့အတိုင်း ပဲ. . . တဖြောင်းဖြောင်း. . . နဲ့ကိုနေတာ. . . ဖြတ်သွားဖြတ်လာတွေ တောင် ကျပ်လက်ခမောင်းထခတ်နေတယ်များအောက်မေ့လို့လားမသိ ဘူး ကွက်ကြည့် ကွက်ကြည့်နဲ့. . .။ ကျွန်တော့်မှာ စိတ်ပျက်လက်ပျက်နဲ့ အခန်းထဲခွေအိပ်နေရတော့တယ်. . .။ သူတို့တရားရမရတော့ မသိ ပါဘူး. . . ကျွန်တော့်မှာတော့ ဘုန်းကြီးပဲဝတ်ချင်သလို တောပဲ ထွက် ချင်သလိုဖြစ်လာတော့တယ်. . .။

◆ ◆ ◆

တော်ဝင်မြို့မစာအုပ်တိုက်

**နောက်** တစ်နေ့နံနက်စောစောမှာလည်း ကြည့်ပါလား။

'ဟဲ့ ဟိုအပေအတေကောင်တွေ. . . အိပ်ရာကမနိုးကြသေးဘူးလား. . . ဘယ်အချိန်ရှိပြီလဲ. . . ထကြစမ်း. . . '

စီခနဲအသံကြား၍ ကမန်းကတန်းအိပ်ရာကထကြည့်လိုက်တော့. . .

'ဟင်. . . '

အဘွားကြီးနှင့်သူ့အနောက်က ယောဂီဝတ်ငါးယောက်. . . ။ မနေ့ကထက်နှစ်ယောက်များလာ၏။ အဘွားကြီးကအိပ်ချင်မူးတူးနှင့်ကျွန်တော့ကိုမြင်တော့. . .

'ဟဲ့ မြန်မြန်လုပ်လေ. . . ဖျာတွေဘာတွေခင်းလေ. . . ရေနွေးကြမ်းတွေဘာတွေချ. . . လမ်းထိပ်မှာကြက်သားပေါက်ဆီရှစ်လုံးသွားဝယ်ချေ. . . ပြီးရင် နေ့လယ်အဆာပြေစားဖို့ ငှက်ပျောသီးတစ်ခိုင်မှာခဲ့. . . '

တော်ဝင်မြို့မစာအုပ်တိုက်

ဟုဆိုလိုက်ရာ ကျွန်တော်လည်းယောင်ပြီးကပျာကယာခေါင်း ညိတ်မိပြီး. . . ဖျာတွေဘာတွေချခင်းပေး၊ ရေနွေးတွေဘာတွေယူချပေးမိ၏။ ဧည့်သည်ပါလျှင်မနေတတ်သည့်စိတ်က ဤနေရာတော့ဆိုး၏။ ဒါကို အဘွားကြီးက ပျာယာခတ်ကျွန်တော့်ကိုပြုံးကြည့်ပြီး. . .

'လာ. . . ဆရာမတို့. . . ဒါကျွန်မရဲ့တရားစခန်းအသေးစား လေး. . . သူကကျွန်မဝေယျာဝစ္စတွေလုပ်ပေးနေတဲ့ကောင်လေး. . . '

အဘွားကြီးက ရောက်ရောက်ချင်းဆောက်နှင့်ထွင်း၏။

ကျွန်တော့်ကို သူ့သားမက်ဟုပင်မိတ်ဆက်မပေးဘဲ ဝေယျာဝစ္စတွေ လုပ်ပေးနေတဲ့ကောင်လေး. . . တဲ့. . . ကြည့်ဦး. . . ကြောပုံ'

အိမ်ကအဘွားကြီးစကားကို သူနှင့်ပါလာသောအဘွားကြီးများက အားကျသောမျက်ဝန်းအစုံနှင့်ကြည့်ပြီး. . .

'ဟယ်. . . ပြည့်စုံလိုက်တာ. . . '

ဟုဆိုကြသည်။ ဒါကိုအိမ်ကအဘွားကြီးက မာန်တက်ပြီး. . .

'ဟဲ့. . ဟိုကောင်မလေး. . . ဒီမှာဆရာမတို့တရားဆွေးနွေးဖို့ ရောက်နေပြီ. . . စားဖို့သောက်ဖို့ပြင်ပါတော့လား. . . ဝေ့. . . ဝ. . . ဝေ့ ဝ. . . '



တော်ဝင်မြို့မစာအုပ်တိုက်

နှင့် ညာသံပေး အော်ဟစ်လိုက်သေးသည်။ သက်ထက်ချို က လည်း. . .

'လာပါပြီရှင့်. . . ခရမ်းချဉ်သီးသုပ်နေလို့ပါ. . .'

ဟူသောအော်သံနှင့်အတူ ပန်းကန်တစ်ချပ်မပြီး ရောက်လာသည်။ အော်. . . အလိုက်သိလှသည့်သမီး. . .။ အဘွားကြီးက ခရမ်းချဉ်သီးသုပ်ပန်းကန်ကိုဝေ့ကြည့်ပြီး ကျွန်တော့ဘက်လှည့်၍. . .

'ဟဲ့. . . ဟိုကောင်လေး. . . လမ်းထိပ်သွားလေ. . . ဘာကြောင်ကြည့်နေတာလဲ. . . နွားနို့ပါဆယ်ရှစ်ခွက်ပါဆွဲခဲ့. . . နောက်ထပ်လူတွေလာဦးမှာ. . ဒီနေ့ပွဲကြီးပွဲကောင်းဆွေးနွေးပွဲရှိတယ်. . .'

ဟုဆိုလိုက်ရာ ကျွန်တော်လည်းယောင်ပြီး 'ဟုတ်ကဲ့ ဟုတ်ကဲ့' ဟုခေါင်းညိတ်မိကာ အိမ်ပေါ်မှကပျာကယာဆင်းလိုက်မိသည်။

နောက်တစ်ကြိမ်အိမ်ပေါ်ရောက်တော့ အိမ်ပေါ်မှာနောက်ထပ် အဘွားကြီးလေးငါးယောက်ထပ်ရောက်နေပြီ. . .။ ဘာတွေဝါးထားသည် တော့မသိ ပန်းကန်ကလည်း လေးပန်းကန်ခန့်တက်တက်စင်ပြောင်နေပြီ။ ယောက္ခမကြီးကတော့ နို့ဆီဘူးတစ်ဘူးကို အပေါက်သေးသေးလေး ဖောက်၍ စိမ်ပြေနပြေထိုင်စုပ်နေ၏။ ကျန်သည့်သူများအားလုံးက သူ့ကိုလေးစား



အားကျသော မျက်လုံးမျိုးနှင့်မျှော်နေကြ၏။ ဒါကိုအဘွားကြီးက မိန့်မိန့်ကြီးပြုံးပြီး. . .

'ဒါ. . . သူတို့တွေလူပါးဝတာ'

'ဘာဖြစ်လို့လည်း အမကြီး'

'တာဝတိံသာထက်မြင့်အောင် ဂြိုဟ်တုကိုလွှတ်တင်တာဆိုတော့ သိကြားမင်းကိုသရော်တာပေါ့. . . ဟုတ်လား. . .'

အဘွားကြီးအမေးကို မနေ့ကဝါးလက်ခုပ်တီးအဘွားကြီးက နို့ဆီဘူးကို ရွှမ်းရွှမ်းစားစားကြီးကြည့်၍ သူ့လျာကြမ်းကြီးနှင့် နှုတ်ခမ်းကိုသတ်လိုက်ပြီး. . .

'ဟုတ်တာပေါ့ အစ်မကြီးရယ်. . . ဒါပေမဲ့ အစ်မကြီးရယ်. . အဲဒီသတင်းကို ဘယ်ဂျာနယ်ကမှမရေးကြဘူး. . .'

ဝါးလက်ခုပ်တီးအဘွားကြီးစကားကို အိမ်ကအဘွားကြီးကကြမ်းပြင်ကိုလက်နှင့် တဘုန်းဘုန်းပုတ်လိုက်ပြီး. . .

'ဒါဂျာနယ်ကရေးစရာမလိုဘူးလေ. . သိကြားမင်းကိုယ်တိုင် ကိုက ဝရဇိန်လက်နက်နဲ့ပစ်ရမှာ. . . ပစ်ကိုပစ်ထည့်ရမှာ. . .'

'ပစ်လို့မှီလို့နေမှာပေါ့ အစ်မကြီးရယ်. . .'

အိမ်ကအဘွားကြီးစကားကို နောက်တစ်ယောက်က နို့ဆီဘူးကို စိုက်ကြည့်ရင်း လေပျော့ကလေးနှင့်ပြော၏။ ဒါကိုသိသောအဘွားကြီးက နို့ဆီဘူးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ကြိတ်မနိုင်ခဲမရအသံဖြင့်. . .

'တောက်. . . ညောင်ဦးဖီးတို့. . . ငလုံးလက်ဖယ်တို့ရှိရင် ဒါမျိုး မဖြစ်ဘူး. . .'

သူတို့စကားတွေက ဘာတွေမှန်းမသိ. . .။ သူတို့ဟာသူတို့တော့ ဟုတ်နေသည်။ အတည်ကြီးဆွေးနွေးနေကြ၏။ ဒါကသူတို့အတွက် အမြင့်ဆုံးတရားဆွေးနွေးမှုပင်. . .။ မည်မျှမြင့်သည်ဆိုရလျှင် သိကြားမင်းပင်ဝရဇိန်လက်နက်နှင့် လှမ်းပစ်၍မမီတော့ပဲကိုး. . .။

◆ ◆ ◆

**နောက်** နေ့နောက်နေ့များတွင် ကျွန်တော့်အိမ်ကပို၍ စည်ကားလာ၏။ မည်မျှများသည်ဆိုရသော်ရပ်ကွက်ထဲမှအတင်းလည် တုတ်တတ်သူ အဘွားကြီးအားလုံးလောက်နီးနီး အိမ်ရောက်လာကြ၏။ အားလုံးက ပုတီးလေးလည်ပင်းစွပ်ပြီး ဒီအိမ်ကိုလာပြီး တရားအကြောင်း ဆွေးနွေးသလိုနှင့် အတင်းထိုင်တုတ်ကြသည်။ သန်းတုပ်ကြသည်။ ထိုအထဲမှာမှ ယောက္ခမကြီးကဆရာမကြီး. . .။ အတင်းဖြန့်ချိရေး ဥက္ကဌ. . .။ သူ့မှာက သတင်းစုံသည်။ မည်မျှစုံသည်ဆိုရသော် လမ်း ထဲက ဘယ်ခွေးထီး၊ ဘယ်ခွေးမရည်ငံနေ၍ ဘယ်ခွေးဝဲစားက အမြင် မကြည်လင်သည်အထိ အားလုံးသိ၏။ ဒါတောင် အပြင်သို့ထွက်ကြည့် ခြင်းမဟုတ်ဘဲ အိမ်ထဲမှနေ၍ အကြားအမြင်ရထားသလိုမျိုး ထိုင်ပြော နေခြင်းဖြစ်သည်။ ထိုဖက်မှာတော့ချွန်ပ့ါ။ သူ့စကားဆိုလျှင်လည်း အားလုံးကလက်ခံရသည်။ အဘယ်ကြောင့်ဆိုသော် သူကနေရာထိုင်ခင်း

ရော၊ အကျွေးအမွေးရော ကျွန်တော့်စရိတ်နှင့် တာဝန်ယူထားတာ ကိုး. . .။

ကျွန်တော့ဇနီး(ဇနီးဟုပင်ပြောရမည်မဟုတ်ပါလား) သက်ထက်ချိုမှာလည်း လာသမျှလူအားလုံးကို ဧည့်ခံကျွေးမွေးနေရာမှတစ်ယောက်တည်းမနိုင်တော့၍ နောက်ထပ်ထမင်းချက်လူငှားနှစ်ယောက်ထပ်ခေါ်ထားလိုက်ရ၏။ နေ့မီးညမီးမငြိမ်းအောင် တချိမ်းချိမ်းချက်ပြုတ်နေရသည် ကိုး. . .။

လာသမျှလူအားလုံးကလည်း အိမ်မှာအကုန်အကျကလည်း သက်သာ၊ ထူးထူးဆန်းဆန်းသတင်းများလည်း ကြားရသည်မို့ အကြိုက်တွေ့နေကြခြင်းဖြစ်၏။ တရားအကြောင်းနားလည်ရန်မလို့. . . အတင်းတစ်ပုဒ်ပါလာလျှင်ရပြီ. . .။ အတင်းဖြန့်ဝေရေးဌာနချုပ် ဥက္ကဋ္ဌကလက်ခံပြီ. . .။

ကျွန်တော့်အိမ်သည်လည်းယခုမှ သာလေယံဇရပ်လိုဖြစ်လာ၏။ လူတွေကလည်း ဥဒဟိုဝင်အော်ကျယ်ဟစ်ကျယ်နှင့် ခိုးသားငါးရာကပင် ထိန်းသိမ်းရလွယ်ဦးမည်။ တစ်ချို့ဆို ကိုယ်ပိုင်မော်တော်ကားနှင့်ကိုလာပြီး အတင်းတုတ်ကြသည်။ အတင်းတုတ်သံများ တဝီဝီတတီတီနှင့် နဂါးအိမ်လို ဖြစ်နေသည်။ ဥပုသ်တို့လပြည့်လကွယ်တို့ဆို လူကပို၍စည်ကားသေး. .။ သူတို့အိမ်များတွင် ဘုန်းကြီးကျောင်းသွားမယ်ဟု သံကောင်းဟစ်ကာ ကျွန်တော့်အိမ်လာပြီး ဟေးလားဝါးလား လာလုပ်နေကြ၏။

အစပိုင်းမှာတော့ ကျွန်တော်ရှိနေလျှင် တရားဆွေးနွေးချင်ယောင်ဆောင်သေး၏။နောက်ပိုင်းကျတော့ ထိုသို့မဟုတ်တော့၊ ကျွန်တော့်ရှေ့တွင် ပေါ်တင်အတင်းတုတ်ရုံမကဘဲ မထင်လျှင်မထင်သလို ကျွန်တော့်ကိုပါ ဆွဲထည့်သေး၏။ သူတို့တဏှာအကြောင်းပြောပြီဆို မပါမဖြစ် ကျွန်တော်ပင် အဓိကဇာတ်လိုက် မသမာသူမှာကျွန်တော်ပင်။တဏှာနှင့် ပတ်သက်လျှင် ဘုရားဟောသည့်သာဓကထဲ၌ပင် ကျွန်တော်ပါနေ သလို. . .။

ဤကြားထဲ တဒုန်းဒုန်းခြေသံ၊ စွာကျယ်စွာကျယ်စကားသံများ

ကြောင့် ကျွန်တော်ဒေါ်သတို့လိုက်ခနဲ လိုက်ခနဲ. . .။

လူကလည်းဘယ်လောက်များသလဲဆိုရလျှင် ကျွန်တော် အိပ်စရာနေရာပင်မရှိတော့. . .။ နေ့ခင်းနေ့လယ် ကျွန်တော်များအိပ်နေပြီဆိုလျှင် ဘုရားခန်းတရားခန်းမှာ အိပ်ရပ့ါမလားဆိုပြီး ယောဂ္ဂမက ပွက်လောရိုက်ပါလေရော. . . ဩော် ဒုက္ခ. . .။ သူတို့သာလျှင် ဝါးလက်ခုပ်ကြီး တဖြောင်းဖြောင်းတီး၍ အဆီရစ်နေကြ၏။ အများအမြင်မှာတော့ ယောဂီများတရားကျင့်ရာ မဟာအိမ်တော်ကြီးဟု ထင်ကြပေမည်။ များသောအားဖြင့်က အကြောင်းပြကောင်းအောင် ယောဂီဝတ်စုံဝတ်ထားကြသည်ကိုး။ ကြာလာတော့ ကျွန်တော်လည်းသည်းမခံနိုင်တော့. . .။

နေနှင့်ကြဦးပေ့ါကွာ. . .။ မကြာခင်မှာ ငါဘာကောင်ဆိုတာ သိကြရပေမပေ့ါ. . .။

◆ ◆ ◆

‘**ပြွတ်** ပြွတ်. . .’

‘ဟေ့ ဇေယျာနောင်. . . လက်ဖက်ရည်ဆိုင်သွားရအောင်. . .’

‘ဟ. . . အော်. . . ထွန်းလင်းအောင်တို့စောကြီးတို့ပါလားမင်းတို့ကိုတွေ့ချင်တာနဲ့အတော်ဘဲ. . .’

‘ဟေ့. . . ဘယ်အပြစ်သားတွေလဲဟေ့ မယ်တော့်တရားစခန်းနားမှာ စုပ်လာသတ်နေတာ. . . ဒါသာလေယံဇရပ်မဟုတ်ဘူးကွဲ့. . . နားလည်ကြလား. . . လာ. . . ကြုံတုန်းမယ်တော့်ကိုဝတ်လာပြုသွားကြ’

အဘွားကြီး၏အော်သံ။ ကျွန်တော်လည်း သူငယ်ချင်းတွေကို အားနာလှသဖြင့် အဝတ်အစားပင်မလဲဘဲ အမြန်ပြေးထွက်လိုက်ရသည်။ လမ်းတစ်လျှောက် ဘာစကားမှမပြောကြဘဲဆိတ်ငြိမ်စွာဖြင့် လက်ဖက်ရည်ဆိုင်သို့ ရောက်လာကြသည်။

‘မင်းယောက္ခမပြောင်လှချည်လားကွ. . . မင်းကလည်း ပျောက်

ချက်သားကောင်းပြီး ဘယ်တွေရောက်ဘယ်တွေပေါက်နေလဲ. . .'

'ဒီအဘွားကြီးကလည်းတဖြေးဖြေးရောင့်တက်လာပါလား'

'အေး. . . ငါလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဘူးဖြစ်နေတယ်'

'မင်းဒီအတိုင်းထိုင်ကြည့်လို့ကတော့ မင်းမိဘထားသွားတဲ့အမွေလည်း ဒီအဘွားကြီးအုပ်စုတွေ ဝိုင်းဖျဥ်တာနဲ့ ပြုတ်ပြုတ်ပြုံးတော့မှာပဲ. . . မင်းမှာအစွယ် မရှိတော့ဘူးလား ဇေယျာနောင်. . .'

'ဘာမှာမလဲ အစ်ကိုတို့'

'အေး. . . အစွယ်တစ်ပွဲချကွာ. . . အဲလေ ကျဆိမ့်. . . ကျဆိမ့် သုံးခွက်လုပ်ပေးကွာ'

'ကိုယ့်ပေါ်ဘာကောင်းကျိုးမှမပေး တဲ့ လူ့အန္တကြီးတွေကို ထမ်းနေရတာ မပင်ပန်းဘူးလားကွာ. . .'

'သူငယ်ချင်းငါအကြံပေးမယ်. . . မျက်နှာချင်းဆိုင် တဲ့(ဒဲ့)ပြောပြီးမောင်းချလိုက်ကွာ. . . သက်ထက်ချိုလည်း မင်းထက်သူ့အမေကိုပိုချစ်တယ်ဆို လိုက်သွားပါစေ. . . ယောက်ျားပဲ အလုံးလည်းမလျော့ဘူး. . . အရပ်လည်းမလျော့ဘူးကွ. . .'

'အေး. . . ငါလည်း ဒီနေ့ပဲမောင်းချဖို့လုပ်နေတာပါကွာ. . .'

'မနေ့တစ်နေ့ကတည်းကမောင်းချရမှာ ဒီနေ့ပဲလုပ်မနေနဲ့ ခုချက်ချင်းမောင်းချပစ်. . .'

ကျွန်တော် လက်ဖက်ရည်ဆိုင်က ပြန်ရောက်ရောက်ခြင်း အိမ်နောက်ဖေးကိုဆင်းသွား၏။ ဒေါ်သက ၁၀စဒီဂရီတွင် တောက်လောင်လျှက်. . .။ သက်ထက်ချိုကအိမ်နောက်ဖေးမီးဖိုချောင်တွင် မိုးပြဲဒယ်ကြီးနှင့်ချက်ထားသော ထမင်းအိုးကိုမီးထိုင်မှုတ်နေ၏။ ကျွန်တော့်ချစ်သူကို ထိုကဲ့သို့ချွေးတလုံးလုံးနှင့် ပင်ပင်ပန်းပန်းမြင်ရတော့ ကျွန်တော့်လည်း ဒေါသကိုမထိန်းနိုင်တော့. . .

'သက်ထက်ချို. . . လာပါဦးကွာ. . .'

ကျွန်တော်၏ မမာစဖူးမာနေသောစကားသံကြောင့် ချစ်သူအံ့သြတကြီးမော့ကြည့်၏။ နောက် ထင်းစနှစ်စသုံးစကို မီးဖိုထဲထိုးထည့်လိုက်

ပြီး. . .

‘ခဏလေးမောင်. . . ဒီမှာထမင်းကျက်တော့မှာမို့. . .’

‘မင်းထမင်းအိုးကခဏထားစမ်းပါကွာ. . . ဒီကိုသာအရင်လာပါ. . .’

ကျွန်တော်ရဲ့စကားကြောင့် သက်ထက်ချို လန့်သွားပုံရ၏။ ထိုးလက်စထင်းမီးကိုပစ်ချ၍ ကျွန်တော့နား ကတိုက်ကရိုက်ပြေးလာကာ

‘ဘယ်လိုဖြစ်နေတာလဲမောင်ရယ်. . . ဘာဖြစ်လို့လဲ. . . ကဲပြော. . .’

‘ဘာဖြစ်ရမှာလဲ. . . မင်းအမေလုပ်ပုံကောင်းသေးရဲ့လား’

ကျွန်တော၏ခပ်တိုးတိုးစကားသံကြောင့် သက်ထက်ချို မျက်နှာပျက်သွား၏။ နောက်. . . သူ့အမေကြားသွားမှာ စိုးရိမ်သလိုဟန်မျိုးနှင့် နောက်သို့ ပြန်ဝေ့ကြည့်ကာ. . .

‘အမေကဘာလုပ်လို့လဲမောင်ရယ်. . .’

‘ဘာလုပ်လို့လဲ ဟုတ်လား. . . ဟိုမှာကြည့်စမ်းပါဦးကွာ. . . မင်းအမေရဲ့အပေါင်းအပါတွေ ငါ့အိမ်ကထမင်းကိုစားပြီး မဟုတ်တာထိုင်ပြောနေကြတာကြည့်လို့ကောင်းသေးရဲ့လားကွာ. . .’

‘အို . . . မောင်ရယ်. . . တိုးတိုးပြောပါ. . . သူတို့တွေကလူကြီးတွေပဲ. . .’

‘အာ. . . ဘာလူကြီးလဲ. . . လူ့ဘာလတွေ. . သူတို့အသက်အရွယ်နဲ့. . . သူတို့အလုပ်ကဟုတ်ရဲ့လားကြည့်ပါဦး. . . တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်းမဟုတ်၊တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်းမဟုတ်. . . မှားပြီးမိန်းမတစ်ယောက်ယူမိပါတယ်. . . အခုတော့ကြည့်ပါဦးငါခြေချစရာနေရာတောင်မရှိတော့ဘူး. . . မိန်းမပေါင်းသောင်းခြောက်ထောင်နဲ့. . .’

‘အော်. . . မောင်ရယ်. . . ကုသိုလ်ရပါတယ်. . .’

‘ဘာကုသိုလ်ရမှာလဲကွာ. . . ဘာကုသိုလ်ရမှာလဲ. . . ဒီလိုအီးပေါလောကြီးတွေကိုကျွေးလို့ ဘာကုသိုလ်ရမှာလဲ. . .’

'ဘာဖြစ်နေတာလဲဟေ့. . . တရားစခန်းနားမှာ အော်ကြီးဟစ်ကျယ်နဲ့. . .'

စကားမဆုံးမီ နားထဲဖြတ်ဝင်လာသော ကန့်လန့်အော်သံကြီးကြောင့် ကျွန်တော့်ဒေါသကို မီးမြိုက်လိုက်သလို ကြွပ်ရွသွားစေသည်။ အောင်မာ. . . သဘောက်မယောက္ခမ. . . အိမ်ပေါက်ဝမှာမျက်နှာမာကြီးနှင့်ခါးကြီးထောက်လို့. . .။ သူ့ကိုကြည့်ပြီး ကျွန်တော့်ဒေါသတို့ပေါက်ကွဲ. . .

'ဘာဖြစ်ရမှာလဲဗျ. . . ဘာဖြစ်ရမှာလဲ. . . ခင်ဗျားတို့လုပ်ပုံမဟုတ်တာကိုပြောနေတာ. . .'

အဘွားကြီးကမျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

'အေး. . . အေး မယ်တော်ကလည်းသင့်ကိုမိန့်စရာရှိတယ်. . . လာလင့်ဦး'

ဟုဆို၍ အိမ်ရှင်က မာလီကိုခေါ်သလိုခေါ်ပြီး အိမ်ထဲလှည့်ဝင်သွား၏။ သူ့ပုံစံကိုကြည့်ပြီး ကျွန်တော်လည်းတင်းသွား၏။ လုံချည်ကိုအဆင်သင့်ဖြစ်အောင်ခပ်မြင့်မြင့်ဆွဲဝတ်လိုက်ပြီး. . .

'အေး. . . ကျုပ်ကလည်းခင်ဗျားကြီးကိုပြောစရာရှိတယ်. . တောက်. . . တွေ့ကြပြီပေ့ါ ပေါက်ကရယောက္ခမရာ. . .'

ဟုဆို၍ အိမ်ပေါ်သို့ပြေးတက်သွား၏။

အိမ်ပေါ်ရောက်တော့ယောက္ခမကြီးသည် ကျန်သည့်အဘွားကြီး တစ်ဖက်ငါးဆယ်ခြံရံပြီး အလယ်တည့်တည့်တွင် မိန့်မိန့်ကြီးစံပယ်နေ၏။ သူ့ဘေးနားက အဘွားကြီးတွေက ကျွန်တော့်ကို မဲ့ရွဲ့ကာမတူမတန်သလိုကြည့်နေကြ၏။ သူတို့အားလုံးကို ကျွန်တော်ဝေ့ကြည့်ကာ အင်္ကျီလက်ကို ခပ်ကြမ်းကြမ်းဆွဲတင်လိုက်၏။ အားမနာတမ်းပြောမှ ဖြစ်တော့မည်။

'ကဲ. . . ပြော. . . ခင်ဗျားကြီးကများတပြန်စီး. . . ဘာပြောချင်လဲပြော. . .'

အဘွားကြီးကကျွန်တော်၏အမေးကို မိန့်မိန့်ကြီးခေါင်းသုံးခါ

ညိတ်၏။ ပြီးမှ. . .

'အေးအေးဆေးဆေးထိုင်ပါဦးသားတော်ရယ်. . . ဒီကိစ္စမျိုးဟာဖြင့် အေးအေးဆေးဆေးမွက်ကြားမှဖြစ်မှာမို့ပါ. . .'

အဘွားကြီး၏ အေးကျကျကြီးပြောသော စကားကြောင့်ကျွန်တော်လည်း ပိုတင်းသွားပြီး. . .

'ခင်ဗျားကြီးကျုပ်ကို သားတော်လို့မခေါ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ . . . ကျုပ်က ခင်ဗျားကြီးရဲ့သားမဟုတ်ဘူး. . .'

ကျွန်တော့်ရဲ့ကျယ်လောင်သောစကားကို အဘွားကြီးကမျက်နှာတစ်ချက်မပျက်ဘဲ သက်ပြင်းချပြီး ဘေးနားကအဘွားကြီးတွေကိုဝေ့ကြည့်၏။ အမိုက်အမဲလေးမို့ အပြစ်မယူကြပါနဲ့ဆိုတဲ့ အိုက်တင်မျိုးနဲ့ပေါ့. . .။လုပ်ထားနှင့်ဦးပေါ့အဘွားကြီးရာ. . .။ ဘေးနားကဂယောင်အဘွားကြီးတစ်သိုက်က ယောက္ခမအဘွားကြီး၏ ခန္ဓီစခန္ဓီပါရမီကိုလေးစားအားကျသလို မျက်လုံးမျိုးများနှင့်ပြုံးတုံးပြဲတဲ ဝိုင်းကြည့်ကြသည်။ တစ်ချို့ကစုပ်သပ်ကြသည်။ အော်. . . သရုပ်ဆောင်ကောင်းလိုက်ကြပုံ. . .။ ယောက္ခမကြီးက သက်ပြင်းကို ဆောင့်တောင့်တောင့်ထပ်ချလိုက်ပြီး. .

'မေတ္တာကရုဏာအပြည့်နဲ့. . .'သား'. . . ဟား. . . ဟား. . . လို့ခေါ်တာမကြိုက်ရင်လည်းမခေါ်ပါဘူးသားတော်ရယ်. . . ဒါပေမဲ့ အေးအေးဆေးဆေးတော့ ထိုင်ပါဦး. . .'

အဘွားကြီးကရုဏာပြည့်လျှမ်း အဆီရွှမ်းသောစကားကြောင့်ကျွန်တော်လည်းကြောင်သွားပြီး အဘွားကြီးရှေ့ထိုင်ချလိုက်သည်။ ထိုတော့မှ အဘွားကြီးကသက်ပြင်းကိုချ ခေါင်းကိုဖြည်းညင်းစွာညိတ်ပြီး. . .

'အင်း. . . ပြောရတာတော့အားနာပါတယ်ကွယ် ဒါပေမဲ့မပြောမပြီး မတီးမမြည်ဆိုတဲ့စကားကလည်းရှိတယ်မဟုတ်လား. . . ဒါကြောင့်ပါကွယ်. . .'

'ပြောစရာရှိတာပြောပါ. . . ရစ်မနေနဲ့. . .'

ကျွန်တော်လည်းတင်းနေပြီမို့မျက်မှောင်ကြုတ်ပြီးအော်လိုက်သည်။

စိတ်ထဲတွင်တော့ ပြောနှင့်ဦးပေါ့အဘွားကြီးရယ်. . . သူပြောပြီးမှ ကျွန်တော်က ခင်ဗျားကြီးဒီအိမ်ပေါ်က 'ဆင်း. . . သွား. . . တော့. . . .' လို့တစ်ခွန်းတည်းကို မြိန်မြိန်ကြီးပြောချလိုက်မည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်သည်။

အဘွားကြီးကတော့ ဘာမှမသိသလိုဟန်မျိုးနှင့် သက်ပြင်းကို ထပ်ချပြီး. . .

'အေးကွယ်. . . ပြောဆိုလို့သာပြောရတာ. . စိတ်တော့သိပ်မကောင်းပါဘူးကွယ်. . . မယ်တော်တို့ဆိုတာက သံယောဇဉ်မီးကို အနိုင်နိုင်ပိုင်းဖြတ်ထားနိုင်ပြီး ကိလေသာတစ်ကျောဖြတ်ထားနိုင်တဲ့ ဘိက္ခုနီတစ်ပိုင်းဖြစ်နေတာမို့လို့ ဒီစကားပြောထွက်တာ. တော်တော်တန်တန်လူဆို ပြောထွက်မယ်ကိုမထင်ဘူး. . .'

'ဟာ. . . ပြောစရာရှိတာ မြန်မြန်ပြောဗျာ. . . ကျုပ်မှာလည်း ခင်ဗျားတို့ကိုပြောစရာရှိတယ်. . .'

ကျွန်တော့်ရဲ့ဒေါသတကြီးစကားကို အဘွားကြီးကဂရုမစိုက်ဘဲ

'အေးကွယ်. . . မယ်တော်တို့ဆိုတာကလည်း ဗုဒ္ဓရဲ့တရားတော်နဲ့အညီ ကျင့်ကြံပြီးနေနေကြတယ်မဟုတ်လား. . . ပြီးတော့လည်း ကိလေသာရသတဏှာတွေကို တတ်နိုင်သလောက်စွန့်ပါယ်ရင်း. . . .'

'ဟောဒီက မုန့်ကြာစေ့. . .'

'ဟဲ့ခေါ် ခေါ် . . . ငါစားချင်နေတာ လေးရက်ရှိပြီ. . . ကောင်မခုမှပဲလာတော့တယ်. . .'

အဘွားကြီးဆယ့်လေးငါးယောက် လုံးလုံး၊လုံးလုံးနှင့် ပြေးထွက်သွားပြီးမုန့်ကြာစေ့သည်အား အော်ဟစ်ဝယ်ကြသံက ကုလားတစ်အုပ်ပျားတုပ်ခံရသလိုဆူညံစွာ ဝုန်းဝုန်းနှင့်ထွက်လာသည်။

'မယ်တော်ကြီး သူများမုန့်ကြာစေ့ မစားချင်ဘူး. . . ပဲပလာတာ ပဲစားချင်တယ်. . .'

အိမ်ကအဘွားကြီးကမျက်လွှာချပြီး ဣန္ဒြေရစွာဖြင့် တစ်ခွန်းတည်းသောစကားကိုမြွက်ကြားသည်။

'တုတ်. . . ခုဏကဘယ်ရောက်သွားပြီလဲဆိုတော့ ဒီကိလေသာအညစ်အကြေးတွေကင်းစင်တဲ့ ဘိက္ခုမကျဒုလ္လဘတွေ နေတဲ့ရပ်ဝန်းမယ်. . .'

အဘွားကြီး စကားပင်မဆုံးလိုက် အနောက်ကအဖွဲ့မှအသံများလှိုင်တက်လာပြန်သည်။

'အောင်မာကောင်မ နင်ကဘယ်အဆင့်မို့လို့ ပဲပလာတာမှစားချင်ရတာလဲ. . .'

'ဒေါ်မိညက်ရဲ့ ရှင်ကဘာအဆင့်မို့လို့ အဆင့်စကားပြောချင်ရတာလဲ. . . လာမစမ်းနဲ့နော်'

'ဟဲ့. . . ငါ့ကို မိညက်လို့မခေါ်နဲ့. . . ငါကအခုသူဌေးကတော်ဒေါ်မြမြထွန်း ဖြစ်သွားပြီဟဲ့ ကောင်မရဲ့. . . ဒို့အဆင့်ကအိမ်မှာတီဗွီနဲ့ကနားနဲ့နေတာ သူများအိမ်မှာ ကပ်ကြည့်တဲ့အဆင့် မဟုတ်ဘူးဟဲ့. . .'

'အောင်မာ. . . ဟဲ့ဒီမှာ. . . ဒို့ကမရှိလဲထမင်းကြမ်းခဲကို ယပ်ခပ်ဆားနဲ့နယ်ပြီးစားလိုက်မယ်. . . သူများလို တိတ်တိတ်ပုန်းအငယ်အနှောင်း. . .'



'ဟဲ့ကောင်မ. . . ငါ့အစ်မကိုများ အငယ်အနှောင်းလေး ဘာလေးနဲ့. . အဲဒီလိုပြောစရာမလိုဘူး . . . ညည်းကရောဘာကောင်မမို့လို့လဲ. . . ယောကျ်ားကောင်းမောင်းမတစ်ထောင်ဟဲ့. . . ပစ္စည်းရှိလို့ရှိတယ်ပြောတာဟဲ့. . .'

'အောင်မာနင်က နင့်အစ်မထိလို့နာတယ်ပေါ့လေ . . နင်က ရောလွတ်လို့လား အခုရှိတဲ့အထုပ်တွေဖြည်ပြလိုက်လို့. . . မရှိတဲ့အရှက်တွေ ခွမ်း. . ခွမ်းနဲ့တောင် ကွဲသွားဦးမယ်. . .'

'ညည်းက ခွမ်းခွမ်း နဲ့ ဆိုလို့ကတော့ငါတို့ကလည်း နင့်ပါးကို ရပြန်း. . . ရပြန်း. . . နဲ့ တစ်ရာ့ဆယ့်နှစ်စိတ်ကွဲအောင်. . . ရိုက်ပစ်မှာပေါ့ ဟဲ့. . . + × = × =ရဲ့. . .'

'အောင်မာ. . . အရိုးပိန်မ. . အဆီခမ်းအသားခမ်းမ ကများ. . . နှုတ်သီးကောင်းလျှာပါးနေတာပေါ့လေ'

'ဟဲ. . . နင့်လို ကိုယ်ဝန်ရှိမှန်းမသိ ဆီးဝမ်းပူမှန်းမသိတဲ့ ဘီလူးဗိုက်မ မဟုတ်ဘူး. . .'

'ဗိုက်ပူတော့ ဘာလုပ်ချင်လို့လဲ လုံးချင်လို့လား. . .'

'အေးလာစမ်း လုံးမယ်ဟဲ့ ဗိုက်ပူမရဲ့. . .'



'ကဲ. . . လုံးတယ်ဟာ. . . ဒါမျိုးကတော့. . လုံးပြီးသားထဲက ပဲ. . . '

လုံးနေလိုက်ကြတာဗျာ ကြွက်ကြွက်ကိုဆူရောပဲ. . . ဒီလောက် ကမ္ဘာပျက်နေတာတောင် အဘွားကြီးက မိန့်မိန့်ကြီးပြုံး မျက်လုံးကလေး စင်းကာစင်းကာနဲ့ ပီယာဝါစ မိန့်မိန့်ချတုန်းဗျာ. . . ။

'ဒီတော့ မယ်တော်တို့ရဲ့ တရားသံနဲ့စီညံနေတဲ့ ဒီကျောင်း သင်္ခမ်းနဲ့ သားတော်တို့လို. . . အချိန်ပြည့်မကောင်းတာကြံစည်နေတဲ့ အပြစ်သားတွေနဲ့က . . . ဟင်း. . . '

အောင်မာ. . . သက်ပြင်းတောင်ချလိုက်သေးသဗျ။

ကျွန်တော်မျက်နှာကိုရှုံ့မဲ့လိုက်မိ၏။ ကြည့်ပါဦး. . . ပြောပုံက တရားသံနဲ့စီညံနေတဲ့ ဒီကျောင်း သင်္ခမ်းတဲ့. . . ။ အနောက်မှာကတော့ ဒေါ်ခင်သီတာမြမြထွန်းဒေါ်မိညက်တို့အဖွဲ့နဲ့ ခင်အလိမ္မာစိုးစိုး ဒေါ် မအေးသောင်းတို့အဖွဲ့ကတော့ သူတင်ကိုယ်တင်တဝုန်းဝုန်းနဲ့လုံးလို့ ကောင်းနေတုန်း။ အယုတ္တအနတ္တဆဲသံ ဆိုသံတွေကပလုံစီထနေ၏။ အဘွားကြီး အေးဆေးသက်သာစွာပဲ ခါးကိုမတ်၍ စကားပြန်ဆက်သည်။

'နောက်ပြီး. . အမေတို့ကနောင်ပွင့်လတ္တံ့သော အရိမေတ္တယျ ဘုရားမားသားဆုပန်ထားတဲ့လူတွေချည်းပဲဆိုတော့. . . တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း ကောင်းသောအကျင့်ကျင့်ကြံခြင်းနဲ့ ကောင်းသောအတွေး အကြံနဲ့နေခြင်း အစရှိသော လောကုတ္တရာသဘောမှာသာ ပျော်မွေ့ နေကြပါပြီ. . . '

ဘေးနားက အဘွားကြီးတစ်သိုက်ကတော့ ဟေးဟဟေးဟ နှင့်ညာသံပေး ပြီးကိုဆော်နေကြတာ ။ ကျွန်တော်ဟစ်၍ပင် ရယ်လိုက်ချင် သေးသည်။

'ဒီအိမ်ဟာဆိုရင်လည်း တရားဓမ္မနဲ့ပျော်မွေ့သူတွေရဲ့ ကွန်းခို ရာအစစ်အမှန်အောင်မြေဖြစ်နေပြီလေ. . . ရှေးခေတ်က မောင်မဥ္စက ဆိုတဲ့ လူငယ်လေးတစ်ယောက်လည်း ဒီလိုပဲ သူတော်စင်ကိုပစ်မှားမိလို့ မိန်းမဘဝကို ရောက်ခဲ့ရတယ်. . . ဆိုတဲ့ သာဓကလည်း ရှိခဲ့တယ်လေ။

အခုလည်း မင်းကိုအဲဒီဒုက္ခမျိုးမရောက် စေချင်ဘူး. . . စေတနာပါကွယ် စေတနာ. . . မယ်တော့်စေတနာ. . . '

သူ့စကားကြောင့် ကျွန်တော်ခေါင်းရှုပ်သွားရ၏။ ဘာဆိုင်လို့လဲ သူတော်စင်ကိုပြစ်မှားမိလို့ မိန်းမဖြစ်သွားတဲ့ မောင်မဥ္စကနဲ့ကျွန်တော်. . ။ ကျွန်တော်ကဘာလုပ်နေလို့လဲ. . . ။ ဘာစေတနာလဲ. . . ဘာစေတနာကိုပြောတာလဲ. . . ။ အနောက်ကညံနေတာကတစ်မျိုး အဘွားကြီးရဲ့မဟုတ်ကဟုတ်ကလက်ချာကတစ်မျိုးနဲ့ ကျွန်တော်ခေါင်းထဲမှာ ပလုံစီထနေသည်။ အတွေးမဆုံးမီ အဘွားကြီးကစကားပြန်ဆက်၏။

'ဒါကြောင့်ပါကွယ်. . . မင်းလည်းဦးနှောက်ရှိတာပဲ စဉ်းစားကြည့်လေ. . . ဒီအိမ်မှာက သူတော်စင်အမျိုးသမီးတွေချည်းပဲနေတာဆိုတော့ မင်းတို့လိုယောက်ျားသားတစ်ယောက်ရှိနေလို့ မသင့်တော်ဘူးပေါ့'

'ဘာရယ်. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်လန့်သွား၏။ အဘွားကြီးကတော့ ခပ်တည်တည်ပင်. . .

'တော်ကြာ. . . သူတော်စင်တွေကိုပစ်မှားမိရင်လည်း မင်းပဲ မိန်းမဖြစ်ရဦးမယ်. . . '

'အန်'

'သို့ကလိုကြောင့် ကိလေသာအယူအစွဲကြီးသော အမောင်ချစ်သား. . . ဤသင်္ခမ်းတော်နှင့်ဝေးရာကိုသာ ရှားနေပေတော့. . . '

'အလို. . . '

အဘွားကြီးစကားကြောင့် ကျွန်တော်ဘာပြန်ပြောရမှန်းမသိအောင် ကြောင်သွားမိ၏။ ခုနကထွက်နေသောဒေါသများလည်း ဘယ်က အညွန့်ကျိုး တိမ်မြုပ်ပျောက်ကုန်သည်မသိတော့. . ။ ဘဲဥတစ်လုံးလို အစကိုရှာမရတော့ ဒီအိမ်မှာက မိန်းကလေးတွေချည်းပဲနေတာမို့ ယောက်ျားသားကျွန်တော်က ရှောင်ပေးရမယ်တဲ့. . . ဘယ်လိုလဲ. . . ဘယ်လိုဖြစ်တာလဲ. . . ဒီအိမ်ကဘယ်သူ့အိမ်လဲ. . . ။ ကျွန်တော်စဉ်းစားလို့မှမဆုံးခင် မိန့်မိန့်ကြီးထွက်လာသည့် အဘွားကြီးအသံက. . .

'ဒါကြောင့် ဤဘုရားရိပ်၊ တရားရိပ် သူတော်စင်အမျိုးသမီးများ၏ ဤကျောင်းတော်ရာနှင့် ဝေးရာသို့သွားပြီး တော်ရာကသာ ခစားလေနေလေတော့။ မယ်တော့်မှာ ချစ်ပါသော်ငြား ဓမ္မအရေးအရှည်မျှော်လို့ တော်သလိုလေး မွက်ရပါသည်အမောင်ချစ်သား. . . နားနဲ့မနာလည်း နားနဲ့ပဲနာပေရော့'

'ဗျာ. . .'

'နို့ပေတဲ့. . . ဆွမ်း၊ ကွမ်း၊လက်ဖက်တော့မပြတ်ဝယ် ဆက်ကပ်လို့ကုသိုလ်ယူခွင့်ပြုတယ်. . . ဒီဒါနကိုတော့ မယ်တော်ကမကန့်ကွက်ပါဘူး. . . ဘာမှလည်းပူမနေနဲ့. . . ဒီကုသိုလ်ကိုချစ်သားတစ်ယောက်တည်းကိုပဲပေးမယ်ဆိုတာ သတိမပြတ်မြဲမြဲမှတ်ပါလေကွယ်. . . အဲ. . . ဆွမ်းကွမ်း လက်ဖက်ပျက်ကွက်ခဲ့သည်ရှိသော် ငါ့သားပြောင်းရွှေ့ရာ အိမ်ဂေဟာသို့ မယ်တော်တို့တစ်သိုက်အုပ်စုဖွဲ့လိုက်၍ထပ်ဝယ်ဖွဲ့ခွေ လာရောက်စံပါယ်ရပေဦးမည်ဖြစ်ကြောင်း. . . ကျောင်းသခ်မ်းပြောင်းရွှေ့ရေးအတွက် ငွေကုန်ကြေးကျများနိုင်သည့်အတွက် သတိနှင့်ဆင်ခြင်ပေ့ါ. . . အကယ်၍ ချစ်သားမအားလပ်လို့မယ်တော့်ကို ဖူးချင်သော်ငြားမဖူးအားလျှင်ဤဈေး၊ ဤလမ်း၊ ဤရပ်ဝန်းမှ ဈေးဆိုင်၊ ကုန်စုံမှုန့်သိုင်းခြုံနှင့် သရေစာ. . . ဟာလဝါ ဘာညာသာရကာဆိုင်များကိုသားမောင် ကိုယ်တိုင်လာရောက်ဝင်မေး၍ အကြွေးဆပ်ကုသိုလ်ယူပါတော့ချစ်သား. . . အတ္တား. . . တ္တား'

'အင်ညာ. . .'

အံ့အားသင့်လွန်း၍ ကျွန်တော့်ဘာသာစကားတွေ ပုံစံပြောင်းကုန်၏။ကျွန်တော်အိမ်ပြောင်းသွားတာတောင် ရိက္ခာမပျက်ထောက်ပံ့ရဦးမယ်တဲ့. . . ရိက္ခာမထောက်ပံ့ပါက ကျွန်တော်ပြောင်းသည့်အိမ်သို့ အုပ်စုဖွဲ့ချီတက်၍ ထက်ဝယ်ဖွဲ့ခွေလာရောက်နေဦးမတဲ့. . .။ ကျွန်တော်မျက်ရည်များပင်ဝိုင်းသွားမိ၏။ အဘွားကြီးကတော့ ခပ်တည်တည်ပင်. .။

'ကိုင်း. . . သားတော်. . . မယ်တော့်ကိုကန်တော့ပြီး ဤကျောင်းတော်နှင့်ဝေးရာသို့ ယခုမဆိုင်းအချိန်ပိုင်းအတွင်း ရရာသိမ်းထုပ်၊

လုံချည်စုတ်နှင့် ကုပ်ကုပ်ကွကွ ကြွချီတော်မူပါတော့. . . '

ကျွန်တော်ဘာပြောလို့ပြောရမှန်းပင်မသိတော့. . အနောက်မှာ ကလည်းနပန်းပွဲကခုမှဇာတ်ရှိန်မြင့်နေဆဲ။ သူတို့ကို ကြည့်ပြီးကျွန်တော် လည်းငိုချင်လျှက်လက်တို့ဖြစ်သွားပြီး. . .

'ဟာဗျာ. . . ခင်ဗျားတို့ဟာက ဘယ်လိုကြီးလဲဗျာ. . အင်းဟာ အင်းဟာ. . . '

ဟုဆို၍ ကြမ်းပြင်ကိုသာ ဖနောင့်နှင့်ထိုင်ပွတ်နေ၏။ နားထဲတွင် တော့. . .

'ရရာသိမ်းထုပ်လုံချည်စုတ်နှင့် ကုပ်ကုပ်ကွကွကြွချီတော်မူပါ တော့'

ဆိုသောအသံကြီးက ပွဲတင်ထပ်လျှက်. . .

'တော်ပြီဗျာ. . . မိန်းမလည်းမယူတော့ဘူး ခင်ဗျားတို့လည်း လိုက်စရာမလိုဘူး. . . ကျုပ်လည်းမိန်းမ ယူချင်တဲ့စိတ်ဘုရားလှူလိုက် တော့မယ် လူ့ဘောင်လောကထဲလည်း မနေချင်တော့ဘူး. . . '

ဟုငိုသံဝဲကြီးနှင့်ပြောချလိုက်ပြီး အိမ်ပေါ်မှဒုန်းစိုင်းဆင်း ချလိုက် ၏။ နောက်ဆုံးကြားရသော ယောက္ခအဘွားကြီး၏အောင်မြင် ခန့်ညား သောအသံကြီးက. . .

'ကောင်မတွေ ငါလာပြီဟေ့ . . . ဟိုင်းယား ဟိုင်းယား. . . '

◆ ◆ ◆

တော်ဝင်မြို့မစာအုပ်တိုက်

ဝိသုဒ္ဓ ကရုဏာဉာဏံ
ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
ဓမ္မံ သဒ္ဓမ သမ္ဘူတံ
နိတ္တ သံဃနိရင်္ဂဏံ။
ဥပေမိ ဗုဒ္ဓသရဏံ
ဓမ္မဉ္စာပိ အနုတ္တရံ. . .
သံဃဉ္စနရဒေဝဟိ
ဂစ္ဆာမိ သရဏံ အဟံ. . .။

ဘုရားထီးတော်မှ သာယာအေးချမ်းဖွယ်ကောင်းသော ခေါင်းလောင်းသံများကြောင့် ဦးပုဇင်းရှင်ဉာဏ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထီးထီးမိုးမိုးကောင်းကင်ယံလွင့်ပျံနေသော ဘုရား၏စိန်ဖူးတော်ကိုကြည့်ပြီး ရှင်ဉာဏ၏စိတ်ထဲ ပီတိများလွင့်ပျံ့လာ၏။ အေးငြိမ်းတိတ်ဆိတ်သော

ဘုရားသားတော်အဖြစ်ခံယူလာသည်မှာ ခြောက်လပင်စွန်းတော့မည်. . ။

လောကီအရေးအရှုပ်အထွေးများမှရုန်းထွက်ပြီး သာသနဘောင်ထဲဝင်လိုက်မှ သူ့ဘဝလည်းအေးချမ်းမှုကိုရတော့သည်မဟုတ်ပါလား။ ထို့ကြောင့် ရွာဦးကျောင်း ကျောင်းထိုင်ဆရာတော်ကြီးကို သူကိုလေသာကြောပြတ်ပြီမို့ ရာသက်ပန်ရဟန်းပြုတော့မည်ဖြစ်ကြောင်း လျှောက်ထားတောင်းပန်ပြီး လူဝတ်ကိုလဲ၊ သင်္ကန်းကိုယုံကြည်စွာ လွှမ်းခြုံခဲ့ပေပြီ. . . ။

အော်. . . ထာဝရအေးချမ်းမှုဆိုတာ ဒါပဲလား. . . ။ ပူလောင်ပြင်းပြသော ကိလေသာနွံထဲမှမရုန်းထွက်နိုင်သေးသောသူများကို ရှင်ဉာဏ ကရုဏာသက်မိတော့၏။ သူတို့ခမျာ ထာဝရအေးချမ်းမှုကိုမတွေ့ရှိကြသေးပါလား. . . အော် ဒုက္ခ. . . ဒုက္ခ. . . ဘာမဟုတ်သည့်အပုပ်ခန္ဓာကြီးကိုဖက်တွယ်ပြီး ငရဲကျခံနေကြပါလားနော်. . . အနိစ္စဆိုသည့်တရားတော်ကို မသိမြင်နိုင်သေးသ၍တော့ ဤနွံထဲမှရုန်းထွက်နိုင်ဖို့မလွယ်ကြပါလား. . . ။

အော်. . . အနိစ္စ. . . အနိစ္စ. . .

ရှင်ဉာဏအတွေးမဆုံးမီ အနောက်ဘက်မှခပ်သင်းသင်းအနံ့တစ်ခုဝေ့တက်လာ၍ မျက်မှောင်ကြုတ်လိုက်သည်။ သူ့စိတ်ထဲတွင်လည်း ထိုရနံ့ကသူနှင့်ရင်းနှီးနေသလို. . ။ ထိုသင်းရနံ့ကသူ့စိတ်ထဲတစ်မျိုးကြီးဖြစ်စေ၏။ ဒါ. . . ဘယ်နေရာမှာ ရင်းရင်းနှီးနှီးရဖူးနေပါလိမ့်. . . ။

မသင်္ကာ၍ကြည့်လိုက်တော့. . .

'ဟင်. . . သက်ထက်ချို. . အဲလေ. . . ဒါယိကာမ. . . '

ဟုတ်ပါသည်။ လောကီဘဝတုန်းကသူ၏ဇနီးဖြစ်ခဲ့ဖူးသည့် သက်ထက်ချိုပါ. . . ။ ငိုထားသောမျက်ဝန်းနှင့်ခေါင်းကိုငုံ့ထား၏။

'ကိုယ်တော့်ကိုလာဖူးတာပါ ကိုယ်တော်. . . '

ဖြူဝင်းသောလက်အစုံကို နဖူးပေါ်တင်၍ဦးချ၏။ ထိုလက်ကလေးကိုမြင်တော့ ဦးဇင်းရင်ထဲတစ်မျိုးဖြစ်သွား၏။ ရှင်ဉာဏသက်ပြင်းကိုချပြီး သတိရနိုင်စွာဖြင့်. . .

'တစ်ယောက်ထဲလာတာလား ဒါယိကာမလေး. . . ဟိုဒါယိကာ

မကြီးရော'

ဒါယိကာမလေး သက်ထက်ချိထံမှ ရှိုက်သံတစ်ချို့ကြားရ၏။ အတန်ကြာမှ တုန်ရင်ဆို့နင့်သောအသံဖြင့်. . .

'မေမေ. . . မေမေ. . . ဆုံးသွားပါပြီ ဦးဇင်းဘုရား. . .'

'ဟေ. . .'

ရှင်ဉာဏ၏မျက်ခုံးအစုံမြင့်တက်သွား၏။ အတန်ကြာမှ သတိပြန်ရသွားပြီး. . .

'အော်. . . အနိစ္စ. . . အနိစ္စ. . ဘယ်သူမှမလွန်ဆန်နိုင်ကြပါလားနော်. . .'

ဦးဇင်းရှင်ဉာဏ၏ ကရုဏာသံနှင့်အတူ ဒါယိကာမလေး၏ ရှိုက်သံများစီညံလာ၏။

'ဒါနဲ့ နေပါဦး. . . သူကဘာရောဂါနဲ့ဆုံးတာတုန်း. . .'

ဒါယိကာမလေးမျက်ရည်သုတ်လိုက်ပြီး. . .

'အစားအသောက်မဆင်ခြင်လို့ အဆီပိတ်ပြီးဆုံးတာပါဦးဇင်း'

'အော်. . . ဖြစ်မှဖြစ်ရလေ. . .'

အိုးကြီးအိုးငယ်နှင့် ရရာထိုင်လွေးနေသော တစ်ချိန်ကယောက္ခမကြီး၏ မျက်နှာပြုံပြုံကြီး အတွေးထဲပြန်ပေါ်လာ၏။ နောက် သူ့ရှေ့ကမျက်ရည်ကျနေသော ဒါယိကာမလေးကိုကြည့်ပြီး. . .

'ဒါနဲ့ ဒါယိကာမလေးက အခုဘယ်သူနဲ့နေနေတာတုန်း. . .'

'တပည့်တော်မ. . . အဟင့်. . . တပည့်တော်မ. . အမေလည်းဆုံး. . . ဦးဇင်းကလည်းရာသက်ပန်သာသနာ့ဘောင်ထဲမှာနေတော့မှာဆိုတော့ တစ်. . . တစ်ယောက်ထဲ. . . တစ်ယောက်ထဲ. . . ဒီကြားထဲ သရဲကလည်းကြောက်. . .'

ဦးဇင်းရှင်ဉာဏ၏တည်ငြိမ်သောမျက်လုံးအစုံ ပြာလည်သွား၏။ ပြီးနောက် တင်ပုလင်ခွေထိုင်နေရာက ဖျတ်ခနဲထပြီး. . .

'ဟင်. . . ဒါ. . . ဒါဆိုခဏကလေးစောင့်. . .'

ဦးဇင်း၏အပြုအမူကြောင့် ဒါယိကာမလေး အံ့အားသင့်သွား

ပြီး. . .

'ဟင်. . . ဒါက. . . ဒါကဘယ်ကိုလဲ ဦးဇင်း. . .'

ဒါယိကာမ၏အမေးကို ဦးဇင်းက အလောတကြီးဖြင့်. . .

'မမေးပါနဲ့ ဒါယိကာမလေးရယ်. . . ဒီကသာ ခဏကလေး စောင့်ပါ. . .'

ဟုဆိုရင်း ဘုရားပေါ်မှ အလောတကြီးဆင်းချသွား၏။

လယ်ကွင်းကိုဖြတ်၍ အားကုန်ပြေးလာသောဦးဇင်းတစ်ပါးကို တွေ့ရပါသလား. . .။ သူ့နောက်ကလည်း ဖုန်တွေထောင်းထောင်းထလို့ ဘာတွေအရေးကြီးလာသည်တော့မသိ. . .။ ခြေလှမ်းတွေကသွက်လက် လွန်းလှ၏။


ထိုဦးဇင်းပင်ရွာဦးကျောင်းထဲပြေးဝင်သွားပြီး ကျောင်းအတွင်း ပုတီးစိပ်၍ စကြံလျှောက်နေသော ကျောင်းထိုင်ဆရာတော်ကြီးရှေ့ ဒူးတုပ်ဝပ်ကျိုးလက်ဆယ်ဖြာဦးထိပ်မိုး၍ အလောတကြီးပြောချလိုက် သည်။

'တပည့်တော်ကိုလူဝတ်လဲခွင့်ပြုပါဘုရား. . .'

လေးစားစွာကြိုးစားလျက်

**အကြည်တော်**

တော်ဝင်မြို့မစာအုပ်တိုက်


CARTOON BY RECHECK ILLUSTRATED BY KO SAN 2003